မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး

စီမံကိန်း

၂၀၁၆/၁၇ – ၂၀၃၅/၃၆



၂၀၁၈

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

Myanmar Investment Commission

JICA

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း၏ အကျဉ်းချုပ်

နောက်ခံဖြစ်စဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ (ယခုမှစ၍ မြန်မာအစိုးရဟု အသုံးပြုမည်) သည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း (FDIPP) ကို ဖော်ထုတ်ရေးဆွဲခဲ့ပါသည်။ အောက်ဖော်ပြပါ လိုအပ်ချက်များအရ FDIPP အပေါ် ပြန်လည်သုံးသပ်မှု များပြုလုပ်ခဲ့ပါသည်-

- အထူးစီးပွားရေးဇုန် (SEZ) ဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတို့အောက်ရှိ ရင်းနှီးမြှုပ်နှံမှု အုပ်ချုပ်မှုနည်းစနစ်အသစ်နှင့် ၂၀၁၆ ခုနှစ်၌ ကြေငြာခဲ့သည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒတို့ဖြင့်ကိုက်ညီစေရေး။
- မြန်မာ့စီးပွားရေးပတ်ဝန်းကျင် ထပ်ဆောင်းတိုးတက်ရေး။
- ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှု နှစ်ရပ်လုံး မြှင့်တင်ရေး။
- ၂၀၁၆ ခုနှစ်၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒအရ တာဝန်သိ တာဝန်ခံပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်စေရေး။
- မကြာသေးမီက မြန်မာနိုင်ငံအတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (FDI) မြင့်တက်လာခြင်းကို တုန့်ပြန်ရေး။
- ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရှည်လုပ်ငန်းစဉ်များအတွက် ထပ်ဆောင်းဆောင်ရွက်ရန်လုပ်ငန်းများကို အဆိုပြုရေး။

ပြန်လည်ဆန်းစစ်ချက်ပေါ် အခြေခံ၍ FDIPP ကိုပြုပြင်မွမ်းမံခဲ့ကာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်း (MIPP) အဖြစ် အမည်ပေးခဲ့ပါသည်။ ၎င်း MIPP ကို ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၂၀၁၁-၃၀ တို့၏ ဦးတည်ချက်များနှင့်အညီ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတို့ကို အစီအစဉ်တစ်ခုတည်းဖြစ်အောင် ပေါင်းစည်းထားခြင်းဖြစ်ပါသည်။

MIPP ၏ မျှော်မှန်းချက်နှင့် ဦးတည်ချက်များ

မျှော်မှန်းချက်

တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းမှ မျှတပြီး ကြွယ်ဝသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးရန်နှင့် တွန်းအားပေးလည်ပတ်သည့် မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုရရှိရန်။

ရည်ရွယ်ချက်

စီးပွားရေးပတ်ဝန်းကျင်၏ အခြေခံကျသည့် တိုးတက်မှုများမှနေ၍ ၂၀၃၀ ခုနှစ်တွင် အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံဖြစ်လာစေရန်နှင့် ၎င်းနောက်ပိုင်းတွင် ၂၀၃၅ ခုနှစ်တိုင်အောင် ထပ်တိုးဖြစ်ထွန်းမှုများရရှိစေရေးရည်ရွယ်စေ၍ မြန်မာနိုင်ငံအတွက် လိုအပ်သည့် တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်မီသည့် ရင်းနှီးမြှုပ်နှံမှုများ လက်တွေ့ အကောင်အထည်ဖော်ရန် -

၁။ မျှတပြီး ပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံမှု အုပ်ချုပ်မှုနည်းစနစ်

၂။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု။

၃။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု။

၄။ စီးပွားရေး လုပ်ငန်းများနှင့် ဆက်စပ်သည့် စနစ်များအား ဝိုင်းဝန်းပံ့ပိုးကူညီမှု။

၅။ အများနှင့် ယှဉ်ပြိုင်နိုင်သည့်စက်မှုဆိုင်ရာ ချိတ်ဆက်မှုနှင့် လူစွမ်းအားရင်းမြစ်များ။

MIPP သက်တမ်းအတွင်း ရင်းနှီးမြှုပ်နှံမှု ရည်မှန်းချက်များ

ပန်းတိုင်

MIPP ကာလအတွင်း ရည်မှန်းထားသည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု ပမာဏများကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည် -

	၂၀၁၆/၁၇-၂၀၂၀/၂၁	၂၀၂၁/၂၂-၂၀၂၅/၂၆	၂၀၂၆/၂၇-၂၀၃၀/၃၁	၂၀၃၁/၃၂-၂၀၃၅/၃၆	ရင်းနှီးမြှုပ်နှံမှု၏ အစုရှယ်ယာ ၂၀၁၆/၁၇-၂၀၃၅/၃၆
၅ နှစ်ကာလ၏ နောက်ဆုံးနှစ်တွင်					
လူဦးရေ (သန်းပေါင်း)	၅၄.၈	၅၇.၂	၅၉.၄	၆၁.၃	
ဂျီဒီပီ (ကျပ်ထရီလီယံ)	၁၀၅,၉၉၈	၁၅၂,၁၇၄	၂၁၈,၄၆၆	၃၁၃,၆၃၆	
လူတစ်ဦးချင်း၏ ဂျီဒီပီ (အမေရိကန်ဒေါ်လာ)	၁,၆၆၄	၂,၂၉၀	၃,၁၆၅	၄,၄၀၀	
၅ နှစ်ကာလအတွက် နှစ်စဉ်ပျမ်းမျှ အကြမ်းဖျင်းရင်းနှီးမတည်ငွေဖွဲ့စည်းခြင်း /ဂျီဒီပီ (%)	၃၄.၁%	၃၄.၉%	၃၄.၉%	၃၄.၉%	၃၄.၈%

		၂၀၁၆/၁၇-၂၀၂၀/၂၁	၂၀၂၁/၂၂-၂၀၂၅/၂၆	၂၀၂၆/၂၇-၂၀၃၀/၃၁	၂၀၃၁/၃၂-၂၀၃၅/၃၆	ရင်းနှီးမြှုပ်နှံမှု၏ အစုရှယ်ယာ ၂၀၁၆/၁၇-၂၀၃၅/၃၆
ရင်းနှီးမြှုပ်နှံမှု ပမာဏ (အမေရိကန် ဒေါ်လာ ဘီလီယံ)	အစိုးရရင်းနှီး မြှုပ်နှံမှု	၅.၆	၆.၈	၉.၈	၁၄.၁	၁၇%
	ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု (ပြည်တွင်း)	၁၅.၆	၂၁.၀	၃၀.၁	၄၃.၂	၅၃%
	ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု (FDI)	၈.၁	၁၁.၉	၁၇.၂	၂၄.၇	၃၀%
အကိုးအကား	စုစုပေါင်း FDI on BoP basis	၂၉.၃ ၅.၈	၃၉.၇ ၈.၅	၅၇.၀ ၁၂.၃	၈၁.၉ ၁၇.၆	၁၀၀%

မှတ်ချက်။ အခြေပြုလေ့လာမှု ကိန်းဂဏန်းများ။ ၂၀၁၅/၁၆ ၏ ပုံသေစျေးနှုန်းများ။ ၂၀၁၆/၁၇ ၏ စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရတွက်ချက်ခြင်းဖြစ်ပါသည်။ ၂၀၁၆/၁၇ တွင်ရှိသည့် FDI ကိန်းဂဏန်းမှာ ပြည်ပငွေပေးငွေယူရှင်းတမ်း၏ ပေးငွေများပေါ်တွင် အခြေပြုသည်။ ထို့ကြောင့် MIC မှ ခွင့်ပြုလိုက် သည့် FDI ကိန်းဂဏန်းများနှင့် ကွာခြားသည်။

မြန်မာ့စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရေးအတွက် ဦးတည်ချက်များ

MIPP သည် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူအောင် ဆောင်ရွက်နေမှုအဆင့် (Doing Business ranking)၌ မြန်မာနိုင်ငံ၏ အနေအထားအား **၂၀၂၀ ပြည့်နှစ်တွင် အဆင့် ၁၀၀ အတွင်း**နှင့် **၂၀၃၅ ခုနှစ်တွင် အဆင့် ၄၀ အတွင်း** ရောက်ရှိလာအောင် ရည်မှန်းချက်ထား၍ စီးပွားရေး ပတ်ဝန်းကျင်တိုးတက်ရေးကို ဆောင်ရွက်လိမ့်မည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခင်းအကျင်းများ

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အောက်ဖော်ပြပါအားသာချက်များနှင့် အခွင့်အလမ်းများရှိပါသည် -

အားသာချက်များ	အခွင့်အလမ်းများ
■ ဆက်လက်ဆောင်ရွက်နေသည့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် လမ်းဖွင့်ပေးထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒ ■ ဒီမိုကရေစီ လုပ်ငန်းစဉ်များ	■ တရုတ်နှင့် ဖွံ့ဖြိုးပြီး အာဆီယံနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်လာခြင်း ■ အာဆီယံစီးပွားရေးအသိုက်အဝန်း

အားသာချက်များ	အခွင့်အလမ်းများ
■ မဟာဗျူဟာကျသည့်ပထဝီဝင်မြေမျက်နှာ သွင်ပြင်တည်ရှိမှုအနေအထား ■ ဒေသတွင်းစီးပွားရေးနှင့် တိုးတက်ချိတ်ဆက် လာမှု ■ ဈေးနှုန်းချိုသာပြီး အရည်အသွေးမြင့်မားသော လူငယ် စွမ်းအားစု ■ အလားအလာကောင်းသည့် ပြည်တွင်းဈေးကွက် ■ ပေါကြွယ်ဝသည့် သဘာဝသယံဇာတ ရင်းမြစ်များ	ဖွဲ့စည်းတည်ထောင်ခြင်း ■ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)နှင့် ကမ္ဘာလုံး ဆိုင်ရာ ဆက်စပ်လှုပ်ရှားမှုဖြစ်စဉ် တိုးတက်လာခြင်း

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းအတွက် အခင်းအကျင်းများအဖြစ် အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး အပိုင်းလေးပိုင်းဖြင့် ခွဲခြားဖော်ထုတ်ထားပါသည်-

ဖွံ့ဖြိုးမှုအပိုင်း-၀	ပို့ကုန်ဦးစားပေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု	ရှေ့သို့ရောက်နှင့်နေသည့် အာဆီယံနိုင်ငံများတွင် ကုန်ကျစရိတ်တိုးမြင့်နေသည့်၊ ရရှိနိုင်သော သဘာဝသယံဇာတများ၊ ပေါများသည့် လုပ်သားအင်အားတို့အပေါ် ဦးတည်သည့် ပို့ကုန်ဦးစားပေးလုပ်ငန်းများကို မြှင့်တင်ရေး
ဖွံ့ဖြိုးမှုအပိုင်း -၂	ပြည်တွင်းဈေးကွက်ဦးစားပေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု	(အခြေခံအဆောက်အအုံအပါအဝင်) ဖွံ့ဖြိုးမှုနည်းပါးနေသည့် ပြည်တွင်းလုပ်ငန်းများနှင့် ပြည်တွင်းဈေးကွက်၏ အရွယ်အစားကို အာရုံထားသည့်၊ မြန်မာဈေးကွက်ကို အများဆုံးဦးတည်သည့်လုပ်ငန်းများကို မြှင့်တင်ရေး
ဖွံ့ဖြိုးမှုအပိုင်း -၃	သယံဇာတအခြေခံလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု	ရေလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းလုပ်ငန်း၊ သတ္တုတွင်းထွက်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းစသည့် ပြည်တွင်း အရင်းအမြစ်များကိုသုံးသည့် လုပ်ငန်းများအားမြှင့်တင်ရေး
ဖွံ့ဖြိုးမှုအပိုင်း-၄	သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဲ့သို့သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု	သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဲ့သို့ အထူးပြုကျွမ်းကျင်မှုအပေါ် အခြေပြုသည့် ဝန်ဆောင်မှု အသစ်များကို ပံ့ပိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ရေး

မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အတားအဆီးများ

ရင်းနှီးမြှုပ်နှံသည့် ဦးတည်ရာနေရာတစ်နေရာအဖြစ် မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုကို တိုးမြှင့်ရန်နှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အောက်ဖော်ပြပါ အားနည်းချက်များကို MIPP တွင် ညွှန်းဆိုရမည် -

အားနည်းချက်များ	စိုးရိမ်မှုများ
■ နိုင်ငံရေးစွန့်စားမှုအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်မှု ■ မေခရိုစီးပွားရေးအခြေအနေအားနည်းမှု ■ မဖွံ့ဖြိုးသေးသော စီးပွားရေးလုပ်ငန်း စည်းမျဉ်းဆိုင်ရာစနစ်များ	■ ကမ္ဘာ့နိုင်ငံရေးအခြေအနေ မရေရာမသေချာခြင်း ■ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းအောက်တွင် အခြားအာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်ရခြင်း

■ ကျန်ရှိနေသေးသည့် ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်များ ■ မသေချာ မရေရာသည့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်လုပ်ငန်းစဉ်များ ■ အားနည်းနေသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ■ မဖွံ့ဖြိုးသေးသည့် အခြေခံအဆောက်အအုံများ ■ မဖွံ့ဖြိုးသေးသည့် စီးပွားရေးလုပ်ငန်းချိတ်ဆက်ပူးပေါင်းမှုများ ■ အားနည်းနေသေးသည့် ဘဏ္ဍာရေးကဏ္ဍ ■ မဖွံ့ဖြိုးသေးသည့် ပြည်တွင်းလုပ်ငန်းများ ■ မလုံလောက်သေးသည့် ကျွမ်းကျင် လူစွမ်းအားရင်းမြစ်များ	■ ဝယ်လိုအား အတက်အကျနှင့် ကမ္ဘာ့စီးပွားရေးလည်ပတ်မှု ■ စိုက်ပျိုးရေးအတွက် ဖြစ်လာနိုင်သည့် ရာသီဥတု ပြောင်းလဲခြင်းနှင့် ထပ်ကာ တလဲလဲဖြစ်နေသည့် မိုးလေဝသ အခြေအနေများ

တိုးတက်ကောင်းမွန်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ အတားအဆီးများကို အောက်ဖော်ပြပါ အမျိုးအစားငါးမျိုးဖြင့် ခွဲခြားနိုင်ပါသည်-

(၁) ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ (တံခါးဖွင့်ပေးထားသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ခိုင်မာသည့် မေခရိုစီးပွားရေးမူဝါဒများ စသည်တို့ ပေါ်ပေါက်လာစေရန် ခိုင်မာသည့်ကတိကဝတ်)။

(၂) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (ရင်းနှီးမြှုပ်နှံသူအားအကာအကွယ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများနှင့် အတည်ပြုသည့် လုပ်ငန်းစဉ်များ ရှင်းရှင်းလင်းလင်းရှိစေခြင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများ၊ ရင်းနှီးမြှုပ်နှံသူအား ပံ့ပိုးပေးမှုစသည်)။

(၃) အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး။

(၄) စီးပွားရေးနှင့်ဆက်စပ်နေသည့် စနစ်များ (စီးပွားရေးလုပ်ငန်းစနစ်များ၊ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစသည်) နှင့်

(၅) ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်များ။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မဟာဗျူဟာများ

မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ အဓိကကျသည့် အတားအဆီးများကို ရည်ညွှန်းသည့် ရည်ရွယ်ချက်၊ မဟာဗျူဟာများနှင့် နည်းဗျူဟာများကို ချမှတ်ထားပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် မိတ်ဖက်များအဖြစ် ရပ်တည်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံသူများ လာရောက်မည့်တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုများကိုမြှင့်တင်ရန် မဟာဗျူဟာများကို

မြန်မာအစိုးရမှ အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခြေခံမူများဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည် -

တာဝန်ယူမှုရှိသည့် အရည်အသွေးရှိ လေးစားလိုက်နာမှု အခြေခံရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုရန်
ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်ရန်
ရင်းနှီးမြှုပ်နှံသူများအား မျှတရှင်းလင်းပြီး ကြိုတင်မှန်းဆနိုင်သည့် စည်းမျဉ်းဆိုင်ရာ ပတ်ဝန်းကျင်ကို ပံ့ပိုးပေးရန်

အမျိုးအစား ၁	ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်သည့် မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ	ရင်းနှီးမြှုပ်နှံသူများနှင့်လိုက်လျောညီထွေသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်းဖြင့် ဆွဲဆောင်မှုရှိသည့်စီးပွားရေး ပတ်ဝန်းကျင် တစ်ရပ်အား လက်တွေ့အကောင်အထည်ဖော်ခြင်း

ခိုင်မာသည့် မဝရှိ စီးပွားရေးမူဝါဒများ ဆက်လက်ဖြစ်ပေါ်စေရေး

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် စာရင်းအင်းထောက်ပံ့ခြင်းနှင့် မူဝါဒချမှတ်သူများ၏ စွမ်းဆောင်ရည်တို့ကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် လိုအပ်သည့်မူဝါဒဆောင်ရွက်မှုများ ပြင်ဆင်ရန်နှင့် ဆွဲဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အတွက် ခိုင်မာသည့် မဝရှိ စီးပွားရေးစီမံခန့်ခွဲမှုကို ထိန်းသိမ်းရန် ရည်ရွယ်ပါသည်။

(၁) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဟန်ချက်ညီသည့် မဝရှိစီးပွားရေး မူဝါဒအား အကောင်အထည်ဖော်ရန်

(၂) မဝရှိမူဝါဒချမှတ်သည့် စွမ်းဆောင်ရည်ကို ခိုင်မာစေရန်

(၃) ရင်းနှီးမြှုပ်နှံမှု စာရင်းအင်း ထောက်ပံ့ပေးမှုများကို တိုးတက်စေရန်

တိုးတက်မှုရှိသည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်နှင့် ပွင့်လင်းသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒသို့ ခိုင်မာစွာပြုထားသည့် ကတိကဝတ်

ဤမဟာဗျူဟာသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှု အုပ်ချုပ်မှုနည်းစနစ်တွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို တည်ဆောက်ရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးကို ချိုးဖောက်သည့် ဆောင်ရွက်ချက်များအား ထိန်းကျောင်းသွားရန်နှင့် ရင်းနှီးမြှုပ်နှံမှုဖြေလျော့ခြင်းများ တိုးမြှင့်ရန်၊ ပွင့်လင်းသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒတည်ထောင်ရန် ရည်ရွယ်ပါသည်။

(၁) ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ မူများအား ချမှတ်ရန်နှင့် ဖြန့်ဝေရန်

(၂) ရင်းနှီးမြှုပ်နှံမှု မူဝါဒ၏အခြေခံမူများကို အသုံးပြုလျက် ဆက်စပ်နေသည့် ဝန်ကြီးဌာနများမှ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့်မူဝါဒများ ပေါင်းစပ်ဆောင်ရွက်မှုကို မြှင့်တင်ရန်

(၃) နိုင်ငံစုံမူဘောင်များတွင် ရင်းနှီးမြှုပ်နှံမှုဖြေလျော့ရေးကို မြှင့်တင်ရန်

(၄) အတားအဆီးများအား ဖယ်ရှားရေးကို မြှင့်တင်ဆောင်ရွက်ရန်နှင့်စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် ဥပဒေမူဘောင်တစ်ရပ် ပြင်ဆင်ရန်

(၅) ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ ဆီလျော်မှုအား ပုံမှန်ပြန်လည်သုံးသပ်ရန်

(၆) ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးကိုချိုးဖောက်သည့် လုပ်ရပ်များအား မျှတစွာနှင့် တင်းကြပ်စွာထိန်းကျောင်းကြပ်မတ်သွားရန်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် စက်မှုဆိုင်ရာမူဝါဒများ ချမှတ်ရေး

ဤမဟာဗျူဟာသည် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရန်လုပ်ထုံးလုပ်နည်းများနှင့် မက်လုံးများ၊ အထူးပြုထားသည့် စက်မှုဆိုင်ရာမူဝါဒများကို ပြင်ဆင်ရန်ရည်ရွယ်ပါသည်-

(၁) စက်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် လျော်ညီစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးရန်

(၂) ရည်မှန်းထားသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် မက်လုံးအသစ်များ ဆန်းစစ်ရန်

အမျိုးအစား ၂	ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အဖွဲ့အစည်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

ရင်းနှီးမြှုပ်နှံမှု စက်ဝန်းအရ စနစ်တကျ ပေါင်းစည်းထားသည့် ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုများကို ပံ့ပိုးခြင်း

နိုင်ငံ၏ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း

ဤမဟာဗျူဟာသည် နိုင်ငံ၏ ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းအတွက် ထိရောက်သည့် မြှင့်တင်ရေးလှုပ်ရှားမှုများကို အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။ မြှင့်တင်ရေးလှုပ်ရှားမှုများကို ဒေသတွင်းနှင့် နိုင်ငံအဆင့်နှစ်ရပ်လုံးတွင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

(၁) နိုင်ငံ၏ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ပြင်ဆင်ရန်။

(၂) နိုင်ငံ၏ပြယုဂ်ကိုအသုံးပြု၍ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိုအကောင်အထည်ဖော်ရန်။

ရင်းနှီးမြှုပ်နှံသူ ကာကွယ်ရေးခိုင်မာစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများ စေ့စပ်သေချာစွာ စီမံခန့်ခွဲခြင်း

ဤမဟာဗျူဟာသည် တိကျရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများ တည်ထောင်ရန် လိုအပ်သည့် ဆောင်ရွက်ချက်များကို ရယူရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများ၏ ပြဿနာများကို သတ်မှတ်ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံသူကာကွယ်ပေးမှု တိုးမြှင့်ရန်လည်း ရည်ရွယ်ပါသည်။

(၁) ဥပဒေနှင့် လုပ်ထုံးလုပ်နည်းမူဘောင်တို့အား ထိရောက်သေချာစွာ အကောင်အထည်ဖော်ဆောင်ရန်။

(၂) ရင်းနှီးမြှုပ်နှံသူကာကွယ်ရေး ခိုင်မာစေရန်။

တိကျရှင်းလင်းသည့် လျှောက်လွှာ လုပ်ထုံးလုပ်နည်းနှင့် လျှောက်လွှာများကို ကိုင်တွယ်ရန်အတွက် အဖွဲ့ အစည်းတစ်ရပ် တည်ထောင်ခြင်း

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုလျှောက်လွှာများကို ချောမွေ့စွာ ကိုင်တွယ်ရေးလက်တွေ့အကောင် အထည်ဖော်ရန်နှင့် ယင်းတို့ကို ကိုင်တွယ်ရန်အတွက် ထိရောက်သည့် အဖွဲ့အစည်းတစ်ရပ် တည်ထောင် ရန် ရည်ရွယ်ပါသည်။

(၁) ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာများအတွက် ရှင်းလင်းပြီး ထင်သာမြင်သာရှိသည့် လုပ်ငန်းစဉ်များ တည်ထောင်ရန်။

(၂) လုပ်ထုံးလုပ်နည်းအရ လျှောက်လွှာများကို စနစ်တကျစီမံခန့်ခွဲရန် အဖွဲ့အစည်း တစ်ရပ် တည်ထောင်ရန်။

(၃) လုပ်ပိုင်ခွင့်အာဏာတိုးမြှင့်ပေးခြင်းမှ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ (OSSC) ၏ လုပ်ငန်းဆောင်တာများကို တိုးမြှင့်ရန်။

(၄) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (MIL) အောက်တွင် ရင်းနှီးမြှုပ်နှံမှု ပြုပြီးနောက်ကြီးကြပ်မည့် အဖွဲ့အစည်း သို့မဟုတ် ဌာနတည်ထောင်ရန်။

စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးပေးမှု တိုးမြှင့်ခြင်း

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှု စတင်ပြီး နောက်ပိုင်းကာလ၌ ရင်းနှီးမြှုပ်နှံသူများကိုပံ့ပိုးပေးရန်ရည်ရွယ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအားအတိုင်ပင်ခံပေးခြင်းနှင့် သတင်းအချက်အလက်ပံ့ပိုးပေးခြင်းတို့အပြင် အချို့သောအခြေအနေများတွင် ၄င်းတို့၏လုပ်ငန်းလည်ပတ်မှုအမြင့်ဆုံးအောင်မြင်မှုရရှိစေရန် ရင်းနှီးမြှုပ်နှံသူများအတွက် အစီအမံများ ဆောင်ရွက်ကာ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံ မှုပံ့ပိုးပေးခြင်းကို ဒေသတွင်းဆိုင်ရာအဆင့်၌ မြှင့်တင်သွားမည်။

(၁) စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူကို ပံ့ပိုးပေးမည့် လုပ်ထုံးလုပ်နည်း ပုံစံဒီဇိုင်းရေးဆွဲရန်။

(၂) ဆက်နွယ်နေသည့် ဝန်ကြီးဌာနများနှင့်ပေါင်းစပ်၍ OSSC နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့၌ ရင်းနှီးမြှုပ်နှံသူများအား စနစ်တကျပံ့ပိုးပေးရန်။

(၃) ရင်းနှီးမြှုပ်နှံသူအား အထောက်အပံ့ပြုရန် အလို့ငှာ ရင်းနှီးမြှုပ်နှံသူများ၏ ကျေနပ်မှု အဆင့်များနှင့် လိုအပ်မှုများကို စောင့်ကြည့်စစ်ဆေး ရန်။

(၄) လက်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ ပြန်လည် ရင်းနှီးမြှုပ်နှံမှုနှင့် အမျိုးအစားချဲ့ထွင် ကွဲပြားသည့် စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးပေးရန်နှင့် မြှင့်တင်ပေးရန်။

လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (IPA) တည်ထောင်ခြင်း

ဤမဟာဗျူဟာသည် စီးပွားရေးလုပ်ငန်းများကို ဦးတည်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဝန် ဆောင်မှု များနှင့် ရင်းနှီးမြှုပ်နှံသူ ဦးစားပေး အကောင်အထည်ဖော်ရန် အလို့ငှာ လွတ်လပ်သည့် IPA တစ်ရပ် တည်ထောင်သွားရန် ရည်ရွယ်ပါသည်။

(၁) လွတ်လပ်သည့် IPA တည်ထောင်ရေးစီစဉ်ရန်။

(၂) လွတ်လပ်သည့် IPA တည်ထောင်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက် ရေးအကောင်အထည်ဖော်ဆောင်ရွက်ရန်။

အမျိုးအစား ၃	အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး	ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခရာဖြစ်သည့် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံ တိုးတက် ကောင်းမွန်ရေး

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ပေါင်းစည်းထားသည့် အခြေခံအဆောက် အအုံ တိုးတက်ရေးအစီအမံများ ပြင်ဆင်ခြင်းမှတဆင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်နေသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။

(၁) ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်အတွက် ပေါင်းစည်းထားသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေး အစီအမံ ပြင်ဆင်ရန်

(၂) အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် စီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင် မှု စွမ်းရည်မြှင့်တင်ရန်။

စက်မှုဇုန်များနှင့် SEZ များတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး

ဤမဟာဗျူဟာသည် စက်မှုဇုန်များနှင့် SEZ များအတွက် စီမံခန့်ခွဲရေးမူဝါဒများ တိုးတက် ကောင်းမွန် လာစေရန်၊ ရှိပြီးစက်မှုဇုန်များနှင့် SEZ များကို မြှင့်တင်ရန်နှင့် စက်မှုဇုန်များနှင့် SEZ များတွင် ရင်းနှီး မြှုပ်နှံမှုအသစ်များ တိုးမြှင့်ရန် ရည်ရွယ်ပါသည်။

(၁) စက်မှုဇုန်များနှင့် SEZ များအတွက် စီမံခန့်ခွဲရေးမူဝါဒများ တိုးတက်ကောင်းမွန်

လာစေရန်။

(၂) ရှိပြီး စက်မှုဇုန်များနှင့် SEZ များကို မြှင့်တင်ရန်နှင့် ချဲ့ထွင်ရန်။

(၃) စက်မှုဇုန်များနှင့် SEZ များတွင် ရင်းနှီးမြှုပ်နှံမှုအသစ် တိုးမြှင့်ရန်။

အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) မူဘောင်တည်ထောင်ရေးနှင့် PPP စီမံကိန်းများကို မြှင့်တင်ရေး

ဤမဟာဗျူဟာသည် PPP စီမံကိန်းများမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံတွင် PPP အတွက် ဘဏ္ဍာရေးယန္တရားများ တည်ထောင်ခြင်းဖြင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။

(၁) PPP Master Plan တစ်ရပ် ရေးဆွဲချမှတ်ရန်။

(၂) PPP မူဘောင်ပြင်ဆင်ခြင်းနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန်။

(၃) PPP လွှဲပြောင်းမှုဆိုင်ရာကိစ္စများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်။

အမျိုးအစား ၄	စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့်စနစ်များ	ယုံကြည်အားထားလောက်ပြီး ပံ့ပိုးပေးနိုင်သည့် စီးပွားရေးပတ်ဝန်းကျင်အတွက် မရှိမဖြစ် လိုအပ်သည့် စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့် စနစ်များ တည်ထောင်ခြင်း

စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့်စနစ်များအတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ရေး

ဤမဟာဗျူဟာသည် ပံ့ပိုးပေးသည့် စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ်အတွက် လိုအပ်သည့် ကုန်ပစ္စည်း စံနှုန်းများနှင့် ဉာဏပစ္စည်းမူပိုင်ခွင့်များကဲ့သို့ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသော စနစ်များ အတွက် လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ချမှတ်ပေးရန် ရည်ရွယ်ပါသည်။

(၁) ဉာဏပစ္စည်းအတွက် ခိုင်မာသည့် ကာကွယ်မှုများ တည်ဆောက်ရန်။

(၂) အမျိုးသားကုန်စည်စံနှုန်းများ တည်ထောင်ရန်။

ဘဏ္ဍာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး

ဤမဟာဗျူဟာသည် စီးပွားရေးလုပ်ငန်းရှင်များနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) တို့၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် မတည်ရင်းနှီးမြှုပ်နှံမှု နှစ်ရပ်လုံးအတွက် ဘဏ္ဍာရေးအစီအမံများ ဖွံ့ဖြိုးပေးခြင်းနှင့် ဘဏ္ဍာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးခြင်းဖြင့် အရင်းအနှီး မတည်ရင်းနှီးမြှုပ်နှံမှုအတွက် ဘဏ္ဍာရေးချဲ့ထွင်သွားရန် ရည်ရွယ်ပါသည်။

(၁) ရင်းနှီးမြှုပ်နှံမှုဘဏ္ဍာရေးအတွက် ဘဏ္ဍာရေးကဏ္ဍစွမ်းဆောင်ရည် တိုးမြှင့်ရန်။

(၂) စီးပွားရေးလုပ်ငန်းရှင်များနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းတို့အတွက် ဘဏ္ဍာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရန်။

အမျိုးအစား ၅	ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်	လုပ်ငန်းများ လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးရန် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးခြင်းနှင့် စက်မှုဆိုင်ရာ ကွန်ယက် ချိတ်ဆက်ခြင်းအတွက် ပြည်တွင်းစက်မှုလုပ်ငန်းများဖွံ့ဖြိုးခြင်း

စက်မှုဆိုင်ရာကွန်ယက်ချိတ်ဆက်မှု မြှင့်တင်ခြင်း

ဤမဟာဗျူဟာသည် မြန်မာ့စက်မှုဆိုင်ရာတည်ဆောက်မှုကို ပုံစံအမျိုးမျိုးဖြင့် ချဲ့ထွင်ရန် ကုန်ပေးသွင်း ထောက်ပံ့ခြင်းကွင်းဆက်နှင့် စက်မှုလုပ်ငန်းများ ချိတ်ဆက်မှုဖွံ့ဖြိုးရေးအတွက် မူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

(၁) အစုအဖွဲ့များ ဖွံ့ဖြိုးခြင်းနှင့်စက်မှုဆိုင်ရာချိတ်ဆက်မှုများ ဖွံ့ဖြိုးခြင်းတို့အတွက် အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရန်။

(၂) အစီအမံများအရ စက်မှုဆိုင်ရာချိတ်ဆက်မှုများကို ခိုင်မာအားကောင်းစေရန်။

(၃) အဆင်မြင့်စက်မှုဆိုင်ရာ အစုအဖွဲ့များ တည်ဆောက်ခြင်းအတွက် ဆောင်ရွက်ရန် ရှိသည်များကို အကောင်အထည်ဖော်ရန်။

ပြည်တွင်းစက်မှုလုပ်ငန်းများ၏ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ခြင်း

ဤမဟာဗျူဟာသည် သယံဇာတ အခြေခံထုတ်လုပ်ရေးနှင့် ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်တို့အတွက် ထုတ်လုပ်ရေးတို့အတွက် ပြည်တွင်းစက်မှုလုပ်ငန်းများ၏ စွမ်းရည်တိုးတက်စေရန် ရည်ရွယ်ပါသည်။

(၁) ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးအတွက် ပြည်တွင်း SME များသို့ အလုံးစုံအကျုံးဝင်သည့် ပံ့ပိုးမှုများပေးရန်

(၂) ထုတ်လုပ်မှုတိုးတက်ရေးနှင့် နည်းပညာ လွှဲပြောင်းပေးရေးတို့ကို အဆင်ပြေချောမွေ့စေရန်

စီးပွားရေးစွမ်းဆောင်ရှင်များကို ကူညီပေးရန် အခြေတည်စတင်ခြင်း

ဤမဟာဗျူဟာသည် ပံ့ပိုးမှုပေးနိုင်သည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်ဖန်တီးရန် စီးပွားရေးစွမ်းဆောင်ရှင်များအတွက်အကူအညီများ ချမှတ်အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။

(၁) ပညာရေးဝန်ဆောင်မှုကဏ္ဍများတွင်စီးပွားရေးဖွံ့ဖြိုးမှုအခွင့်အလမ်းများဖန်တီးပေးရန်။

(၂) လုပ်ငန်းစတင်လုပ်ကိုင်သူများသို့ ပံ့ပိုးမှုများပေးရန်။

စက်မှုလုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးတိုးတက်ကောင်းမွန်စေခြင်း

ဤမဟာဗျူဟာသည် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် အဖွဲ့အစည်းများကို သင်ကြားလေ့ကျင့်ပေးခြင်းနှင့် ပညာရေးမြှင့်တင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ချမှတ်ခြင်းမှ စက်မှုလုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ် ဖွံ့ဖြိုးစေရန် ရည်ရွယ်ပါသည်။

(၁) စက်မှုလုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်ဖွံ့ဖြိုးရေးအတွက် အစီအမံတစ်ရပ်ချမှတ်ရန်။

(၂) စက်မှုလုပ်ငန်းအတွက် သင်ကြားလေ့ကျင့်ရေးနှင့် ပညာရေးလုပ်သားအင်အားတိုးမြှင့်ရန်။

(၃) စက်မှုလုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ် ဖွံ့ဖြိုးရေးအပေါ် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ရန်။

လက်တွေ့အကောင်အထည်ဖော်ရေးအတွက် အဖွဲ့အစည်း

MIPP လက်တွေ့အကောင်အထည်ဖော်ရေးအတွက် အဖွဲ့အစည်းတည်ဆောက်ထားမှုပုံစံ

MIPP အကောင်အထည်ဖော်ရေး အဆင်ပြေချောမွေ့စေရန် ဝန်ကြီးဌာနများပါဝင်သော အဖွဲ့အစည်းအဖြစ် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကော်မတီ (The Investment Promotion Committee-IPC) ကို တည်ထောင်သွားမည် ဖြစ်ပါသည်။ IPC သို့မဟုတ် အဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံကို အောက်ဖော်ပြပါစွမ်းဆောင်ချက်များ ပေါင်းစပ်ပါဝင်စေရန် ဒီဇိုင်းရေးဆွဲနေပါသည်-

- MIPP တွင် လှုပ်ရှားမှုများကို စီမံရန်၊ ပေါင်းစပ်ရန်နှင့် ထိန်းကျောင်းကြပ်မတ်ရန် လုံလောက်သည့် အခွင့်အာဏာနှင့် အဆင့်မြင့်အရာထမ်း
- ဆက်စပ်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ ပါဝင်မှု
- အထူးပြု MIPP တာဝန်များတွင် ထိတွေ့ပါဝင်မည့် လုပ်ငန်းအဖွဲ့များ တွဲဖက်ထားရန် IPC ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အတွင်းရေးမှူးအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ဆောင်ရွက်ပါသည်။ IPC ၏ အဖွဲ့ဝင်များမှာ ဆက်စပ်နေသည့် ဝန်ကြီးဌာနများမှ ဝန်ကြီးများ/အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြပါသည်။



MIPP အကောင်အထည်ဖော်ဆောင်ရေးအတွက် အဖွဲ့အစည်းတည်ဆောက်မှုပုံစံ

MIPP ၏ အကောင်အထည်ဖော်ဆောင် ရေးလှုပ်ရှားမှု လမ်းကြောင်း

IPC အောက်တွင် MIPP ၏ မဟာဗျူဟာများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ထားရှိရန်အလို့ငှာ အထူးလုပ်ငန်းအဖွဲ့ပေါင်း(၅)ဖွဲ့ တည်ထောင်မည်ဖြစ်ပါသည်။ ၄င်းအဖွဲ့များသည်ပြဿနာများ ကိုင်တွယ်ရန်အတွက် ဆောင်ရွက်မှုအစီအမံများ၊ စီမံခန့်ခွဲမှုကိစ္စရပ်များကို ဆွေးနွေးပွဲများ ကျင်းပမည် ဖြစ်ပြီး အကြံပြုချက်များကို IPC သို့ တင်ပြရမည်ဖြစ်ပါသည်။ အကြံပြုချက်များပေါ် အခြေခံ၍ IPC မှ ဆက်စပ် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ ညွှန်ကြားသွားမည်ဖြစ်ပါသည်။ ထို့နောက် အထူး လုပ်ငန်းအဖွဲ့များသည် လက်တွေ့အကောင်အထည်ဖော်မှုအပေါ် လမ်းညွှန်ချက်များ ပံ့ပိုးကာ အကောင် အထည် ဖော်ဆောင်နေမှုများကို စောင့်ကြည့်ထိန်းကျောင်းသွားမည်ဖြစ်ပါသည်။



MIPP အကောင်အထည်ဖော်ဆောင်ရေးလှုပ်ရှားမှုလမ်းကြောင်း

MIPP အကောင်အထည်ဖော်ဆောင်ရေးအချိန်ဇယား

MIPP ကို (၅) နှစ်ပြည့်သည့်အခါတိုင်း ပြန်လည်သုံးသပ်ရမည်။ စီးပွားရေးလုပ်ငန်း ဦးတည်ချက်များမှာ လျင်မြန်စွာ ပြောင်းလဲနေသောကြောင့် MIPP တွင် ပါဝင်သော အကြောင်းအရာများနှင့် မဟာဗျူဟာများသည် ရေတိုကာလတွင် ခေတ်နှင့် လျော်ညီမှုမရှိခြင်း ဖြစ်သွားနိုင်ပါသည်။ Master Plan ၏ သက်တမ်းသည် အများဆုံး (၅)နှစ် ဖြစ်သည်။ ထို့ကြောင့် MIPP ကို (၅)နှစ်ပြည့်သည့် အခါတိုင်း ပြန်လည်သုံးသပ် ဆန်းစစ်ရပါ မည်။



မာတိကာ

အခန်း-၁. နောက်ခံအချက်အလက် ၁

၁.၁ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ အရေးကြီးပုံ ၁

၁.၂ ၂၀၁၄ ခုနှစ် FDIPP ပြင်ဆင်ခြင်း ၁

၁.၃ FDIPP ၏ အောင်မြင်မှုများ ၂

၁.၄ FDIPP ကို ပြန်လည်ပြင်ဆင်ရန် အဘယ်ကြောင့်လိုအပ်သနည်း ၃

၁.၅ မြန်မာနှစ်ရှည်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖန်တီးပြင်ဆင်ရေးဆွဲခြင်း ၃-၁၂

အခန်း -၂ MIPP ၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ ၁၃

၂.၁ MIPP၏ မျှော်မှန်းချက် ၁၃

၂.၂ MIPP၏ ရည်ရွယ်ချက် ၁၄

၂.၃ MIPP ရင်းနှီးမြှုပ်နှံမှုဦးတည်ချက်များ ၁၄-၁၇

၂.၃.၁ MIPP အချိန်ကာလ ၁၇

၂.၃.၂ GDP တိုးတက်မှုအလားအလာခန့်မှန်းခြင်း ၁၇-၂၀

၂.၃.၃ ဖွံ့ဖြိုးမှုအခင်းအကျင်းများရရှိရန် ရင်းနှီးမြှုပ်နှံမှု ၂၁-၂၂

၂.၃.၄ နှစ်စဉ် FDI စီးဝင်မှု ၂၃-၂၅

၂.၃.၅ MIPP ရင်းနှီးမြှုပ်နှံမှုဦးတည်ချက်များ ၂၅-၂၈

၂.၄ စီးပွားရေးဝန်းကျင်တိုးတက်ကောင်းမွန်ရန်အတွက် MIPP ရည်မှန်းချက်များ ၂၈-၃၀

အခန်း-၃ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အကဲဖြတ်ခြင်း ၃၁

၃.၁ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်အကြောင်းအရင်းများ ၃၁

၃.၂ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ၏ အကျိုးကျေးဇူးများ ၃၂

၃.၂.၁ မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ ၃၂

၃.၂.၂ မြန်မာနိုင်ငံ၏ အားသာချက်များ ၃၃-၃၄

၃.၃ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆိုးကျိုးများ ၃၅

၃.၃.၁ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများ ၃၅-၃၆

၃.၃.၂ မြန်မာနိုင်ငံ၏ အားသာချက်များ ၃၆-၃၉

၃.၄ မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်အား ခြုံငုံအကဲဖြတ်ခြင်း ၄၀

၃.၄.၁ SWOT မက်ထရစ် ၄၀

၃.၄.၂ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအပိုင်းများ ၄၀-၄၁

၃.၄.၃ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အားနည်းချက်များနှင့် အတားအဆီးများ ကို ကိုင်တွယ်ရန် လိုအပ်သည့်ဆောင်ရွက်ချက်များ ၄၁-၄၂

အခန်း-၄ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခင်းအကျင်းများ ၄၃
၄.၁ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအပိုင်း(၄)ပိုင်း ၄၃-၄၄
၄.၂ ပို့ကုန်ဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအပိုင်း ၄၅
၄.၂.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက် ၄၅-၄၇
၄.၂.၂ ပို့ကုန်ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း ၄၇-၅၂
၄.၃ ပြည်တွင်းဈေးကွက် ဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအပိုင်း ၅၂
၄.၃.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက် ၅၂-၅၃
၄.၃.၂ ပြည်တွင်းဈေးကွက် ဦးစားပေးလုပ်ငန်းများ၏ ဖွံ့ဖြိုးရေးအတွက် အခင်းအကျင်း ၅၄-၅၈
၄.၄ ရင်းမြစ်အခြေပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအပိုင်း ၅၉
၄.၄.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက် ၅၉
၄.၄.၂ ရင်းမြစ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခင်းအကျင်း ၆၀-၆၄
၄.၅ ဗဟုသုတ စူးစိုက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအပိုင်း ၆၅
၄.၅.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက် ၆၅-၆၆
၄.၅.၂ ဗဟုသုတ စူးစိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခင်းအကျင်း ၆၆-၇၀
၄.၆ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် ကွာဟနေသည့် ဖွံ့ဖြိုးတိုးတက်မှု ၇၀
၄.၆.၁ NCDP ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးဗဟာဗျူဟာ ၇၀-၇၃
၄.၆.၂ MIPP တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမှ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှု ၇၃-၇၆
အခန်း-၅ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဗဟာဗျူဟာများ ၇၆-၇၇
၅.၁ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်သည့် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများအတွက် မဟာဗျူဟာများ ၇၈
၅.၁.၁ ခိုင်မာသည့်မေခရိုစီးပွားရေးမူဝါဒများ ဆက်လက်ဖြစ်ပေါ်စေခြင်း ၇၈-၈၄
၅.၁.၂ ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် တိုးတက်သော စီးပွားရေးပတ်ဝန်းကျင် တစ်ရပ်သို့ ခိုင်မာစွာပြုထားသော ကတိကဝတ် ၈၄-၉၉
၅.၁.၃ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် စက်မှုမူဝါဒများချမှတ်ခြင်း ၉၉-၁၀၂
၅.၂ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း ၁၀၂
၅.၂.၁ နိုင်ငံပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း ၁၀၂-၁၁၀
၅.၂.၂ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်နေသည့် စည်းမျဉ်းစည်းကမ်းများက စေ့စပ်သေချာသော စီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံသူ အကာအကွယ်ပေးမှု ခိုင်မာအားကောင်းစေရန် ၁၁၀-၁၁၂
၅.၂.၃ လျှောက်လွှာများကို ကိုင်တွယ်ရေးအတွက် အဖွဲ့အစည်းတစ်ရပ်နှင့် ရှင်းလင်းသည့် လျှောက်လွှာ လုပ်ထုံးလုပ်နည်းများတည်ထောင်ခြင်း ၁၁၃-၁၁၆

၅.၂.၄ စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှုမြှင့်တင်ခြင်း ၁၁၆-၁၂၂

၅.၂.၅ လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီတစ်ရပ် တည်ထောင်ခြင်း ၁၂၂-၁၃၀

၅.၃ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု ၁၃၁

၅.၃.၁ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံ စီမံကိန်းများတိုးတက်စေခြင်း ၁၃၁-၁၃၄

၅.၃.၂ စက်မှုဇုန်များနှင့် SEZ များတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ၁၃၄-၁၃၈

၅.၃.၃ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် PPP မူဘောင်တည်ထောင်ရေးနှင့် PPP စီမံကိန်းများမြှင့်တင်ရေး ၁၃၈-၁၄၂

၅.၄ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်သည့်စနစ်များ ၁၄၂

၅.၄.၁ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့် စနစ်များအတွက် စည်းမျဉ်းစည်းကမ်း များဖော်ထုတ်ခြင်း ၁၄၂-၁၄၇

၅.၄.၂ ဘဏ္ဍာရေးကဏ္ဍတိုးတက်စေခြင်း ၁၄၇-၁၅၁

၅.၅ ပြည်တွင်းလုပ်ငန်းများနှင့် လူ့စွမ်းအားရင်းမြစ်များ ၁၅၁

၅.၅.၁ စက်မှုဆိုင်ရာ ကွင်းဆက်များတိုးမြှင့်ခြင်း ၁၅၁-၁၅၇

၅.၅.၂ ပြည်တွင်းလုပ်ငန်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ခြင်း ၁၅၇-၁၆၃

၅.၅.၃ စွန့်ဦးစီးပွားတီထွင်သူပံ့ပိုးပေးမှုတည်ထောင်ခြင်း ၁၆၃-၁၆၅

၅.၅.၄ လုပ်ငန်းအတွက် လူ့စွမ်းအားရင်းမြစ်များဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်း ၁၆၅-၁၈၂

အခန်း ၆ MIPP အဖွဲ့အစည်း အကောင်အထည်ဖော်ခြင်း ၁၈၃

၆.၁ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မူများ ၁၈၃-၁၈၅

၆.၂ အကောင်အထည်ဖော်သည့် အဖွဲ့အစည်း ၁၈၅

၆.၂.၁ အဖွဲ့အစည်းတည်ဆောက်မှု ၁၈၅-၁၈၆

၆.၂.၂ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ ၁၈၆-၁၈၉

၆.၃ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှု ၁၈၉-၁၉၀

၆.၄ MIPP အကောင်အထည်ဖော်ခြင်း ၁၉၀

၆.၄.၁ အကောင်အထည်ဖော်ခြင်းအတွက် အခြေခံမူများ ၁၉၀-၁၉၁

၆.၄.၂ မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း၏ စီးဆင်းပုံ ၁၉၁

၆.၄.၃ လှုပ်ရှားမှုအချိန်ဇယား ၁၉၂-၁၉၃

နောက်ဆက်တွဲ (၁) စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးအတွက် အညွှန်းကိန်းများ ၁၉၄-၁၉၆

နောက်ဆက်တွဲ (၂)ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး တို့တွင် တက်ကြွသည့် အာဆီယံ နိုင်ငံများ၏ အတွေ့ အကြုံ ၁၉၇-၂၀၁

နောက်ဆက်တွဲ (၃) ဖွံ့ဖြိုးမှုအပိုင်း ၄ ပိုင်းသို့ အထူးပြုသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ၂၀၂-၂၁၂

မာတိကာ

အခန်း ၁ နောက်ခံအချက်အလက်----------၁

အခန်း ၂ MIPP၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ----------၁၄

အခန်း ၃ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အကဲဖြတ်ခြင်း----------၃၂

အခန်း ၄ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခင်းအကျင်းများ----------၄၄

အခန်း ၅ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဗဟာဗျူဟာများ----------၇၉

အခန်း ၆ MIPP အဖွဲ့အစည်း အကောင်အထည်ဖော်ခြင်း----------၁၈၆

နောက်ဆက်တွဲ(၁) စီးပွားရေးလုပ်ငန်းတိုင်းတာမှု ညွှန်းကိန်းများ

နောက်ဆက်တွဲ(၂) စက်မှုမြို့ပြတည်ထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အာဆီယံနိုင်ငံများ၏ ဆောင်ရွက်မှု အတွေ့အကြုံများ

နောက်ဆက်တွဲ(၃) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး တိုင်းတာချက်များအနက် အထူးလုပ်ဆောင်ရမည့် တိုးတက်မှု နည်းလမ်း(၄)မျိုး

ဇယားစာရင်း

အခန်း (၁) နောက်ခံအချက်အလက်

ဇယား	၁-၁	FDIPP ၏ အောင်မြင်မှုများ	၃
ဇယား	၁-၂	မြန်မာစီးပွားရေးမူဝါဒ၏ ရည်မှန်းချက်များ	၅
ဇယား	၁-၃	မြန်မာ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒ	၆-၇
ဇယား	၁-၄	ကမ္ဘာ့အညွှန်းကိန်းများတွင် တည်ရှိမှု အဆင့်	၈
ဇယား	၁-၅	World Ranking of Ease of Doing Business	၉

အခန်း(၂) MIPP ၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ

ဇယား	၂-၁	စီမံကိန်း၏ ဦးတည်ထားသည့်ကာလအပိုင်းအခြား	၁၇
ဇယား	၂-၂	ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးခန့်မှန်းချက်အတွက်အခင်း အကျင်းများ	၁၈-၁၉
ဇယား	၂-၃	အမှန်တကယ်GDPတိုးတက်မှုနှုန်းအခင်းအကျင်းများ(၂၀၁၀-၂၀၃၀)	၁၉
ဇယား	၂-၄	လူဦးရေခန့်မှန်းချက်	၂၀
ဇယား	၂-၅	GDP နှင့် လိုအပ်သည့် GFCF ပမာဏ (၂၀၁၅/၁၆ – ၂၀၃၅/၃၆)	၂၂
ဇယား	၂-၆	အသားတင်ပုံသေမတည်ငွေရင်းထည့်ဝင်မှုပုံစံ(GFCF)၏ အချိုး အစား (ကျပ်ငွေဖြင့်)	၂၄
ဇယား	၂-၇	အသားတင်ပုံသေမတည်ငွေရင်းထည့်ဝင်မှုပုံစံ(GFCF)၏ အချိုး အစား (အမေရိကန်ဒေါ်လာဖြင့်)	၂၅
ဇယား	၂-၈	MIPP ရင်းနှီးမြှုပ်နှံမှုဦးတည်ချက်များ (အခြေပြုကိစ္စရပ်)	၂၆
ဇယား	၂-၉	ကမ္ဘာ့ဘဏ်၏ Doing Businessအတွက် မြန်မာနိုင်ငံမှ ရည်မှန်း ထား သည့်အဆင့်များ	၂၉

အခန်း(၃) မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အကဲဖြတ်ခြင်း

ဇယား	၃-၁	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်၏ SWOT မက်ထရစ်	၄၀

အခန်း(၄) ပို့ကုန်ဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအပိုင်း

ဇယား	၄-၁	ပို့ကုန်ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း	၅၀-၅၂
ဇယား	၄-၂	ပြည်တွင်းဈေးကွက်ဦးစားပေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း	၅၇-၅၈
ဇယား	၄-၃	ရင်းမြစ်အခြေပြုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း	၆၃-၆၄
ဇယား	၄-၄	ဗဟုသုတစွမ်းစိုက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်အခင်းအကျင်း	၆၉-၇၀
ဇယား	၄-၅	ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးစီးပွားရေးစကြံများ	၇၂

အခန်း (၅) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် မဟာဗျူဟာများ

ဇယား	၅-၁	ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် မဟာဗျူဟာများ စာရင်း	၇၇
ဇယား	၅-၂	နိုင်ငံပြယုဂ်များ၏ အဆင့်	၁၀၃
ဇယား	၅-၃	အဓိကပြယုဂ်သတင်းများ၏ နှိုင်းယှဉ်မှု	၁၀၅
ဇယား	၅-၄	ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှု အမျိုးအစားများ	၁၁၉-၁၂၀
ဇယား	၅-၅	အဓိက အာဆီယံနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီများ	၁၂၃
ဇယား	၅-၆	DICA/လွတ်လပ်သော IPA ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းတာဝန်များ	၁၂၇-၁၃၀
ဇယား	၅-၇	အကောင်အထည်ဖော်သည့် အချိန်ဇယား အမျိုးအစား ၁: ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့်မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ	၁၇၁-၁၇၃
ဇယား	၅-၈	အကောင်အထည်ဖော်သည့် အချိန်ဇယား အမျိုးအစား ၂: ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့ဖြိုးတိုးတက်မှု	၁၇၄-၁၇၆
ဇယား	၅-၉	အကောင်အထည်ဖော်သည့်အချိန်ဇယားအမျိုးအစား၃: အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး	၁၇၇-၁၇၈
ဇယား	၅-၁၀	အကောင်အထည်ဖော်သည့် အချိန်ဇယား အမျိုးအစား ၄: စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်သည့်စနစ်များ	၁၇၉
ဇယား	၅-၁၁	အကောင်အထည်ဖော်သည့်အချိန်ဇယားအမျိုးအစား ၅: ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်များ	၁၈၀-၁၈၂

အခန်း (၆) MIPP အဖွဲ့အစည်းအကောင်အထည်ဖော်ခြင်း

ဇယား	၆-၁	MIPP ဆက်စပ်ဝန်ကြီးဌာနများ	၁၈၆
ဇယား	၆-၂	လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ	၁၈၇-၁၈၉
ဇယား နောက်ဆက်တွဲ	၁	စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရေးအတွက်အညွှန်းကိန်းများ	၁၉၄-၁၉၆
ဇယား နောက်ဆက်တွဲ	၂	ပို့ကုန်ဦးစားပေးလုပ်ငန်းများကိုအထူးပြုသည့်မြှင့်တင်ရေးဆောင်ရွက်မှုများ	၂၀၂-၂၀၄
ဇယား နောက်ဆက်တွဲ	၃	ပြည်တွင်းဈေးကွက် ဦးစားပေး လုပ်ငန်းများကို အထူးပြုသည့် မြှင့်တင်ရေးဆောင်ရွက်မှုများ	၂၀၅-၂၀၇
ဇယား နောက်ဆက်တွဲ	၄	အရင်းမြစ်အခြေပြုလုပ်ငန်းများကို အထူးပြုသည့် မြှင့်တင်ရေး ဆောင်ရွက်မှုများ	၂၀၇-၂၀၉
ဇယား နောက်ဆက်တွဲ	၅	ဗဟုသုတ စူးစိုက်လုပ်ငန်းများကို အထူးပြုသည့် မြှင့်တင်ရေး ဆောင်ရွက်မှုများ	၂၁၀-၂၁၂

ကားချပ် စာရင်း

အခန်း (၁) နောက်ခံအချက်အလက်

ကားချပ် ၁-၁ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူမှုအတွက် မြန်မာ၏ အနားစွန်းသို့ အကွာအဝေး ၉

ကားချပ် ၁-၂ မြန်မာသို့ FDI စီးဝင်မှုပမာဏ ၁၀

ကားချပ် ၁-၃ အတည်ပြုFDI၏ကဏ္ဍအလိုက်ဝေစု(၂၀၁၂/၁၃-၂၀၁၆/၁၇) ၁၁

ကားချပ် ၁-၄ GDP သို့ FDI၏ ရာခိုင်နှုန်း (FDIအသားတင်စီးဝင်မှု) ၁၁

အခန်း (၂) MIPP ၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်

ကားချပ် ၂-၁ MIPP ၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက် ၁၆

ကားချပ် ၂-၂ အမှန်တကယ် GDP နှစ်စဉ်တိုးတက်မှု ၁၇

ကားချပ် ၂-၃ အခင်းအကျင်း(၃)ရပ်အတွက် GDPဦးတည်ချက် လမ်းကြောင်းများ ၂၀

ကားချပ် ၂-၄ အသားတင်ပုံသေမတည်ငွေရင်းထည့်ဝင်မှုပုံစံ(GFCF)၏ အဓိပ္ပါယ် ဖွင့်ဆိုချက် ၂၁

ကားချပ် ၂-၅ အိမ်နီးချင်းနိုင်ငံများ၏ ICOR ၂၂

ကားချပ် ၂-၆ အိမ်နီးချင်းနိုင်ငံများရှိ GFCF တွင် FDI ၏ ပါဝင်မှု ၂၃

ကားချပ် ၂-၇ ရင်းနှီးမြှုပ်နှံသူ အမျိုးအစားအလိုက် နှစ်စဉ် ရင်းနှီးမြှုပ်နှံမှုဦးတည်ချက်များ ၂၇

ကားချပ် ၂-၈ နှစ်စဉ် FDI ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက် ပစ်မှတ်များ ၂၈

ကားချပ် ၂-၉ Doing Business တိုးတက်လာစေခြင်း ၃၀

အခန်း (၃) မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အကဲဖြတ်ခြင်း

ကားချပ် ၃-၁ FDI နှင့် FDI ဆုံးဖြတ်ချက် ယန္တရားတို့ကို သက်ရောက်သည့် အကြောင်းရင်းများ ၃၁

ကားချပ် ၃-၂ အများပြည်သူ အသုံးပြုခမျာကို နှိုင်းယှဉ်ခြင်း ၃၇

ကားချပ် ၃-၃ အာရှနိုင်ငံများတွင် လအလိုက် လုပ်သားကုန်ကျစရိတ် ၃၉

ကားချပ် ၃-၄ မြန်မာနိုင်ငံ၏ အားသာချက်များနှင့် အခွင့်အလမ်းများပေါ် အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးအပိုင်းများ ၄၁

ကားချပ် ၃-၅ မြန်မာနိုင်ငံ၏အားနည်းချက်များနှင့်အတားအဆီးများကို ကိုင်တွယ်ရန် လိုအပ်သည့် ဆောင်ရွက်ချက်များ ၄၂

အခန်း (၄) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခင်းအကျင်းများ

ကားချပ် ၄-၁ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဖွံ့ဖြိုးမှု အပိုင်း (၄) ပိုင်း ၄၄

ကားချပ် ၄-၂ ပို့ကုန်ဦးစားပေးလုပ်ငန်းများအဆင့်မြှင့်တင်ရေးဦးတည်ရာပြပုံချပ် ၄၇

ကားချပ်	၄-၃	ပြည်တွင်းစျေးကွက် ဦးစားပေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှု ဦးတည်ရာ ပြပုံချပ်	၅၃
ကားချပ်	၄-၄	ရင်းမြစ်အခြေပြုလုပ်ငန်းများ အဆင့်မြှင့်တင်ရေးအတွက် အချိန်ကာလ	၅၉
ကားချပ်	၄-၅	ဗဟုသုတ စူးစိုက်လုပ်ငန်းများ၏ မျှော်လင့်ထားသည့် ဖွံ့ဖြိုးမှု	၆၆
ကားချပ်	၄-၆	ဒေသအလိုက် လူတစ်ဦးချင်း GDP	၇၁
ကားချပ်	၄-၇	ဒေသအလိုက် စက်မှုကုန်ထုတ်လုပ်မှု အရေအတွက်	၇၁
ကားချပ်	၄-၈	ဒေသအလိုက် FDI အတည်ပြုပမာဏ	၇၁
ကားချပ်	၄-၉	ရန်ကုန်နှင့် မန္တလေးရှိ စက်မှုကုန်ထုတ်လုပ်သူများ ပါဝင်ဖွဲ့စည်းပုံ	၇၃
ကားချပ်	၄-၁၀	ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမှ ကွာဟနေသော ဖွံ့ဖြိုးတိုးတက်မှု၏ အတွေးအမြင်	၇၅
ကားချပ်	၄-၁၁	ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းမှ ကွာဟနေသည့် ဖွံ့ဖြိုးတိုးတက်မှု အဆင့်များ	၇၆

အခန်း(၅) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မဟာဗျူဟာများ

ကားချပ်	၅-၁	ဝန်ကြီးဌာနများအကြား မူဝါဒ ပူးပေါင်းဆောင်ရွက်ရေး အတွက် မူဘောင်	၈၉
ကားချပ်	၅-၂	ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းဆိုင်ရာ တိုးတက်မှုလုပ်ငန်းစဉ်	၉၃
ကားချပ်	၅-၃	မူဝါဒဆန်းစစ်ခြင်း ယန္တရား	၉၇
ကားချပ်	၅-၄	ပေါင်းစည်းထားသော နိုင်ငံပြယုဂ်၏ အယူအဆ	၁၀၄
ကားချပ်	၅-၅	နိုင်ငံပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း	၁၀၇
ကားချပ်	၅-၆	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအောက်ရှိ လျှောက်လွှာများ	၁၁၄
ကားချပ်	၅-၇	ရင်းနှီးမြှုပ်နှံမှုစက်ဝန်းနှင့် ပံ့ပိုးမှု လိုအပ်ချက်များ	၁၁၇
ကားချပ်	၅-၈	လွတ်လပ်သည့် IPA အဖွဲ့အစည်း	၁၂၅
ကားချပ်	၅-၉	လွတ်လပ်သည့် IPA ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်	၁၂၈-၁၃၀
ကားချပ်	၅-၁၀	စက်မှုအစုအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံ	၁၅၃
ကားချပ်	၅-၁၁	ကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက်၏ဥပမာ (စားသောက်ကုန် ထုတ်လုပ်ခြင်း)	၁၅၄
ကားချပ်	၅-၁၂	အဆင့်မြင့် စက်မှုအုတ်မြစ်တစ်ရပ် တည်ထောင်ရေးအတွက် ဆောင်ရွက်မှုများ	၁၅၆
ကားချပ်	၅-၁၃	ကွင်းဆက်ဖန်တီးခြင်းနှင့် ထပ်ဆင့်တန်ဖိုးတိုးမြှင့် ခြင်းအတွက် အဆင့်များ	၁၅၇
ကားချပ်	၅-၁၄	နည်းပညာလွှဲပြောင်းမှု၏ လမ်းကြောင်း အမျိုးမျိုး	၁၅၉

ကားချပ်	၅-၁၅	SME များအတွက် ဘက်စုံပံ့ပိုးမှု	၁၆၁
ကားချပ်	၅-၁၆	လုပ်ငန်းအတွက် လူ့စွမ်းအားရင်းမြစ်များအတွက် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး	၁၆၆

အခန်း (၆) MIPP အဖွဲ့အစည်း အကောင်အထည်ဖော်ခြင်း

ကားချပ်	၆-၁	MIPP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့အစည်း	၁၈၅
ကားချပ်	၆-၂	MIPP အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်	၁၉၁
ကားချပ်	၆-၃	MIPP အကောင်အထည်ဖော်ဆောင်ရေး အချိန်ဇယား	၁၉၂
ကားချပ်	၆-၄	နှစ်စဉ်အစီအမံများအတွက် PDCA စက်ဝန်း	၁၉၃
ကားချပ် နောက်ဆက်တွဲ	၁	စက်မှုဖွံ့ဖြိုးတိုးတက်မှုပုံစံများ၏ အဆင့်များ	၁၉၇
ကားချပ် နောက်ဆက်တွဲ	၂	အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် အကြောင်းရင်းများ	၁၉၈
ကားချပ် နောက်ဆက်တွဲ	၃	အာဆီယံနိုင်ငံများသို့ FDI စီးဝင်မှု သမိုင်းကြောင်း	၁၉၉
ကားချပ် နောက်ဆက်တွဲ	၄	စက်မှုတည်ထောင်မှုပုံစံ၏ ဖွဲ့စည်းပေါင်းစပ်ပုံ	၂၀၀
ကားချပ် နောက်ဆက်တွဲ	၅	ပို့ကုန်တင်ပို့သော ကုန်ပစ္စည်းများ၏ ဖွဲ့စည်းပေါင်းစပ်ပုံ	၂၀၀
ကားချပ် နောက်ဆက်တွဲ	၆	FDI စီးဝင်သည့်ပမာဏ	၂၀၁

အတိုကောက်စကားလုံးများစာရင်း

ACFTA	အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ
ACIA	အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်
ADB	အာရှဖွံ့ဖြိုးရေးဘဏ်
AEC	အာဆီယံစီးပွားရေးအသိုက်အဝန်း
AI	အသိဉာဏ်ဆိုင်ရာ ဖန်တီးနိုင်မှု
AIA Council	အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီ
AJCEP	အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု
ASEAN	အရှေ့တောင်အာရှနိုင်ငံများအသင်း
ASEAN CCI	အာဆီယံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
BDS	စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးဝန်ဆောင်မှု
BKPM	အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့
BOI	ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့
BOP	ပြည်ပငွေပေးငွေယူရှင်းတမ်း
CAGR	ပေါင်းစပ်ထားသောပျမ်းမျှတိုးတက်မှုနှုန်း
CBM	မြန်မာနိုင်ငံတော်ဗဟိုဘဏ်
CDC	ကမ္ဘောဒီးယားဖွံ့ဖြိုးတိုးတက်မှုကောင်စီ
CLMV	ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်
CMP	ဖြတ်တောက်ခြင်း၊ ပြုလုပ်ခြင်းနှင့် ထုတ်ပိုးခြင်း
DICA	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန
DTF	အနားစွန်းသို့အကွာအဝေး
FAQ	မကြာခဏမေးတတ်သော မေးခွန်းများ
FDI	နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု
FDIPP	ကာလရှည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း
FIA Vietnam	ဗီယက်နမ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီ
FIL	နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ
FMCG	လျင်မြန်စွာရွှေ့လျားပြောင်းလဲနေသည့် စားသုံးသူကုန်စည်များ
FTA	လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်
GCA	အစိုးရဘက်မှ စာချုပ်ချုပ်ဆိုသည့် အေဂျင်စီ
GDP	ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး

GFCF	အသားတင်ပုံသေမတည်ငွေရင်းထည့်ဝင်မှုပုံစံ
ICOR	တိုးပွားလာသောမတည်ရင်းနှီးငွေ- ကုန်ထွက်အချိုး
ICSID	ရင်းနှီးမြှုပ်နှံမှုအငြင်းပွားမှုများဖြေရှင်းရေးအတွက် အပြည်ပြည်ဆိုင်ရာဗဟိုဌာန
ICT	သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ
IEAT	ထိုင်း စက်မှုဇုန်ဆိုင်ရာ အာဏာပိုင်
IMF	အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့
IP	ဉာဏပစ္စည်း
IPA	ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ
IPC	ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်မတီ
IRD	ပြည်တွင်းအခွန်များဦးစီးဌာန
JICA	ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ
LDC	ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ
MBF	မြန်မာစီးပွားရေးဖိုရမ်
MCIL	မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေ
MGHRDC	မြန်မာအထည်ချုပ်လူစွမ်းအားရင်းမြစ်ဖွံ့ဖြိုးရေးစင်တာ
MIC	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
MIDA	မလေးရှားနိုင်ငံရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်
MIL	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ
MIPP	ကာလရှည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံကိန်း
MJC	မြန်မာ-ဂျပန် လူစွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ
MJJI	မြန်မာ-ဂျပန် ပူးတွဲ ဆောင်ရွက်မှု
MSTFBTP	စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် မြန်မာအထူးလုပ်ငန်းအဖွဲ့
MTBPTF	မြန်မာ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့
MTC	မြန်မာကုန်သွယ်မှုဗဟိုဌာန
MTDC	မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
Myantrade	မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
NCDP	အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၁-၂၀၁၃
NIEs	အာရှ လက်သစ် စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများ
NSDA	အမျိုးသားအဆင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်
NSDS	စာရင်းအင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားမဟာဗျူဟာ

NSSA	အာဆီယံ ကျွမ်းကျင်မှု အရည်အသွေးမူဘောင်၊ အမျိုးသား ကျွမ်းကျင်မှုစံနှုန်း အာဏာပိုင်
OSSC	တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့် ဗဟိုဌာန
PPP	အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု
PSDC	ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
R&D	သုတေသနနှင့်ဖွံ့ဖြိုးရေး
SDD	စံနှုန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
SDGs	စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ
SEZ	အထူးစီးပွားရေးဇုန်
SMVTI	စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်း
SOPs	စံသတ်မှတ်ထားသော လည်ပတ်သည့် လုပ်ငန်းစဉ်များ
TRIPS	ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဉာဏပစ္စည်းမူပိုင်ခွင့်များ
TVET	နည်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် သင်တန်း
UMFCCI	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်
UNESCAP	အာရှနှင့် ပစိဖိတ်အတွက် ကမ္ဘာ့ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကော်မရှင်
WIPO	ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့
WTO	ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့
WTO TBT	ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကုန်သွယ်မှုသို့ နည်းပညာဆိုင်ရာအတားအဆီးများ

အခန်း ၁ နောက်ခံအချက်အလက်

၁.၁ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ အရေးကြီးပုံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ (ယခုမှစ၍ မြန်မာအစိုးရဟု ရည်ညွှန်းပါမည်) သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံကို အသိအမှတ်ပြုပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အတွက် အဓိကချိတ်ဆက် ဆောင်ရွက်မှုဖြစ်ပါသည်။ တနည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးသည် ဒေသတွင်းဆိုင်ရာနှင့် စက်မှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၏ နယ်ပယ်တစ်ခုစီတွင် အဓိကကျသည့် အစိတ်အပိုင်းဖြစ်ပါသည်။ အရင်းအနှီး စီးဝင်လာခြင်းနှင့် နည်းပညာလွှဲပြောင်းရယူခြင်းတို့နှင့် အတူ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) သည် အလုပ်အကိုင်ဖန်တီးပေးခြင်း၊ တန်ဖိုးမြှင့်ကုန်စည်ထုတ်လုပ်မှုကို တိုးမြှင့်ပေးခြင်းတို့ဖြင့် မြန်မာ့စက်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ပံ့ပိုးပေးမည်ဟု မျှော်မှန်းလျက် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအပေါ် ပူးပေါင်းဆောင်ရွက်သည့် အကျိုးသက်ရောက်မှု ရရှိပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးသည် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ (SDGs) အကောင်အထည်ဖော်ဆောင်မှုနှင့် နီးစပ်စွာ ဆက်နွယ်နေပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးသည် SDGပန်းတိုင်များကို အောင်မြင်စွာရရှိစေရန် အဓိကဖြစ်ပါသည်။ အထူးသဖြင့် ပန်းတိုင်အမှတ်စဉ် ၈ နှင့် ၉ တို့ဖြစ်ကြသည့် "တိထွင် ဆန်းသစ်မှုနှင့် နည်းပညာဆိုင်ရာ အဆင်မြှင့်တင်ခြင်း၊ အမျိုးအစားချဲ့ထွင် ကွဲပြားခြင်းတို့မှတဆင့် စီးပွားရေးကုန်ထုတ်စွမ်းအားကို တိုးမြှင့်ခြင်းနှင့် အစဉ်တည်တံ့ပြီး အားလုံးအကျုံးဝင်သည့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု"နှင့် "ဘေးဒဏ်ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိသည့် အခြေခံအဆောက်အအုံတည်ဆောက်ရန်၊ အလုံးစုံ အကျုံးဝင်ပြီးအစဉ်ဖွံ့ဖြိုးတိုးတက်သည့် စက်မှုလုပ်ငန်းတည်ထောင်ခြင်းကို မြှင့်တင်ရန်နှင့် တိထွင်ဆန်းသစ်မှုကို အားပေးရန်"တို့အတွက် အထူးအရေးပါပါသည်။

၁.၂ ၂၀၁၄ ခုနှစ်တွင် FDIPP ပြင်ဆင်ခြင်း

မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအား ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းအတွင်းသို့ ပေါင်းစည်းရေးအတွက်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွက် အဓိကစီးပွားရေးမူဝါဒများမှ တစ်ခုဟုအသိအမှတ်ပြုပါသည်။ ၂၀၁၄ ခုနှစ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီဖြင့် မြန်မာနိုင်ငံ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှစ်ရှည်စီမံကိန်း (FDIPP)ကို ပြင်ဆင်ခဲ့သည်။ FDIPP သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် မြန်မာနိုင်ငံ၏ပထမဆုံးသော ဘက်စုံမူဝါဒဖြစ်ခဲ့ပြီး အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၁-၂၀၃၀

(National Comprehensive Development Plan 2011-2030 - NCDP) မူဘောင်အတွင်း ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းအတွင်းသို့ ပေါင်းစည်းရေးနှင့် မြန်မာ့ဖွံ့ဖြိုးရေးသို့ ပါဝင်မည့် အလုံးစုံ ပန်းတိုင်သို့ရောက်ရှိရေးအတွက် မြန်မာ၏လမ်းပြမြေပုံအဖြစ် အဓိကအချက်များကို ဖော်ပြထား ပါ သည်။ FDIPP တွင် (က) နောက်ခံအခြေအနေနှင့်ဦးတည်ချက်၊ (ခ) မျှော်မှန်းချက်နှင့်ပန်းတိုင်များ၊ (ဂ) FDI နယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် တိုးတက်ရေးအတွက် ရည်ညွှန်းရမည့် ပြဿနာ ရပ်များ၊ (ဃ) မြန်မာအစိုးရအတွက်မဟာဗျူဟာများနှင့် (င) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြား မှုဦးစီးဌာနမှ ဆောင်ရွက်ရန် လှုပ်ရှားမှုများဟူ၍ အခန်း(၅)ခန်းပါဝင်ပါသည်။

၁.၃ FDIPP ၏ အောင်မြင်မှုများ

FDIPPသည် ဥပဒေမူဘောင်တိုးတက် ဖြစ်ထွန်းရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် လှုပ်ရှား မှုများ တိုးမြှင့်ဆောင်ရွက်ရေးအပေါ် အာရုံစိုက်ပါသည်။ ဥပဒေမူဘောင်နှင့် စပ်လျဉ်း၍ မြန်မာအစိုးရ သည် FDIPP တိုင်အောင် ဦးဆောင်သည့် လုပ်ငန်းစဉ်များကို ဖြည်းဖြည်း မှန်မှန်ဖြင့် စွမ်းဆောင် နိုင်ခဲ့သည်။ ၄င်းစွမ်းဆောင်နိုင်မှုများကို ဇယား၁.၁ တွင် ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ (MCIL)နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(FIL) တို့ကို မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(MIL)အဖြစ် ပေါင်းစပ်ခဲ့သည်။ MIL နှင့် မြန်မာရင်းနှီးမြှုပ်နှံမှု စည်းကမ်း များသည် ရှင်းလင်းလွယ်ကူ ထင်သာမြင်သာရှိသည့် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်၊ ထိရောက်သည့် လျှောက်လွှာ လျှောက်ထားမှု လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းများတိုးတက်ဖြစ် ပေါ်လာရေး လက်တွေ့အကောင်အထည်ဖော်ရန် ပုံစံရေးဆွဲထားခြင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ သီလဝါ SEZ ကော်မတီသည် အထူးစီးပွားရေးဇုန် ဥပဒေများနှင့် စည်းကမ်းများနှင့်အညီ သီလဝါ အထူးစီးပွားရေးဇုန်ကိုစီမံခန့်ခွဲရန် အမိန့်ကြော်ငြာစာ များကို ထုတ်ပြန်ခဲ့ပါ သည်။ ရင်းနှီးမြှုပ်နှံသူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးရန် DICA ၌ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ(OSSC)ကို တည်ထောင်ခဲ့ပါ သည်။ မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားမှုများအနေဖြင့် FDIPP တွင် ရေးဆွဲထားသည့် PPP နှင့် ဆက်စပ် လှုပ်ရှားမှုများကိုမြင့်တင်ရန် ဝန်ကြီးဌာနများပါဝင်သည့် PPP အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ JICA ၏ အကူအညီဖြင့် အထူးလုပ်ငန်းအဖွဲ့သည် PPP အပေါ် ဆွေးနွေးမှုများ၊ အိမ်နီးချင်းနိုင်ငံများသို့ လေ့လာရေးခရီးများတွင်ပါဝင်ခဲ့ပြီး PPP စီမံကိန်းများအတွက် ပုံစံများကို ပြင်ဆင်ခဲ့ကြပါသည်။ မြန်မာအစိုးရသည် မြန်မာစီးပွားရေးဖိုရမ်နှင့် မြန်မာ-ဂျပန် ပူးတွဲဆောင်ရွက်မှုစသည့်ပွဲများ၌ စီးပွား ရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မှုအပေါ် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးပွဲများကို ကျင်းပပေးပါ သည်။ DICA သည် ၄င်း၏ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလှုပ်ရှားမှုများကို တိုးမြှင့်နိုင်ခဲ့ပြီး၊ ဥပမာများမှာ ရင်းနှီးမြှုပ်နှံမှု လမ်းညွှန်စာအုပ်များ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှော ဖလှယ်ပွဲများနှင့် ၎င်း၏ဝက်ဘ်ဆိုက်တို့ဖြစ်ကြပါသည်။

ဇယား ၁-၁: FDIPP ၏ အောင်မြင်မှုများ

	FDIPP တွင် အဆိုပြုခဲ့သည့် လှုပ်ရှားမှုများ	အောင်မြင်ခဲ့သည့် ဆောင်ရွက်ချက်များ
၁	တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် (OSS) ၏ လုပ်ငန်းစဉ်များ အားကောင်းခိုင်မာစေရန်	DICA တွင် OSS ကို တည်ထောင်နိုင်ခဲ့သည်။
၂	FIL နှင့် MCILကို ပေါင်းစပ်ရန်	၂၀၁၆ တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (MIL)ကို ပြဋ္ဌာန်းခဲ့သည်။
၃	မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (MCA)ကို သုံးသပ်ရန်	၂၀၁၇ ခုနှစ်တွင် ပြန်လည် သုံးသပ်ထားသည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းခဲ့သည်။
၄	အထူးစီးပွားရေးဇုန်ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရန်	လိုအပ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ခြင်းဖြင့် SEZ Law ကို သီလဝါ SEZ သို့ အသုံးချနိုင်ခဲ့သည်။
၅	PPPs ကို ထူထောင်ရေးကို ခိုင်မာစေခြင်းဖြင့် ထပ်ဆောင်းရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပံ့ပိုးပေးရန်	ဝန်ကြီးဌာနများအဆင့်၌ PPPs ကို မြှင့်တင်ရန် PPP အထူးလုပ်ငန်းအဖွဲ့ကို ထူထောင်ခဲ့သည်။
၆	FDI ပြဿနာရပ်များအတွင်း ဖြေရှင်းနည်းများကို ဖော်ထုတ်ရန် ဆက်စပ်ပါဝင်သူများ အကြား ပိုမိုဆွေးနွေးသွားရန်	ဆွေးနွေးမှုအချို့ကို စတင်ပြုလုပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု၏ အဓိက ပြဿနာများကို ဆွေးနွေးခဲ့သည်။
၇	DICA ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို တိုးမြှင့်ရန်	ရင်းနှီးမြှုပ်နှံမှု လမ်းညွှန်များ၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု နှီးနှောဖလှယ်ပွဲများ၊ ဝက်ဘ်ဆိုဒ်နှင့် ဂျပန်ဆိုင်ရာရုံးစသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးများကို တိုးမြှင့်ခဲ့သည်။

ရင်းမြစ်: DICA

၁.၄ FDIPP ကို ပြန်လည်ပြင်ဆင်ရန် အဘယ့်ကြောင့်လိုအပ်သနည်း

၂၀၁၄ ခုနှစ်တွင် FDIPP ချမှတ်ခဲ့သည့်အချိန်မှစ၍ နှစ်အနည်းငယ် ကြာမြင့်ခဲ့ပြီးသည့်နောက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့သည် အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့် ပြန်လည် ပြင်ဆင်ရန်လိုအပ်သည်ဟု အသိအမှတ်ပြုခဲ့ကြပါသည်။

မြန်မာ၏ ရင်းနှီးမြှုပ်နှံမှု အုပ်ချုပ်မှုနည်းစနစ် အစီအမံအသစ်နှင့် ကိုက်ညီစေရန်

မြန်မာအစိုးရသည် ၂၀၁၆ ခုနှစ်၊ နိဝင်ဘာလတွင် ရင်းနှီးမြှုပ်နှံမှုမူဝါဒအသစ်ကို ကြေငြာခဲ့သည်။ ယင်း ၂၀၁၆ ရင်းနှီးမြှုပ်နှံမှုမူဝါဒတွင် ကြိုဆိုသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆီသို့ ဦးတည်သည့် အခြေခံအခြေအနေများကို ဖော်ပြထားပါ သည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် MIL ကို ပြဋ္ဌာန်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲမှု အသစ်တစ်ရပ်ကို စတင်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အသစ်ဖြစ်လာသည့် ရင်းနှီးမြှုပ်နှံမှု အုပ်ချုပ်မှုနည်းစနစ်နှင့် ကိုက်ညီစေရေးအမြင်မှ FDIPP ကို

ပြန်လည်သုံးသပ်ရန် လိုအပ်လာခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံသည် အစိုးရအသစ်အောက်၌ စီးပွားရေးဆိုင်ရာ အကူးအပြောင်း၏ ပြောင်းလဲမှုတစ်ရပ်ဆီသို့ ချဉ်းနင်းဝင်ရောက်လာပါသည်။ နိုင်ငံတော်အစိုးရသည် စီးပွားရေး ပတ်ဝန်းကျင်၏ ဥပဒေမူဘောင်နှင့် မဲခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုများတွင် ၄င်း၏ အားစိုက်ထုတ်မှုကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီထွန်းကားရေး၊ ဒေသတွင်းဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့် ထိရောက်သည့် စီးပွားရေးစနစ်များ ရည်ရွယ်ချက်များဖြင့် စီးပွားရေးမူဝါဒ ၁၂ ချက်ကို ကြေငြာခဲ့ပါသည်။

ဇယား ၁-၂ : မြန်မာစီးပွားရေးမူဝါဒ၏ ရည်မှန်းချက်များ

၁	ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေးကို ခိုင်မာအားကောင်းစေခြင်းမှတဆင့် မေရရှိစီးပွားရေး တည်ငြိမ်မှုနှင့် ရေရှည်မျှော်တွေးသည့် ဘဏ္ဍာရေး မှန်ကန်တည့်မတ်မှုစတင်ရန်။
၂	ဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးပေးသည့် SME များကို ကူညီရန်နှင့် အစိုးရပိုင် လုပ်ငန်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရန်နှင့် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန်။
၃	နည်းပညာဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး တိုးတက်ကောင်းမွန်ခြင်းမှ လူစွမ်းအားရင်းမြစ် ထွန်းကားအောင်ပြုလုပ်ရန်။
၄	e-Government စနစ် ထူထောင်ခြင်းနှင့် အရေးပါသည့် အခြေခံအဆောက်အအုံများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးရန်။
၅	ပိုမိုတန်ဖိုးမြင့်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ဦးစားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်။
၆	စားနပ်ရိက္ခာလုံခြုံရေးနှင့် ပို့ကုန်မြှင့်တင်ခြင်းဖြင့် နိုင်ငံသားအလုံးစုံပါဝင်သည့် ဖွံ့ဖြိုးမှုရရှိစေရန်၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီမျှစေရေး သေချာရန်။
၇	တီထွင်မှုမူပိုင်ခွင့်နှင့် ဥပဒေအသက်ဝင်မှုတို့ကို တိုးမြှင့်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေး မူဝါဒများ ချမှတ်ရန်နှင့် ဈေးကွက်မူဘောင် တစ်ခုတွင် စီးပွားရေး အခွင့်အလမ်း များကို လွတ်လပ်စွာရရှိရန် လူတစ်ဦးချင်း၏ အခွင့်အရေးကို ခိုင်မာစေရန်။
၈	စီးပွားရေးလုပ်ငန်းများ၊ လယ်သမားများနှင့်အိမ်ထောင်စုများ၏ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို ကူညီရန် ဘဏ္ဍာရေးစနစ်တစ်ရပ် ဖန်တီးပေးရန်နှင့် ငွေကြေးနှင့် ဘဏ္ဍာရေး တည်ငြိမ်မှုရရှိ စေရန်။
၉	သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်ပြီး အစဉ်တည်တံ့သည့် မြို့များကို တည်ထောင် ရန်၊ ပြည်သူ့ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ရန်၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ ကို ပြန်လည်ရှင်သန်စေရန်နှင့် အမွေအနှစ်များကို ထိန်းသိမ်းရန်။
၁၀	ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် မျှတပြီး ထိရောက်သည့် အခွန်အကောက် စနစ် တည်ဆောက်ရန်။
၁၁	စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များ ထူထောင် ခြင်းမှ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာမြှင့်တင်ရန်။
၁၂	လျင်မြန်စွာ ပြောင်းလဲနေသည့် အာဆီယံဒေသနှင့် အာဆီယံအလွန်တွင် စီးပွားရေး ကွင်းဆက် များနှင့် အခြေခံများ ခိုင်မာစေရေး သေချာစေရန်။

ရင်းမြစ်: DICA

စီးပွားရေးမူဝါဒကို ပိုင်းဝန်းကူညီပေးရန်အလို့ငှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒတစ်ရပ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကြေငြာခဲ့ပါသည်။

ဇယား ၁-၃: မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒ

၁	တာဝန်ယူမှုရှိပြီး အပြန်အလှန် အကျိုးရှိမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါသည်။
၂	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ဆက်နွယ်နေသည့် အစိုးရအဖွဲ့အစည်းများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပွင့်လင်းရှင်းလင်းမြန်ဆန်သည့် လုပ်ထုံးလုပ်နည်းများမှ တဆင့် လွယ်ကူချောမောစေပါမည်။
၃	ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်စွာအလုပ်လုပ်သည့် စီးပွားရေးအခြေခံ အဆောက်အအုံနှင့် မေခရိုစီးပွားရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ ယုံကြည်စိတ်ချရသောအငြင်းပွားမှုဖြေရှင်းသည့် နည်းလမ်းများနှင့် အားထားလောက်သည့် ဘဏ္ဍာရေးစနစ်များမှတဆင့် ပံ့ပိုးပေးသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးသွားမည်။
၄	နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုသည် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသဖြင့် အစိုးရသည်- (က) နိုင်ငံခြားနှင့် ပြည်တွင်းလုပ်ငန်းများအား ခွဲခြားဆက်ဆံမှုမရှိဘဲ ကြိုတင် မှန်းဆနိုင်သည့် ထိန်းကျောင်းကြီးကြပ်သည့် စည်းမျဉ်းဆိုင်ရာ အခြေအနေတစ်ရပ်ကို ထူထောင်မည်။ (ခ) အငြင်းပွားဖွယ်သိမ်းယူခြင်းမှ ကာကွယ်မည်။ (ဂ) အခွန်အခများနှင့် အကောက်ခွန်ဂျူတီများနှင့် အခြားပေးရန်ရှိသည်များကို ပေးချေပြီးနောက် ဥပဒေနှင့်အညီ အမြတ်ငွေများနှင့် အခြားငွေလွှဲများလွှဲခွင့်ကို စီစဉ်ပေးမည်။ (ဃ) အတည်ပြုလိုက်သည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဥပဒေနှင့်အညီ နှစ်ရှည်မြေငှားရမ်းခွင့် စီစဉ်ပေးမည်။
၅	အချိန်တိုင်း၌ ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများအပေါ် ခွဲခြားမှုမပြုဘဲ တပြေးညီ ဆက်ဆံ၍ ၄င်းရင်းနှီးမြှုပ်နှံသူများ အားလုံးတို့သည် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာနှင့် သဘာဝသယံဇာတဆိုင်ရာကိစ္စများ အပါအဝင် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ကျင့်ဝတ်များအတွက် မူများနှင့် ကိုက်ညီစေရမည်။
၆	နိုင်ငံခြားသားများသည် နိုင်ငံလုံခြုံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးကိစ္စရပ်များနှင့် ဆက်နွယ်နေသည့် အချို့သော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်မရှိပါ။ ၄င်းကန့်သတ်ထားသည့် စီးပွားရေးလုပ်ငန်းများကို အတည်ပြုချက်ရရှိသည့်အခါ တရားဝင်ထုတ်ပြန်ပေးသွားမည်။
၇	အောက်ဖော်ပြပါ ဝိသေသလက္ခဏာများဖြင့် ပေါင်းစပ်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးကြိုဆိုပါသည် - (က) ဒေသတွင်းဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်နှင့်ချိတ်ဆက်၍ ကုန်ထုတ်စွမ်းအား တိုးမြှင့်ပြီး တန်ဖိုးမြှင့် စိုက်ပျိုးရေးအခြေခံ လုပ်ငန်းများကို ထောက်ပံ့အားပေးခြင်း။ (ခ) စီးပွားရေးအရ အကျိုးအမြတ်ရှိသည့် ပြည်တွင်းထုတ်လုပ်မှုနှင့် နည်းပညာ လွှဲပြောင်းမှုကို အထောက်အကူပြုခြင်း။ (ဂ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့တိုးတက်မှုအတွက် အားပေးအထောက်အကူဖြစ်စေခြင်း။

(ဃ) အခြေခံအဆောက်အအုံ လျင်မြန်စွာဖွံ့ဖြိုးခြင်း။

(င) ကျွမ်းကျင်မှုများ တက်လာစေရန်နှင့် လူစွမ်းအားရင်းမြစ် ဖွံ့ဖြိုးလာစေရန် အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် သင်တန်းများ စီစဉ်ပေးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(စ) စီးပွားရေးအရ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများတွင် ရင်းနှီးမြှုပ်နှံခြင်း။

(ဆ) အထူးစီးပွားရေးဇုန်အစုအဖွဲ့များနှင့် စက်မှုမြို့တော်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း။

(ဇ) ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွင် ဆောင်ရွက်ခြင်း။

ရင်းမြစ်: DICA

ရင်းနှီးမြှုပ်နှံမှုအတွက် ဥပဒေဆိုင်ရာ မူဘောင်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ် နည်းလမ်းများနှင့် ကိုက်ညီစေရန်၊ ရင်းနှီးမြှုပ်နှံသူများသို့ ကဏ္ဍများ ပိုမိုဖွင့်ပေးရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် MCIL နှင့် FIL နှစ်ရပ်ကို ပေါင်းစည်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါ သည်။

ယင်း MIL အောက်တွင် မည်သည့်ရင်းနှီးမြှုပ်နှံသူမဆို ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ကို တင်ပြရန် မလိုအပ်ဘဲ နှစ်ရှည်ငှားရမ်းသည့် သဘောတူစာချုပ် သို့မဟုတ် အခွန်ကင်းလွတ်ခွင့် မက်လုံးများ ရယူရန် ဆန္ဒရှိသူများက အတည်ပြုချက်ယူရန်အတွက် လျှောက်လွှာ လျှောက်ထားနိုင်ပါသည်။ အကယ်၍ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅ သန်းထက်နည်းပါက ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးသို့ အခွန်ကင်းလွတ်ခွင့်များ အကဲဖြတ်ရန် MIC က အခွင့်အာဏာ ပေးအပ်ပါသည်။ MIC ၏ အမိန့်ကြော်ငြာစာများတွင် ဖွံ့ဖြိုးမှု အနည်းဆုံးနယ်မြေများသို့ ပိုမိုကြွရှည်သည့် နှစ်ရှည်ဝင်ငွေခွန်ကင်းလွတ်ခွင့်များပေးပြီး ရင်းနှီးမြှုပ်နှံမှုအတွက် မြှင့်တင်သောကဏ္ဍများကို အမျိုးအစားခွဲခြားထားပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေး ပတ်ဝန်းကျင် ပိုမိုတိုးတက်စေရန်အတွက် လိုအပ်ချက်

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လိုက်သည့်အခါ မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်မှာ ယခုတိုင် ကျေနပ်အားရဖွယ် မရှိဖြစ်နေပါသည်။ အဓိကကမ္ဘာလုံးဆိုင်ရာ အညွှန်းကိန်းများအရ ကမ္ဘာ့ယှဉ်ပြိုင်မှု အညွှန်းကိန်း (Global Competitiveness) တွင် နိုင်ငံပေါင်း ၁၄၀ ရှိသည့်အနက် မြန်မာနိုင်ငံသည် ၁၃၁ အဆင့်တွင် ရှိနေပါသည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူမှုအခြေအနေ (Ease of Doing Business) တွင် နိုင်ငံပေါင်း ၁၉၀ အနက် မြန်မာနိုင်ငံသည် အဆင့် ၁၇၀ မြောက်နေရာ တွင်ရှိနေပါသည်။ အဂတိလိုက်စားမှု သိမြင်နားလည်မှု အညွှန်းကိန်း (Corruption Perceptions Index) တွင် နိုင်ငံ ၁၇၆ နိုင်ငံအနက် မြန်မာက ၁၃၆ နေရာတွင် ရှိပါသည်။

မြန်မာနိုင်ငံ၏ ရမှတ်များ သည် တိုးတက်လာလျက်ရှိနေသော်လည်း အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ထက် များစွာနိမ့်ကျနေသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အဆင့်တူဖြစ်နေပါသည်။

ဇယား ၁-၄: ကမ္ဘာ့အညွှန်းကိန်းများတွင် တည်ရှိမှုအဆင့်

	မြန်မာ	မလေးရှား	ထိုင်း	အင်ဒိုနီးရှား	ဗီယက်နမ်	အိန္ဒိယ	ဘင်္ဂလားဒေ့ရှ်
ကမ္ဘာ့ယှဉ်ပြိုင်မှုအညွှန်းကိန်း*	၁၃၁	၁၈	၃၂	၃၇	၅၆	၅၅	၁၀၇
စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူမှု အခြေအနေ**	၁၇၀	၂၃	၄၆	၉၁	၈၂	၁၃၀	၁၇၆
အဂတိလိုက်စားမှု သိမြင်နားလည်မှု အညွှန်းကိန်း***	၁၃၆	၅၅	၁၀၁	၉၀	၁၁၃	၇၉	၁၄၅

ရင်းမြစ်: *ကမ္ဘာ့စီးပွားရေးဖိုရမ်"ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်မှု အစီရင်ခံစာ ၂၀၁၅-၂၀၁၆", ၂၀၁၅, **ကမ္ဘာ့ဘဏ် "Doing Business 2017", အောက်တိုဘာ ၂၀၁၆, *** Transparency International "အဂတိလိုက်စားမှု သိမြင်နားလည်မှု အညွှန်းကိန်း ၂၀၁၆," ၂၀၁၇

ကမ္ဘာ့ယှဉ်ပြိုင်မှု အညွှန်းကိန်းအတွက် အကဲဖြတ်သည့် နယ်ပယ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့်အဖွဲ့အစည်း (ဥပဒေဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာမူဘောင်)၊ အခြေခံအဆောက်အအုံ၊ အဆင့်မြင့်ပညာရေးနှင့်သင်တန်း၊ ကုန်စည်ဈေးကွက်ထိရောက်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ဈေးကွက်ဖွံ့ဖြိုး တိုးတက်မှု၊ နည်းပညာဆိုင်ရာ အဆင်သင့်ဖြစ်မှု၊ ဆန်းပြားခေတ်မီသည့် စီးပွားရေးနှင့်တီထွင် ဆန်းသစ်မှုတို့အတွက် အထူးအဆင့်နိမ့်ကျရခြင်းဖြစ်ပါသည်။ ၄င်းပြဿနာရှိနေသည့် နယ်ပယ်များသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်း၏ ကုန်ကျစရိတ်များကို မြင့်တက်စေပါသည်။ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် ချို့တဲ့သည့် အခြေခံအဆောက်အအုံနှင့် မလုံလောက်သည့် အဆင့်မြင့်ပညာရေးတို့မှာလည်း အတားအဆီးများဖြစ်ကြပါသည်။

၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူမှုအခြေအနေ အညွှန်းကိန်း၌ မြန်မာနိုင်ငံ၏ အဆင့် ၁၇၀ ဖြစ်ရခြင်းမှာ ရင်းနှီးမြှုပ်နှံသူများအတွက် အတားအဆီးများနှင့် ကန့်သတ်ချက်များ များစွာကျန်ရှိနေသေးသည်ကို ညွှန်ပြနေပါသည်။

ဇယား ၁-၅ : World Ranking of Ease of Doing Business

အဆင့်	နိုင်ငံ	DTF ရလဒ်
၂	စင်ကာပူ	၈၄.၅၇
၂၄	မလေးရှား	၇၈.၄၃
၂၆	ထိုင်း	၇၇.၄၄
၆၈	ဗီယက်နမ်	၆၇.၉၃
၇၂	အင်ဒိုနီးရှား	၆၆.၄၇
၁၁၃	ဖိလစ်ပိုင်	၅၈.၇၄
၁၃၅	ကမ္ဘောဒီးယား	၅၄.၄၇
၁၄၁	လာအို	၅၃.၀၁
၁၇၁	မြန်မာ	၄၄.၂၁

မှတ်ချက်: Distance to Frontier (DTF) သည် စီးပွားရေး အသီးသီးတွင် အနားစွန်းသို့ အကွာအဝေးကို တိုင်းတာပါသည်. ၄င်းမှာ စီးပွားရေးအားလုံးတို့တွင် အကောင်းဆုံး စွမ်းဆောင်မှုကို ကိုယ်စားပြုပါသည်။

ရင်းမြစ်: World Bank, "Doing Business 2018", 2017



မှတ်ချက်: Distance to Frontier (DTF) သည် စီးပွားရေး အသီးသီးတွင် အနားစွန်းသို့ အကွာအဝေးကို တိုင်းတာပါသည်. ၄င်းမှာ စီးပွားရေးအားလုံးတို့တွင် အကောင်းဆုံး စွမ်းဆောင်မှုကို ကိုယ်စားပြုပါသည်။

ရင်းမြစ်: World Bank, "Doing Business 2018", 2017

ကားချပ် ၁-၀ : **စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူမှုအတွက် မြန်မာ၏ အနားစွန်းသို့ အကွာအဝေး**

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူမှုအခြေအနေအတွက် အညွှန်းကိန်းအရ မြန်မာနိုင်ငံသည်"လုပ်ငန်းစတင်ခြင်း"နှင့်"ဆောက်လုပ်ရေးပါမစ်များနှင့်ဆောင်ရွက်မှု"တို့အတွက် ကောင်းမွန်သည့် ကျေနပ်ဖွယ်ရမှတ်များရရှိပါသည်။ သို့ရာတွင် "ချေးငွေရရှိမှု"၊ "လူမွဲခံမှုအား ကိုင်တွယ် ဆောင်ရွက်မှု"နှင့်"သဘောတူစာချုပ်များအသက်ဝင်မှု"ရမှတ်များတွင်မူ အလွန်နည်းပါးပါသည်။ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် "လုပ်ငန်းများစတင်ခြင်း" အမျိုးအစားအတွက်သာ သိသိသာသာ တိုးတက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၆၀ ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၄၆ တွင်ရှိခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ထက်ပင် သာလွန်ခဲ့ပါသည်။

အချို့သော အဆင့်များတွင် မြန်မာနိုင်ငံက တိုးတက်ခဲ့သော်လည်း မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ရန် အတားအဆီးများနှင့် အနှောင့်အယှက်များ ကျန်ရှိနေဆဲဖြစ်ပါသည်။ မှီခိုအားထားမှု မပြုနိုင်သည့် လျှပ်စစ်ဖြန့်ဖြူးရေးနှင့် မဖွံ့ဖြိုးသေးသည့်သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံတို့မှာ လုပ်ငန်းလည်ပတ်မှု၏ ကုန်ထုတ်စွမ်းအားအပေါ် စိုးရိမ်ရသည့် အကန့်အသတ်များဖြစ်ကြပါသည်။ ထို့ပြင် အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအကြား မြန်မာနိုင်ငံတွင် လက်ရှိအခွင့်အလမ်းများ၏ အကျိုးကျေးဇူးကို ခံစားရန် ၄င်းတို့အားခွင့်ပြုပေးရန် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ပိုမိုတိုးတက်ကောင်းမွန်ရန်နှင့် စီးပွားရေးလုပ်ငန်းများထပ်တိုး ဖြေလျှော့ပေးရေးအတွက် ခိုင်မာသည့် တောင်းဆိုချက်များ ရှိနေပါသည်။

မြန်မာနိုင်ငံအစိုးရသည် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ စီးပွားရေးပတ်ဝန်းကျင်ကို သက်ရောက်သည့် အဓိကပြဿနာများကို ရည်ညွှန်းရန် စတင်ခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအစီအစဉ်သည် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မှုအတွက် အားစိုက်ထုတ်မှုများနှင့် ထပ်ဆောင်း ပေါင်းစပ်သင့်ပါသည်။

များမကြာမီက မြန်မာနိုင်ငံအတွင်း စီးဆင်းဝင်ရောက်လာသည့် FDI များကို တုန့်ပြန်ရန်အတွက် လိုအပ်ခြင်း

ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် ကျယ်ပြန့်လာသည့်စီးပွားရေးအခွင့်အလမ်းများနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်တို့ကြောင့် မကြာသေးမီကာလအတွင်း ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှု မြင့်တက်လာမှုနှင့်အတူ FDI စီးဝင်မှုလည်း တိုးတက်လာပါသည်။ မြန်မာနိုင်ငံအတွင်းသို့ စီးဝင်သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏အတည်ပြုချက်သည် ၂၀၁၅-၁၆အတွင်း အမေရိကန်ဒေါ်လာ ၉.၅ ဘီလီယံရှိရာမှ ၂၀၁၆-၁၇ တွင် အမေရိကန် ဒေါ်လာ ၆.၆ ဘီလီယံသို့ ကျဆင်းသွားသော်လည်း ၂၀၁၅-၁၆ နှင့် ၂၀၁၆-၁၇ တို့တွင် သိသိသာသာ တိုးတက်လာခဲ့ကြောင်းပြနေပါသည်[3]။



မှတ်ချက်:The figure of FDI အတည်ပြုချက် ကိန်းဂဏန်းတွင် သီလဝါ SEZသို့စီးဝင်သည့် FDI မပါဝင်ပါ။ အခြေပြုငြည်ပငွေပေး ငွေယူရှင်းတမ်းပေါ်ရှိ FDIကိန်းဂဏန်းမှာ IMF မှ ခန့်မှန်းထားခြင်းဖြစ်ပါသည်။

ရင်းမြစ်: IMF "International Financial Statistics" 2017 နှင့် DICA

ကားချပ် ၁-၂ : မြန်မာနိုင်ငံသို့ FDI စီးဝင်မှုပမာဏ

FDI နယ်ပယ်များမှာ သယံဇာတတူးဖော်သည့် လုပ်ငန်းများမှ ပြည်တွင်းစျေးကွက်နှင့် ပို့ကုန်နှစ်ရပ်စလုံးကို ရည်မှန်းချက်ထားသည့် စက်မှုကုန်ထုတ်ကဏ္ဍနှင့် အမျိုးမျိုးသော ဝန်ဆောင်မှုကဏ္ဍများဆီသို့ တဖြည်းဖြည်းအမျိုးအစား ချဲ့ထွင်ကွဲပြားလာပါသည်။ စီးပွားရေးတည်ဆောက်မှုပုံစံများ အဆင့်မြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်းနှင့် ဝင်ငွေရရှိခြင်းတို့၏ အမျိုးသားအဆင့် လုပ်ငန်းစဉ်သို့

[3]မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်မှာ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ် ဧပြီလ ၁ရက်နေ့မှစတင်ပြီး မတ်လ ၃၁ရက်နေ့တွင် အဆုံးသတ်ပါသည်။ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်သည် ၂၀၁၇ ခုနှစ် ဧပြီလ ၁ရက်နေ့မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖြစ်ပါသည်။ ၂၀၁၈-၁၉ မှစ၍ ဘဏ္ဍာရေးနှစ်မှာ အောက်တိုဘာလ ၁ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖြစ်ပါမည်။

ပါဝင်ပံ့ပိုးဖြည့်ဆည်းပေးရန် မျှော်မှန်းထားသည်။ ၂၀၁၂-၁၃မှ ၂၀၁၆-၁၇ထိ ငါးနှစ်တာကာလအတွင်း FDI အတည်ပြုထားသည့် စုစုပေါင်းပမာဏများအနက် ရေနံနှင့် သဘာဝဓာတ်ငွေ့မှာ ၂၈ % ဖြင့် ဝေစု အများဆုံးပါဝင်ပြီး သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍမှာ ၂၇ % ဖြင့် ဒုတိယ၊ စက်မှု ကုန်ထုတ်ကဏ္ဍမှာ ၂၀ % ဖြင့် တတိယအများဆုံးပါဝင်လျက်ရှိပါသည်။



ရင်းမြစ်: DICA

ဇယား ၁-၃: အတည်ပြု FDI ၏ ကဏ္ဍအလိုက်ဝေစု (၂၀၁၂/၁၃ - ၂၀၁၆/၁၇)

သို့ရာတွင် အခြားသော CLVM နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်သော်မှ မြန်မာနိုင်ငံအတွင်းသို့ စီးဝင်သည့် FDI အရွယ်အစားမှာ ကျေနပ်အားရဖွယ်မရှိသေးပါ။ ထို့ကြောင့် မြန်မာနိုင်ငံသို့ FDI စီးဝင်မှုများကို ထပ်မံချဲ့ထွင်ရန် လိုအပ်သည့် ခြေလှမ်းများ စတင်ရပါမည်။ FDI မှ သယ်ယူလာသည့် နည်းပညာ၊ ရန်ပုံငွေများနှင့် စျေးကွက်များလိုအပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များ၏ ဦးတည်ရာသို့ ရင်းနှီးမြှုပ်နှံမှုကို ဦးတည်ပေးရန် အရေးကြီးပါသည်။ ၄င်းအခြေအနေများအောက်တွင် မကြာသေးမီက FDI လမ်းကြောင်းကို ပြန်လည်ဆန်းစစ်ရန်မှာ လုပ်သင့်လုပ်ထိုက်ပါသည်။



မှတ်ချက်: ကိန်းဂဏန်းမှာ ပြည်ပငွေပေးငွေယူရှင်းတမ်းပေါ်တွင် အခြေခံပါသည်။
ရင်းမြစ်: UNCTAD, "FDI Statistics" (http://unctad.org/en/Pages/DIAE/FDI%20Statistics/FDI-Statistics.aspx)
ကားချပ် ၁-၄: GDP သို့ FDI ၏ ရာခိုင်နှုန်း (FDI အသားတင်စီးဝင်မှု)

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ နှစ်ရှည်လုပ်ငန်းစဉ်အတွက် လှုပ်ရှားမှုများ ပိုမိုအဆိုပြုရန် လိုအပ်ခြင်း

လက်ရှိ FDIPP သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လှုပ်ရှားမှုများကို အဆိုပြုထားသော်လည်း ၄င်းတို့မှာ များသောအားဖြင့် ကာလတိုများ၊ အထူးသဖြင့် ဥပဒေဆိုင်ရာ မူဘောင် ပြုပြင် ပြောင်းလဲမှု သာဖြစ်ပါသည်။ MIL စတင်မိတ်ဆက်ပြီးကတည်းက ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အခြေခံ ဥပဒေဆိုင်ရာမူဘောင်ကို ပြင်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးသည် လက်တွေ့ အကောင်အထည်ဖော်သည့်အဆင့်သို့ ရွှေ့ပြောင်းလာပြီးဖြစ်ပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းများနှင့် FDIPP ကို ပံ့ပိုးပေးသည့် မဟာဗျူဟာများနှင့်အညီ နှစ်ရှည်မျှော်မှန်းချက်မှ အခြားသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆောင်ရွက်ချက်များကို ဆန်းစစ်ရန် လိုအပ်ပါသည်။

နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှစ်ရပ်လုံး မြှင့်တင်ရန် လိုအပ်ခြင်း

အမည်နာမအားဖြင့် FDIPP သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို ရည်မှန်းထားရာ ရောက်နေသည်။ သို့ရာတွင် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု နှစ်ရပ်လုံးမှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်မရှိမဖြစ်လိုအပ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း FIL နှင့် MCIL နှစ်ရပ်အား MIL သို့ ပေါင်းစည်းခဲ့ပြီးဖြစ်ပါသည်။

မြန်မာ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် SMEs များအပါအဝင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှာ သိသာစွာအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ ကူညီထောက်ပံ့ပေးသည့် စီးပွားရေးပတ်ဝန်းကျင်တရပ်ပြင်ဆင်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းတို့မှာ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ရေးသို့ ထင်ရှားစွာ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ပါသည်။ ထို့ကြောင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကို ညွှန်းဆိုသည့် မည်သည့်နှစ်ရှည် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်မဆို နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု နှစ်ရပ်လုံးကို ဦးတည်ချက်ထားသင့်ပါသည်။

၁.၅ မြန်မာနှစ်ရှည် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဖန်တီးပြင်ဆင်ရေးဆွဲခြင်း

FDIPP၏ ရည်ရွယ်ချက်မှာ မြန်မာ၏ပထမဆုံးဘက်စုံမူဝါဒဦးတည်ချက်နှင့် FDI မြှင့်တင်ရေးအတွက် လမ်းပြမြေပုံတို့ကို ချမှတ်ရန်ဖြစ်ခဲ့သည်။ FDIPP ကို ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအစီအစဉ်ကို ပေါင်းစပ်၍ အစီအစဉ် တစ်ခုတည်းအသွင်နှင့် မကြာမြင့်မီက မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဦးတည်ရာကို ထင်ဟပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှစ်ရှည်စီမံကိန်းအဖြစ် ပြုပြင်မွမ်းမံခဲ့သည်။

ထို့ကြောင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၁-၃၀ နှင့် ၂၀၁၆ ရင်းနှီးမြှုပ်နှံမှုမူဝါဒတို့၏ ဦးတည်ရာများနှင့်အညီ မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်ရပ်လုံး၏ ဦးတည်ချက်များကို မည်သို့ရရှိနိုင်သည်ဆိုသည်ကို လမ်းပြမြေပုံ တစ်ရပ်အဖြစ် ဆောင်ရွက်ရန်ယခု MIPP ကို ဖန်တီးပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါသည်။

အခန်း ၂ MIPP ၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ

၂.၁ MIPP ၏ မျှော်မှန်းချက်

FDIPP မှ ရရှိထားသည့် အတွေ့အကြုံများကို အသုံးပြု၍ MIPP အတွက် မျှော်မှန်းချက်ကို လေ့လာချမှတ်ခဲ့ပါသည်။

MIPP ၏ မျှော်မှန်းချက်ကို အောက်ဖော်ပြပါအတိုင်း ချမှတ်ထားပါသည်-

MIPP ၏ မျှော်မှန်းချက်

တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းမှ မျှတပြီး ကြွယ်ဝသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးရန်နှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် လျင်မြန်မှုရှိပြီး ဟန်ချက်ညီမျှသည့် တိုးတက်မှုအား ထိန်းသိမ်းထားရန် [၂]

အဆိုပါမျှော်မှန်းချက်အတွင်း ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်း အမြောက်အများ ဖော်ထုတ်မည့် ပွင့်လင်းမှုရှိပြီး ယုံကြည်အားထားရသော စီးပွားရေးအခြေခံ တည်ဆောက်ရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကတိကဝတ်ပြုထားသည်။ အလားတူပင် မြန်မာနိုင်ငံ၏ တန်ဖိုး၊ ယဉ်ကျေးမှုနှင့်သဘာဝပတ်ဝန်းကျင်တို့ကို အလေးထားသည့်အမျိုးသားဖွံ့ဖြိုး တိုးတက်မှုအတွက် မိတ်ဖက်အဖြစ် ဆောင်ရွက်မည့် တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအစိုးရမှ ကြိုဆိုပါသည်။

MIPP ၏ ဤမျှော်မှန်းချက်နောက်တွင် မြန်မာနိုင်ငံအစိုးရမှ အောက်ဖော်ပြပါအခြေခံမူများကို ခိုင်မာစွာ အတည်ပြုထားသည် -

- မြန်မာနိုင်ငံ အစိုးရအနေဖြင့် မြန်မြန်ဆန်ဆန် အောင်မြင်မှုအတွက် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံသူများ နှစ်ရပ်လုံး အကျိုးဖြစ်ထွန်းမှုရရှိစေမည့် တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် စီးပွားရေးလုပ်ငန်းများကို ကြိုဆိုပါမည်။

---

[၂] တာဝန်ယူမှုရှိပြီး အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတစ်ခုတွင် အောက်ဖော်ပြပါ ကြန်အင်လက္ခဏာ များ ရှိရပါမည်:

- ထိန်းထားနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း ၊
- နိုင်ငံစီးပွားရေး၏ ကုန်ထုတ်စွမ်းအား တိုးတက်စေခြင်းနှင့် တန်ဖိုးမြှင့်တင်ပေးခြင်း ၊
- မတည်ငွေရင်းစီးဆင်းလည်ပတ်ခြင်း၊
- အဆင့်မြင့်နည်းပညာနှင့် နည်းပညာလွှဲပြောင်းပေးမှု လက်တွေ့အကောင်အထည်ဖော်ခြင်း၊
- နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အကောင်းဆုံးနည်းလမ်းများနှင့် မြန်မာနိုင်ငံ၏ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီခြင်းနှင့်
- အစဉ်တည်တံ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စံနှုန်းများနှင့် ဂရုပြုလေ့လာခြင်း။

- မြန်မာနိုင်ငံအစိုးရအနေဖြင့် ထိရောက်သည့် စီးပွားရေးအခြေခံအဆောက်အအုံ တစ်ရပ်တည် ဆောက်ရန် အလို့ငှာ ယုံကြည်အားထားရသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ယုံကြည်အားထားရသော ဘဏ္ဍာရေးစနစ်များကို အားပေး မြှင့်တင်ခြင်းဖြင့် မခရိုစီးပွားရေး တည်ငြိမ်မှုကို ထောက်ခံအားပေးသည့် မူဝါဒများကို လိုက်ပါဆောင်ရွက်ပါမည်။
- မြန်မာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)နှင့် အခြားဆက်နွယ် နေသည့် အစိုးရဆိုင်ရာ အဖွဲ့အစည်းများမှတဆင့် ရိုးရှင်းမြန်ဆန်ပြီး ရှင်းလင်းသည့် ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းစဉ်များ တည်ထောင်သွားပါမည်။
- မြန်မာနိုင်ငံအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊ ပြည်တွင်း နှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် မျှတသည့် ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံသူ အား အကာအကွယ်ပေးခြင်းအား သေချာစေရေးအတွက် တာဝန်ယူသွားပါမည်။
- မြန်မာနိုင်ငံအစိုးရအနေဖြင့် လူမှုအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတတို့ အတွက် တာဝန်ယူမှုများကို အကျုံးဝင်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများ လိုက်နာစေရန် သေချာစေပါမည်။

၂.၂ MIPP ၏ ရည်ရွယ်ချက်

ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အား တစ်ရပ်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံ မှုမြှင့်တင်ရေးသည် စီးပွားရေးမူဝါဒ၏ မရှိမဖြစ် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရ သည် ပွင့်လင်းမျှတမှုရှိပြီး ရှင်းလင်းသည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒဖြစ်ရေး ကတိကဝတ်ပြုထားပါသည်။ ရည်ရွယ်ထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ ဟန်ချက်ညီမျှပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးကို ထိရောက်စွာ ပံ့ပိုးပေးသင့်ပါသည်။ ၄င်းရင်းနှီးမြှုပ်နှံမှုများသည် တာဝန်ယူမှုရှိရမည်၊ စီးပွားရေးကျင့်ဝတ်များ၏ အခြေခံမူများနှင့် ကိုက်ညီရမည်၊ နိုင်ငံတကာဆိုင်ရာ စံနှုန်းအဆင့်များနှင့် ကိုက်ညီရမည်ဟု MIPP တွင် အထူးပြုဖော်ပြထားပါသည်။ ထို့ကြောင့် အဆိုပြုသည့် မည်သည့်ရင်းနှီး မြှုပ်နှံမှုကိုမဆို ၄င်း၏လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက် ရောက်မှုများကို MIPP က သေချာစွာ စဉ်းစားမည်ဖြစ်ပါသည်။

၄င်းမျှော်မှန်းချက်များအပေါ် အခြေခံ၍ MIPP သည် ၄င်း၏ ရည်ရွယ်ချက်ကို အောက်ဖော်ပြပါအတိုင်း ချမှတ်ထားပါသည်-

MIPP ၏ ရည်ရွယ်ချက်

အောက်တွင်ဖော်ပြထားသည့်အတိုင်း ***စီးပွားရေးပတ်ဝန်းကျင်၏အခြေခံကျသည့်တိုးတက်မှုများ မှန်ရှေ့ ၂၀၃၂ ခုနှစ်တွင်အလယ်အလတ်ဝင်ငွေရှိသည့်နိုင်ငံဖြစ်လာစေရန် နှင့် နောက်ပိုင်းတွင်***

၂၀၃၅ တိုင်အောင် ထပ်တိုးဖြစ်ထွန်းမှုများ ရရှိစေရေးအတွက် မြန်မာနိုင်ငံအတွက် လိုအပ်သည့် တာဝန်သိတာဝန်ခံပြီးအရည်အသွေးပြည့်မီသည့် ရင်းနှီးမြှုပ်နှံမှုများ လက်တွေ့အကောင်အထည် ဖော်ရန်

- *မျှတပြီး ပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံမှု အုပ်ချုပ်မှုနည်းစနစ်*
- *ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အဖွဲ့အစည်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု*
- *အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု*
- *စီးပွားရေးလုပ်ငန်းများနှင့်ဆက်စပ်သည့် စနစ်များအား အထောက်အပံ့ပေးမှု*
- *ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စက်မှုပိုင်းဆိုင်ရာ ချိတ်ဆက်မှုနှင့် လူစွမ်းအားရင်းမြစ်များ*

MIPP ၏ ရည်ရွယ်ချက်များကို အောက်ဖော်ပြပါ အဓိကကျသည့် မဟာဗျူဟာများကို တွန်းအားပေး ဆောင်ရွက်ခြင်းဖြင့် ရရှိစေပါမည်-

- **ရင်းနှီးမြှုပ်နှံမှုအတွက်မျှတပြီးပွင့်လင်းမြင်သာသည့် စည်းမျဉ်းဆိုင်ရာအစီအမံတစ်ရပ် ထူထောင်ခြင်း**

  မြန်မာနိုင်ငံအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မျှတရှင်းလင်းသည့် ဥပဒေဆိုင်ရာ မူဘောင်တစ်ရပ် ထူထောင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် လတ်တလော လိုအပ်ချက်များနှင့် ဦးတည်ချက်များကို ထင်ဟပ်စေရန် ရင်းနှီးမြှုပ်နှံမှုမူဝါဒကို ပုံမှန်ပြန်လည်သုံးသပ်ပါမည်။

- **ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဖွဲ့အစည်းများ တိုးမြှင့်ခြင်း**

  မြန်မာနိုင်ငံအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း ဘက်စုံလှုပ်ရှားမှုများ အထောက်အကူဖြစ်စေရန် ဆက်စပ်နေသည့် အစိုးရအဖွဲ့အစည်းများ၊ အထူးသဖြင့် နိုင်ငံအဆင့်နှင့် ပြည်နယ်/တိုင်းအဆင့်တို့၌ MIC နှင့် DICA တို့၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို တိုးမြှင့်သွားပါမည်။

- **အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ခြင်း**

  မြန်မာနိုင်ငံအစိုးရအနေဖြင့် အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုဇုန်များ/SEZs များကဲ့သို့ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် အခြေခံအဆောက်အအုံများကို မြှင့်တင်သွားပါမည်။

- **ပံ့ပိုးပေးသော စီးပွားရေးနှင့် ဆက်နွယ်သည့် စနစ်များ တည်ထောင်ခြင်း**

  မြန်မာနိုင်ငံအစိုးရမှ ဉာဏပစ္စည်းမူပိုင်ခွင့်များ၊ မျှတသည့်ယှဉ်ပြိုင်မှု၊ ယုံကြည်အားထား

လောက်သည့် ဘဏ္ဍာရေးကဏ္ဍကဲ့သို့သော ပံ့ပိုးပေးသည့် စီးပွားရေးနှင့် ဆက်နွယ်နေသည့် စနစ်များကို ဖွံ့ဖြိုးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ရရှိနိုင်သည့် စီးပွားရေး အခွင့်အလမ်းသစ်များကို ဖန်တီးပေးသွားပါမည်။

- **တိုးတက်သည့် လူစွမ်းအားရင်းမြစ်များနှင့် ယှဉ်ပြိုင်နိုင်သော စက်မှုဆိုင်ရာ ချိတ်ဆက်မှု တည်ထောင်ခြင်း**

  မြန်မာနိုင်ငံအစိုးရသည် စက်မှုကွန်ယက်ခိုင်မာစေရေးနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လိုအပ်သည့် စက်မှုဆိုင်ရာချိတ်ဆက်မှုနှင့် လူစွမ်းအားရင်းမြစ်များကို တည်ထောင်သွားပါမည်။



၂.၃ MIPP ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်များ

၂.၃.၁ MIPP အချိန်ကာလ

FDIPP အတွက် အချိန်ကာလကို အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (NCDP) ၏ ၅ နှစ် စီမံကိန်းများ ပိုင်းဖြတ်ထားသည်နှင့်အညီ ၂၀၁၁/၁၂ မှ ၂၀၃၀/၃၁ တိုင်အောင် ရေးဆွဲချမှတ်ခဲ့ပါသည်။ NCDP ၏ ကျန်ရှိသည့် ၅ နှစ် စီမံကိန်းသက်တမ်း (၂၀၁၆/၁၇ - ၂၀၃၀/၃၁) မှစ၍ MIPP ဖြင့် အစားထိုးပြီး၊ ၄င်းတွင် ထပ်ဆောင်းထားသည့် ၂၀၃၁/၃၁ - ၂၀၃၅/၃၆ ကာလအပိုင်းအခြား ပါဝင်ပါသည်။ ထို့ကြောင့် MIPP ၏ သက်တမ်းမှာ ၂၀၁၆/၁၇ မှ ၂၀၃၅/၃၆ တိုင်အောင် နှစ် ၂၀ သက်တမ်းရှိပါသည်။

ဇယား ၂.၁: စီမံကိန်း၏ ဦးတည်ထားသည့်ကာလအပိုင်းအခြား

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီမံကိန်း (FDIPP)	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံကိန်း (MIPP)
ဦးတည်သည့်ကာလအပိုင်းအခြား: ၂၀၁၁/၁၂ - ၂၀၃၀/၃၁	ဦးတည်သည့်ကာလအပိုင်းအခြား: ၂၀၁၆/၁၇ - ၂၀၃၅/၃၆

စီမံကိန်းကာလအပိုင်းအခြားကို ထပ်မံ၍ အဆင့် (၃)ဆင့်ဖြင့် ပိုင်းခြားထားသည်:

ကာလတို ၂၀၁၆/၁၇ မှ ၂၀၂၀/၂၁ တိုင်အောင် ၅ နှစ်

ကာလလတ် ၂၀၂၁/၂၂ မှ ၂၀၂၅/၂၆ တိုင်အောင် ၅ နှစ်

ကာလရှည် ၂၀၂၆/၂၇ မှ ၂၀၃၅/၃၆ တိုင်အောင် ၁၀ နှစ်

၂.၃.၂ GDP တိုးတက်မှုအလားအလာခန့်မှန်းခြင်း

NCDP ၏ ပထမ ၅ နှစ်တာ ကာလအပိုင်းအခြားဖြစ်သည့် ၂၀၁၁/၁၂ မှ ၂၀၁၅/၁၆ ကြားတွင် ပုံသေစျေးနှုန်း၌ မြန်မာ့စီးပွားရေးသည် ပျမ်းမျှနှစ်စဉ်ဖွံ့ဖြိုးမှုနှုန်း ၇.၃% ရှိခဲ့သည်။ မြန်မာ့စီးပွားရေးသည် ကာလတိုနှင့် ကာလလတ် နှစ်ရပ်လုံးတွင် နှစ်စဉ် ၇ - ၈% တိုးတက်လိမ့်မည်ဟု နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများ[၃] မှ ခန့်မှန်းသည်။



ရင်းမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် IMF၏ "Staff Report for the 2016 Article IV Consultation," ၂၉ ဒီဇင်ဘာ ၂၀၁၆

ကားချပ် ၂-၂။ အမှန်တကယ် GDP နှစ်စဉ်တိုးတက်မှု

[၃] Asian Development Outlook 2017 အရ မြန်မာနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၁၇ ခုနှစ်တွင် ၇.၇ %နှင့် ၂၀၁၈ ခုနှစ်တွင် ၈.၀% ရှိလိမ့်မည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ခန့်မှန်းသည်။ Staff Report for the 2016 Article IV Consultation Reportအရ ကာလရှည်တွင် မြန်မာသည် ၇-၈% ရရှိနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ ခန့်မှန်းသည်။

မြန်မာနိုင်ငံ၏ ပြီးခဲ့သည့် စီးပွားရေးအခြေအနေနှင့် လက်ရှိစီးပွားရေး အနေအထားများနှင့် ဆက်စပ်၍ MIPP ၏ ကာလအပိုင်းအခြားအတွက် စီးပွားရေးတိုးတက်မှု အခြေခံအခင်းအကျင်းကို နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၇.၅ % သတ်မှတ်ထားသည်။ MIPP ၏ ပန်းတိုင်များ ခန့်မှန်းသတ်မှတ်ရေး ရည်ရွယ်ချက်အတွက် ယင်းအခြေပြုကိစ္စရပ်အပြင် ဖွံ့ဖြိုးမှုမြင့်မားသည့်ကိစ္စရပ်နှင့် ဖွံ့ဖြိုးမှုနည်းပါးသည့်ကိစ္စရပ်ဟူသည့် အခြားအခင်းအကျင်း(၂)ရပ်ကိုလည်း ယူဆမှုပြုထားသည်။ အဆိုပါရလဒ်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှု၏ (၂၀၁၆/၂၀၁၇ ခုနှစ်- ၂၀၃၅/၂၀၃၆ အတွင်း အမှန်တကယ်နှစ်စဉ် GDP နှစ်စဉ်တိုးတက်မှု) အခင်းအကျင်း (၃)ရပ်ကို MIPP အတွက် ရေးဆွဲပြင်ဆင်ထားပါသည်-

ဖွံ့ဖြိုးမှုမြင့်မားသည့်ကိစ္စရပ်	၈.၂%
အခြေပြုကိစ္စရပ်	၇.၅%
ဖွံ့ဖြိုးမှုနည်းပါးသည့်ကိစ္စရပ်	၆.၇%

မြန်မာသည် ရေရှည်တွင် ဖွံ့ဖြိုးမှု ၇ - ၈% ရရှိနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ခန့်မှန်းပါ သည် (Staff Report of for the 2016 Article IV Consultation)။ ၄င်းနှုန်း၏ အလယ်အလတ်တွင် အခြေပြုကိစ္စရပ်ကို ၇.၅%တွင် ထားရှိထားသည်။ အခြေပြုထက် ၀.၇% ပိုမိုခဲ့ပါက ဖွံ့ဖြိုးမှုမြင့်မားသည့်ကိစ္စရပ်ဖြစ်ပြီး၊ အခြေပြုထက် ၀.၈% နည်းပါးခဲ့ပါက ဖွံ့ဖြိုးမှုနည်းပါးသည့်ကိစ္စရပ်ဖြစ်ပါသည်။

အောက်ဖော်ပြပါဇယားတွင် ပိုမိုအသေးစိတ်သည့်ကိစ္စရပ်များကို ရှင်းလင်းပြထားပါသည်။

ဇယား ၂-၂: ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေး ခန့်မှန်းချက်အတွက် အခင်းအကျင်းများ

အခင်းအကျင်း ၁ ဖွံ့ဖြိုးမှုမြင့်မားသည့် ကိစ္စရပ်:	ဤအခင်းအကျင်းတွင် ၂၀၁၈/၁၉ တွင် ၇.၇%မှ ၂၀၂၂/၂၃ တွင် ၈.၄% သို့ အမှန်တကယ် GDP တိုးတက်မှုဖြစ်လိမ့်မည်။ ကျန်ရှိသည့် ကာလအပိုင်းအခြားအတွက် ၂၀၃၅/၃၆ တိုင်အောင် နှစ်စဉ် ၈.၄% ၌ တည်ငြိမ်စွာ ဖြစ်လာလိမ့်မည်။ အမှန်တကယ် GDP ပျမ်းမှု ဖွံ့ဖြိုးမှုနှုန်းမှာMIPP ကာလအပိုင်းအခြားအတွင်း နှစ်စဉ် ၈.၂ % ရှိသည်။
အခင်းအကျင်း ၂ အခြေပြုကိစ္စရပ် :	ဤအခင်းအကျင်းတွင် အမှန်တကယ် GDP ဖွံ့ဖြိုးမှုမှုန်းမှာ ၂၀၁၈/၁၉ မှ ၂၀၃၅/၃၆ တိုင်အောင် ပျမ်းမျှ ၇.၅ % ၌ တည်တံ့သွားလိမ့်မည်။ အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးမှုမြင့်မားသည့် ကာလများ၏ စံချိန်တင်မှတ်တမ်းများမှာ ၁၉၈၀ - ၁၉၉၆ ကာလများအတွက် ထိုင်းတွင် ၈.၀ % နှင့် ၁၉၈၈-၂၀၀၇ အတွက် ဗီယက်နမ်တွင် ၇.၂ % တို့ဖြစ်ကြသည်။ ဖွံ့ဖြိုးမှုကို ၇ - ၈% အတွင်း ထားရှိပါက ကျိုးကြောင်းဆီလျော်သည်ဟု ၄င်းကိစ္စရပ်များမှ ရည်ညွှန်းပြသနေပြီး၊ ရေရှည်တွင်ထိန်းထားနိုင်ကြောင်း IMF Staff Report for the 2016 Article IV

	Consultation Reportတွင် ဖော်ပြထားသည်။ ဤအခင်းအကျင်းနှင့် ၂၀၃၀/၃၁ တွင် လူတစ်ဦးချင်း GDPမှာ အမေရိကန် ဒေါ်လာ ၃,၁၆၅ ရှိလိမ့်မည်ဖြစ်သည်။ ဤဖွံ့ဖြိုးမှု နှုန်းသည် ၂၀၃၀ ပြည့်နှစ်တွင် လူတစ်ဦးချင်း GDP အမေရိကန်ဒေါ်လာ ၃,၀၀၀ ရှိရမည်ဟူသည့် NCDP၏ ဖွံ့ဖြိုးမှုနှုန်း ဦးတည်ချက်နှင့် ကိုက်ညီသည်။ ထို့ပြင် ဤအခင်းအကျင်းသည် SDG ပန်းတိုင်များ၏ နှစ်စဉ် အနည်းဆုံး ၇.၀ % ဖြင့် ၈.၁ [၄] ရှိရမည်ဟူသည့် ဦးတည်ချက်ကိုလည်း လုံလောက်စွာပြည့်မီပါသည်။
အခင်းအကျင်း ၃ ဖွံ့ဖြိုးမှုနည်းပါးသည့် ကိစ္စရပ် :	ဤအခင်းအကျင်းသည် IMF Staff Report for the 2016 Article IV Consultationတွင်ပါဝင်သည့် IMF ၏ debt sustainability analysis ၏ အဓိက မေခရိုစီးပွားရေး ယူဆချက်များကို ယူထားခြင်း ဖြစ်ပါသည်။ အမှန်တကယ် GDP နှစ်စဉ်ဖွံ့ဖြိုးမှုနှုန်းသည် ၂၀၁၈/၁၉ တွင် ၇.၂% ရှိရာမှ ၂၀၂၁/၂၂ တွင် ၆.၇% သို့ကျဆင်းလိမ့်မည်။ ၄င်းနောက်တွင် ၂၀၂၂/၂၃ မှ ၂၀၃၅/၃၆ အထိ နှစ်စဉ် ၆.၆% ဤတည်ငြိမ်သွားလိမ့်မည်ဖြစ်သည်။ ဤကိစ္စရပ်သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် မသေချာ မရေရာမှုများမြင့်တက်လာနိုင်သည်ကို စဉ်းစားထားသည့် ရှေးရှိုးကိစ္စရပ် တစ်ခု ဖြစ်ပါသည်။

ကိစ္စရပ်အလိုက် စီးပွားရေးတိုးတက်မှုနှုန်းဦးတည်ချက်များကို အောက်ဖော်ပြပါ ဇယားတွင် ပြသထားပါသည်။

ဇယား ၂-၃: အမှန်တကယ် GDP တိုးတက်မှုနှုန်းအခင်းအကျင်းများ (၂၀၁၀-၂၀၃၀)

ယူနစ်: %

အခင်းအကျင်း	၂၀၁၀/၁၂	၂၀၁၂/၁၃	၂၀၁၃/၁၄	၂၀၁၄/၁၅	၂၀၁၅/၁၆	၂၀၁၆/၁၇	၂၀၁၇/၁၈	၂၀၁၈/၁၉	၂၀၁၉/၂၀	၂၀၂၀/၂၁	2021/22	၂၀၂၂/၂၃-၂၀၃၀/၃၁	၂၀၃၁/၃၂-၂၀၃၅/၃၆
ဖွံ့ဖြိုးမှုမြင့်မားသည့် ကိစ္စရပ်	၅.၆	၇.၃	၈.၄	၈.၀	၇.၀	၅.၉	၆.၈	၇.၇	၇.၉	၈.၁	၈.၂	၈.၄	၈.၄
အခြေပြုကိစ္စရပ်	၅.၆	၇.၃	၈.၄	၈.၀	၇.၀	၅.၉	၆.၈	၇.၆	၇.၅	၇.၅	၇.၅	၇.၅	၇.၅
ဖွံ့ဖြိုးမှုနည်းပါးသည့် ကိစ္စရပ်	၅.၆	၇.၃	၈.၄	၈.၀	၇.၀	၅.၉	၆.၈	၇.၂	၇.၀	၆.၉	၆.၇	၆.၆	၆.၆

ရင်းမြစ်: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ IMF Staff Report for the 2016 Article IV Consultation for figures from 2010/11 to 2011/12, IMF Staff Report for the 2016 Article IV Consultation for figures of Moderate case from 2012/13 to

[၄] ရည်မှန်းထားသည့် ၈.၁ သည် "နိုင်ငံအခြေအနေများနှင့်အညီ ထိန်းထားသည့်လူတစ်ဦးချင်းစီးပွားရေးဖွံ့ဖြိုးမှုနှုန်း ဖြစ်ပြီး၊ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် နှစ်စဉ် GDP တိုးတက်မှုနှုန်း အနည်းဆုံး ၇%" (Transforming our world: the 2030 Agenda for Sustainable Development) (United Nations, 2015).

2021/22.ဖွံ့ဖြိုးမှုနှုန်းများကို ဧပြီလ ၁ရက်နေ့တွင်စ၍ နောက်နှစ် မတ်လ ၃၁ရက်နေ့တွင်အဆုံးသတ်သည့် ဘဏ္ဍာနှစ်ကို ယူဆသတ်မှတ်ထားသည်။

အောက်ဖော်ပြပါပုံတွင် အခင်းအကျင်း(၃)ရပ်လုံးအတွက် GDP ဖွံ့ဖြိုးမှုကို ဖော်ပြထားသည်။ ၂၀၁၅-၁၆ ရှိ GDP အရွယ်အစားကို ၁၀၀ ထားရှိပြီး ၂၀၃၅/၃၆ တွင် အမှန်တကယ် GDP တိုးတက်မှုကို အခြေပြု ကိစ္စရပ်၌ လေးဆကျော်တိုးကာ ၄၁၆ ရှိလိမ့်မည်ဖြစ်သည်။ ၂၀၃၅/၃၆ တွင် ဖွံ့ဖြိုးမှုမြင့်မားသည့် ကိစ္စရပ်အတွက် ၂၀၃၅/၃၆ တွင်ရှိမည့် အခြေပြု ကိစ္စရပ်ထက် ၁၄% ကျော်လွန်၍ ၄၇၆ ရှိမည်ဖြစ်ကာ၊ ဖွံ့ဖြိုးမှုနည်းပါးသည့်ကိစ္စရပ်တွင် ၂၀၃၅/၃၆ တွင်ရှိမည့် အခြေပြုကိစ္စရပ်ထက် ၁၃% နည်းပါး၍ ၃၆၂ ရှိလိမ့်မည်ဖြစ်ပါသည်။



မှတ်ချက်: ပုံသေဈေးနှုန်း၌ အခြေခံသည်။2015/16 ရှိ GDP = ၁၀၀.

ရင်းမြစ်: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် IMF Staff Report for the 2016 Article IV Consultation ၏ ခန့်မှန်းတွက်ချက်ခြင်း

ကားချပ် ၂-၃။ အခင်းအကျင်း(၃)ရပ်အတွက် GDP ဦးတည်ချက်လမ်းကြောင်းများ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ဝေသည့် အစီရင်ခံစာများအပေါ် အခြေပြု၍ အောက်ဖော်ပြပါ လူဦးရေခန့်မှန်းချက်ကို မှန်းဆချက်များ ပြုလုပ်ရာတွင် ထည့်သွင်းခဲ့ပါသည်။

ဇယား ၂-၄: လူဦးရေခန့်မှန်းချက်

လူဦးရေ (ထောင်ပေါင်း)				ပျမ်းမျှနှစ်စဉ်လူဦးရေတိုးတက်မှုနှုန်း (%)			
နှစ်	နိမ့်	အလယ်အလတ်	မြင့်	ကာလအပိုင်းအခြား	နိမ့်	အလယ်အလတ်	မြင့်
၂၀၁၄	၅၁,၉၉၁	၅၁,၉၉၁	၅၁,၉၉၁				
၂၀၁၄	၅၂,၄၅၁	၅၂,၄၅၁	၅၂,၄၅၁	၂၀၁၅-၂၀	၀.၈၆	၀.၈၈	၀.၉၁
၂၀၂၀	၅၄,၇၆၄	၅၄,၈၁၈	၅၄,၉၀၄	၂၀၂၀-၂၅	၀.၈၀	၀.၈၄	၀.၉၂
၂၀၂၅	၅၆,၉၈၉	၅၇,၁၇၈	၅၇,၄၈၅	၂၀၂၅-၃၀	၀.၇၀	၀.၇၆	၀.၈၈
၂၀၃၀	၅၉,၀၀၈	၅၉,၃၄၉	၆၀,၀၅၈	၂၀၃၀-၃၅	၀.၅၆	၀.၆၄	၀.၇၉
၂၀၃၅	၆၀,၆၇၇	၆၁,၃၄၃	၆၂,၄၇၈	၂၀၃၅-၄၀	၀.၄၀	၀.၅၁	၀.၆၉
၂၀၄၀	၆၁,၉၁၂	၆၂,၉၃၂	၆၄,၆၇၂	၂၀၄၀-၄၅	၀.၂၄	၀.၃၈	၀.၅၉

ရင်းမြစ်: အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား၀န်ကြီးဌာန၊ပြည်သူ့အင်အားဦးစီးဌာန၏ "The 2014 Myanmar Population and Housing Census Thematic Report on Population Projections For the Union of Myanmar, States/Regions, Rural and Urban Areas, 2014 - 2050 Census Report Volume 4-F," ဇတ် ၂၀၁၇.

၂.၃.၃ ဖွံ့ဖြိုးမှုအခင်းအကျင်းများရရှိရန် ရင်းနှီးမြှုပ်နှံမှု

အမျိုးသားစီးပွားရေးသို့ ရင်းနှီးမြှုပ်နှံမှု (၄င်းမှာ အသားတင်ပုံသေ မတည်ငွေရင်းထည့်ဝင်မှုပုံစံ (Gross fixed capital formation – GFCF))ကို (က) နေအိမ်များနှင့် အခြေခံအဆောက်အအုံများအတွက် အစိုးရရင်းနှီးမြှုပ်နှံမှု၊ (ခ) နေအိမ်များအတွက် ပုဂ္ဂလိကအိမ်ထောင်စုရင်းနှီးမြှုပ်နှံမှု၊ (ဂ) စက်ပစ္စည်းများနှင့် ပစ္စည်းကိရိယာများနှင့် ဆောက်လုပ်ရေးအတွက် အများပိုင်ကုမ္ပဏီရင်းနှီးမြှုပ်နှံမှု၊ (ဃ) စက်ပစ္စည်းများနှင့် ပစ္စည်းကိရိယာများနှင့် ဆောက်လုပ်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီရင်းနှီးမြှုပ်နှံမှုများသို့ ထည့်ဝင်ပုံအရ ကျယ်ကျယ်ပြန့်ပြန့် အမျိုးအစားခွဲခြားနိုင်ပါသည်။ စတုတ္ထမြောက် အမျိုးအစားဖြစ်သည့် ပုဂ္ဂလိကကုမ္ပဏီရင်းနှီးမြှုပ်နှံမှုတွင် ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) တို့ပါဝင်ပါသည်။



ရင်းမြစ်: United Nations, National Accounts: A Practical Introduction (2003)

ကားချပ် ၂-၄: အသားတင်ပုံသေမတည်ငွေရင်းထည့်ဝင်မှု ပုံစံ(GFCF)၏ အဓိပ္ပါယ် ဖွင့်ဆိုချက်

အခင်းအကျင်းတစ်ခုစီတိုင်းတွင် GDP တိုးတက်မှု ရရှိရန်အတွက် လိုအပ်သည့် GFCF ပမာဏကို တိုးပွားလာသော မတည်ရင်းနှီးမြှုပ်နှံမှု - ကုန်ထွက်အချိုး (incremental capital-output ratio) ဖြင့် တွက်ချက်ပါသည်။ ICOR သည် ထပ်ဆောင်းထုတ်လုပ်မှု တစ်ယူနစ်ထွက်ရှိရန် လိုအပ်သည့် မတည်ရင်းနှီးမြှုပ်နှံမှုအချိုးဖြစ်ပါသည်။ ICORကို အောက်ဖော်ပြပါ ပုံသေနည်းကို အသုံးပြု၍ တွက်ချက်နိုင်ပါသည်-

$$ICOR = \frac{\text{နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု } (= \ Gross\ Fixed\ Capital\ Formation)}{GDP\text{ တွင် နှစ်စဉ်တိုးတက်မှု}}$$

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ICOR အဆင့်သည် အလယ်အလတ် ဝင်ငွေရှိသည့်နိုင်ငံနှင့် ထို့နောက်တွင် ဖွံ့ဖြိုးပြီးနိုင်ငံဆီသို့ ရွေ့လျားနေသဖြင့် အချိန်တိုတိုနှင့် အကျိုးများသည့် ရင်းနှီးမြှုပ်နှံမှု ကျဆင်းလာခြင်းနှင့်

စီးပွားရေးတိုးတက်မှု နှေးကွေးခြင်းတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် အချိန်ကြာလာသည်နှင့် တဖြည်းဖြည်းတိုးလာရန်ရှိပါသည်။ ဥပမာ ထိုင်းနိုင်ငံ၏ ICOR သည် ၁၉၆၂-၆၆ ခုနှစ်များအတွင်း ၂.၀ တိုးခဲ့ရာမှ ၂၀၁၁-၂၀၁၃ ခုနှစ်များအတွင်း ၇.၃ ရှိလာခဲ့ပြီး၊ မလေးရှားနိုင်ငံ၏ ICOR သည်လည်း ၁၉၆၂-၆၆ ခုနှစ်များအတွင်း ၂.၄ ရှိခဲ့ရာမှ ၂၀၁၁-၂၀၁၅ ခုနှစ်များအတွင်း ၄.၃ ရှိလာခဲ့ပါ သည်[၅]။



ရင်းမြစ်: OECD Development Centre၏ တွက်ချက်မှု

ကားချပ် ၂-၅: အိမ်နီးချင်းနိုင်ငံများ၏ ICOR

၂၀၁၁/၁၂ နှင့် ၂၀၁၅/၁၆ ကာလအတွက် မြန်မာနိုင်ငံ၏ ပျမ်းမျှ ICORမှာ ၄.၇ ရှိခဲ့ပါသည်။ အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံများကို စဉ်းစားတွေးတောကြည့်လျှင် မြန်မာနိုင်ငံ၏ ICOR မှာ နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု၏ ကုန်ထုတ်စွမ်းအား နိမ့်ကျနေမှုတွင် မြင့်မားသောအဆင့်၌ ရပ်တည်နေခြင်းဖြစ်ပါသည်။ MIPP အချိန်ကာလဖြစ်သည့် ၂၀၁၆/၁၇ မှ ၂၀၃၅/၃၆ ခုနှစ် တိုင်အောင် ကာလများ၌ မြန်မာနိုင်ငံ၏ ICOR အဆင့်မှာ ၅.၀ အဆင့်၌ တူညီစွာရှိသွားလိမ့်မည်ဟု ယူဆထားပါသည်။

၂၀၁၅/၁၆ - ၂၀၃၅/၃၆ အတွက် ပြောင်းလဲဖြစ်ပေါ်နိုင်သည့် အခင်းအကျင်း (၃)ရပ်အတွက် လိုအပ်သည့် GFCF ပမာဏကို ဇယား ၂-၅ တွင်ဖော်ပြထားပါသည်။

ဇယား ၂-၅: GDP နှင့် လိုအပ်သည့် GFCF ပမာဏ (၂၀၁၅/၁၆ – ၂၀၃၅/၃၆)

Unit: ကျပ် ဘီလီယံ

နှစ်	အခင်းအကျင်း ၁ – High Growth			အခင်းအကျင်း ၂– Base			အခင်းအကျင်း ၃ - Low Growth			ICOR
	GDP	GFCF	GFCF/ GDP	GDP	GFCF	GFCF/ GDP	GDP	GFCF	GFCF/ GDP	
၂၀၁၅/၁၆	၇၂,၇၁၄	၂၅, ၁၅၂	၃၅%	၇၂,၇၁၄	၂၅,၁၅၂	၃၅%	၇၂,၇၁၄	၂၅,၁၅၂	၃၅%	၅.၃
၂၀၂၀/၂၁	၁၀၇,၅၄၇	၄၀,၅၃၂	၃၈%	၁၀၅,၉၉၈	၃၆,၉၇၆	၃၅%	၁၀၄,၂၂၀	၃၃,၁၆၄	၃၂%	၅.၀
၂၀၂၅/၂၆	၁၆၀,၈၂၈	၆၂,၃၁၃	၃၉%	၁၅၂,၁၇၄	၅၃,၀၈၄	၃၅%	၁၄၃,၅၂၈	၄၄,၄၃၂	၃၁%	၅.၀
၂၀၃၀/၃၁	၂၄၀,၇၁၇	၉၃,၂၆၇	၃၉%	၂၁၈,၄၄၆	၇၆,၂၀၉	၃၅%	၁၉၇,၅၇၀	၆၁,၁၆၁	၃၁%	၅.၀
၂၀၃၅/၃၆	၃၆၀,၂၉၁	၁၃၉,၅၆၆	၃၉%	၃၁၃,၆၃၆	၁၀၉,၄၀၈	၃၅%	၂၇၁,၉၆၁	၈၄,၁၉၁	၃၁%	၅.၀

ရင်းမြစ်: ၂၀၁၅/၁၆၏ ပုံသေဈေးနှုန်းများ၌။ ၂၀၁၅/၁၆အတွက် အမှန်တကယ် ကိန်းဂဏန်းများကို အသုံးပြုထားပြီး ၂၀၂၀/၂၁မှ ၂၀၃၅/၃၆အတွက် ခန့်မှန်းကိန်းဂဏန်းများကို အသုံးပြုထားပါသည်။

ရင်းမြစ်: ၂၀၁၅-၁၆ အတွက်ADB၏ Statistical Database System (https://sdbs.adb.org/sdbs/)မှ သမိုင်းစဉ်အချက်အလက်များ

[၅] အချက်အလက်ရရှိမှုအကန့်အသတ်ကြောင့် ဤ ICOR ကိန်းဂဏန်းများကို အမည်ခံ GDP နှင့်GFCFတို့ဖြင့် တွက်ချက်ထားပါသည်။

၂.၃.၄ နှစ်စဉ် FDI စီးဝင်မှု

GFCF ကို i) အစိုးရရင်းနှီးမြှုပ်နှံမှုနှင့် ii) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဟူ၍ အမျိုးအစား ခွဲခြားနိုင်ပါသည်။ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှု (FDI) ပါဝင်ပါသည်။



ရင်းမြစ်:ADB ၏ "Key Indicators for Asia and the Pacific" မှ သမိုင်းစဉ်အချက်အလက်များနှင့် UNCTAD "FDI Statistics"

ကားချပ် ၂-၆: အိမ်နီးချင်းနိုင်ငံများရှိ GFCF တွင် FDI ၏ပါဝင်မှု

FDI ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူသည် ၄င်းစီးပွားရေး၏ ပြင်ပတွင် လည်ပတ်သည့် လုပ်ငန်းများ၌ ကြာရှည် ရင်းနှီးမြှုပ်နှံမှုရရှိရန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဖြစ်ပါသည်[၆]။ ဗဟိုဘဏ်မှ စောင့်ကြည့် မှတ်သားထိန်းကျောင်းသည့် FDI ပမာဏသည် ရှယ်ယာ မတည်ရင်းနှီးငွေ၊ ဝင်ငွေများကို ပြန်လည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ အချင်းချင်းအကြား ချေးငွေများ၏ စုစုပေါင်းဖြစ်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၏ ဝေစုပိုင်ဆိုင်မှု လက်ပြောင်းရယူခြင်း (equity acquisition) နှင့် ကုမ္ပဏီအချင်းချင်းတို့အကြား ချေးငွေများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ စာရင်းအချက်အလက်များ စုဆောင်းပါသည်[?]။

ရင်းနှီးမြှုပ်နှံမှု၏ စိစစ်ခွဲဝေမှု တွက်ချက်နည်းအတွက် အောက်ဖော်ပြပါ အခြေအနေများကို သတ်မှတ်ထားပါသည်။

- အစိုးရရင်းနှီးမြှုပ်နှံမှု: GDP သို့ GFCF ၏ ရာခိုင်နှုန်းမှာ ၂၀၁၁/၁၂ မှ ၂၀၁၅/၁၆ အထိ ပျမ်းမျှ ၇.၂% ရှိခဲ့ပါသည်။ ၄င်းအချိုးမှာ ၂၀၁၈/၁၉ တွင် ၅.၅% သို့ ကျဆင်းရန် ခန့်မှန်းထားကြောင်း IMF 2016 Article IV Consultation Report တွင် ဖော်ပြထားပါသည်။ ၂၀၁၉/၂၀ နှင့် ၂၀၃၅/၃၆ အတွင်း GDP သို့ အများပြည်သူ (အစိုးရ) GFCF ရာခိုင်နှုန်းမှာ ၆.၀% အဆင့်၌ ကျန်ရှိနေမည်ဟု ကြိုတင်မှန်းဆထားပါသည်။
- FDI: ၂၀၁၁/၁၂ မှ ၂၀၁၅/၁၆ အထိ GDP သို့ ပြည်ပငွေပေးငွေယူရှင်းတမ်း (BOP) ပေါ်ရှိ အသားတင် FDI ၏ ရာခိုင်နှုန်းမှာ ပျမ်းမျှ ၅.၄% ဖြစ်ခဲ့ပြီး IMF 2016 Article IV

[၆] IMF ၏ Balance of Payment Manual Ver. 5 ပါ အဓိပ္ပါယ်သတ်မှတ်ချက်အရ

[?] CBM အရ သီလဝါ SEZ သို့ ရင်းနှီးမြှုပ်နှံမှုပမာဏကို ကိန်းဂဏန်းများတွင် ထည့်သွင်းခြင်းမပြုသေးပါ။ အချို့သော ကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် မိခင်ကုမ္ပဏီမှ ငွေကြေးရရှိခြင်းမျိုး မဟုတ်ဘဲ ချေးငွေများဖြင့် ငွေကြေးရရှိသည်များလည်း ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ ပမာဏမှာ BOP စာရင်းဇယားထက် များကောင်း များနေနိုင်ပါသည်။

Consultation Reportအရ ၂၀၂၁/၂၂ တွင် ၇.၃% သို့ မြင့်တက်သွားနိုင်သည်ဟု ခန့်မှန်းထားပါသည်။ ၂၀၃၅/၃၆ ကာလတလျှောက်လုံး၌ GDP သို့ FDI ပျမ်းမျှရာခိုင်နှုန်းမှာ ၇.၅% တွင် တည်ရှိနေမည်ဟု မှန်းဆထားပါသည်။

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏနှင့် အခြေခံ BOP ပေါ်ရှိ FDI ပမာဏတို့အကြား ကွာဟချက်တစ်ရပ်ရှိပါသည်။ CBM သို့ အစီရင်ခံသည့် FDI ကိန်းဂဏန်းများတွင် ပင်မကုမ္ပဏီများမှ ရယူခြင်းသာပါဝင်ပြီး ချေးငွေများ မပါဝင်ကြပါ။ ထို့ကြောင့် အခြေခံ BOP ပေါ်ရှိ ခန့်မှန်း FDI ပမာဏထက် အမှန် FDI ကိန်းဂဏန်းက ပိုမိုများ နေနိုင်သည်ဟု ယူဆနိုင်ပါသည်။ ၄င်းကွာဟချက်မှာ အခြေခံ BOPထက် ၁.၄ ဆဟု မှတ်ယူထားပါသည်။

- FDI မပါသည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု: GDP သို့ FDI မပါသည့် ပုဂ္ဂလိက GFCF ရာခိုင်နှုန်းအချိုးကို စုစုပေါင်းGDP သို့ GFCF အချိုးမှ အစိုးရရင်းနှီးမြှုပ်နှံမှု၏ အစုရှယ်ယာများကို နုတ်လိုက်ခြင်းဖြင့် တွက်ချက်ပါသည်။

အထက်ဖော်ပြပါ ယူဆချက်များအပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုအလိုက် အသားတင် ပုံသေမတည် ငွေရင်း ထည့်ဝင်မှုပုံစံ ပေါင်းစပ်ဖွဲ့စည်းမှု (၄င်းမှာ က) အစိုးရရင်းနှီးမြှုပ်နှံမှု၊ ခ) ပြည်တွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုနှင့် ဂ) နိုင်ငံခြားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု (FDI)ကို ဇယား ၂-၆ နှင့် ၂-၇တွင် ဖော်ပြထားသည့်အတိုင်း တွက်ချက်နိုင်ပါသည်။

ဇယား ၂-၆: အသားတင်ပုံသေမတည်ငွေရင်းထည့်ဝင်မှုပုံစံ(GFCF)၏ အချိုးအစား (ကျပ်ငွေဖြင့်)

ယူနစ်: ကျပ်ဘီလီယံ

		၂၀၁၆/၁၇	၂၀၁၀/၂၁	၂၀၂၅/၂၆	၂၀၃၀/၃၁	၂၀၃၅/၃၆	၂၀၁၆/၁၇-၃၅/၃၆	ဧရိယာ
ဖွံ့ဖြိုးမှုမြင့်မားသည့် ကိစ္စရပ်	အစိုးရ ရင်းနှီးမြှုပ်နှံမှု	၆,၄၅၂	၆,၄၅၃	၉,၆၅၀	၁၄,၄၄၃	၂၁,၆၁၇	၂၂၈,၂၃၀	၁၆%
	ပုဂ္ဂလိက (ပြည်တွင်း)	၁၂,၄၄၅	၂၃,၂၃၂	၃၅,၇၇၇	၅၃,၅၄၈	၈၀,၁၄၈	၈၂၃,၃၀၉	၅၇%
	ပုဂ္ဂလိက (FDI)	၆,၃၆၀	၁၀,၈၄၇	၁၆,၈၈၇	၂၅,၂၇၅	၃၇,၈၃၁	၃၉၀,၁၅၂	၂၇%
	စုစုပေါင်း	၂၅,၂၅၇	၄၀,၅၃၂	၆၂,၃၁၃	၉၃,၂၆၇	၁၃၉,၅၉၆	၁,၄၄၁,၆၉၀	၁၀၀%
အခြေပြု ကိစ္စရပ်	အစိုးရ ရင်းနှီးမြှုပ်နှံမှု	၆,၄၅၂	၆,၃၆၀	၉,၁၃၀	၁၃,၈၀၈	၁၈,၈၁၈	၂၁၀,၈၆၀	၁၇%
	ပုဂ္ဂလိက (ပြည်တွင်း)	၁၂,၄၄၅	၁၉,၉၂၆	၂၇,၉၇၅	၄၀,၁၆၂	၅၇,၆၅၈	၆၃၈,၁၃၀	၅၃%
	ပုဂ္ဂလိက (FDI)	၆,၃၆၀	၁၀,၆၉၀	၁၅,၉၇၈	၂၂,၉၃၉	၃၂,၉၃၂	၃၅၉,၄၂၇	၃၀%
	စုစုပေါင်း	၂၅,၂၅၇	၃၆,၉၇၆	၅၃,၀၈၄	၇၆,၂၀၉	၁၀၉,၄၀၈	၁,၂၀၈,၄၁၆	၁၀၀%
ဖွံ့ဖြိုးမှုနည်းပါးသည့် ကိစ္စရပ်	အစိုးရ ရင်းနှီးမြှုပ်နှံမှု	၆,၄၅၂	၆,၂၅၃	၈,၆၁၂	၁၁,၈၅၄	၁၆,၃၁၈	၁၉၄,၅၉၉	၁၉%
	ပုဂ္ဂလိက (ပြည်တွင်း)	၁၂,၄၄၅	၁၆,၄၀၀	၂၀,၇၅၀	၂၈,၅၆၂	၃၉,၃၁၇	၄၇၄,၄၅၃	၄၇%
	ပုဂ္ဂလိက (FDI)	၆,၃၆၀	၁၀,၅၁၀	၁၅,၀၇၀	၂၀,၇၄၅	၂၈,၅၅၆	၃၃၀,၉၉၁	၃၃%
	စုစုပေါင်း	၂၅,၂၅၇	၃၃,၁၆၄	၄၄,၄၃၂	၆၁,၁၆၁	၈၄,၁၉၁	၁,၀၀၀,၀၄၄	၁၀၀%

မှတ်ချက်: ၂၀၁၅/၁၆ ပုံသေဈေးနှုန်းများ၌။ ၂၀၁၆/၁၇၏ ကိန်းဂဏန်းများမှာ ခန့်မှန်းထားသည့်ပမာဏများဖြစ်ကြသည်။

ရင်းမြစ်: IMF Staff Report for the 2016 Article IV Consultation, December 29, 2016 နှင့် ADB Key Indicators for Asia and the Pacific (https://www.adb.org/publications/key-indicators-asia-and-pacific-2016) ခန့်မှတ်တွက်ချက်ခြင်း ဖြစ်ပါသည်။

ဇယား ၂-၇: အသားတင်ပုံသေမတည်ငွေရင်းထည့်ဝင်မှုပုံစံ(GFCF)၏ အချိုးအစား (အမေရိကန်ဒေါ်လာဖြင့်)

ယူနစ်: အမေရိကန်ဒေါ်လာ ဘီလီယံ

		၂၀၁၆/၁၇	၂၀၂၀/၂၁	၂၀၂၅/၂၆	၂၀၃၀/၃၁	၂၀၃၅/၃၆	၂၀၁၆/၁၇-၃၅/၃၆	စုစု
မွမ်းမြှင်မှုမြင့်မားသည့် ကိစ္စရပ်	အစိုးရ ရင်းနှီးမြှုပ်နှံမှု	၅.၆	၅.၆	၈.၃	၁၂.၄	၁၈.၆	၁၉၆.၄	၁၆%
	ပုဂ္ဂလိက (ပြည်တွင်း)	၁၀.၇	၂၀.၀	၃၀.၈	၄၆.၁	၆၉.၀	၇၀၈.၅	၅၇%
	ပုဂ္ဂလိက (FDI)	၅.၅	၉.၃	၁၄.၅	၂၁.၈	၃၂.၆	၃၃၅.၈	၂၇%
	စုစုပေါင်း	၂၁.၇	၃၄.၉	၅၃.၆	၈၀.၃	၁၂၀.၁	၁,၂၄၀.၇	၁၀၀%
အခြေပြုကိစ္စရပ်	အစိုးရ ရင်းနှီးမြှုပ်နှံမှု	၅.၆	၅.၅	၇.၉	၁၁.၃	၁၆.၂	၁၈၁.၅	၁၇%
	ပုဂ္ဂလိက (ပြည်တွင်း)	၁၀.၇	၁၇.၁	၂၄.၁	၃၄.၆	၄၉.၆	၅၄၉.၂	၅၃%
	ပုဂ္ဂလိက (FDI)	၅.၅	၉.၂	၁၃.၈	၁၉.၇	၂၈.၃	၃၀၉.၃	၃၀%
	စုစုပေါင်း	၂၁.၇	၃၁.၈	၄၅.၇	၆၅.၆	၉၄.၂	၁,၀၃၉.၉	၁၀၀%
မွမ်းမြှုနည်းပါး သည့် ကိစ္စရပ်	အစိုးရ ရင်းနှီးမြှုပ်နှံမှု	၅.၆	၅.၄	၇.၄	၁၀.၂	၁၄.၀	၁၆၇.၅	၁၆%
	ပုဂ္ဂလိက (ပြည်တွင်း)	၁၀.၇	၁၄.၁	၁၇.၉	၂၄.၆	၃၃.၈	၄၀၈.၃	၄၇%
	ပုဂ္ဂလိက (FDI)	၅.၅	၉.၀	၁၃.၀	၁၇.၉	၂၄.၆	၂၈၄.၈	၃၃%
	စုစုပေါင်း	၂၁.၇	၂၈.၅	၃၈.၂	၅၂.၆	၇၂.၅	၈၆၀.၆	၁၀၀%

မှတ်ချက်: ၂၀၁၅/၁၆ ပုံသေဈေးနှုန်းများ၌။ IMF ၏ Staff Report for the 2016 Article IV Consultation, December 29, 2016တွင် ခန့်မှန်းချက်၌ သုံးထားသည့် အမေရိကန်တစ်ဒေါ်လာလျှင် တရားဝင်ငွေလဲလှယ်မှုနှုန်း မြန်မာကျပ်ငွေ ၂၂၆၂ ကျပ်။ ၂၀၁၆/၁၇၏ ကိန်းဂဏန်းများမှာ ခန့်မှန်းထားသည့်ပမာဏများဖြစ်ကြသည်။

ရင်းမြစ်: IMF'sStaff Report for the 2016 Article IV Consultation, December 2016, ADB's Key Indicators for Asia and the Pacific (https://www.adb.org/publications/key-indicators-asia-and-pacific-2016), World Bank'sWorld Development Indicators (http://databank.worldbank.org/data/reports.aspx?source=world-development- indicators)

၂.၃.၅ MIPP ရင်းနှီးမြှုပ်နှံမှုဦးတည်ချက်များ

၂၀၃၀ ပြည့်နှစ်၌ မြန်မာနိုင်ငံ လူတစ်ဦးချင်း၏ဝင်ငွေကို အမေရိကန်ဒေါ်လာ ၃,၀၀၀ ရရှိရေး ဦးတည်ချက်အား ပြည့်မီစေရန် MIPP ၏ လည်ပတ်မှု သံသရာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်များသတ်မှတ်ရေးအတွက် မေခရိုစီးပွားရေး ခန့်မှန်းချက်၍ အခြေပြုကိစ္စရပ်အား အတည်ပြုခဲ့သည်၊ ရွေးချယ်ခဲ့သည်။ အခြေပြုကိစ္စရပ်တွင် အဓိကအညွှန်းကိန်းများကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသည် -

ဇယား ၂-၈။ MIPP ရင်းနှီးမြှုပ်နှံမှုဦးတည်ချက်များ (အခြေပြုကိစ္စရပ်)

		၂၀၁၆/၁၇-၂၀၂၀/၂၁	၂၀၂၁/၂၂-၂၀၂၅/၂၆	၂၀၂၆/၂၇-၂၀၃၀/၃၁	၂၀၃၁/၃၂-၂၀၃၅/၃၆	ရင်းနှီးမြှုပ်နှံမှု၏ ဝေစု ၂၀၁၆/၁၇-၂၀၃၅/၃၆
၅ နှစ်ကာလ၏ နောက်ဆုံးနှစ်တွင်						
လူဦးရေ (သန်းပေါင်း)		၅၄.၈	၅၇.၂	၅၉.၄	၆၁.၃	
ဂျီဒီပီ (ကျပ်ထရီလီယံ)		၁၀၅,၉၉၈	၁၅၂,၁၇၄	၂၁၈,၄၆၆	၃၁၃,၆၃၆	
လူတစ်ဦးချင်း၏ ဂျီဒီပီ (အမေရိကန်ဒေါ်လာ)		၁,၆၆၄	၂,၂၉၀	၃,၁၆၅	၄,၄၀၀	
၅ နှစ်ကာလအတွက် နှစ်စဉ်ပျမ်းမျှ						
အကြမ်းဖျင်းရင်းနှီးမတည်ငွေဖွဲ့စည်းခြင်း /ဂျီဒီပီ (%)		၃၄.၁%	၃၄.၉%	၃၄.၉%	၃၄.၈%	၃၄.၈%
ရင်းနှီးမြှုပ်နှံမှု ပမာဏ (အမေရိကန်ဒေါ်လာ ဘီလီယံ)	အစိုးရရင်းနှီးမြှုပ်နှံမှု	၅.၆	၆.၈	၉.၈	၁၄.၁	၁၇%
	ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု (ပြည်တွင်း)	၁၅.၆	၂၁.၀	၃၀.၁	၄၃.၂	၅၃%
	ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု (FDI)	၈.၁	၁၁.၉	၁၇.၂	၂၄.၇	၃၀%
	စုစုပေါင်း	၂၉.၃	၃၉.၇	၅၇.၀	၈၁.၉	၁၀၀%
အကိုးအကား	FDI on BOP basis	၅.၈	၈.၅	၁၂.၃	၁၇.၆	

မှတ်ချက်။ အခြေပြုကိစ္စရပ်၏ ကိန်းဂဏန်းများ။ ၂၀၁၅/၁၆ ပုံသေဈေးနှုန်းများဖြင့်။ ၂၀၁၆/၁၇အတွက် ကိန်းဂဏန်းများမှာ IMF ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် "Staff Report for the 2016 Article IV Consultation," မှ ခန့်မှန်းချက်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၆/၁၇ ရှိ FDI ကိန်းဂဏန်းများမှာ ပြည်ပငွေပေးငွေယူရှင်းတမ်းကို အခြေခံပြီး MIC မှ အတည်ပြုထားသည့် ကိန်းဂဏန်းများနှင့် ကွာခြားပါသည်။ နှစ်စဉ် နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းအားအခြေခံ၍ ၂၀၁၅/၁၆ အတွက် အမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံ၊ ၂၀၂၁/၂၂ ခုနှစ် မှ ၂၀၂၅/၂၀၂၆ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၈.၅ ဘီလီဘံ၊ ၂၀၂၆/၂၇ ခုနှစ်မှ ၂၀၃၀/၃၁ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၂.၃ ဘီလီဘံ၊ ၂၀၃၁/၃၂ ခုနှစ်မှ ၂၀၃၅/၃၆ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁၇.၆ ဘီလီဘံ ခန့်မှန်းတွက်ချက်ထားပါသည်။

အထက်ပါဇယားတွင်ဖော်ပြထားသည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းကို MIPP ကာလတလျှောက်လုံးတွင် ဦးတည်ပစ်မှတ်ထားသွားမည်ဖြစ်သည်။ ၎င်းကိန်းဂဏန်းများမှာ ငွေထည့်ဝင်သည့် ကိစ္စရပ်ပေါ်တွင် အခြေခံပြီး သီလဝါ SEZ ကဲ့သို့ MIC ၏ အတည်ပြုချက်နှင့် ထောက်ခံချက် ရရှိထားသည့်

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများထက် အခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ထည့်သွင်းထားခြင်းဖြစ်ကြောင်းသတိပြုရပါမည်။ ထို့ကြောင့် ထိုသို့ထပ်ဆောင်းထားသည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ကာမိစေရန် MIC ၏ စာရင်းအင်းကို တိုးချဲ့ရန်လိုအပ်ပါသည်။



မှတ်ချက်။အခြေပြုကိစ္စရပ်၏ ကိန်းဂဏန်းများမှာ ၂၀၁၅/၁၆အတွက် ပုံသေဈေးနှုန်းများဖြင့်ဖြစ်ပါသည်။ ကိန်းဂဏန်းများမှာ ကာလတစ်ရပ်ချင်းစီအတွင်း ပျမ်းမျှနှစ်စဉ် စုစုပေါင်းဖြစ်ပါသည်။

ကားချပ် ၂-၇။ ရင်းနှီးမြှုပ်နှံသူအမျိုးအစားအလိုက် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်များ (ငွေထည့်ဝင်သည့်ကိစ္စရပ်ပေါ်တွင် အခြေခံသည်)

အခြေခံထားသည့် အတည်ပြုချက်တစ်ရပ်အပေါ်ရှိ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ငွေထည့်ဝင်မှုတို့အကြားခြားနားချက်ကို ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်တွင် ကွာဟချက်တစ်ခုအတွင်း အဓိကတွေ့ရှိနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက် ရရှိပြီးနောက် စီမံကိန်း၏ လုပ်ငန်းစဉ်အရ အမှန်တကယ် ငွေထည့်ဝင်ခြင်းကို ပြုလုပ်ပါသည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက် ရပြီးနောက် ရပ်ဆိုင်းလိုက်သည့် စီမံကိန်းအချို့ရှိပါသည်။

အခြေခံအတည်ပြုလိုက်သည့် FDI ပမာဏမှာ အခြေခံငွေထည့်ဝင်မှုထက် ၁.၅ ဆ ပိုမိုနိုင်သည်ဟု ယူဆလျက် ရည်မှန်းထားသည့် အတည်ပြု FDI များကို အောက်ဖော်ပြပါပုံတွင် တွေ့မြင်နိုင်ပါသည်။ ၎င်းပုံများတွင် ကာလတစ်ခုစီအတွင်း ပျမ်းမျှနှစ်စဉ်စုစုပေါင်းကို ကိုယ်စားပြုထားသည်။



မှတ်ချက်။ ၂၀၁၅ /၂၀ အတွက် ပုံသေဈေးနှုန်း၌ အခြေပြုအခြေအနေ၏ ကိန်းဂဏန်းများ။ ၎င်းကိန်းဂဏန်းများမှာ ကာလတစ်ခုစီအတွင်း ပျမ်းမျှနှစ်စဉ် စုစုပေါင်းများဖြစ်ကြပါသည်။

ကားချပ် ၂-၈။ နှစ်စဉ် FDI ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက် ပစ်မှတ်များ

၂.၄ စီးပွားရေးပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရန်အတွက် MIPP ရည်မှန်းချက်များ

MIPP သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရန် ရည်မှန်းထားပြီး ခိုင်မာသည့် မေခရိုမူဝါဒနှင့် စီးပွားရေးလုပ်ငန်းနှင့် ဆက်နွယ်နေသည့် ဥပဒေဆိုင်ရာ မူဘောင်များမှ အခြေခံဆောက်အအုံ၊ ပြည်တွင်းလုပ်ငန်းများနှင့် လူ့စွမ်းအားရင်းမြစ်အထိ နယ်ပယ် ကျယ်ကျယ် ပြန့်ပြန့်ခြုံငုံမိပါသည်။ MIPP တွင် အဆိုပြုထားသည့် မဟာဗျူဟာများမှာ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို တုန့်ပြန်ထားခြင်းဖြစ်ပါသည်။ MIPPကို အကောင်အထည်ဖော်ရာတွင် ၎င်း၏မဟာဗျူဟာကျ လှုပ်ရှားမှုများ၏ လုပ်ငန်းစဉ်များနှင့် အောင်မြင်မှုများကို ထိန်းကျောင်းကြီးကြပ်၍ အကဲဖြတ်သွားမည်ဖြစ်ပါသည်။ ထို့ပြင် အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်၍ MIPP ၏ အလုံးစုံသက်ရောက်မှုကို အကဲဖြတ်ရန် လိုအပ်ပါသည်။ ယခင်အပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ MIPP ၏ ဆောင်ရွက်ချက်များကို အကဲဖြတ်ခြင်းအတွက် အရေးကြီးသည့် ညွှန်ပြချက်တစ်ခုဖြစ်ပါသည်။

တချိန်တည်းမှာပင် မြန်မာစီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင် မည်သို့တိုးတက်ခဲ့သည်နှင့် မည်သို့ ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်သည်ကို အကဲဖြတ်ရန် အခြားပြင်ပ ဓမ္မဓိဋ္ဌာန်ကျသည့် အညွှန်းကိန်းများ အသုံးပြုရန်မှာ အသုံးဝင်လှပါသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ပြည်တွင်းလုပ်ငန်းများအတွက် စီးပွားရေးစည်းမျဉ်းစည်းကမ်းကို နှိုင်းယှဉ်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူအောင်ဆောင်ရွက်နေပုံ အညွှန်းကိန်းများ(Doing Business Indices) ကို ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ဝေပါသည်။ စီးပွားရေးလုပ်ငန်း အညွှန်းကိန်းများသည် ပုဂ္ဂလိက ကဏ္ဍကုမ္ပဏီများ လုပ်ငန်း စတင်

လုပ်ကိုင်ခြင်း၊ လည်ပတ်ခြင်းနှင့် တိုးချဲ့ခြင်းကို ဖြစ်မြောက်စေသည့် သို့မဟုတ် အတားအဆီး ဖြစ်စေသည့် စည်းမျဉ်း စည်းကမ်းဆိုင်ရာ နယ်ပယ် (၁၁)ခု တို့တွင် လုပ်ငန်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်မှု အတိုင်းအတာများကို အရေအတွက်ဖြင့် ဖော်ပြပေးရန် စီစဉ်ထားခြင်းဖြစ်ပါသည်။[၈] Doing Business သည် စီးပွားရေးတစ်ရပ်၏ အကြီးဆုံးလုပ်ငန်းများ လည်ပတ်နေစဉ် အသေးစားနှင့် အလတ်စား လုပ်ငန်းများကို သက်ရောက်သည့် စည်းမျဉ်းစည်းကမ်းများအပေါ် ချဉ်းကပ်အာရုံထားသည်။

Doing Business 2018 အစီရင်ခံစာအရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံပေါင်း (၁၉၀) ရှိသည့်အနက် မြန်မာနိုင်ငံမှာ အဆင့် (၁၇၁) ၌ ရပ်တည်နေပါသည်။ MIPP ကို အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အဆင့်ကို မြှင့်တင်သွားရန် မျှော်မှန်းထားပါသည်။

ရည်မှန်းချက်မှာ ၂၀၂၀/၂၀၂၁ တွင် Doing Business အတွက် ထိပ်ပိုင်းနိုင်ငံ (၁၀၀) စာရင်းသို့ ဝင်ရောက်ရန်ဖြစ်ပါသည်။ (၂၀၁၇ ခုနှစ်တွင် အဆင့် ၉၉ ရှိသည့်) ဖိလစ်ပိုင်နိုင်ငံ၏ အဆင့်သို့ ရောက်ရှိရန် အလို့ငှာ နယ်နိမိတ်အနားစွန်းသို့ အကွာအဝေး (Distance to Frontier - DTF) ရမှတ်ကို (၄၄.၅၆) မှ (၆၀.၃၇) သို့ တိုးမြှင့်သွားရန်လိုအပ်ပါသည်။ DTF သည် စီးပွားရေးအသီးသီး၌ အကောင်းဆုံးလုပ်ဆောင်ချက်၊ နယ်နိမိတ်/အနားစွန်းသို့ နိုင်ငံတိုင်း၏အကွာအဝေးကို တိုင်းတာပါသည်။ ထိပ်တန်းနိုင်ငံ (၈၀) သို့ ဝင်ရောက်ရန် ရမှတ်တစ်ခုတွင် အနည်းဆုံး (၆၄.၀၀) ရှိရန် DTF မှ လိုအပ်ပါသည်။ လက်ရှိတွင် တရုတ်နိုင်ငံက ရမှတ် (၆၄.၂၈) နှင့် အဆင့် (၇၈) တွင်ရှိပါသည်။ ထိပ်တန်းနိုင်ငံ (၅၀) သို့ ဝင်ရောက်ရန် အဆင့် (၇၂) ရှိရမည်ဖြစ်ပြီး ၎င်းထိပ်တန်းနိုင်ငံ (၅၀) တွင် ထိုင်းနိုင်ငံက ရမှတ် (၇၂.၅၃) ဖြင့် အဆင့် (၄၆) နေရာတွင် ရှိပါသည်။

ဇယား ၂-၉: ကမ္ဘာ့ဘဏ်၏ Doing Business အတွက် မြန်မာနိုင်ငံမှ ရည်မှန်းထားသည့်အဆင့်များ

နှစ်	၂၀၁၄	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၂၀	၂၀၂၅	၂၀၃၀	၂၀၃၅
အဆင့်	၁၇၇	၁၆၇	၁၇၀	၁၇၁	၁၀၀	၈၀	၆၀	၄၀

ရင်းမြစ်: Ranks for 2015 - 2017 are from the World Bank's Doing Business reports.

[၈] ကမ္ဘာ့ဘဏ်၊ Doing Business 2017



ရင်းမြစ်: Doing Business 2017၊ ကမ္ဘာ့ဘဏ်

ကားချပ် ၂-၉။ Doing Business တိုးတက်လာစေခြင်း

မြန်မာနိုင်ငံအနေဖြင့် Doing Business တိုးတက်လာစေရန် လျှပ်စစ်မီး၊ ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းနှင့် ကုန်သွယ်မှု အခြေအနေအပါအဝင် စီးပွားရေးပတ်ဝန်းကျင်ကို သက်ရောက်စေသည့် နယ်ပယ် အမျိုးမျိုးတွင် အခြေခံကျသည့် တိုးတက်မှုကို လိုအပ်ပါသည်။ Doing Business 2017 တွင် အညွှန်းကိန်းပေါင်း (၇၀) ဝန်းကျင်ရှိပြီး ထပ်မံခွဲခြားလိုက်သည့်အခါ အညွှန်းကိန်းပေါင်း (၁၂၀) ခန့်ရှိပါသည်။ အတိုင်းအတာနည်းလမ်းများ ပြန်လည်သုံးသပ်ရာတွင် အညွှန်းကိန်းအရေအတွက် ထပ်မံတိုးလာဖွယ်ရှိပါသည်။

ရင်းနှီးမြှုပ်နှံသူများသို့ လုံလောက်စွာ ဆွဲဆောင်နိုင်ရန် အဆင့်တစ်ခုဆီသို့ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေရန် ၎င်းအညွှန်းကိန်းများအတွက် မြန်မာနိုင်ငံ၏ စွမ်းဆောင်ချက်ကို မြှင့်တင်ရန်လိုအပ်ပါသည်။ တိုးတက်ကောင်းမွန်စေခြင်း၏ ပထမအဆင့် (မူလ) ရည်ရွယ်ချက်များမှာ ဗဟို မှခန့်အပ်သည့် အရာရှိများဖြင့် အုပ်ချုပ်သည့်ဗျူရို ကရေစီစနစ် ဖယ်ရှားရေးနှင့် စီးပွားရေးလုပ်ငန်း ကုန်ကျစရိတ်များ လျှော့ချခြင်းတို့ဖြစ်ပါသည်။ ထပ်မံ၍ ရင်းနှီးမြှုပ်နှံသူများ၏ အမြင်ဘက်မှ ဦးစားပေးမှုအညွှန်းကိန်းများကို စဉ်းစားရန် အရေးကြီးပါသည်။ အညွှန်းကိန်း၏ အဆင့်အလိုက် ရည်မှန်းချက်များ တိုးတက်ကောင်းမွန်ရေးကို ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ ပါဝင်လျက်ရေးဆွဲချမှတ် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ The Doing Business အညွှန်းကိန်းများကို နောက်ဆက်တွဲ-ခ တွင် ဖော်ပြထားပါသည်။

အခန်း ၃ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အကဲဖြတ်ခြင်း

၃.၁။ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက် အကြောင်းရင်းများ

ရင်းနှီးမြှုပ်နှံသူတစ်ယောက် ရင်းနှီးမြှုပ်နှံရန် (နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိစ္စရပ်၌ FDI) ဆုံးဖြတ်လျှင် တည်နေရာဆုံးဖြတ်ချက်သို့ ပါဝင်အကြံပြုသည့် အကြောင်းရင်းအချို့ ရှိပါသည်။ ၎င်းအကြောင်းရင်းခံများကို ရင်းနှီးမြှုပ်နှံမှုကို တွန်းသည့်အချက်များနှင့် ရင်းနှီးမြှုပ်နှံမှုကို ဆွဲသည့်အချက်များဟူ၍ အမျိုးအစားကြီး (၂) ရပ် ခွဲခြားနိုင်ပါသည်။ တွန်းသည့်အကြောင်းရင်းများမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တစ်ရပ်ပြုလုပ်ရန် လုပ်ငန်းကို တွန်းအားပေးသည်။ တွန်းသည့် အကြောင်းရင်းများ၏ နမူနာများမှာ ယှဉ်ပြိုင်မှု လမ်းကြောင်းဦးတည်ရာများ၊ ပြည်တွင်းဈေးကွက်တွင် ပြောင်းလဲမှုများ၊ ကုန်ကျစရိတ် ယှဉ်ပြိုင်မှုနှင့် လုပ်ငန်းချဲ့ထွင်ခြင်းတို့ဖြစ်ကြပါသည်။ ဆွဲသည့်အကြောင်းရင်းများမှာ ရင်းမြစ်များရရှိနိုင်ခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ နည်းပါးခြင်းနှင့် ဈေးကွက်အရွယ်အစားစသည့် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်သည့် အိမ်ရှင်နိုင်ငံ၏ သွင်ပြင်လက္ခဏာများ ဖြစ်ကြပါသည်။

အများအားဖြင့် ရင်းနှီးမြှုပ်နှံသူများကို တွန်းသည့်အချက်များက တွန်းအားပေးကြသော်လည်း ရင်းနှီးမြှုပ်နှံသူ တစ်ဦးချင်းပေါ်လိုက်၍ ၎င်းအချက်များ ပြောင်းလဲနိုင်ပါသည်။ အိမ်ရှင်နိုင်ငံများသည် ဆွဲသည့်အချက်များကို ထိန်းနိုင်ပါသည်။ ထိရောက်သည့်ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး စီမံကိန်းတစ်ရပ်ရေးဆွဲချမှတ်ထောက်ကူဖြစ်မြောက်ရန် မြန်မာနိုင်ငံ၏ ဆွဲသည့်အချက်များကိုအပြည့်အဝ နားလည်ထားသင့်ပါသည်။



ကားချပ် ၃-၁။ FDI နှင့် FDI ဆုံးဖြတ်ချက်ယန္တရားတို့ကို သက်ရောက်သည့် အကြောင်းရင်းများ

၃.၂ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ၏ အကျိုးကျေးဇူးများ

၃.၂.၁ မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ

ရင်းနှီးမြှုပ်နှံမှုဦးတည်ရာတစ်ခုအဖြစ် မြန်မာတွင် အောက်ဖော်ပြပါ အခွင့်အလမ်းများရှိပါသည်-

- **တရုတ်နိုင်ငံနှင့် ဖွံ့ဖြိုးပြီး အာဆီယံနိုင်ငံများကဲ့သို့ အိမ်နီးချင်းနိုင်ငံများတွင် ထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်တက်လာခြင်း**
- တရုတ်နိုင်ငံနှင့်ရှေ့ရောက်နေပြီးဖြစ်သောဖွံ့ဖြိုးပြီးဖြစ်သော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) နိုင်ငံများကဲ့သို့ အဓိကဒေသတွင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဦးတည်ရာ နိုင်ငံများ၌ ထုတ်လုပ်မှု ကုန်ကျစရိတ်များ ဆက်တိုက်မြင့် တက်လာလျက်ရှိပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ကုန်ကျစရိတ် နည်းပါးပြီး ပေါများစွာရရှိသည့် လုပ်သားအင်အားထုမှ အကျိုးအမြတ်များ ရရှိခံစားရန် ထွန်းသစ်စနိုင်ငံများအတွင်း ထုတ်လုပ်မှုအခြေပြုမှုများကို အမျိုးအစား ကွဲပြားဆောင်ရွက်လျက်ရှိကြပါသည်။
- **အာဆီယံစီးပွားရေးအသိုက်အဝန်း ဖွဲ့စည်းတည်ထောင်ခြင်း**

  အာဆီယံ၏ စီးပွားရေးပေါင်းစည်းမှုသည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဖြေလျှော့ပေးပါသည်။ အာဆီယံဒေသသည် ဈေးကွက်ကြီး တစ်ရပ်အဖြစ် အောင်မြင်စွာတိုးတက်ဖြစ်ထွန်းလျက်ရှိပြီး အဖွဲ့ဝင်နိုင်ငံများကို ဆက်သွယ်ပေးသည့်ဒေသတွင်းဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်မှာလည်း လျှင်မြန်စွာဖွံ့ဖြိုးနေပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများမှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့တွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှ အကျိုးအမြတ်များ ရရှိနိုင်ပါသည်။
- **ကမ္ဘာလုံးဆိုင်ရာဆက်စပ်လှုပ်ရှားမှုဖြစ်စဉ် တိုးတက်ဖြစ်ထွန်းမှု**

  သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ (ICT) နှင့် တဟုန်ထိုး မြင့်တက်လာသည့် မိုဘိုင်းလ်ဖုန်းနှင့်အင်တာနက်အသုံးပြုမှုများကြောင့် တစ်ကမ္ဘာလုံးအနှံ့တွင် စီးပွားရေးလုပ်ငန်း အမျိုးအစားသစ်များ ပေါ်ပေါက်လာနေပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများရှိ အောင်မြင်နေသော လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အပါအဝင် ကမ္ဘာတစ်ဝှမ်းမှ ဈေးကွက်များကို ရှာဖွေနေကြပါသည်။ တစ်ချိန်တည်းမှာပင် လုပ်ငန်းစတင်တည်ထောင်ခြင်း အကူအညီဖြင့် ပြည်တွင်းလုပ်ငန်းရှင်များမှာလည်း ၎င်းတို့၏ လုပ်ငန်းစံပုံစံများကို ပုံတူပွားကာ စီးပွားရေး အခွင့်အလမ်းများကို ချဲ့ထွင်နေကြပါသည်။

၃.၂.၂ မြန်မာနိုင်ငံ၏ အားသာချက်များ

ရင်းနှီးမြှုပ်နှံမည့် အရပ်ဒေသအဖြစ် မြန်မာ၏အဓိက အားသာချက်များမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်-

- **မဟာဗျူဟာကျသည့် တည်နေရာအနေအထား**

မြန်မာနိုင်ငံသည် အာရှ၏ အထင်ရှားဆုံး မြေမျက်နှာသွင်ပြင် အချက်များစွာအနက် တစ်ခုပေါ်၌ တည်ရှိပြီး၊ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု အလျင်မြန်ဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် ဆက်သွယ်ထားသည်။ ၎င်းတွင် ဘင်္ဂလားပင်လယ်အော်နှင့် အဒမန်ပင်လယ် နှစ်ခု လုံးဆီသို့ မဟာဗျူဟာကျသည့် ထွက်ပေါက်ရှိပါသည်။

- **ဒေသတွင်းဆိုင်ရာစီးပွားရေးနှင့် ကွန်ယက်တိုးပွားလာခြင်း**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (Least Developed Country –LDC) အဖြစ် အကောက်ခွန် သက်သာခွင့်ဆိုင်ရာ အစီအစဉ်များကို နိုင်ငံတကာတွင် ခံစားလျက်ရှိပြီး အာဆီယံ စီးပွားရေးအသိုက်အဝန်းမှနေ၍ အာဆီယံ -တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN-China Free Trade Area- ACFTA)၊ အာဆီယံ-ဂျပန် ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (AJCEP) တို့၏ အဖွဲ့ဝင်ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်များအတွင်း ပေါင်းစည်းမှုကို တိုးမြှင့် ဆောင်ရွက်သွားလိမ့်မည်။ One Belt and One Road မှတဆင့် တိုးတက်လာသည့် ဒေသတွင်း ဆက်သွယ်မှုများမှလည်း အနာဂတ်တွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု၏ ထပ်ဆောင်း အလားအလာ များကို ရရှိခံစားနိုင်လိမ့်မည်။

- **ပေါကြွယ်ဝသည့် သဘာဝသယံဇာတရင်းမြစ်များ**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ကုန်းတွင်းပိုင်းဒေသများတွင် အကြီးဆုံးသောနိုင်ငံ ဖြစ်ပါ သည်။ ၎င်းတွင် သဘာဝသယံဇာတ အမျိုးမျိုးနှင့် စိုက်ပျိုးမြေများ ပေါကြွယ်ဝပါသည်။ သို့ရာတွင် အရေးအကြီးဆုံးမှာ အလားအလာများကို အကောင်အထည် ပေါ်လာစေရန်နှင့် အပြုသဘော ဆောင်သည့် ပြောင်းလဲမှုများကို ဖန်တီးရာတွင် ကူညီရန် ကျွမ်းကျင်သော၊ တက်ကြွသော၊ ငယ်ရွယ် သော လူဦးရေကို ပိုင်ဆိုင်ထားခြင်း ဖြစ်ပါသည်။

- **စျေးမကြီးသည့် လူငယ်လုပ်သားအင်အား**

မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စု သန်းခေါင်စာရင်း (၂၀၁၄) အရ မြန်မာနိုင်ငံတွင် အလုပ် လုပ်ကိုင်သည့် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း အသက်အပိုင်းခြား၌ လူငယ်၊ လူရွယ်ဦးရေ ၆၅.၆ % ရှိပြီး၊ လူဦးရေစုစုပေါင်း ၅၁.၄ သန်း မှီတင်း နေထိုင်ကြပါသည်။ ယေဘုယျအားဖြင့် လူဦး

ရေမှာ စာတတ်မြောက်မှုနှုန်း ၉၃ % ဖြင့် ပညာတတ်များဖြစ်ကြပြီး အင်္ဂလိပ်စာ အခြေခံကို ကျယ်ကျယ်ပြန့်ပြန့် တတ်မြောက်ကြပါသည်။ ထိုကြောင့် ပုဂ္ဂလိကကဏ္ဍမှတစ်ဆင့် အသက်မွေးဝမ်းကြောင်း သင်တန်းအစီအစဉ်များဖြင့် ကျွမ်းကျင်မှု ကွာဟချက်ကို အလွယ်တကူပင် ဖြည့်တင်းနိုင်ပါသည်။

- **အလားအလာရှိသောပြည်တွင်းဈေးကွက်**

မြန်မာ့စီးပွားရေးသည် လျင်မြန်သည့် တိုးတက်မှုကို ရရှိနိုင်ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ (၃) နှစ်တာ ကာလအတွင်း ပျမ်းမျှအသားတင် နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၈.၀ % ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုသည် အလယ်အလတ် လူတန်းစား တိုးတက်လာရေးကို ဦးဆောင်သွားပြီး လူတစ်ဦးချင်း၏ စားသုံးမှုကို သိသိသာသာတိုးတက်လာစေပါသည်။ လျင်မြန်စွာ ရွှေ့လျားပြောင်းလဲနေသည့် စားသုံးသူ ကုန်စည်များ (Fast Moving Consumer Goods - FMCG) လုပ်ငန်းနှင့် ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများ၊ဖျော်ဖြေမှုများကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများတွင် အခွင့်အလမ်းကောင်းများ လျင်မြန်စွာ ပေါ်ပေါက်လာနေပါသည်။

- **ဆက်လက်ဆောင်ရွက်နေသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ပွင့်လင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒ**

မြန်မာအစိုးရသည် နယ်ပယ်တိုင်း၌ မူဝါဒများနှင့် ဥပဒေဆိုင်ရာစနစ်များ ခေတ်မီလာစေရန် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား အားပေးရန်နှင့် ကာကွယ်ပေးရန် အစိုးရမှ ခိုင်မာစွာ ကတိကဝတ် ပြုထားပြီး ရင်းနှီးမြှုပ်နှံမှု မှတ်ပုံတင်ခြင်းနှင့် လျော်ညီမှုရှိသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(MIL)ကို ပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို တက်ကြွစွာ တံခါးဖွင့်ထားပေးလျက်ရှိပါသည်။

- **ဒီမိုကရေစီလုပ်ငန်းစဉ်**

မြန်မာနိုင်ငံသည် ဒီမိုကရေစီကို ထောက်ခံသည့် ဖက်ဒရယ်စနစ်နှင့် ငြိမ်းချမ်းသော နိုင်ငံတော်ဆီသို့ အခြေခံကျသည့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲနောက်ပိုင်းကာလတွင် ဒီမိုကရေစီအစိုးရသစ်သည် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ ၍ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်ထားသည့် ဒီမိုကရေစီခြေလှမ်းများကို အကဲဖြတ်ခြင်း၏ ရလဒ်အဖြစ် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က ၎င်းတို့၏ ပိတ်ပင်တားဆီးမှုများကို ရုပ်သိမ်းခဲ့ကြပါသည်။

၃.၃ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆိုးကျိုးများ

၃.၃.၁ မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများ

အောက်ဖော်ပြပါ အချက်များမှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ရှိလာနိုင်သည့် စိန်ခေါ်မှုများဖြစ်ကြပါသည်။ ရပ်တန့်နေသည့် ကမ္ဘာ့ဝယ်လိုအား တိုးတက်မှုမှာ မြန်မာနိုင်ငံ၏ ပို့ကုန်များနှင့် မြန်မာနိုင်ငံအတွင်းသို့ ပို့ကုန်ဦးစားပေး FDI များအပေါ် အပျက်သဘော ဆောင်သည့် သက်ရောက်မှုများဖြစ်စေနိုင်ပါသည်။ နောက်ထပ်ရင်းနှီးမြှုပ်နှံမှုတွင် ဆုံးရှုံးနိုင်ချေမှာ ပြင်းထန်သည့် မိုးလေဝသ အခြေအနေများဖြစ်သည့် သဘာဝဘေးအန္တရာယ်များဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ပြင်းထန်သည့် ဆိုက်ကလုန်းမုန်တိုင်းများ၏ဒဏ်မှ ထိခိုက်ပျက်စီးလွယ်ပြီး၊ နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုမှာ ထပ်တလဲလဲဖြစ်နေသည့် မိုးလေဝသ အခြေအနေများကြောင့် သက်ရောက်မှုရှိနိုင်ပါ သည်။ ရာသီဥတုပြောင်းလဲခြင်းသည် မြန်မာ့စိုက်ပျိုးရေးအပေါ် အလားအလာရှိသော သက်ရောက်မှုတစ်ရပ်ဖြစ်လာနိုင်ပါ သည်။

- **မသေချာမရေရာသည့် ကမ္ဘာ့နိုင်ငံရေး အခြေအနေ**

နိုင်ငံကြီးများ ဝန်းရံခြင်းခံထားရသည့် မြန်မာနိုင်ငံသည် ဒေသအတွင်း နိုင်ငံရေး တင်းမာမှုများကြောင့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိ လာနိုင်ပါသည်။

- **AEC အောက်တွင် အခြားသောအာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်နေရခြင်း**

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကဲ့သို့ လုပ်ခလစာ လျော့နည်းသည့် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နေရပါသည်။ AEC လုပ်ငန်းစဉ်တစ်ဝှမ်း မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် အခြားအာဆီယံနိုင်ငံများမှ ယှဉ်ပြိုင်မှုများနှင့် ရင်ဆိုင်နေရပါသည်။

- **ကမ္ဘာ့စီးပွားရေးစက်ဝန်းနှင့် ဝယ်လိုအားအတက်အကျ**

ကမ္ဘာတစ်ဝှမ်းရှိ အခြားနိုင်ငံများနည်းတူ မြန်မာ့စီးပွားရေးသည်လည်း ကမ္ဘာ့စီးပွားရေးလမ်းကြောင်း ဦးတည်ရာများနှင့် နိုင်ငံရေးအခြေအနေများကြောင့် ရိုက်ခတ်မှုရှိနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ စသည့်နိုင်ငံကြီးများ၏ စီးပွားရေးစက်ဝန်းများသည် ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပေါ် ထင်ရှားသည့် သက်ရောက်မှုများ ဖြစ်စေပါသည်။

- **သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုအခြေအနေများကြောင့်စိုက်ပျိုးရေးပျက်စီးထိခိုက်ခြင်း**

မြန်မာနိုင်ငံသည် အင်အားကြီးဆိုက်ကလုန်းမုန်တိုင်းများ တိုက်ခတ်မှုဒဏ်ကို ပုံမှန် ခံစားနေရပြီး ၎င်းတို့ကြောင့် စိုက်ပျိုးရေး၊ အိမ်များနှင့်ကျေးလက် အခြေခံ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု

များကို အကျိုးဆက်အဖြစ် ခံစားနေရပါသည်။ စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ အဓိကလုပ်ငန်းတစ်ခုဖြစ်ပြီး အန္တရာယ်ဖြစ်စေသော မိုးလေဝသ အခြေအနေများကြောင့် အမြဲလိုလို ထိခိုက်ပျက်စီးလွယ်မှုများ ကြုံတွေ့ရပါသည်။

၃.၃.၂ မြန်မာနိုင်ငံ၏ အားနည်းချက်များ

ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် အကောင်အထည်ဖော်မှုများ ပြုလုပ်ရာတွင် အတားအဆီးများစွာနှင့် ရင်ဆိုင်နေရပါသည်။ ၎င်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ပြဿနာရပ်များသို့ ဦးတည်ဖြေရှင်းနည်းများကို မြန်မာအစိုးရမှ ဖော်ထုတ်ရပါမည်။

- **နိုင်ငံရေးဆိုင်ရာစွန့်စားမှုကို ရင်းနှီးမြှုပ်နှံသူများ စိုးရိမ်ပူပန်ခြင်း**

ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖြေလျှော့ရေးတို့တွင် လုပ်ငန်းစဉ်များကို မြင်တွေ့ကြသည်။ သို့သော်ငြားလည်း ၎င်းတို့သည် တိုင်းရင်းသားလူမျိုးစု တင်းမာမှုများနှင့် အစီအမံ၏ နိုင်ငံရေးဆိုင်ရာ စီမံခန့်ခွဲမှုများပေါ် စိုးရိမ်ပူပန်နေကြဆဲဖြစ်ကြပါ သည်။ ယင်းစိုးရိမ် ပူပန်မှုသည် မြန်မာနိုင်ငံအား စီးပွားရေးပြုလုပ်မည့် အရပ်ဒေသအဖြစ် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုအပေါ် သက်ရောက်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

- **အားနည်းသည့် မေခရိုစီးပွားရေးအခြေအနေများ**

မကြာသေးမီနှစ်များအတွင်း စီးပွားရေးလျင်မြန်စွာ တိုးတက်ခဲ့သော်လည်း အားနည်းသည့် ရသုံး မှန်းခြေငွေစာရင်းအခြေခံ၊ ဆက်လက်ဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေ၊ အမျိုးမျိုးအဖုံဖုံ မခွဲထွက်နိုင်သေးသည့် စက်မှုဆိုင်ရာ တည်ဆောက်မှုပုံစံနှင့် မဖွံ့ဖြိုးသေးသည့် ဘဏ္ဍာရေးကဏ္ဍကဲ့သို့ ယိုယွင်းအားနည်းနေမှုများကြောင့် မြန်မာ့စီးပွားရေး အခြေခံများမှာ အားနည်းနေဆဲအခြေအနေ ဖြစ်ပါသည်။ နိုင်ငံလူဦးရေ၏ ၂၆ % ခန့်မှာ ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြပါသည်။

- **မဖွံ့ဖြိုးသေးသည့် စီးပွားရေးနှင့်ဆက်နွယ်စည်းမျဉ်းစနစ်များ**

ဥပဒေဆိုင်ရာ စနစ်ပြုပြင်ပြောင်းလဲရေးမှာ ဆက်လက်ဆောင်ရွက်နေပြီး အဓိကဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် အာဏာ သက်ရောက်မှုနှင့် မရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများမှာ ပြဿနာရပ်များ ဖြစ်နေဆဲဖြစ်ပါသည်။ အရေးကြီးသည့် စီးပွားရေး လုပ်ငန်းဆက်စပ်ဥပဒေများ (ဥပမာ- ဥဏ္ဍာပစ္စည်းနှင့် PPP ကို ခြုံငုံသည့်ဥပဒေများ) မှာမူ မပြင်ဆင်ရသေးပါ။ ထို့ပြင် ဥပဒေအရ လိုအပ်သော လုပ်ထုံးလုပ်နည်းများမှာ ရှုပ်ထွေးပြီး အချိန်ပေး ဆောင်ရွက်နေရပါသည်။

- **မရေရာသည့် ရင်းနှီးမြှုပ်နှံမှုအတည်ပြု လုပ်ထုံးလုပ်နည်းများနှင့် ကျန်ရှိနေသေးသည့် ရင်းနှီးမြှုပ်နှံမှုကန့်သတ်ချက်များ**

ကာလကြာရှည်စွာ အငြင်းပွားနေသာ ရင်းနှီးမြှုပ်နှံမှုစည်းမျဉ်း၊စည်းကမ်းများကို MIL က ရှင်းလင်းပြီး အမျိုးအစား ခွဲခြားပေးထားပါသည်။ သို့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ ရှိနေဆဲဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ရေးအတွက် ဆက်နွယ်နေသည့် ဝန်ကြီးဌာနများ၏ မူဝါဒများမှာ မသေချာမရေရာလှပါ။ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်နေသည့်မူဝါဒများနှင့် စည်းမျဉ်း၊ စည်းကမ်း များ၏ ဝန်ကြီးဌာနများအကြား ပူးပေါင်း ဆောင်ရွက်မှုမှာ မလုံလောက်ဘဲ ရင်းနှီးမြှုပ်နှံသူများအား ရှုပ်ထွေးမှု ဖြစ်ပါသည်။

- **အားနည်းနေသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများနှင့် ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးမှု**

DICA သည် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ရှားမှုများအတွက် တာဝန်ရှိပါသည်။ ၎င်းတို့၏ အတွေ့အကြုံနှင့် လုပ်နိုင်စွမ်းတို့မှာ အကန့်အသတ်ရှိဆဲဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများမှာ အားနည်းနေပါသည်။ နိုင်ငံတော်အစိုးရသည်ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကို အလေးပေးဆောင်ရွက်နေသော်လည်းဒေသအနေအထား၌ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရေး လှုပ်ရှားမှုများကိုတိုးမြှင့်ရန် လိုအပ်နေပါသည်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက DICA နှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ၏ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုး ဝန်ဆောင်မှုများမှာ လုံလောက်ခြင်း မရှိသေးပါ။

- **မဖွံ့ဖြိုးသေးသည့် အခြေခံအဆောက်အအုံ**

ရင်းနှီးမြှုပ်နှံသူများမှာ လျှပ်စစ်ဓာတ်အားပုံမှန်ပို့လွှတ်နိုင်မှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိခြင်း မီးမလာမှုများနှင့် မပြည့်ဝသော သယ်ယူပို့ဆောင်ရေးဆိုင်ရာ တန်ဆာပလာများ အရည်အသွေး မပြည့်ဝခြင်း၊ အခြေခံအဆောက်အအုံ မလုံလောက်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်နေကြရပါသည်။ နိုင်ငံတော်အစိုးရသည် ကြီးမားသည့် အခြေခံအဆောက် အအုံစီမံကိန်းများကို တက်ကြွစွာ စတင် ဆောင်ရွက်နေသည့်တိုင်အောင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နှုန်းမှာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုထက် ကျော်လွန်နေပါသည်။ သီလဝါအထူး စီးပွားရေးဇုန် (SEZ)မှ နိုင်ငံတကာအဆင့်မီ စက်မှုလုပ်ငန်းများကို ကမ်းလှမ်းသော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စက်မှုမြေယာမှာ လုံလောက်ခြင်းမရှိပါ။





မှတ်ချက်: စစ်တမ်းအား၂၀၁၆ခုနှစ်၊ဒီဇင်ဘာလမှ၂၀၁၇ခုနှစ်၊ဇန်နဝါရီတိုင်အောင်ကောက်ယူထားပါ သည်။

ရင်းမြစ်: JETRO, Survey of Investment Related Costs in Asia and Oceania.

ကားချပ် ၃-၂: အများပြည်သူအသုံးပြုခများကို နှိုင်းယှဉ်ခြင်း

- **မဖွံ့ဖြိုးသေးသည့် စီးပွားရေးလုပ်ငန်းနှင့်ဆက်နွယ်သည့် စနစ်များ**

ဥဏ္ဍာပစ္စည်းမူပိုင်ခွင့်ကာကွယ်ရေး၊ မျှတသော ယှဉ်ပြိုင်မှုစည်းမျဉ်း၊ စည်းကမ်းများနှင့် ကုန်စည် စံနှုန်းတို့မှာ လုံခြုံသော စီးပွားရေးလုပ်ငန်း လုပ်ဆောင်ချက်များနှင့် ပံ့ပိုးပေးသည့် စီးပွားရေးပတ်ဝန်းကျင် အတွက် အဓိကသော့ချက်များဖြစ်ကြပါသည်။ သို့ရာတွင် ၎င်းစနစ်များမှာ ဖွံ့ဖြိုးမှု၏ အစောပိုင်းတွင် ရှိဆဲပင် ဖြစ်ပါသည်။

- **အားနည်းသည့် ဘဏ္ဍာရေးကဏ္ဍ**

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍသည် အားနည်းနေဆဲဖြစ်ကာ ပြည်တွင်းရင်းမြစ်များ ရွှေ့လျားခြင်းအတွက် အပြည့်အဝ အလုပ်လုပ်နိုင်ခြင်းမရှိသေးပါ။ သို့ရာတွင် SME များနှင့် လုပ်ငန်းစတင်သူများအတွက် ဘဏ္ဍာရေးအစီအစဉ်များကိုမူ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးထားရှိပြီး ဖြစ်ပါသည်။

- **မဖွံ့ဖြိုးသေးသည့် ပြည်တွင်းလုပ်ငန်းများ**

ပြည်တွင်း စက်မှုလုပ်ငန်းများ အချိတ်အဆက်နှင့် လုပ်ငန်းများ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို ထိရောက်စွာ တိုးတက်ဆောင်ရွက်ထားခြင်း မရှိသေးပါ။ ဥပမာ- သိုလှောင်ရုံများမလုံလောက်ခြင်း၊ အအေးခန်းနှင့် ချိတ်ဆက်ဆောင်ရွက်မှု မဖွံ့ဖြိုးခြင်းနှင့် အချိန်ကြာမြင့်သည့် ကုန်းကြောင်းသယ်ယူပို့ဆောင်ရေးစသည့် ထောက်ပို့သယ်ယူပို့ဆောင်ရေးများ အားနည်းနေခြင်းမှာ ထိရောက်သည့် လုပ်ငန်းလည်ပတ်မှုများအတွက် အတားအဆီးကြီးတစ်ရပ် ဖြစ်နေပါသည်။ အပြည်ပြည်ဆိုင်ရာစံနှုန်းတစ်ခု၏ အခြေခံစက်များနှင့် ပလပ်စတစ် အစိတ်အပိုင်းများ သို့မဟုတ် စက်ရုံလည်ပတ်မှုအတွက် အင်ဂျင်နီယာဝန်ဆောင်မှုများကိုပေးနေသူများမှာ အလွန်နည်းပါးနေပါသည်။ စက်မှုကဏ္ဍတစ်ခုစီအတွက် ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်များမှာလည်း မပြည့်စုံသေးပါ။ ဥပမာ အထည်ချုပ်လုပ်ငန်းတွင် ယခင်အဆင့်နှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်အဆင့်များကို ချိတ်ဆက်မှုများမှာ ပြည်တွင်း တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုကို ကျေနပ်ဖွယ် တိုးတက်စေရန် ဖွံ့ဖြိုးနိုင်ခြင်း မရှိသေးပါ။

- **လုံလောက်မှုမရှိသည့် ကျွမ်းကျင်လုပ်သားအင်အား**

အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ကျွမ်းကျင်မှုနည်းပါးသည့် လုပ်သားအင်အား ပေါများပြီး ရင်းနှီးမြှုပ်နှံသူများမှာ လုပ်ခလစာ ကုန်ကျစရိတ်နည်းပါးမှုကို ရရှိခံစားနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် လုပ်သားအင်အား အလေးထားသည့် လုပ်ငန်းများတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းဖြစ်ပါသည်။ သို့ရာတွင် မန်နေဂျာနှင့် အင်ဂျင်နီယာအဆင့်များ၌ လူစွမ်းအားရင်းမြစ် လုံလောက်ခြင်းမရှိကြောင်း ရင်းနှီးမြှုပ်နှံသူများက ထပ်တလဲလဲ တင်ပြနေကြပါသည်။ ၎င်းအကြောင်းတရားများအောက်၌ မြန်မာနိုင်ငံ

တွင် ရာထူးပိုမိုကြီးလာသည့်နေရာများ၏ လုပ်ခကုန်ကျစရိတ်မှာ အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်နှိုင်းယှဉ်ပါက ယှဉ်ပြိုင်နိုင်ခြင်းမရှိပါ။ အားနည်းသည့် အသက်မွေးဝမ်းကြောင်းနှင့် အဆင့်မြင့်ပညာရေးမှာ ပြဿနာတစ်ရပ်ဖြစ်ပါသည်။



မှတ်ချက်: စာရင်းများမှာ၂၀၁၆ခုနှစ်၊အောက်တိုဘာလမှနိုဝင်ဘာလအထိဖြစ်ပါသည်။

ရင်းမြစ်: JETRO "Survey of Investment Related Costs in Asia and Oceania" (2016)

ကားချပ် ၃-၃: အာရှနိုင်ငံများတွင် လအလိုက် လုပ်သားကုန်ကျစရိတ်

အထက်တွင် အသေးစိတ်ဖော်ပြခဲ့သည့် အားနည်းချက်များကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် ကုန်ကျစရိတ် မြင့်တက်ခြင်းဖြစ်ပါသည်။ မလုံလောက်သည့် အခြေခံအဆောက်အအုံနှင့် မလုံလောက်သည့် အဆင့်မြင့်လုပ်သားများမှာ ရင်းနှီးမြှုပ်နှံသူများ၏ ကုန်းတွင်းသယ်ယူပို့ဆောင်ရေး၊ ရုံးနှင့်စက်ရုံငှားရမ်းခနှင့် အသုံးအဆောင်ငှားရမ်းခ စသည့်တို့တွင် လုပ်ငန်းလည်ပတ်စရိတ်များကို မြင့်တက်စေပါသည်။ အစိုးရလုပ်ထုံးလုပ်နည်းအမျိုးမျိုး၏ အချိန်ကာလနှင့် ကုန်ကျစရိတ်တို့ကလည်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏ရင်းမြစ်အဖြစ် ထောက်ပြခြင်းခံရပါသည်။

၃.၄ မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်အား ခြုံငုံအကဲဖြတ်ခြင်း

၃.၄.၁ SWOT မက်ထရစ်

မြန်မာနိုင်ငံ၏ ကောင်းကျိုးများနှင့်ဆိုးကျိုးများအား ရင်းနှီးမြှုပ်နှံမည့် အရပ်ဒေသတစ်ခုအဖြစ် အောက်

ဖော်ပြပါ SWOT မက်ထရစ်ဖြင့် အကျဉ်းချုံးတင်ပြထားပါသည်။

ဇယား -၃.၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်၏ SWOT မက်ထရစ်

ပြည်တွင်းအကြောင်းရင်းများ	
အားသာချက်များ (+)	**အားနည်းချက်များ (-)**
▪ မဟာဗျူဟာကျသည့်တည်နေရာအနေအထား ▪ ဒေသတွင်းဆိုင်ရာစီးပွားရေးနှင့်ကွန်ယက်တိုးပွားလာခြင်း ▪ ပေါကြွယ်ဝသည့်သဘာဝသယံဇာတရင်းမြစ်များ ▪ ဈေးကြီးသည့်လူငယ်လုပ်သားအင်အား ▪ အလားအလာရှိသောပြည်တွင်းဈေးကွက်	▪ နိုင်ငံရေးဆိုင်ရာစွန့်စားမှုကိုရင်းနှီးမြှုပ်နှံသူများစိုးရိမ်ပူပန်ခြင်း ▪ အားနည်းသည့်မေရရှိစီးပွားရေးအခြေအနေများ ▪ မဖွံ့ဖြိုးသေးသည့်စီးပွားရေးနှင့်ဆက်နွယ်စည်းမျဉ်းစနစ်များ ▪ ကျန်ရှိနေသေးသည့်ရင်းနှီးမြှုပ်နှံမှုကန့်သတ်ချက်များ ▪ မရေရာသည့်ရင်းနှီးမြှုပ်နှံမှုအတည်ပြုလုပ်ထုံးလုပ်နည်းများ ▪ အားနည်းနေသည့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလှုပ်ရှားမှုများနှင့်ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှု ▪ မဖွံ့ဖြိုးသေးသည့်အခြေခံအဆောက်အအုံ ▪ မဖွံ့ဖြိုးသေးသည့်စီးပွားရေးလုပ်ငန်းနှင့်ဆက်နွယ်သည့်စနစ်များ ▪ အားနည်းသည့်ဘဏ္ဍာရေးကဏ္ဍ ▪ မလုံလောက်သည့်ကျွမ်းကျင်လုပ်သားထု ▪ မဖွံ့ဖြိုးသေးသည့်ပြည်တွင်းလုပ်ငန်းများ
ပြင်ပအကြောင်းရင်းများ	
အခွင့်အလမ်းများ (+)	**စိုးရိမ်ခြောက်မှုများ (-)**
▪ တရုတ်နိုင်ငံနှင့်ဖွံ့ဖြိုးပြီးအာဆီယံနိုင်ငံများကဲ့သို့အိမ်နီးချင်းနိုင်ငံများတွင်ထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်တက်လာခြင်း ▪ အာဆီယံစီးပွားရေးအသိုက်အဝန်းဖွဲ့စည်းတည်ထောင်ခြင်း ▪ ကမ္ဘာလုံးဆိုင်ရာဆက်စပ်လှုပ်ရှားမှုဖြစ်စဉ်တိုးတက်ဖြစ်ထွန်းမှု	▪ မသေချာမရေရာသည့်ကမ္ဘာ့နိုင်ငံရေးအခြေအနေ ▪ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက် AEC အောက်တွင် အခြားသောအာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်နေရခြင်း ▪ ကမ္ဘာ့စီးပွားရေးစက်ဝန်းနှင့်ဝယ်လိုအားအတက်အကျ ▪ အလားအလာရှိသော သဘာဝဘေးအန္တရာယ်များနှင့် ထပ်တလဲလဲဖြစ်နေသည့်ရာသီဥတုအခြေအနေများကြောင့် စိုက်ပျိုးရေးပျက်စီးထိခိုက်ခြင်း

၃.၄.၂ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအပိုင်းများ

မြန်မာနိုင်ငံ၏ အားသာချက်များနှင့် အခွင့်အလမ်းများပေါ် အခြေခံ၍ အလားအလာရှိသည့် လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု တောင်းဆိုချက်များကို လိုက်လျောညီထွေဖြစ်စေရန် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှစ်ရှည်စီမံကိန်းအတွက် အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး အပိုင်း(၄)ပိုင်းကို ဖော်ထုတ်ထားပြီး၊ ၎င်းအပိုင်း (၄) ပိုင်း၏ အသေးစိတ်ကို အခန်း (၄) တွင် ဖော်ပြထားပါသည်။

အပိုင်း ၁- ပို့ကုန်ဦးစားပေးလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှု

အပိုင်း ၂- ပြည်တွင်းစျေးကွက်ဦးစားပေးလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှု

အပိုင်း ၃- ရင်းမြစ်အခြေပြုလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှု

အပိုင်း ၄- ဗဟုသုတဦးစားပေးလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှု



ကားချပ် ၃-၄: မြန်မာနိုင်ငံ၏ အားသာချက်များနှင့် အခွင့်အလမ်းများပေါ် အခြေခံသည့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေး အပိုင်းများ

၃.၄.၃ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အားနည်းချက်များနှင့် အတားအဆီးများကို ကိုင်တွယ်ရန် လိုအပ်သည့်ဆောင်ရွက်ချက်များ

ရင်းနှီးမြှုပ်နှံမည့် အရပ်ဒေသတစ်ခုအဖြစ် မြန်မာနိုင်ငံ၏အားနည်းချက်များနှင့် ခြိမ်းခြောက်မှုများကို အောက်ဖော်ပြပါ မူဝါဒအမျိုးအစားများအတွင်း ခွဲခြားထားပါသည်-

မူဝါဒအမျိုးအစား- ၁ - ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်နေသည့်မူဝါဒများနှင့် စည်းမျဉ်း စည်းကမ်းများ (ပွင့်လင်းသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ခိုင်မာသည့် မေခရိုစီးပွားရေး မူဝါဒများ၊ စည်းမျဉ်းများလျှော့ပေါ့ပေးခြင်း စသည်တို့ကို အဆုံးအဖြတ်ပေးထားသော ကတိကဝတ်များ)

မူဝါဒအမျိုးအစား- ၂ - ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက်အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုများ (ရင်းနှီးမြှုပ်နှံသူကာကွယ်ပေးမှု၊ ရှင်းလင်းသည့် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်း စည်းကမ်းနှင့်အတည်ပြုသော လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများ၊ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးပေးမှုစသည်)

မူဝါဒအမျိုးအစား - ၃ - အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး

မူဝါဒအမျိုးအစား - ၄ - စီးပွားရေးနှင့်ဆက်နွယ်နေသည့်စနစ်များ (စီးပွားရေးလုပ်ငန်း စနစ်များ၊ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစသည်)

မူဝါဒအမျိုးအစား - ၅ - ပြည်တွင်းလုပ်ငန်းများနှင့်လူစွမ်းအား အရင်းမြစ်များ



ကားချပ် ၃-၅: မြန်မာနိုင်ငံ၏ အားနည်းချက်များနှင့်အတားအဆီးများကို ကိုင်တွယ်ရန် လိုအပ်သည့် ဆောင်ရွက်ချက်များ

အခန်း ၄ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခင်းအကျင်းများ

၄.၁ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေး အဝိုင်း (၄)ဝိုင်း

အခန်း(၃)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ၏ အားသာချက်များနှင့် အခွင့်အလမ်းများပေါ်တွင်အခြေခံသည့် အလားအလာရှိသော လုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကို တုန့်ပြန်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဖွံ့ဖြိုးမှုအဝိုင်း(၄)ဝိုင်း ခွဲခြားထားပါသည်။ အောက်ဖော်ပြပါ အလားအလာရှိသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအား အာရုံထားချဉ်းကပ်ခြင်းဖြင့် ပန်းတိုင်များအောင်မြင်စွာ

ရရှိရန် MIPP က ရည်မှန်းပါသည်။

ဖွံ့ဖြိုးမှု အဝိုင်း ၁	ပို့ကုန်ဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု	ဖွံ့ဖြိုးပြီး အာရှနိုင်ငံများတွင် ကုန်ကျစရိတ် မြင့်တက်နေသည့် ရရှိနိုင်သော သဘာဝသယံဇာတ များ၊ ပေါကြွယ်ဝသည့် လုပ်သားများကို ချဉ်းကပ် အာရုံစိုက်သည့် ပို့ကုန် ဦးစားပေးလုပ်ငန်းများ မြှင့်တင်ရန်
ဖွံ့ဖြိုးမှု အဝိုင်း ၂	ပြည်တွင်းဈေးကွက်ဦးစားပေးလုပ်ငန်း များတွင်ရင်းနှီးမြှုပ်နှံမှု	ဖွံ့ဖြိုးဆဲ ပြည်တွင်းလုပ်ငန်းများနှင့် ပြည်တွင်း ဈေးကွက် အရွယ်အစားအပေါ် အာရုံစိုက် သည့် မြန်မာဈေးကွက်ကို အများဆုံး ပစ်မှတ်ထားသည့် လုပ်ငန်းများကို မြှင့်တင်ရန် (အခြေခံအဆောက်အအုံအပါအဝင်)
ဖွံ့ဖြိုးမှု အဝိုင်း ၃	ရင်းမြစ်အခြေပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု	စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ သစ်တော၊ ရေလုပ်ငန်းစသည့် သဘာဝသယံဇာတများကို အသုံးပြုသည့် လုပ်ငန်းများကို မြှင့်တင်ရန်
ဖွံ့ဖြိုးမှု အဝိုင်း ၄	ဗဟုသုတစုံစိုက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု	အထူးပြု ကျွမ်းကျင်မှု၊ ICT၊ လုပ်ငန်း ပံ့ပိုးဝန်ဆောင်မှု စသည်တို့အပေါ် အခြေပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ရန်

မြန်မာနိုင်ငံ၏အားသာချက်များပေါ်တွင် အခြေခံ၍ စက်မှုဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် အခရာကျပါသည်။ တနည်းအားဖြင့် မြန်မာနိုင်ငံ၏ နှိုင်းရအကျိုးကျေးဇူးများဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးပတ်ဝန်းကျင်တွင် မြန်မာနိုင်ငံ၏ အစဉ်တည်တံ့သည့် ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုမှ ကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် အဆင့်မြင့်နည်းပညာများ ချိတ်ဆက်ခြင်းဖြင့် အကျိုးရလဒ်များကို အမြဲမပြတ် တွန်းအားပေးလည်ပတ် အဆင့်မြှင့်တင်ရန်လည်း လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး အဝိုင်း(၄)ပိုင်းတွင် နည်းပညာဆန်းသစ်မှုများ ပါဝင်မည်ဟုယူဆပါသည်။



ကားချပ် ၄-၁: ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက်ဖွံ့ဖြိုးမှုအဝိုင်း (၄) ဝိုင်း

အလွန်အမင်းဖွံ့ဖြိုးမှုမှ ရရှိသော စီးပွားရေးတိုးတက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မညီမျှမှုများသို့မဟုတ် ဆင်းရဲနွမ်းပါးမှုအဆင့်များကို တိုးလာစေသည်ဟု လေ့လာတွေ့ရှိထားပါသည်။ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုမှာ မိုတင်းနေထိုင်သူများ၏ လူနေမှုဘဝနှင့် ဘဝအရည်အသွေးကို ကျဆင်းစေသည့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းသည် ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ခြင်း၊ မညီမျှမှုကိုလျှော့ချစေခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အသိုက်အဝန်းတို့၏ လုံခြုံမှုရှိစေခြင်းတို့အတွက်ရှာဖွေသည့် မြန်မာနိုင်ငံ၏ဦးတည်ရာလမ်းနှင့် ကိုက်ညီသင့်ကြောင်း သတိပြုရပါမည်။ ၎င်းဦးတည်ရာလမ်း၌ မြန်မာနိုင်ငံသည် စီးပွားရေးပုံစံသစ်၌ ရှေ့ဆောင်နိုင်ငံတစ်နိုင်ငံ ဖြစ်သွားရန်အလားအလာရှိပါသည်။

၄.၂ ပို့ကုန်ဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအဝိုင်း

၄.၂.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက်

(၁) လုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ပို့ကုန်ဦးစားပေးလုပ်ငန်းများသည် ပြည်ပနိုင်ငံ စျေးကွက်များသို့ ၎င်းတို့၏ကုန်စည်အများစုကို သင်္ဘောတင်ပို့ကြပါသည်။

(၂) လုပ်ငန်းများ၏ လက်ရှိအခြေအနေ

စာချုပ်အပေါ်အခြေခံထားသော (ဖြတ်-ချုပ်-ထုပ်ပိုး) အထည်ချုပ်လုပ်ငန်း အများစုကို ပြည်တွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ (၂) ရပ်လုံး ရင်းနှီးမြှုပ်နှံနေကြပြီး ထိုကဏ္ဍမှာ မြန်မာနိုင်ငံအတွက် အဓိက

ပို့ကုန်ဦးစားပေး စက်မှုကဏ္ဍဖြစ်ပါသည်။ ဖိနပ်ထုတ်လုပ်ရေးနှင့် အခြားသားရေထည် ပစ္စည်းများ ထုတ်လုပ်ရေးတို့တွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိကြပါသည်။

မကြာသေးမီက အစိတ်အပိုင်းများနှင့် စက်ပစ္စည်းဆိုင်ရာ ပို့ကုန်များအတွက် ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံတွင် စတင်နေကြပြီဖြစ်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့ ရင်းမြစ်အခြေခံ လုပ်ငန်းများသည် ပို့ကုန်တင်ပို့သူများဖြစ်လာရန် တိုးတက်ဆောင်ရွက်နိုင်ကြပါသည်။

စက်မှုထုတ်ကုန်များ အမျိုးအစားချဲ့ထွင်ကွဲပြားမှုနှင့် အထည်ချုပ်ကဏ္ဍတို့မှ လုပ်သားဦးစားပေး တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှုတို့မှာ ပို့ကုန်ဦးစားပေး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ ဖြေရှင်းရမည့် ကိစ္စရပ်များ ဖြစ်ကြပါသည်။

(၃) ရင်းနှီးမြှုပ်နှံမှု၏ ဖွံ့ဖြိုးမှုအပိုင်း

ပထမဦးစွာ လုပ်သားဦးစားပေး ထုတ်လုပ်မှုစွမ်းရည်ကို တိုးချဲ့သွားရန်နှင့် ပြည်ပဈေးကွက်ဝေစုကို မြှင့်တင်သွားရန် ဤအကြောင်းအရာနှင့် စပ်လျဉ်းသော ရင်းနှီးမြှုပ်နှံမှုများကို မျှော်မှန်းထားပါသည်။ မြန်မာနိုင်ငံတွင် ကုန်ကျစရိတ် အကျိုးကျေးဇူးရှိနေသမျှ အထည်ချုပ်ကဏ္ဍမှာ စဉ်ဆက်မပြတ် လျင်မြန်စွာဖွံ့ဖြိုးလာပြီး ဤကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာပါသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာလုံးဆိုင်ရာ ကုန်ပေးသွင်း ထောက်ပံ့ခြင်းကွင်းဆက်အတွက် အခြားသော လုပ်သားဦးစားပေး ထုတ်လုပ်မှု အမျိုးအစားအားလုံးအတွက် ကောင်းမွန်သည့် အခွင့်အလမ်းများရှိပါသည်။ မြန်မာနိုင်ငံတွင် အစိတ်အပိုင်းများနှင့် စက်ပစ္စည်းများ၊ အထွေထွေကုန်စည်များစသည့် လုပ်သားဦးစားပေး စက်မှုကုန် ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးလာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပို့ကုန်အမယ်များ အမျိုးအစားချဲ့ထွင် ကွဲပြားရေးကို ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။

လုပ်သားဦးစားပေးကဏ္ဍတွင် နည်းပညာကျွမ်းကျင်မှုများနှင့်လုပ်သားထုတစ်ရပ် ဖွံ့ဖြိုးလာစေရေးနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှု မြှင့်တင်ရေးမှာ မြန်မာနိုင်ငံအတွက် ချက်ချင်း ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နည်းပညာစူးစိုက် ကဏ္ဍများဆီသို့ ပြောင်းရွှေ့မှုကို အရှိန်မြှင့်တင်သွားရပါမည်။ ကမ္ဘာလုံးဆိုင်ရာ စက်မှုကဏ္ဍတွင် ထုတ်လုပ်မှု နည်းပညာဖြစ်စဉ် လျင်မြန်စွာ ပြောင်းလဲမှုကြောင့် ထုတ်လုပ်မှုပုံစံများ ပြောင်းလဲနေသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံတော်မှ လုပ်သားစူးစိုက်လုပ်ငန်းများတွင် အကျိုးကျေးဇူး ခိုင်ခိုင်မာမာ ခံစားနိုင်ခြင်းမရှိပါ။ Internet of Things (IoT) နှင့် စက်ရုပ်များကဲ့သို့ အဆင့်မြင့်စက်ဖြင့် မောင်းနှင်သည့် ထုတ်လုပ်မှု နည်းပညာများသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌သာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ စက်ရုံများတွင် လုပ်သားများကို အစားထိုး

နေရာယူသွားလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများမှာ လုပ်သားဦးစားပေးထုတ်လုပ်မှုမှ ပိုမိုတန်ဖိုးမြှင့်ပို့ကုန် ဦးစားပေးကုန်စည်များဆီသို့ ကူးပြောင်းမှုကို အရှိန်မြှင့်တင်ပေးလိမ့်မည်ဖြစ်ပြီး ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်တွင် မြန်မာနိုင်ငံ၏ အနေအထားကို မြှင့်တင်ပေးလိမ့်မည်ဖြစ်ပါသည်။ ပို့ကုန်ဦးစားပေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန်အတွက် အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုများမှာ အထူးအရေးကြီးပါသည်။ အခြားသော အာရှနိုင်ငံများ၏ အတွေ့အကြုံအရ ကမ္ဘာ့နည်းပညာ ရှေ့ရောက်မှုများနှင့် ပြည်တွင်းထုတ်လုပ်လုပ်မှု ကုန်ကျစရိတ်တို့အရ FDI ပိုမိုတိုးလာခြင်းကြောင့် ကျွမ်းကျင်မှုမရှိသော လုပ်သားစူးစိုက်ထုတ်လုပ်မှုမှ နည်းပညာဆိုင်ရာ လုပ်သားစူးစိုက်ထုတ်လုပ်မှု၊ နည်းပညာစူးစိုက်ထုတ်လုပ်မှုနှင့် နောက်ဆုံး အဆင့်မြင့် နည်းပညာထုတ်လုပ်မှုသို့ လမ်းကြောင်း ပြောင်းရွှေ့သွားကြောင်း တွေ့ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ ပို့ကုန်ဦးစားပေး တပ်ဆင်သူများ၏ ရင်းနှီးမြှုပ်နှံမှုများမှာ သိသာစွာ အရေးပါပါသည်။ အထူးသဖြင့် ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ခြင်းကွင်းဆက်သည် နိုင်ငံများအကြား ဒေါင်လိုက်နှင့် အလျားလိုက် ပူးပေါင်းဆောင်ရွက်မှုများ ထူထောင်လာသည်။ ထို့ကြောင့် အကြီးစား တပ်ဆင်သူ၏ (၎င်းမှာ Anchor Company ဖြစ်သည်) ရင်းနှီးမြှုပ်နှံမှုတစ်ရပ်တွင်မူ ၎င်းအကြီးစား တပ်ဆင်သည့်ကုမ္ပဏီ ဝယ်ယူခြင်းမှတစ်ဆင့် ချိတ်ဆက်လုပ်ငန်းများကို မြှင့်တင်ပြီး စက်မှုဆိုင်ရာ စုဖွဲ့မှု၏ဗဟိုအဖြစ် ရပ်တည်သည့်အတွက် သိသာထင်ရှားသည့် သက်ရောက်မှုရှိပါသည်။

ထုတ်လုပ်မှုနှင့် တပ်ဆင်မှု လုပ်ငန်းစဉ်တိုင်းသည် သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D)မှ ဝယ်ယူရေး၊ ထုတ်လုပ်ရေးနှင့် ဈေးကွက်ရှာဖွေရေးအထိ ကမ္ဘာ့ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက် တစ်ခုလုံးသို့ ပါဝင်ဖြည့်ဆည်းနေသည်ဟု အနေအထားညွှန်း ဆိုပြသနိုင်ပါသည်။ ရေရှည်တွင် ဒေသတွင်း ဌာနချုပ်များနှင့် R & D လုပ်ငန်းတာဝန်ကဲ့သို့ အဆင့် ပိုမိုမြင့်မားသော တန်ဖိုးမြှင့် လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံမှုတို့ကိုတိုးမြှင့်သွားပါမည်။



ကား‌ချပ် ၄-၂: ပို့ကုန်ဦးစားပေးလုပ်ငန်းများအဆင့်မြှင့်တင်ရေးဦးတည်ရာပြပုံချပ်

၄.၂.၂ ပို့ကုန်ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

(၁) ကာလတိုအခင်းအကျင်း

ကာလတိုရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအပိုင်း- အဝတ်အထည်နှင့် သားရေပစ္စည်းကဲ့သို့သောရှိပြီး ပို့ကုန် ဦးစားပေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမှာ ဆက်လက် တိုးချဲ့လာပါမည်။ လုပ်ခလစာနည်းပါးမှုကြောင့် ပို့ကုန်ဦးစားပေး ကဏ္ဍအသစ်များတွင် ရင်းနှီးမြှုပ်နှံမှုမှာလည်း တိုးလာပါမည်။

မြှင့်တင်ရေး ရည်မှန်းချက်- အဝတ်အထည်နှင့်အခြား လုပ်သား စွမ်းစိုက်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်တိုးမြှင့်သွားပါမည်။

ကနဦးစတင်၍ ကြီးမားစွာ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီ (anchor companies) မှ ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာ့ကုန် ပေးသွင်း ထောက်ပံ့ခြင်းကွင်းဆက်တွင် အစိတ်အပိုင်းများ ပံ့ပိုးသူများ၏ ရင်းနှီးမြှုပ်နှံမှုတို့အား မြှင့်တင်ခြင်းကို ဦးစားပေးသွားမည်ဖြစ်ပါသည်။

အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- အဝတ်အထည်၊ ဖိနပ်နှင့် အထွေထွေကုန်စည်များကဲ့သို့ လုပ်သားစွမ်းစိုက်ပို့ကုန်ကဏ္ဍများနှင့်ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တွင် လုပ်သားစွမ်းစိုက်ထုတ်လုပ်မှုတို့အား မြှင့်တင်ခြင်း။
- ပိုမိုမြင့်မားသည့် ထပ်ဆင့်တန်ဖိုး ပို့ကုန်ဦးစားပေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

- ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်တွင်တက်ကြွသည့် စက်ပစ္စည်းတပ်ဆင်သည့် အခြေကျပြီးသော ကြီးမားစွာ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ(anchorcompanies)မှရင်းနှီးမြှုပ်နှံမှုအားမြှင့်တင်ခြင်း။
- anchor ကုမ္ပဏီများသို့ ကုန်စည်ပံ့ပိုးပေးသည့် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။
- ပို့ကုန် ဦးစားပေးလုပ်ငန်းများ(နှင့် ပြည်တွင်းဈေးကွက် ဦးစားပေးလုပ်ငန်းများ)ကို ပံ့ပိုးသည့် ထောက်ပို့သယ်ယူမှုနှင့် စက်မှုဇုန်များအပါအဝင် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများအား ဤကဏ္ဍမှ ပံ့ပိုးပေးပါမည်။ ပိုမိုကျယ်ပြန့်သည့်ဒေသနှင့် ထောက်ပို့သယ်ယူဆောင်ရေးချိတ်ဆက်မှုကိုထပ်မံဖွံ့ဖြိုးသွားပါမည်။ တင်သွင်းလာသည့် သွင်းအားစုများကို အသုံးပြုသည့် ထိရောက်သော ပို့ကုန်ဦးစားပေး ထုတ်လုပ်မှုအတွက် bonded ကုန်လှောင်ရုံများနှင့် bonded စက်ရုံများကဲ့သို့ အကောက်ခွန်ကြိုးကြပ်မှုအောက်တွင်ရှိသည့် ဧရိယာများ လိုအပ်ပါသည်။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှု နယ်ပယ်- ရန်ကုန်နှင့် ၄င်း၏ အနီးဝန်းကျင်နယ်မြေများ၊ မန္တလေးနှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေများနှင့် ဒေသတွင်း ထုတ်လုပ်ရေး ဗဟိုဌာနများ

(၂) ကာလလတ်အခင်းအကျင်း

ကာလလတ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအပိုင်း- မြင့်မားသောထပ်ဆင့် တန်ဖိုးပို့ကုန်ဦးစားပေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်၏ အဓိကပါဝင်သူများမှရင်းနှီးမြှုပ်နှံမှုတို့ကိုအကောင်အထည်ဖော်သွားပါမည်။

မြှင့်တင်ရေး ရည်မှန်းချက်- ပိုမိုတန်ဖိုးမြင့်သော ထပ်ဆင့်တန်ဖိုး ပို့ကုန်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သွားပါမည်။ anchor ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို ဆက်တိုက်မြှင့်တင်သွားပါမည်။

အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- ကျွမ်းကျင်မှုစုစိုက် တပ်ဆင်ခြင်းနှင့် အရည်အသွေးမြင့် ကုန်ပစ္စည်းများကဲ့သို့သော ပိုမိုတန်ဖိုးမြင့်သော ထပ်ဆင့် တန်ဖိုးပို့ကုန် ထုတ်လုပ်

ရေးတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

- anchor ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- ကုန်ပုံပိုးပေးသည့် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- ပို့ကုန်ဦးစားပေးလုပ်ငန်းများ (နှင့် ပြည်တွင်းဈေးကွက် ဦးစားပေးလုပ်ငန်းများ)ကို ပံ့ပိုးသည့် ထောက်ပို့သယ်ယူမှုနှင့် စက်မှုဇုန်များအပါအဝင် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများအား ဤကဏ္ဍမှ ပံ့ပိုးပေးပါမည်။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ်- ရန်ကုန်နှင့် ၄င်း၏အနီးဝန်းကျင်နယ်မြေများ၊ မန္တလေးနှင့် ၎င်း၏အနီးဝန်းကျင်နယ်မြေများ၊
ဒေသတွင်းထုတ်လုပ်ရေး ဗဟိုဌာနများနှင့် ကမ်းရိုးတန်းစက်မှုနယ်မြေများ

(၃) ကာလရှည်အခင်းအကျင်း

ကာလရှည်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

ဖွံ့ဖြိုးမှုအဝိုင်း: မြင့်မားသော ထပ်ဆင့်တန်ဖိုး ပို့ကုန်ဦးစားပေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကမ္ဘာ့ကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက် ထပ်ဆောင်းဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုတို့ကို အကောင်အထည်ဖော်သွားပါမည်။

မြှင့်တင်ရေး ရည်မှန်းချက်- ပိုမိုမြင့်မားသော ထပ်ဆင့်တန်ဖိုး ပို့ကုန်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သွားပါမည်။ anchor ကုမ္ပဏီများမှ R&D တွင် ရင်းနှီးမြှုပ်နှံမှုကိုလည်း မြှင့်တင်သွားပါမည်။
အဓိကမြှင့်တင်မည့်နယ်ပယ်များ -

- တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်စည်များရရှိရန် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- R&D နှင့် ဒေသတွင်း ရုံးချုပ်များကဲ့သို့သော တန်ဖိုးမြင့် ထပ်ဆင့်တန်ဖိုးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- ပို့ကုန်ဦးစားပေးလုပ်ငန်းများ (နှင့် ပြည်တွင်းဈေးကွက် ဦးစားပေးလုပ်ငန်းများ)ကို ပံ့ပိုးသည့် ထောက်ပို့သယ်ယူမှုနှင့် စက်မှုဇုန်များအပါအဝင် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများအား

ဤကဏ္ဍမှ ပံ့ပိုးပေးပါမည်။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ်- ရန်ကုန်နှင့် ၎င်း၏အနီးဝန်းကျင် နယ်မြေများ၊ မန္တလေးနှင့် ၎င်း၏အနီးဝန်းကျင်နယ်မြေများ၊ဒေသတွင်းထုတ်လုပ်ရေး ဗဟို ဌာနများနှင့် ထားဝယ်SEZ အပါအဝင် ကမ်းရိုးတန်း စက်မှု နယ်မြေများ

ဇယား ၄-၁: ပို့ကုန်ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

ပို့ကုန်ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း			
	ကာလတို	ကာလလတ်	ကာလရှည်
ဖွံ့ဖြိုးမှု အဝိုင်း	အဝတ်အထည်နှင့် သားရေပစ္စည်း ကဲ့သို့သော ရှိပြီး ပို့ကုန် ဦးစားပေး လုပ်ငန်းများတွင် ရင်းနှီး မြှုပ်နှံမှုမှာ ဆက်လက် တိုးချဲ့လာပါမည်။ လုပ်ခလစာ နည်းပါးမှုကြောင့် ပို့ကုန် ဦးစားပေး ကဏ္ဍအသစ် များတွင် ရင်းနှီးမြှုပ်နှံမှုမှာလည်း တိုးလာပါမည်။	မြင့်မားသော ထပ်ဆင့်တန်ဖိုး ပို့ကုန်ဦးစားပေး ကဏ္ဍများ တွင် ရင်းနှီးမြှုပ်နှံ မှုနှင့် ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်၏ အဓိကပါဝင်သူ များမှ ရင်းနှီးမြှုပ်နှံမှု တို့ကို အကောင် အထည်ဖော်သွားပါမည်။	မြင့်မားသော ထပ်ဆင့် တန်ဖိုး ပို့ကုန်ဦးစားပေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံ မှုနှင့် ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက် ထပ်ဆောင်းဖွံ့ဖြိုးမှု အတွက် ရင်းနှီးမြှုပ်နှံမှု တို့ကို အကောင်အထည် ဖော်သွားပါမည်။
ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ရည်မှန်းချက်	အဝတ်အထည်နှင့် အခြားသော လုပ်သား စူးစိုက်ကဏ္ဍ များတွင် ရင်းနှီးမြှုပ်နှံမှုကို ဆက်လက်တိုးမြှင့် သွားပါမည်။ အကြီးစားပို့ကုန် ဦးစားပေး တပ်ဆင်သူများ (anchor companies)မှ ရင်းနှီးမြှုပ်နှံ မှုနှင့် ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်တွင် အစိတ်အပိုင်းများ ပံ့ပိုးသူ များ၏ ရင်းနှီးမြှုပ်နှံမှု တို့အား မြှင့်တင်ခြင်းကို ဦးစားပေး သွားမည်ဖြစ် ပါသည်။	ပိုမိုတန်ဖိုးမြင့်သော ထပ်ဆင့်တန်ဖိုး ပို့ကုန်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သွားပါမည်။ anchor ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို ဆက်တိုက်မြှင့်တင် သွားပါမည်။	ပိုမိုမြင့်မားသော ထပ်ဆင့်တန်ဖိုး ပို့ကုန်ကဏ္ဍများ တွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သွားပါမည်။ anchor ကုမ္ပဏီများမှ R&Dတွင် ရင်းနှီးမြှုပ်နှံမှု ကိုလည်း မြှင့်တင်သွားပါမည်။

	- အဝတ်အထည်၊ ဖိနပ်နှင့် အထွေထွေကုန်စည် များကဲ့သို့ လုပ်သားစူးစိုက် ပို့ကုန်ကဏ္ဍ များနှင့် ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်တွင် လုပ်သားစူးစိုက် ထုတ်လုပ်မှုတို့အား မြှင့်တင် ခြင်း - ပိုမိုမြင့်မားသည့် ထပ်ဆင့်တန်ဖိုး ပို့ကုန်ဦးစားပေးလုပ်ငန်း များတွင် ရင်းနှီးမြှုပ်နှံမှု အား မြှင့်တင်ခြင်း - ကမ္ဘာ့ကုန်ပေးသွင်း ထောက်ပံ့ ခြင်း ကွင်းဆက်တွင် တက်ကြွ သည့် စက်ပစ္စည်း တပ်ဆင်သည့် ကနဦးစတင်၍ ကြီးမားစွာ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ (anchor companies)မှ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင် ခြင်း - anchor ကုမ္ပဏီများသို့ ကုန်စည်ပံ့ပိုးပေးသည့် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများ အား မြှင့်တင်ခြင်း - ပို့ကုန်ဦးစားပေး လုပ်ငန်း များ (နှင့် ပြည်တွင်း ဈေးကွက် ဦးစား ပေးလုပ်ငန်းများ)ကို ပံ့ပိုးသည့် ထောက်ပို့ သယ်ယူမှုနှင့် စက်မှု ဇုန်များအပါအဝင် အခြေခံ အဆောက်အအုံများတွင် ရင်းနှီး မြှုပ်နှံမှုများအား ဤကဏ္ဍမှ ပံ့ပိုးပေးပါမည်။ ပိုမိုကျယ်ပြန့်သည့် ဒေသနှင့် ထောက်ပို့ သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုကို ထပ်မံဖွံ့ဖြိုး သွားပါမည်။ တင်သွင်းလာ သည့် သွင်းအားစုများကို အသုံးပြုသည့် ထိရောက် သော	-ကျွမ်းကျင်မှုစူးစိုက် တပ်ဆင် ခြင်းနှင့် အရည်အသွေးမြင့် ကုန်ပစ္စည်းများ ကဲ့သို့သော ပိုမိုတန်ဖိုးမြင့်သော ထပ်ဆင့် တန်ဖိုး ပို့ကုန်ထုတ်လုပ် ရေးတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့် တင်ခြင်း - anchor ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - ကုန်ပံ့ပိုးပေးသည့် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုအား မြှင့် တင်ခြင်း -ပို့ကုန်ဦးစားပေး လုပ်ငန်းများ (နှင့် ပြည်တွင်းဈေးကွက် ဦးစား ပေးလုပ်ငန်း များ)ကို ပံ့ပိုးသည့် ထောက်ပို့သယ်ယူ မှုနှင့် စက်မှု ဇုန်များ အပါအဝင် အခြေခံ အဆောက်အအုံ များတွင် ရင်းနှီး မြှုပ်နှံမှုများအား ဤကဏ္ဍမှ ပံ့ပိုးပေးပါမည်။	-တစ်ကမ္ဘာလုံးအတိုင်း အတာဖြင့် ယှဉ်ပြိုင်နိုင် စွမ်းရှိသော ကုန်စည်များ ရရှိရန် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း -R&D နှင့် ဒေသတွင်း ရုံးချုပ်များ ကဲ့သို့သော တန်ဖိုးမြင့် ထပ်ဆင့်တန်ဖိုး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံ မှုအား မြှင့်တင် ခြင်း - ပို့ကုန်ဦးစားပေး လုပ်ငန်းများ (နှင့် ပြည်တွင်းဈေးကွက် ဦးစား ပေးလုပ်ငန်းများ)ကို ပံ့ပိုးသည့် ထောက်ပို့သယ်ယူ မှုနှင့် စက်မှုဇုန်များ အပါအဝင် အခြေခံ အဆောက်အအုံများတွင် ရင်းနှီး မြှုပ်နှံမှုများအား ဤကဏ္ဍမှ ပံ့ပိုးပေးပါမည်။

	ပို့ကုန်ဦးစားပေး ထုတ်လုပ်မှုအတွက် bonded ကုန်လှောင်ရုံ များနှင့် bonded စက်ရုံများကဲ့သို့ အကောက်ခွန် ကြီးကြပ်မှု အောက်တွင်ရှိသည့် ဧရိယာများ လိုအပ်ပါ သည်။		
ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ်	ရန်ကုန်နှင့် ၄င်း၏ အနီးဝန်းကျင်နယ်မြေ များ၊ မန္တလေးနှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေများနှင့် ဒေသတွင်း ထုတ်လုပ်ရေး ဗဟိုဌာနများ	ရန်ကုန်နှင့် ၄င်း၏ အနီးဝန်းကျင်နယ်မြေများ၊ မန္တလေးနှင့် ၄င်း၏ အနီးဝန်းကျင်နယ်မြေများ၊ ဒေသတွင်း ထုတ်လုပ်ရေး ဗဟိုဌာနများနှင့် ကမ်းရိုးတန်းစက်မှု နယ်မြေ များ	ရန်ကုန်နှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေများ၊ မန္တလေးနှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေများ၊ ဒေသတွင်း ထုတ်လုပ်ရေး ဗဟို ဌာနများနှင့် ထားဝယ်SEZ အပါအဝင် ကမ်းရိုးတန်း စက်မှုနယ်မြေ များ

၄.၃ ပြည်တွင်းစျေးကွက်ဦးစားပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအပိုင်း

၄.၃.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက်

(၁) လုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤအမျိုးအစားတွင် မြန်မာစားသုံးသူများ နှင့်/သို့မဟုတ် ကုမ္ပဏီများသို့ ကုန်စည်များနှင့် ဝန်ဆောင်မှု များ ပံ့ပိုးပေးသည့်ကဏ္ဍများ ပါဝင်ပါသည်။ ထို့ကြောင့် ကုန်စည်များနှင့် ဝန်ဆောင်မှုများတွင် စားသုံး သူနှင့် စက်မှုကုန်စည်များ ပါဝင်ပါသည်။ အခြေခံ အဆောက်အအုံလုပ်ငန်းများမှာ အမျိုးသား စီးပွားရေး ၏ အခြေခံကျသည့် အထောက်အပံ့များနှင့် ဝန်ဆောင်မှုများနှင့် ပြည်တွင်းအသုံးပြုသူများထံ ပံ့ပိုးပေး သဖြင့် ပြည်တွင်းစျေးကွက် ဦးစားပေးလုပ်ငန်းများအတွက်လည်း အရေးပါသည့် ကဏ္ဍတစ်ရပ် ဖြစ်ပါ သည်။

(၂) လုပ်ငန်းများ၏ လက်ရှိအခြေအနေ

ဤအမျိုးအစားတွင် မကြာသေးမီက ရင်းနှီးမြှုပ်နှံလာကြသည့် အဓိကကဏ္ဍများမှ အစားအသောက်၊ အဖျော်ယမကာ၊ စားသုံးသူများအတွက် နေ့စဉ်သုံးကုန်စည်များနှင့် ဝန်ဆောင်မှုအမျိုးမျိုး၊ ဆောက်လုပ် ရေးသုံးပစ္စည်းများ၊ စက်မှုဆိုင်ရာစက်ပစ္စည်းနှင့် တန်ဆာပလာများနှင့် စက်မှုလုပ်ငန်းသုံးအပိုပစ္စည်း၊ အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများ ဖြစ်ကြပါသည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများနှင့် နှိုင်းယှဉ်ကြည့်လျှင် FDI ၏ ကုန်စည်လမ်းကြောင်းသည် ပိုမို အဆင့်မြင့်သည့် နည်းပညာဘက်ဆီသို့ သွားနေသောကြောင့် သွင်းကုန်ကို အစားထိုးလာပါသည်။ အချို့သော ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ကုန်စည်များကို ပြည်တွင်းဈေးကွက်တွင် ရောင်းချသည့်အပြင် ပြည်ပဈေးကွက်များသို့ သင်္ဘောတင်ပို့ကြပါသည်။

လက်ရှိအချိန်၌ အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုမှာ လုပ်ငန်းများ၏ လိုအပ်ချက်ကို မဖြည့်ဆည်းပေးနိုင်သဖြင့် မြန်မာတစ်နိုင်ငံလုံး၏ ကုန်ထုတ်စွမ်းအား၏ အဟန့်အတားတစ်ရပ်ဖြစ် နေပါသည်။

(၃) ရင်းနှီးမြှုပ်နှံမှု၏ ဖွံ့ဖြိုးမှုအပိုင်း

တိုးမြင့်လာသော ဝင်ငွေအဆင့်များ၊ ပိုမိုအဆင့်မြင့်လာသော စားသုံးသူများနှင့် တိုးတက်လာသည့် နည်းပညာအဆင့်များနှင့်အညီ ကုန်စည်နှင့် ဝန်ဆောင်မှုများ တိုးတက်လာသဖြင့် ဤအမျိုးအစားတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့သွားရပါမည်။

ပြည်တွင်းဈေးကွက်ဦးစားပေးကုမ္ပဏီများမှ ၎င်းတို့၏ နည်းပညာကို တိုးမြှင့်ပြီး စီးပွားဖြစ် တွက်ခြေကိုက် ထုတ်လုပ်လာနိုင်လျှင် ၎င်းကုမ္ပဏီများ၏ အရေအတွက် တိုးလာခြင်းသည် ပို့ကုန် တင်ပို့သူများ အဖြစ်သို့ ဖွံ့ဖြိုးလာနိုင်ပါသည်။

စီးပွားရေး၏ ကုန်ထုတ်စွမ်းအားကို တိုးမြှင့်ရန်နှင့် စက်မှုအခြေခံအုတ်မြစ် တည်ဆောက်ရန် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးမြှင့်ရပါမည်။



ကားချပ် ၄-၃: ပြည်တွင်းဈေးကွက်ဦးစားပေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုဦးတည်ရာပြပုံချပ်

၄.၃.၂ ပြည်တွင်းစျေးကွက်ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

(၁) ကာလတိုအခင်းအကျင်း

ကာလတိုရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအပိုင်း - ကဏ္ဍအားလုံးတို့တွင် အခြေခံကုန်စည်များနှင့် ဝန်ဆောင်မှုများမှအစပြု၍ စားသုံးသူနှင့် စက်မှုကုန်ပစ္စည်းများကို သွင်းကုန် အစားထိုးမှု မြှင့်တင်ရန်နှင့် မလုံလောက်သည့် ပြည်တွင်းကုန် ထောက်ပံ့မှုကို ကာမိစေရန် ရင်းနှီးမြှုပ်နှံမှုအား ဆက်လက် ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားပါမည်။ အခြေခံအဆောက် အအုံတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို သမာရိုးကျ စီးပွားရေး လုပ်ငန်း အစီအမံများနှင့် ဆက်လက် ဆောင်ရွက်သွားပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - စျေးကွက်၏ အပိုင်းအားလုံးကို ကာမိရန် ပြည်တွင်းစျေးကွက် ဦးစားပေး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအား မြှင့်တင်သွားပါမည်။ အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- ပြည်တွင်းစျေးကွက်သို့ ကုန်ပံ့ပိုးမှုကို တိုးမြှင့်ရန် အခြေခံ ကုန်စည်များနှင့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- စက်ပစ္စည်းနှင့် သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများကဲ့သို့သော အကြီးစားတပ်ဆင်သူများမှ ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။
- ကွင်းဆက်လုပ်ငန်းများမှရင်းနှီးမြှုပ်နှံမှုများအားမြှင့်တင်ခြင်း။
- ICT၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုဇုန်များ/ SEZ များကဲ့သို့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးတွင်ရင်းနှီးမြှုပ်နှံမှုများအားမြှင့်တင်ခြင်း။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ရန်ကုန်၊ မန္တလေးနှင့် အခြားဈေးကွက်များနှင့် ၄င်းတို့၏အနီးဝန်းကျင်နယ်မြေများနှင့် အခြားအဓိကဈေးကွက်များ။ အချို့သော ပြည်တွင်းဈေးကွက် ဦးစားပေးလုပ်ငန်းများသည် ထုတ်လုပ်မှုစရိတ် နည်းသောနေရာများတွင် သို့တည်းမဟုတ် ကုန်သွယ်မှုအချက်အချာနေရာနားတွင် တည်ရှိပါမည်။

(၂) ကာလလတ်အခင်းအကျင်း

ကာလလတ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအဝိုင်း - စားသုံးသူများအတွက် အလယ်အလတ်မှ အဆင့်မြင့် ကုန်စည်များနှင့် စက်မှုအသုံးပြုရန်အတွက် ပိုမို နည်းပညာ စူးစိုက် ကုန်စည်များ ထုတ်လုပ်ရေးသို့ အဆင့်မြှင့်တင်ရန် အကောင်အထည်ဖော်သွားပါမည်။ ပြည်တွင်းမှ ကုန်ထောက်ပံ့သူများ မဆောင်ရွက်သေးသည့် သို့မဟုတ် အားနည်းသည့် နယ်ပယ်များသို့လည်း အခြားရင်းနှီးမြှုပ်နှံမှုများကို လမ်းကြောင်းပေးသွားပါမည်။ အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုကို PPP အစီအမံ ပြင်ဆင်ခြင်းနှင့် ထပ်ဆောင်းဆောင်ရွက်သွားပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - ပိုမို အရည်အသွေးမြင့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတို့တွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ပါမည်။ အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- ကုန်စည်နှင့် ဝန်ဆောင်မှုများအား အဆင့်မြှင့်တင်ခြင်းသို့မဟုတ် အသစ်ထုတ်လုပ်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။
- စက်ပစ္စည်းနှင့် သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာများ ထုတ်လုပ်ရေးကဲ့သို့ အကြီးစား တပ်ဆင်သူများမှ ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။

- ကွင်းဆက်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။
- ICT၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုဇုန်များ/ SEZ များကဲ့သို့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။
- ကုန်ကြမ်း၊ အပိုပစ္စည်းနှင့် အစိတ်အပိုင်းများကဲ့သို့သော ထုတ်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ရန်ကုန်၊ မန္တလေးနှင့် အခြားဈေးကွက်များနှင့် ၄င်းတို့၏ အနီးဝန်းကျင်နယ်မြေများ၊ ဒေသတွင်း ထုတ်လုပ်ရေးဗဟိုဌာနများနှင့် ကမ်းရိုးတန်း စက်မှုနယ်မြေများ

(၃) ကာလရှည်အခင်းအကျင်း

ကာလရှည်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအဝိုင်း - အရည်အသွေးမြင့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် မြန်မာနိုင်ငံ၏ အမှတ်တံဆိပ်များတည်ထောင်ရေးတို့ကို အကောင်အထည်ဖော်သွားပါမည်။ အခြေခံအဆောက်အအုံ၏ အဆင့်သည် လက်ရှိအဆင့်မြင့် အာဆီယံနိုင်ငံများအဆင့်နှင့်လိုက်မီရပါမည်။ ဤအဆင့်တွင် အဆင့်မြင့်ကဏ္ဍများနှင့် အကြီးစားနှင့် ဓာတုပစ္စည်းလုပ်ငန်းများ ပေါ်ထွန်းလာပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - ယှဉ်ပြိုင်နိုင်သည့် အဆင့်မြင့်ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်းကို မြှင့်တင်ပါမည်။ အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- ကမ္ဘာလုံးအတိုင်းအတာဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်စည်များ ရရှိရန် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

- ပိုမိုအဆင့်မြင့်သော ထပ်ဆင့်တန်ဖိုးအတွက် အဆင့်မြင့် နည်းပညာ လုပ်ငန်းများ ရှေ့ရောက်ရေး ရင်းနှီးမြှုပ်နှံမှုအား မြင့်တင်ခြင်း။ Anchorကုမ္ပဏီမှ R&D ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ရန်ကုန်၊ မန္တလေးနှင့် အခြားဈေးကွက်များနှင့် ၄င်းတို့၏ အနီးဝန်းကျင်နယ်မြေများ၊ ဒေသတွင်း ထုတ်လုပ်ရေး ဗဟိုဌာနများနှင့် ထားဝယ် အထူးစီးပွားရေးဇုန် အပါအဝင် ကမ်းရိုးတန်း စက်မှုနယ်မြေများ

ဇယား ၄-၂: ပြည်တွင်းဈေးကွက်ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

ပြည်တွင်းဈေးကွက်ဦးစားပေးလုပ်ငန်းများဖွံ့ဖြိုးမှုအတွက် အခင်းအကျင်း			
	ကာလတို	ကာလလတ်	ကာလရှည်
ဖွံ့ဖြိုးမှုအပိုင်း	ကဏ္ဍအားလုံးတို့တွင် အခြေခံကုန်စည်များနှင့် ဝန်ဆောင်မှုများမှ အစပြု၍ စားသုံးသူနှင့် စက်မှုကုန်ပစ္စည်းများကို သွင်းကုန်အစားထိုးမှု မြှင့်တင်ရန်နှင့် မလုံလောက်သည့် ပြည်တွင်းကုန်ထောက်ပံ့မှုကို ကာမိစေရန် ရင်းနှီးမြှုပ်နှံမှုအား ဆက်လက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားပါမည်။ အခြေခံအဆောက်အအုံတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို သမားရိုးကျ စီးပွားရေး လုပ်ငန်း အစီအမံများနှင့် ဆက်လက် ဆောင်ရွက်သွားပါမည်။	စားသုံးသူများအတွက် အလယ်အလတ်မှ အဆင့်မြင့် ကုန်စည်များနှင့် စက်မှု အသုံးပြုရန်အတွက် ပိုမိုနည်းပညာ စူးစိုက် ကုန်စည်များ ထုတ်လုပ်ရေးသို့ အဆင့်မြှင့်တင်ရန် အကောင်အထည်ဖော် သွားပါမည်။ ပြည်တွင်းမှ ကုန်ထောက်ပံ့သူများ မဆောင်ရွက်သေးသည့် သို့မဟုတ် အားနည်းသည့် နယ်ပယ်များသို့လည်း အခြားရင်းနှီးမြှုပ်နှံမှု များကို လမ်းကြောင်းပေးသွားပါမည်။ အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုကို PPP အစီအမံ ပြင်ဆင်ခြင်းနှင့် ထပ်ဆောင်းဆောင်ရွက်သွားပါမည်။	အရည်အသွေးမြင့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် မြန်မာ အမှတ်တံဆိပ်များ တည်ထောင်ရေးတို့ကို အကောင်အထည်ဖော် သွားပါမည်။ အခြေခံအဆောက်အအုံ၏ အဆင့်သည် လက်ရှိ အဆင့်မြင့် အာဆီယံနိုင်ငံများ အဆင့်နှင့် လိုက်မီရပါမည်။ ဤအဆင့်တွင် အဆင့်မြင့်ကဏ္ဍများနှင့် အကြီးစားနှင့် ဓာတု ပစ္စည်းလုပ်ငန်းများ ပေါ်ထွန်းလာပါမည်။
မြှင့်တင်ရေး ရည်မှန်းချက်	ဈေးကွက်၏ အပိုင်းအားလုံးကို ကာမိရန် ပြည်တွင်း ဈေးကွက်ဦးစားပေး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအား မြှင့်တင်သွားပါမည်။	ပိုမိုအရည်အသွေးမြင့် ကုန်စည်များထုတ်လုပ်ရေးနှင့် အခြေခံ အဆောက်အအုံတို့တွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ပါမည်။	ယှဉ်ပြိုင်နိုင်သည့် အဆင့်မြင့် ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်းကို မြှင့်တင်ပါမည်။

မြှင့်တင်ရေး ရည်မှန်းချက်	- ပြည်တွင်းဈေးကွက်သို့ ကုန်ပုံပိုးမှုကို တိုးမြှင့်ရန် အခြေခံ ကုန်စည်များနှင့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - စက်ပစ္စည်းနှင့် သယ်ယူ ပို့ဆောင်ရေး ပစ္စည်း ကိရိယာများ ကဲ့သို့သော အကြီးစား တပ်ဆင်သူ များမှ ရင်းနှီးမြှုပ်နှံမှု များအား မြှင့်တင်ခြင်း -ကွင်းဆက်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း - ICT၊ လျှပ်စစ်၊ သယ်ယူ ပို့ဆောင်ရေးနှင့် စက်မှု ဇုန်များ/ SEZများကဲ့သို့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း	- ကုန်စည်နှင့် ဝန်ဆောင်မှု များအား အဆင့်မြှင့်တင်ခြင်း သို့မဟုတ် အသစ်ထုတ်လုပ် ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံ မှုများအား မြှင့်တင်ခြင်း - စက်ပစ္စည်းနှင့် သယ်ယူ ပို့ဆောင်ရေး ပစ္စည်း ကိရိယာများ ထုတ်လုပ်ရေး ကဲ့သို့ အကြီးစား တပ်ဆင်သူ များမှ ရင်းနှီးမြှုပ်နှံမှုများ အား မြှင့်တင်ခြင်း - ကွင်းဆက်လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း - ICT၊ လျှပ်စစ်၊ သယ်ယူ ပို့ဆောင်ရေးနှင့် စက်မှု ဇုန်များ/ SEZများကဲ့သို့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှု များအား မြှင့်တင်ခြင်း - ကုန်ကြမ်း၊ အပိုပစ္စည်းနှင့် အစိတ်အပိုင်းများကဲ့သို့သော ထုတ်လုပ်ရေးလုပ်ငန်းများ တွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း	- ကမ္ဘာလုံးအတိုင်း အတာဖြင့် ယှဉ်ပြိုင်နိုင် စွမ်းရှိသော ကုန်စည်များ ရရှိရန် ရင်းနှီးမြှုပ်နှံ မှုအား မြှင့်တင်ခြင်း - ပိုမိုအဆင့်မြင့်သော ထပ်ဆင့်တန်ဖိုးအတွက် အဆင့်မြင့်နည်းပညာ လုပ်ငန်းများ ရှေ့ရောက် ရေး ရင်းနှီးမြှုပ်နှံမှုအား မြင့်တင်ခြင်း။ Anchor ကုမ္ပဏီမှ R&D ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း
ဆက်စပ်သည့်ရင်းနှီး မြှုပ်နှံမှုနယ်ပယ်	ရန်ကုန်၊ မန္တလေးနှင့် အခြားဈေးကွက်များနှင့် ၄င်းတို့၏ အနီးဝန်းကျင် နယ်မြေများနှင့် အခြား အဓိက ဈေးကွက်များ။ အချို့သော ပြည်တွင်း ဈေးကွက် ဦးစားပေး လုပ်ငန်းများသည် ထုတ်လုပ်မှုစရိတ် နည်းသော နေရာများတွင် သို့တည်းမဟုတ် ကုန်သွယ်မှု အချက်အချာ နေရာနားတွင် တည်ရှိပါမည်။	ရန်ကုန်၊ မန္တလေးနှင့် အခြားဈေးကွက်များနှင့် ၄င်းတို့၏ အနီးဝန်းကျင် နယ်မြေများ၊ ဒေသတွင်း ထုတ်လုပ်ရေး ဗဟိုဌာနများနှင့် ကမ်းရိုးတန်း စက်မှုနယ်မြေများ	ရန်ကုန်၊ မန္တလေးနှင့် အခြားဈေးကွက်များနှင့် ၄င်းတို့၏ အနီးဝန်းကျင် နယ်မြေများ၊ ဒေသတွင်း ထုတ်လုပ်ရေးဗဟို ဌာနများနှင့် ထားဝယ်SEZ အပါအဝင် ကမ်းရိုးတန်း စက်မှုနယ်မြေများ

၄.၄ ရင်းမြစ်အခြေပြုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအပိုင်း

၄.၄.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက်

(၁) လုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤလုပ်ငန်းတွင် သဘာဝသယံဇာတရင်းမြစ်များကို တူးဖော်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် သို့မဟုတ် ထုတ်လုပ်ရေး ကဏ္ဍများ ပါဝင်ပါသည်။

(၂) လုပ်ငန်းများ၏ လက်ရှိအခြေအနေ

ဤအမျိုးအစားတွင် လက်ရှိရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ရရှိနိုင်မည့် အဓိကလုပ်ငန်း ကဏ္ဍများမှာ စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းမှာ (ပန်းမန်စိုက်ပျိုးခြင်း၊ ရာဘာနှင့် ဆီအုန်း စိုက်ပျိုးခြင်း၊ ကြက်ဘဲမွေးမြူခြင်း၊ ရေထွက်ပစ္စည်း၊ လက်ဖက်ရည်၊ ကော်ဖီစသည်)၊ အစားအသောက်နှင့် အဖျော်ယမကာထုတ်လုပ်မှု၊ သစ်ထွက်ကုန် စသည်တို့ ဖြစ်ကြပါသည်။ ထုတ်ကုန်သည် ပြည်တွင်းနှင့် ပို့ကုန်ဈေးကွက်နှစ်ရပ်လုံးဆီသို့ ဦးတည်ပါသည်။ ဤအမျိုးအစားတွင် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် အခြားသော တွင်းထွက်ရင်းမြစ်များ တူးဖော်ခြင်းမှာ အခြေခံလုပ်ငန်းများဖြစ်သော်လည်း လက်ရှိဥပဒေဆိုင်ရာ မူဘောင်နှင့် လုပ်ထုံးလုပ်နည်းများအရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့် လုပ်ငန်းကဏ္ဍများတွင်မူ ထည့်သွင်းညွှန်းဆိုထားခြင်း မရှိပါ။

မြေဩဇာနှင့် စိုက်ပျိုးရေး စက်ပစ္စည်းကဲ့သို့သော စက်မှုသွင်းအားစုများ ထုတ်လုပ်မှုနည်းပညာတို့မှာ ဤကဏ္ဍအတွက် အဓိက အတားအဆီးများဖြစ်ကြပါသည်။

(၃) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဖွံ့ဖြိုးမှုနည်းလမ်း

ဤအမျိုးအစားတွင် ရင်းနှီးမြှုပ်နှံမှုများအား (၁) အဆင့်မြင့်တန်ဖိုးမြင့် ကုန်ပစ္စည်းများ တိုးမြှင့်ပြုလုပ်ခြင်း၊ (၂) ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်တွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်ခြင်းနှင့် (၃) စက်မှုအစုအဖွဲ့/ပေါင်းစည်းခြင်းများ ဖန်တီးခြင်းတို့ဖြင့် ပိုမိုထိရောက်စေရန် မျှော်မှန်းထားပါသည်။ ဤကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ရေးသည် စက်မှုလုပ်ငန်း သွင်းအားစု၏ ပြည်တွင်းကုန်ပံ့ပိုးပေးသူများ ဖွံ့ဖြိုးမှုနှင့် နည်းပညာတိုးတက်မှုတို့မှလည်း ပံ့ပိုးပေးရန် လိုအပ်ပါသည်။



ကားချပ် ၄-၄: ရင်းမြစ်အခြေပြုလုပ်ငန်းများ အဆင့်မြှင့်တင်ရေးအတွက် အချိန်ကာလ

၄.၄.၂ ရင်းမြစ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

(၁) ကာလတိုအခင်းအကျင်း

ကာလတိုရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအဝိုင်း - ရင်းနှီးမြှုပ်နှံမှုမှ ရင်းမြစ်အခြေပြု ကုန်စည်များ၏ လက်ရှိ ထုတ်လုပ်မှုချဲ့ထွင်ရေးကို အကောင်အထည်ဖော်ပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - စိုက်ပျိုးရေး၊ စားသောက်ကုန် ထုတ်လုပ်ရေး၊ သစ်ပစ္စည်းများ၊ ကြွေပစ္စည်းများ စသည့်ရှိပြီး ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သွားပါမည်။

အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- လက်ရှိရင်းမြစ် အခြေပြုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအား ဆက်လက် မြှင့်တင်ခြင်း။
- တန်ဖိုးကြီးကုန်သည်များအတွက် တန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- စက်မှုသွင်းအားစုနှင့် ကုန်ကြမ်းပြုပြင်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- စိုက်ပျိုးရေးစက်ပစ္စည်း၊ ပြုပြင်ထုတ်လုပ်ရေး စက်ရုံများ၊ မြေဩဇာ စသည် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ကုန်စည်များနှင့်သွင်းအားစုထုတ်လုပ်ရေး (ပြည်တွင်းစျေးကွက်ဦးစားပေး လုပ်ငန်းများ) တွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုးပေးမည်ဖြစ်ပါသည်။
- ဆည်မြောင်းနှင့် ထောက်ပို့သယ်ယူ ပို့ဆောင်ရေး (ပြည်တွင်းစျေးကွက်ဦးစားပေးလုပ်ငန်းများ) ကဲ့သို့သော ဆက်စပ်နေသည့် အခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုးပေးမည်ဖြစ်ပါသည်။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ရင်းနှီးမြှုပ်နှံမှု အများစုမှာ ဒေသတွင်း ထုတ်လုပ်ရေး

ဗဟိုဌာနများတွင် ရှိသွားမည်ဖြစ်ပါသည်။ ရန်ကုန်နှင့် မန္တလေးတို့မှာ ဆက်လက်ထုတ်လုပ်မည့် ကဏ္ဍများ၏ အဓိကတည်နေရာများဖြစ်ကြပါသည်။

(၂) ကာလလတ်အခင်းအကျင်း

ကာလလတ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ဖွံ့ဖြိုးမှုအဝိုင်း - ဆက်စပ်ကဏ္ဍများ၏ ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်များတွင် ရင်းနှီးမြှုပ်နှံမှုမှ ထုတ်လုပ်ရေး ချဲ့ထွင်ခြင်းနှင့် ပါဝင်မှုမြင့်သည့် တန်ဖိုးမြှင့် ပြုလုပ်ခြင်းတို့ကို အကောင်အထည်ဖော်သွားပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - ရှိပြီးထုတ်လုပ်မှုအား တိုးချဲ့ခြင်း၊ အပြီးသတ် ကုန်စည်ထုတ်လုပ်မှုမတိုင်မီတပိုင်းတစကုန်စည်များ ထုတ်လုပ်ခြင်း၊ ရေဆန်ထုတ်လုပ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဖြန့်ဖြူးသည့် ရေစုန်လုပ်ငန်းစဉ် ကဲ့သို့သော ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်တလျှောက်ရှိ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ပါမည်။ ဓာတ်သတ္တု အခြေပြု ကုန်သည်များ၏ အဆင့်မြင့်တန်ဖိုးမြှင့်စက်မှု ကုန်ထုတ်လုပ်မှုကိုမြှင့်တင်သွားပါမည်။ အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- ရှိပြီး ထုတ်လုပ်မှုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- ပါဝင်မှုမြင့်သည့် တန်ဖိုးမြှင့် ထုတ်လုပ်မှုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- ကုန်ကြမ်းပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်းနှင့် စက်မှုသွင်းအားစုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်အတွက် upstream နှင့် downstream တို့၌ ရင်းနှီးမြှုပ်နှံမှု

အားမြှင့်တင်ခြင်း။

- ဓာတ်သတ္တု သန့်စင်ခြင်းနှင့် သတ္တုအရည်ကြိုခြင်း တို့၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- စိုက်ပျိုးရေးစက်ပစ္စည်း၊ ပြုပြင် ထုတ်လုပ်ရေး စက်ရုံများ ကဲ့သို့သော လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ကုန်စည်များ ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုးပေးမည်ဖြစ်ပါသည်။
- ဆည်မြောင်းနှင့် ထောက်ပို့သယ်ယူ ပို့ဆောင်ရေး ကဲ့သို့သော ဆက်စပ်နေသည့် အခြေခံအဆောက် အအုံများတွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုး ပေးမည်ဖြစ်ပါသည်။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ကွင်းဆက်လုပ်ငန်းများ အပါအဝင် ဒေသတွင်းထုတ် လုပ်မှုအချက်အချာများတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့ သွားပါမည်။

(၃) ကာလရှည်အခင်းအကျင်း

ကာလရှည်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအဝိုင်း - ရင်းနှီးမြှုပ်နှံမှုမှ ထုတ်လုပ်ရေး ချဲ့ထွင်ခြင်းနှင့် အဆင့်မြင့် တန်ဖိုးမြင့် ကုန်စည်များ ပိုမိုပြုလုပ်ခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားပြီး၊ လုပ်ငန်းများပေါင်း စည်းခြင်းနှင့် စက်မှုအစုအဖွဲ့များ ဖန်တီးခြင်းတို့ကို အကောင်အထည်ဖော်သွားပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - ရင်းနှီးမြှုပ်နှံမှုကို ထပ်ဆောင်းပံ့ပိုးပေးသည့် စက်မှုအစု အဖွဲ့များ ဖန်တီးရန် ရင်းနှီးမြှုပ်နှံမှုများကို အလယ် အလတ်အဆင့်၌ ဆက်လက် မြှင့်တင်သွားပါမည်။ တွင်းထွက် အခြေခံ ထုတ်လုပ်မှုအတွက် ပါဝင်မှုမြင့် သည့် တန်ဖိုးမြင့် စက်မှုကုန်ထုတ်လုပ်မှုအား မြှင့်တင် သွားပါမည်။ အဓိက မြှင့်တင်မည့်နယ်ပယ်များ -

- ကာလလတ်အဆင့်၌ ရှိသည့် စက်မှုဆိုင်ရာ အပြန်

အလှန် ဆက်သွယ် ပေါင်းစည်းခြင်းနှင့် အဆင့်မြင့် တန်ဖိုးမြှင့် ထုတ်လုပ်မှုတို့အား တိုးချဲ့ရန် ရင်းနှီး မြှုပ်နှံမှုအား မြှင့်တင်ခြင်း။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ဒေသတွင်း ထုတ်လုပ်မှု အချက်အချာများတွင် စက်မှု ဆိုင်ရာ အပြန်အလှန် ဆက်သွယ် ပေါင်းစည်းခြင်း အတွက် ရင်းနှီးမြှုပ်နှံမှုကို အကောင်အထည်ဖော်သွား ပါမည်။

ဇယား ၄-၃: ရင်းမြစ်အခြေပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

ရင်းမြစ်အခြေပြုလုပ်ငန်းများဖွံ့ဖြိုးမှုအတွက် အခင်းအကျင်း			
	ကာလတို	ကာလလတ်	ကာလရှည်
ဖွံ့ဖြိုးမှုအဝိုင်း	ရင်းမြစ် အခြေပြုကုန်စည်များ၏ လက်ရှိ ထုတ်လုပ်မှုများ၏ ရင်းနှီးမြှုပ်နှံမှု ချဲ့ထွင်ရေးကို အကောင်အထည်ဖော်ပါမည်။	ဆက်စပ်ကဏ္ဍများ၏ ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်များတွင် ရင်းနှီးမြှုပ်နှံမှု ချဲ့ထွင်ခြင်းနှင့် ပါဝင်မှု မြင့်သည့် တန်ဖိုးမြှင့် ပြုလုပ်ခြင်းတို့ကို အကောင်အထည် ဖော်သွားပါမည်။.	ရင်းနှီးမြှုပ်နှံမှုမှ ထုတ်လုပ်ရေး ချဲ့ထွင်ခြင်းနှင့် ပါဝင်မှု မြင့်သည့် တန်ဖိုးမြှင့် ပြုလုပ်ခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားပြီး၊ လုပ်ငန်းများ ပေါင်းစည်းခြင်းနှင့် စက်မှုအစုအဖွဲ့များ ဖန်တီးခြင်းတို့ကို အကောင်အထည်ဖော်သွားပါမည်။
မြှင့်တင်ရေး ရည်မှန်းချက်	စိုက်ပျိုးရေး၊ စားသောက် ကုန်ထုတ်လုပ်ရေး၊ သစ်အခြေခံ ပစ္စည်းများ၊ ကြွေထည်ပစ္စည်း များစသည့် ကုန်စည်များ၏ လက်ရှိ ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်သွား ပါမည်။	ရှိပြီးထုတ်လုပ်မှု၏ တိုးချဲ့မှု အပြင် upstream နှင့် downstream ထုတ်လုပ်မှု အတွက် ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်တွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင် ပါမည်။ ဓာတ်သတ္တု အခြေပြု ထုတ်လုပ်မှုအတွက် အဆင့်မြင့် တန်ဖိုးမြှင့်စက်မှု ကုန်ထုတ် လုပ်မှုကို မြှင့်တင်သွားပါမည်။	ရင်းနှီးမြှုပ်နှံမှုကို ထပ် ဆောင်း ပံ့ပိုးပေးသည့် စက်မှုအစုအဖွဲ့များ ဖန်တီး ရန် ရင်းနှီးမြှုပ်နှံမှုများကို အလယ်အလတ်အဆင့်၌ ဆက်လက်မြှင့်တင်သွား ပါမည်။ ဓာတ်သတ္တု အခြေခံ ထုတ်လုပ်မှုအတွက် ပါဝင်မှု မြင့်သည့် တန်ဖိုးမြှင့် စက်မှု ကုန်ထုတ်လုပ်မှုအားမြှင့်တင် သွားပါမည်။
မြှင့်တင်ရေး ရည်မှန်းချက်	- ရှိပြီး ရင်းမြစ်အခြေပြု ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု အား ဆက်လက်မြှင့်တင်ခြင်း - ပါဝင်မှုမြင့်သည့် တန်ဖိုးမြှင့်	- ရှိပြီး ထုတ်လုပ်မှုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင် ခြင်း	- ကာလလတ်အဆင့်၌ ရှိသည့် စက်မှုဆိုင်ရာ အပြန်အလှန် ဆက်သွယ် ပေါင်းစည်းခြင်းနှင့် ပါဝင်မှု

	ကုန်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - စက်မှုသွင်းအားစုနှင့် ကုန်ကြမ်းပြုပြင်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - စိုက်ပျိုးရေးစက်ပစ္စည်း၊ ပြုပြင်ထုတ်လုပ်ရေးစက်ရုံများ၊ မြေဩဇာစသည် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ကုန်စည်များနှင့် သွင်းအားစုထုတ်လုပ်ရေး (ပြည်တွင်းဈေးကွက် ဦးစားပေး လုပ်ငန်းများ) တွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုးပေးမည်ဖြစ်ပါသည်။ - ဆည်မြောင်းနှင့် ထောက်ပို့သယ်ယူ ပို့ဆောင်ရေး (ပြည်တွင်း ဈေးကွက် ဦးစားပေး လုပ်ငန်းများ) ကဲ့သို့သော ဆက်စပ်နေသည့် အခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုးပေးမည်ဖြစ်ပါသည်။	- ပါဝင်မှုမြင့်သည့် တန်ဖိုးမြင့် ထုတ်လုပ်မှုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - ကုန်ကြမ်း ပြုပြင် ထုတ်လုပ်ခြင်းနှင့် စက်မှုသွင်းအားစုများ၌ ရင်းနှီး မြှုပ်နှံမှုအား မြှင့်တင်ခြင်း -ကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက်အတွက် upstream နှင့် downstreamတို့၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - တွင်းထွက်ပစ္စည်း သန့်စင်ခြင်းနှင့် သတ္ထုအရည်ကြိုခြင်း တို့၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - စိုက်ပျိုးရေးစက်ပစ္စည်း၊ ပြုပြင်ထုတ်လုပ်ရေး စက်ရုံများ ကဲ့သို့ သော လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု ကုန်စည်များ ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုးပေးမည် ဖြစ်ပါသည်။ - ဆည်မြောင်းနှင့် ထောက်ပို့သယ်ယူ ပို့ဆောင်ရေး ကဲ့သို့ သော ဆက်စပ်နေသည့် အခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုမှ ဤကဏ္ဍအား ပံ့ပိုးပေးမည် ဖြစ်ပါသည်။	မြင့်သည့် တန်ဖိုးမြင့် ထုတ်လုပ်မှုတို့အား တိုးချဲ့ရန် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း
ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်	ရင်းနှီးမြှုပ်နှံမှု အများစုမှာ ဒေသတွင်းထုတ်လုပ်ရေး ဗဟိုဌာနများတွင် ရှိသွားမည် ဖြစ်ပါသည်။ ရန်ကုန်နှင့် မန္တလေး တို့မှာ ဆက်လက် ထုတ်လုပ်မည့် ကဏ္ဍများ၏ အဓိကတည်နေရာများ ဖြစ်ကြပါသည်။	ကွင်းဆက်လုပ်ငန်းများ အပါအဝင် ဒေသတွင်း ထုတ်လုပ်မှု အချက်အချာများတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့သွားပါမည်။	ဒေသတွင်း ထုတ်လုပ်မှု အချက်အချာများတွင် စက်မှုဆိုင်ရာ အပြန်အလှန် ဆက်သွယ် ပေါင်းစည်းခြင်း အတွက် ရင်းနှီးမြှုပ်နှံမှုကို အကောင်အထည်ဖော်သွားပါမည်။

၄.၅ ဗဟုသုတစူးစိုက် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအပိုင်း

၄.၅.၁ အခင်းအကျင်း၏ အကြမ်းဖျဉ်းဖော်ပြချက်

(၁) လုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဤအမျိုးအစားတွင် ဝန်ဆောင်မှုများ၊ ငွေရေးကြေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများ ပံ့ပိုးဝန်ဆောင်မှုများအပါအဝင် အဆင့်မြင့် နည်းပညာနှင့် ဗဟုသုတ စူးစိုက် ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည့် ကဏ္ဍများ ပါဝင်ပါသည်။

(၂) လုပ်ငန်းများ၏ လက်ရှိအခြေအနေ

ဤအမျိုးအစားရှိ FDI မှာ IT နှင့်ဆက်စပ်ဝန်ဆောင်မှုများ၊ ဒီဇိုင်း၊ အတိုင်ပင်ခံနှင့် စီးပွားရေး လုပ်ငန်းပံ့ပိုးဝန်ဆောင်မှုများဆီသို့ လမ်းကြောင်းဦးတည်ပါသည်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံသူ များမှ လည်း အဆင့်မြင့်နည်းပညာဝန်ဆောင်မှုကဏ္ဍအမျိုးမျိုးထံ ဝင်ရောက် နေကြပါသည်။ နိုင်ငံခြားဘဏ် စုစုပေါင်း ၁၃ ဘဏ်သည် ဘဏ်ခွဲများဖွင့်လှစ်ရန် လိုင်စင်များရရှိထားကြသော်လည်း ဘဏ်လုပ်ငန်းများ အပေါ် အကန့်အသတ်များ ရှိနေဆဲဖြစ်ပါသည်။ မကြာသေးမီက ကျန်းမာရေး စောင့်ရှောက်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပါသည်။ ကုန်သွယ်မှုအနေဖြင့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံသူများအတွက် ဝင်ရောက်မှု အပေါ် ကန့်သတ်ချက်ရှိနေပါသည်။

(၃) ရင်းနှီးမြှုပ်နှံမှု၏ ဖွံ့ဖြိုးမှုအပိုင်း

ဤအမျိုးအစား၌ ကဏ္ဍများသည် မြန်မာနိုင်ငံ၏ စီးပွားရေးကုန်ထုတ်စွမ်းအားနှင့် မြန်မာလူမျိုးများ၏ ဘဝအရည်အသွေး တိုးတက်ရေးနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ဤအမျိုးအစားတွင် အရည် အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုသည် ကာလရှည်တွင် နည်းပညာအဆင့်မြင့်လုပ်ငန်းများအတွက် ဖြစ်လာ မည့် ဒေသတွင်း အချက်အချာတစ်ရပ် မတိုင်မီ ကမ္ဘာ့လမ်းကြောင်းနှင့်အညီ အဓိလိုက်ဖွံ့ဖြိုးနေရသည့် အဆင့်မှ မြန်မာ၏ အနေအထားကို တဖြည်းဖြည်းချင်း ပြောင်းလဲနိုင်ပါသည်။



ကားချပ် ၄-၅: ဗဟုသုတစွမ်းစွမ်းကိုက်လုပ်ငန်းများ၏ မျှော်လင့်ထားသည့် ဖွံ့ဖြိုးမှု

၄.၅.၂ ဗဟုသုတစွမ်းစွမ်းကိုက် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

(၁) ကာလတိုအခင်းအကျင်း

ကာလတိုရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ် ပါသည် -

ဖွံ့ဖြိုးမှုအပိုင်း - ကမ္ဘာ့လမ်းကြောင်းများ နှင့်အပြိုင် ဗဟုသုတစွမ်းစွမ်းကိုက် ဝန်ဆောင်မှုများတွင်ရင်းနှီးမြှုပ်နှံမှုအား တဖြည်းဖြည်း တိုးချဲ့သွားပါမည်။ ဝန်ဆောင်မှုများ၏ အဆင့်နှင့် လွှမ်းခြုံမှုတို့သည် အိမ်နီးချင်းနိုင်ငံများရှိ အခြေအနေ များကို အဓိလိုက်ပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - တီထွင်ဆန်းသစ်သော နည်းပညာများ အသုံးပြုသည့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်သွား ပါမည်။

- ခေတ်မီနည်းပညာများနှင့် စီးပွားရေး စံပုံစံများဖြင့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင် ခြင်း။
- မြန်မာလူမျိုးများ၏ ဘဝအရည်အသွေး တိုးတက် ကောင်းမွန်မှုအား ဖြည့်ဆည်းပေးနိုင်သည့် ဝန်

ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

- စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှု ကဏ္ဍများ၏ သမားရိုးကျ ကဏ္ဍခွဲများ၏ ကုန်ထုတ်စွမ်းအားသို့ ဖြည့်ဆည်းနိုင်သည့် အဆင့်မြင့် နည်းပညာ ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

- အခြေခံအဆောက်အအုံ စီမံခန့်ခွဲရေးအတွက် အထူး ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ရန်ကုန်မြို့နှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေများ။ မန္တလေးမြို့နှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေများ။ အချို့သော ဝန်ဆောင်မှုများကို ပေါင်းစပ်၍ ပံ့ပိုးပေးသွားပါမည်။

(၂) ကာလလတ်အခင်းအကျင်း

ကာလလတ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအပိုင်း - ဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ အဆင့်တူ နည်းပညာမှ များပြားလာသော ခေတ်မီဝန်ဆောင်မှု အမျိုးမျိုးအား ဖွံ့ဖြိုးသွားပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - ဗဟုသုတစူးစိုက်နှင့် ပိုမိုပါဝင်မှုမြင့်သော တန်ဖိုးမြှင့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်သွားပါမည်။

- ကာလတို အခင်းအကျင်းတွင် ဝန်ဆောင်မှုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

- ပိုမိုအဆင့်မြင့်သည့် တီထွင်ဆန်းသစ်သည့် ဗဟုသုတစူးစိုက် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ရန်ကုန်မြို့နှင့် ၎င်း၏အနီးဝန်းကျင် နယ်မြေများ။ မန္တလေးမြို့နှင့် ၎င်း၏အနီးဝန်းကျင် နယ်မြေများ။ ဝန်ဆောင်မှု ဗဟိုဌာနများသည် ဒေသများသို့ ဆက်လက် တိုးချဲ့သွားပါမည်။ အချို့သော ဝန်ဆောင်မှုများကို ပေါင်းစပ်၍ ပံ့ပိုးပေးသွားပါမည်။

(၃) ကာလရှည်အခင်းအကျင်း

ကာလရှည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းတစ်ရပ်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

ဖွံ့ဖြိုးမှုအပိုင်း - နည်းပညာအဆင့်မြင့် စက်မှုအစုအဖွဲ့များကို ဖန်တီးသွားပြီး နည်းပညာ အဆင့်မြင့် ဝန်ဆောင်မှုများကို ပံ့ပိုးသွားပါမည်။ ဒေသတွင်း၌ မြန်မာနိုင်ငံသည် နည်းပညာအဆင့်မြင့် ဝန်ဆောင်မှုများအတွက် ဗဟိုအချက်အချာတစ်ရပ်အဖြစ် ပေါ်ထွန်းလာပါမည်။

မြှင့်တင်ရေးရည်မှန်းချက် - ဒေသတွင်း အစုအဖွဲ့များ တည်ထောင်ရေးနှင့်တို့တွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ပါမည်။

အဓိက မြှင့်တင်မည့် နယ်ပယ်များ -

- အလယ်အလတ် အခင်းအကျင်းတွင် ဝန်ဆောင်မှုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း။
- ဆန်းသစ်တီထွင် ဗဟုသုတစူးစိုက် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။
- မြန်မာနိုင်ငံအား ဒေသတွင်းအချက်အချာတစ်ခုဖြစ်လာရန်စသည်တို့ကို ဖြစ်ပေါ်စေနိုင်သည့် R&D လုပ်ငန်းဆောင်တာများနှင့် အထောက်အပံ့ ပစ္စည်းပစ္စယများတည်ထောင်ရန် ပါဝင်မှုမြင့်သော တန်ဖိုးမြှင့်ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း။

ဆက်စပ်သည့်ရင်းနှီးမြှုပ်နှံမှုနယ်ပယ် - ရန်ကုန်မြို့နှင့် ၎င်း၏ အနီးဝန်းကျင် နယ်မြေများ။ မန္တလေးမြို့နှင့် ၎င်း၏ အနီးဝန်းကျင် နယ်မြေများ။ ဝန်ဆောင်မှု ဗဟိုဌာနများသည် ဒေသများသို့ ဆက်လက်တိုးချဲ့သွားပါမည်။ အချို့သော ဝန်ဆောင်မှုများကို ပေါင်းစပ်၍ ပံ့ပိုးပေးသွားပါမည်။

ဇယား ၄-၄: ဗဟုသုတစူးစိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခင်းအကျင်း

ဗဟုသုတစူးစိုက်ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခင်းအကျင်း			
	ကာလတို	ကာလလတ်	ကာလရှည်
ဖွံ့ဖြိုးမှုအဝိုင်း	ကမ္ဘာ့လမ်းကြောင်းများ နှင့်အပြိုင်ဗဟုသုတစူးစိုက် ဝန်ဆောင် မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား တဖြည်း ဖြည်းတိုးချဲ့ သွားပါမည်။ ဝန်ဆောင်မှုများ၏ အဆင့် နှင့် လွှမ်းခြုံမှု တို့သည် အိမ်နီးချင်းနိုင်ငံများရှိ အခြေအနေများကို အမီ လိုက်ပါမည်။	ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ အဆင့်တူ နည်းပညာမှ များပြား လာသော ခေတ်မီဝန်ဆောင်မှုများ အမျိုးမျိုးအား ဖွံ့ဖြိုးသွား ပါမည်။	နည်းပညာအဆင့်မြင့် စက်မှုအစု အဖွဲ့များကို ဖန်တီးသွားပြီး နည်းပညာ အဆင့်မြင့် ဝန်ဆောင် မှုများကို ပံ့ပိုး သွား ပါမည်။ ဒေသတွင်း၌ မြန်မာနိုင်ငံသည် နည်းပညာ အဆင့်မြင့် ဝန်ဆောင်မှုများအတွက် ဗဟို အချက်အချာ တစ်ရပ်အဖြစ် ပေါ်ထွန်းလာပါမည်။
မြှင့်တင်ရေး ရည်မှန်းချက်	တီထွင်ဆန်းသစ်သော နည်းပညာများ အသုံးပြု သည့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင် သွား ပါမည်။	ဗဟုသုတစူးစိုက်နှင့် ပိုမိုပါဝင်မှုမြင့်သော တန်ဖိုးမြှင့် ဝန်ဆောင်မှုများ တွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်သွား ပါမည်။	ဒေသတွင်း အစုအဖွဲ့များ တည်ထောင်ရေးနှင့် တို့တွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင် ပါမည်။
	-ခေတ်မီနည်းပညာများနှင့် စီးပွားရေးစံပုံစံများဖြင့် ဝန်ဆောင်မှု များတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - မြန်မာလူမျိုးများ၏ ဘဝ အရည်အသွေး တိုးတက် ကောင်းမွန်မှုအား ဖြည့်ဆည်းပေးနိုင်သည့် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ သမားရိုးကျ ကဏ္ဍခွဲများ ၏ ကုန်ထုတ်စွမ်းအားသို့ ဖြည့်ဆည်းနိုင်သည့် အဆင့်မြင့် နည်းပညာ ဝန်ဆောင်မှုများတွင်	-ကာလတိုအခင်းအကျင်း တွင် ဝန်ဆောင်မှုများ၌ ရင်းနှီးမြှုပ်နှံမှု အား မြှင့်တင်ခြင်း - ပိုမိုအဆင့်မြင့်သည့် တီထွင် ဆန်းသစ်သည့် ဗဟုသုတ စူးစိုက် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှု အား မြှင့်တင်ခြင်း	- အလယ်အလတ် အခင်းအကျင်းတွင် ဝန်ဆောင်မှုများ၌ ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - ဆန်းသစ်တီထွင် ဗဟုသုတစူးစိုက် ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်း - မြန်မာနိုင်ငံအား ဒေသတွင်း အချက်အချာတစ်ခု ဖြစ်လာရန် စသည်တို့ကို ဖြစ်ပေါ်စေနိုင်သည့် R&D လုပ်ငန်းဆောင်တာ များနှင့် အထောက်အပံ့ ပစ္စည်းပစ္စယများတည်ထောင်ရန် ပါဝင်မှုမြင့်သော တန်ဖိုးမြှင့် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင် ခြင်း

	ရင်းနှီးမြှုပ်နှံမှုအား မြှင့်တင်ခြင်း - အခြေခံအဆောက်အအုံ စီမံခန့်ခွဲရေးအတွက် အထူးဝန်ဆောင်မှု များတွင် ရင်းနှီးမြှုပ်နှံ မှုအား မြှင့်တင်ခြင်း		
ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်:	ရန်ကုန်မြို့နှင့် ၄င်း၏ အနီးဝန်းကျင်နယ်မြေများ။ မန္တလေးမြို့နှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေများ။ အချို့သော ဝန်ဆောင်မှုများ ကို ပေါင်းစပ် ၍ ပံ့ပိုးပေး သွားပါမည်။.	ရန်ကုန်မြို့နှင့် ၄င်း၏ အနီးဝန်းကျင် နယ်မြေ များ။ မန္တလေးမြို့ နှင့် ၄င်း၏အနီး ဝန်းကျင် နယ်မြေများ။ ဝန်ဆောင်မှု ဗဟိုဌာနများသည် ဒေသများသို့ ဆက်လက် တိုးချဲ့သွား ပါမည်။ အချို့သော ဝန်ဆောင်မှု များကို ပေါင်းစပ် ၍ ပံ့ပိုးပေးသွားပါမည်။	ရန်ကုန်မြို့နှင့် ၄င်း၏ အနီး ဝန်းကျင် နယ်မြေများ။ မန္တလေးမြို့ နှင့် ၄င်း၏အနီး ဝန်းကျင် နယ်မြေများ။ ဝန်ဆောင်မှု ဗဟို ဌာနများသည် ဒေသများသို့ ဆက်လက် တိုးချဲ့သွားပါမည်။ အချို့သောဝန်ဆောင်မှုများကို ပေါင်းစပ် ၍ ပံ့ပိုးပေးသွားပါမည်။

၄.၆ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမှ ကွာဟနေသည့် ဖွံ့ဖြိုးတိုးတက်မှု

၄.၆.၁ NCDP ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ

ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဝင်ငွေအဆင့်များ မညီမျှမှုကို လျှော့ချရန်မှာ မြန်မာနိုင်ငံအတွက် အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ် ဖြစ်ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြုလုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်း စစ်တမ်းအရ စက်မှုကုန် ထုတ်လုပ်မှု ကဏ္ဍတွင် လုပ်ကိုင်နေကြသည့် လုပ်ငန်းအားလုံး၏ ၄၃% မှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တည်ရှိပါသည်။ ထို့ကြောင့် ကွာဟချက်များကို ဆက်သွယ် ပေးရန်နှင့် ဟန်ချက်ညီမျှသည့် ဖွံ့ဖြိုးမှုဖန်တီးရန် ရင်းနှီးမြှုပ်နှံမှုများကို စိတ်အားထက်သန်စွာ လိုအပ် နေပါသည်။



ရင်းမြစ်- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ကားချပ် ၄-၆: ဒေသအလိုက် လူတစ်ဦးချင်း GDP

ရန်ကုန်မြို့နှင့် ၎င်း၏အနီးဝန်းကျင် နယ်မြေများ။ မန္တလေးမြို့နှင့် ၎င်း၏အနီးဝန်းကျင် နယ်မြေများ။ ဝန်ဆောင်မှု ဗဟိုဌာနများသည် ဒေသများသို့ ဆက်လက် တိုးချဲ့သွားပါမည်။ အချို့သော ဝန်ဆောင်မှုများကို ပေါင်းစပ်၍ ပံ့ပိုးပေးသွားပါမည်။



Source: Ministry of Planning and Finance

ကားချပ် ၄-၇: ဒေသအလိုက် စက်မှုကုန်ထုတ်လုပ်မှု အရေအတွက်



Note: as of 31 Mar 2015
Source: DICA and Toru Homma

ကားချပ် ၄-၈: ဒေသအလိုက် FDI အတည်ပြုပမာဏ

NCDP တွင် ချဉ်းကပ်မှုများစွာဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုမူဘောင်ကို ချမှတ်ထားပြီး အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဖွံ့ဖြိုးသွားရမည့် ဦးစားပေး စီးပွားရေးစကြံ့ (၄)ရပ် ဖော်ထုတ်ထားပါသည်။ ဦးစားပေးစီးပွားရေး စကြံ့များမှာ (၁) ထိုင်းနယ်စပ်နှင့် သီလဝါအထူးစီးပွားရေး

ဧနှ်တို့ကို ဆက်သွယ်ထားသည့် ရန်ကုန်- မြဝတီစကြံ၊ (၂) ရန်ကုန်နှင့် မြစ်ကြီးနားကို မန္တလေးမှဖြတ်၍ ဆက်သွယ်ထားသည့် ဗဟိုကျသည့် မြောက်-တောင်စကြံ၊ (၃) ကျောက်ဖြူနှင့် မူဆယ်ကို မန္တလေးမှ ဖြတ်၍ ဆက်သွယ်ထားသည့် မြောက်-အရှေ့–တောင်-အနောက်စကြံသစ်နှင့် (၄) မြန်မာနှင့်အိန္ဒိယ၊ တရုတ်နှင့် ထိုင်းတို့ကို ဆက်သွယ်ထားသည့် အရှေ့ - အနောက်စကြံတို့ဖြစ်ကြပါသည်။

ဧယား ၄-၅: ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးစီးပွားရေးစကြံများ

ဦးစားပေးစကြံ	လမ်းကြောင်း
ဦးစားပေး ၁: ရန်ကုန် SEZ မှ မြဝတီသို့	ရန်ကုန် SEZ - ရန်ကုန် - ပဲခူး - ဘားအံ – မြဝတီ
ဦးစားပေး ၂: တောင်-မြောက် စကြံ	သီလဝါ SEZ - ရန်ကုန် - ပဲခူး - တောင်ငူ - နေပြည်တော် - မိတ္ထီလာ - မန္တလေး – မြစ်ကြီးနား
ဦးစားပေး ၃: အရှေ့မြောက်- အနောက်တောင် စကြံသစ်	ကျောက်ဖြူ - မကွေး - မိတ္ထီလာ - မန္တလေး - ပြင်ဦးလွင် - ကျောက်မဲ - လားရှိုး – မူဆယ်
ဦးစားပေး ၄: အရှေ့ - အနောက် စကြံ	တမူး - ကလေး - ပခုက္ကူ - မုံရွာ- မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ- တာချီလိတ်– မိုင်းလား

ရင်းမြစ်: အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ၂၀၁၄

ရန်ကုန်နှင့် မန္တလေးတို့မှာ မြန်မာနိုင်ငံ၏ အကြီးမားဆုံး ဖွံ့ဖြိုးမှု ဗဟိုနေရာများအဖြစ် ဆက်လက်တည်ရှိနိုင်ပါသည်။ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအတွက် အကြီးဆုံး ဗဟိုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးတွင် အခြေပြုကြပါသည်။ အောက်ဖော်ပြပါပုံတွင် ပြထားသည့် အတိုင်း ရန်ကုန်နှင့် မန္တလေးရှိ စက်မှုကုန် ထုတ်လုပ်သူများမှာ အထည်အလိပ်နှင့် အဝတ်အထည် ကုန်စည်များ၊ ဆေးဝါးများ၊ လျှပ်စစ်ဆိုင်ရာ အသုံးအဆောင်များနှင့် သယ်ယူပို့ဆောင်ရေး အသုံးအဆောင်ကဲ့သို့ ကဏ္ဍများစွာ၏ အဓိကထုတ်လုပ်သူများဖြစ်ကြပါသည်။

ရင်းနှီးမြှုပ်နှံသူ အပြုအမူနှင့်စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအများစု (အထူးသဖြင့် စက်မှု ကုန် ထုတ်လုပ်သူများနှင့် ရောင်းချသည့် ကုမ္ပဏီများမှာ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အခြေခံ အဆောက်အအုံအဆင့်၊ စက်မှုဆက်သွယ်ပေါင်းစည်းခြင်း၊ ဖောက်သည်များနှင့်နီးကပ်မှု၊ လူနေမှုအဆင့် အတန်းနှင့် စက်ရုံများတည်နေရာ ရရှိနိုင်ခြင်းစသည့် အဆင်ပြေသော အကြောင်းရင်းများကြောင့် ရန်ကုန်မြို့နှင့် ၎င်း၏ အနီးဝန်းကျင် နေရာများကို ရင်းနှီးမြှုပ်နှံမှု တည်နေရာများအဖြစ် ရွေးချယ်ကြပါသည်။သီလဝါအထူး စီးပွားရေးဇုန်ကို ၂၀၁၅ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူ ပုံစံအမျိုးမျိုးအား အောင်မြင်စွာ ဆွဲဆောင်လျက်ရှိပါသည်။

မန္တလေးမှာ ဒုတိယမြောက် အကြီးဆုံးလုပ်ငန်းဗဟိုဖြစ်ပြီး နိုင်ငံ၏ မြောက်ပိုင်းအတွက် ဖွံ့ဖြိုးမှု အချက် အချာအဖြစ် တည်ရှိပါသည်။



မှတ်ချက်:ရန်ကုန်နှင့် မန္တလေးရှိ စက်မှုကုန်ထုတ်လုပ်သူများ၏ စုစုပေါင်းအပေါ် ဝေစုများ

ရင်းမြစ်: စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ "Industrial Survey" (2015)

ကားချပ် ၄-၉: ရန်ကုန်နှင့် မန္တလေးရှိ စက်မှုကုန်ထုတ်လုပ်သူများ ပါဝင်ဖွဲ့စည်းပုံ

၄.၆.၂ MIPP တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းမှ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု

ဖွံ့ဖြိုးမှုအပိုင်း (၄) ပိုင်းတွင် မြင်တွေ့ခဲ့ပြီး ဖြစ်သည့်အတိုင်း ရင်းမြစ်အခြေပြု လုပ်ငန်းများမှာ အခြားဒေသများသို့ ထုတ်လုပ်မှု ဗဟိုပြုစဉ်တွင် ပို့ကုန်ဦးစားပေးလုပ်ငန်းများသည် ၎င်းအဓိက စီးပွားရေးဒေသကြီးနှစ်ခုတွင် ဇောက်ချဆောင်ရွက်ပါမည်။

ဒေသအလိုက်ဖွံ့ဖြိုးမှု၏ ပထမအဆင့်၌ ရင်းနှီးမြှုပ်နှံမှုများကို 'two-polar' (ဝင်ရိုး ၂ရပ်) ဖွံ့ဖြိုးမှုစံပုံစံ (ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး) ဖွဲ့စည်းမှုနှင့်အတူ မူလစီးပွားရေး နယ်မြေများဆီသို့ ဦးတည်ပါမည်။ ရန်ကုန် နှင့် မန္တလေး တို့၏ ထပ်ဆောင်း စက်မှုဖွံ့ဖြိုးတိုးတက်ခြင်းမှာ စီးပွားရေးစကြံ့များနှင့် ၎င်းတို့စီးပွားရေး ဆက်သွယ် ပေါင်းစည်းမှုချိတ်ဆက်များကို တိုးတက်စေနိုင်လိမ့်မည်ဖြစ်ပြီး၊ သို့မှသာ အမျိုးသားဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတွင် ထိရောက်သည့် ဖြစ်ထွန်းအောင်မြင်မှု ရရှိလိမ့်မည်ဖြစ်ကာ အဆုံးတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၌ ရလဒ်ကောင်း ရရှိလိမ့်မည်ဟု NCDP က မျှော်လင့်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ရင်းနှီးမြှုပ်နှံမှု ဇောက်ချခြင်းဖြင့် အောက်ဖော်ပြပါ သက်ရောက်မှုများ ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ပါသည်-

- ရင်းနှီးမြှုပ်နှံမှုသည် နောက်ထပ် ရင်းနှီးမြှုပ်နှံမှုကို သယ်ဆောင်လာမည်။ ဥပမာ - တပ်ဆင်သူတစ်ဦး၏ ရင်းနှီးမြှုပ်နှံမှုနောက်တွင် ကုန်ပဲ့ပိုးသူများမှ ရင်းနှီးမြှုပ်နှံမှုများပါ လိုက်ပါလာပါသည်။
- စီးပွားဖြစ်တွက်ချေကိုက် ထုတ်လုပ်ခြင်း နယ်ပယ်မှတစ်ဆင့် စီးပွားရေး အခွင့်အလမ်းများ တိုးတက်လာခြင်းနှင့် ကုန်ကျစရိတ်လျှော့ချခြင်းတို့ ရရှိစေသည့် စက်မှုပေါင်းစည်း ဆက်သွယ်ခြင်း လုပ်ငန်းစဉ်

- ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် လုပ်သားများ၏ ဝယ်လိုအား(ဈေးကွက်များ) တိုးတက်လာခြင်း
- ရန်ကုန်တွင် ဖွံ့ဖြိုးတိုးတက်ခြင်းမှ ပဲခူး၊ ဧရာဝတီစသည့် အိမ်နီးချင်းနယ်မြေများသို့ အကျိုးရလဒ်ပျံ့နှံ့ပြီး ပိုမိုကြီးမားသည့်ရန်ကုန်နယ်မြေကို ဖွဲ့စည်းပါလိမ့်မည်။ ရန်ကုန်တွင် ကြုံတွေ့နေသည့် ထုတ်လုပ်မှု ကုန်ကျစရိတ်တိုးလာခြင်း၊ သင့်လျော်သည့် စီးပွားရေး တည်နေရာများ မရှိခြင်းနှင့် လုပ်သားထုနေရာထိုင်ခင်း မရှိခြင်းကဲ့သို့သော ပြဿနာများကြောင့် အနီးဝန်းကျင် နယ်မြေများ ဖွံ့ဖြိုးတိုးတက်မှုမှာ ဆက်လက်ဖြစ် ထွန်းလာနိုင်ပါလိမ့်မည်။
- ပိုမိုကြီးမားသည့် ရန်ကုန်ဧရိယာတွင် အရည်အသွေးမြင့် စက်မှုဇုန်များနှင့်/သို့မဟုတ် အထူးစီးပွားရေးဇုန်များကို အသစ်တည်ဆောက်ရန် စီမံခြင်းနှင့် တည်ဆောက်ခြင်းတို့အား မျှော်လင့်ပါသည်။ မြို့တော်အသစ်ဖွံ့ဖြိုးတိုးတက်ရေးမှာ အနီးဝန်းကျင် နယ်မြေများ ချဲ့ထွင်ခြင်းနှင့် ဆက်စပ်နေပါသည်။ ရလဒ်အနေဖြင့် သီလဝါ အထူးစီးပွားရေးဇုန်က အလယ်ဗဟိုတွင် တည်ရှိသည့် ကမ်းရိုးတန်း စက်မှုဇုန်တစ်ရပ်ကို ဖွဲ့စည်းရန် မျှော်လင့်ပါသည်။
- အကြီးစား မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ နေထိုင်သူများနှင့် ဈေးဝယ်သည့်နေရာ (shopping malls) များမှာ အဓိကမြို့များတွင် ဖွံ့ဖြိုးလာပါမည်။ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးကဲ့သို့သော လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံခြင်းကိုလည်း အားပေးပါသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုများနှင့် မြို့များ၏ ဘဝအရည်အသွေးမှာ တိုးတက်လာပါမည်။
- ရန်ကုန်တွင် အစပျိုးခဲ့သည့် အောင်မြင်သော စီးပွားရေးစံပုံစံကိုနိုင်ငံ၏ ကျန်ရှိသည့် နေရာများသို့ အသုံးချနိုင်ပါသည်။

ရန်ကုန်နှင့် မန္တလေးအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့်အပြိုင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိုလည်း ၄င်းတို့၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအရ ဆက်လက်ဆောင်ရွက်သွားရပါမည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဓိကကဏ္ဍများမှာ သတ္ထုတွင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ စိုက်ပျိုးရေးထွက်ကုန် ပြုပြင်ထုတ်လုပ်ရေး၊ ခရီးသွားနှင့်ဖြန့်ဖြူးရေး အချက်အချာများနှင့် နယ်စပ်ဒေသများတို့ ဖြစ်ကြပါသည်။

ဝင်ရိုးနယ်မြေ နှစ်ခုတွင် ရင်းနှီးမြှုပ်နှံမှု ဖောက်ချခြင်းနှင့်အပြိုင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အာရုံစိုက်မှုကို တဆင့်ခံနယ်မြေများနှင့် တတိယအဆင့် နယ်မြေများသို့ တိုးချဲ့သွားပါမည်။ နည်းပညာသစ်များတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ဆန်းသစ်တီထွင် စွန့်ဦးစီးပွားတီထွင်သူများမှ ရင်းနှီးမြှုပ်နှံခြင်း၊ ကုန်ထောက်ပံ့သည့် ကွင်းဆက်များကို တိုးတက်ကောင်းမွန်စေခြင်းနှင့် လုပ်ငန်းများ၏ အဆုံးသတ်ဆက်သွယ်ပေါင်းစည်းခြင်းတို့မှ စက်မှုအစုအဖွဲ့များ (အထူးသဖြင့် စိုက်ပျိုးရေးထွက်ကုန် ပြုပြင်ထုတ်

လုပ်ရေးနှင့် အခြားရင်းမြစ် အခြေပြုလုပ်ငန်းများနှင့် ခရီးသွား)ကို ဖွံ့ဖြိုးသွားပါမည်။ ၄င်းစက်မှုအစုအဖွဲ့များသည် ဒေသတွင်းဖွံ့ဖြိုးရေးဗဟိုများအဖြစ် ရပ်တည်သွားပါမည်။



အချက်အချာဖွံ့ဖြိုးမှုဗဟို (ရန်ကုန်နှင့် သီလဝါ၊ မန္တလေး)　　ဒေသတွင်းထုတ်လုပ်မှုဗဟို (တဆင့်ခံမြို့ကော်)

ကားချပ် ၄-၁၀: ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးမှ ကွာဟနေသော ဖွံ့ဖြိုးတိုးတက်မှု၏ အတွေးအမြင်

အဆိုပါပုံစံပေါ်တွင် အခြေခံ၍ NCDP၏ စီးပွားရေးစကြံ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မြန်မာနိုင်ငံ၏ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုကို အောက်ဖော်ပြပါပုံတွင် ပုံဖော်ကြည့်ရှုနိုင်ပါသည်။

နောက်တဆင့်၌ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့အား ဖွံ့ဖြိုးရေးဗဟိုများအဖြစ် အကြီးစားရင်းနှီးမြှုပ်နှံမှုများကို လက်ခံလျက် ဖွံ့ဖြိုးသွားမည်ဖြစ်ပါသည်။ အကြီးစားနှင့် ဓာတုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခြင်းဖြင့် ကမ်းရိုးတန်း စက်မှုစကြံ့များကို ဖွံ့ဖြိုးသွားရန် မျှော်မှန်းထားပါသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုများနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုကွင်းဆက်များမှာ အဆင့်ပေါင်းစုံနှင့် ပိုမိုခိုင်မာစေအားကောင်းစွာဖြင့် သိသာထင်ရှားစွာ ဖြစ်ထွန်းလာပါမည်။

အောင်မြင်သည့် ကမ်းရိုးတန်း စက်မှုဖွံ့ဖြိုးတိုးတက်မှု နမူနာတစ်ရပ်မှာ ထိုင်းနိုင်ငံရှိ the Eastern Seaboard Development Program ဖြစ်ပါသည်။ ၎င်းအစီအစဉ်သည် ဘန်ကောက်မြို့ပြနယ်မြေတွင် စက်မှုလုပ်ငန်းများ ဧောက်ချခြင်းကို ဖယ်ရှားရန် Chachoengsao၊ Chonburi နှင့် Rayong ပြည်နယ်များတွင် စက်မှုဗဟိုဌာနအသစ်များ ဖွံ့ဖြိုးလာရန် ရည်မှန်းခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမဟာဗျူဟာတွင် အကြီးစား ဓာတုစက်ရုံများကို ပစ်မှတ်ထားသည့် Map Ta Phut စက်မှုဇုန် တည်ဆောက်ရေး ညစ်ညမ်းမှုမရှိသည့် ပို့ကုန်ဦးစားပေးလုပ်ငန်းများအတွက် Laemchabang စက်မှုဇုန် တည်ဆောက်ရေးနှင့် ဆိပ်ကမ်းများ၊ လမ်းများနှင့် ရထားလိုင်းများစသည့် ဆက်စပ်အခြေခံ အဆောက်အအုံများ တည်ဆောက်ရေးတို့ ပါဝင်ခဲ့ပါသည်။



ကားချပ် ၄-၁၁: ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းမှတစ်ဆင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှု အဆင့်များ

အခန်း ၅ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မဟာဗျူဟာများ

မြန်မာနိုင်ငံတော်အစိုးရသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ အဓိကကျသည့် အတားအဆီးများကို ရည်ညွှန်းသည့် ရည်ရွယ်ချက်နှင့် မဟာဗျူဟာများနှင့် နည်းဗျူဟာများကို ချမှတ်ထားပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် မိတ်ဖက်များအဖြစ် ရပ်တည်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံသူများ လာရောက်မည့် တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန် မဟာဗျူဟာများကို မြန်မာနိုင်ငံတော်အစိုးရမှ အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမူများဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည် -

> ***တာဝန်ယူမှုရှိသည့် အရည်အသွေးရှိ လေးစားလိုက်နာမှု အခြေခံရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုရန်***
>
> ***ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်ရန်***
>
> ***ရင်းနှီးမြှုပ်နှံသူများအား မျှတရှင်းလင်းပြီး ကြိုတင်မှန်းဆနိုင်သည့် စည်းမျဉ်းဆိုင်ရာ ပတ်ဝန်းကျင်ကို ပံ့ပိုးပေးရန်***

မဟာဗျူဟာများနှင့် မဟာဗျူဟာကျ လုပ်ရှားဆောင်ရွက်မှုများကို မဏ္ဍိုင်(၅)ရပ်ဖြင့် ခွဲခြားနိုင်ပါသည် - (၁) ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် မူဝါဒများနှင့် စည်းမျဉ်း စည်းကမ်းများ၊ (၂) ရင်းနှီးမြှုပ်နှံမှုအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ (၃) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ (၄) စီးပွားရေးနှင့် ဆက်စပ်နေသောစနစ်များနှင့် (၅) ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်များ။

ဇယား ၅-၁: ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် မဟာဗျူဟာများစာရင်း

အမျိုးအစား		အတားအဆီးများကို ဖြေရှင်းမည့် မဟာဗျူဟာ	
၁	ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် မူဝါဒများနှင့် စည်းမျဉ်း စည်းကမ်းများ	၁-၁	ခိုင်မာသည့် မေခရိုစီးပွားရေးမူဝါဒများ ဆက်လက်ဖြစ်ပေါ်စေခြင်း
		၁-၂	တံခါးဖွင့်ပေးသော ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် တိုးတက်သည့် စီးပွားရေးပတ်ဝန်းကျင်ဖြစ် စေရေးပြုထားသည့် ကတိကဝတ်
		၁-၃	ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် စက်မှုမူဝါဒများ ချမှတ်ခြင်း
၂	ရင်းနှီးမြှုပ်နှံမှုအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့ဖြိုးတိုးတက်မှု	၂-၁	နိုင်ငံပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း
		၂-၂	ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် စည်းမျဉ်းစည်းကမ်းများ စေ့စပ်သေချာစွာ စီမံခန့်ခွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံသူ ကာကွယ်ပေးမှု ခိုင်မာအားကောင်းစေခြင်း
		၂-၃	ရှင်းလင်းသည့် လျှောက်လွှာလုပ်ထုံးလုပ်နည်းများနှင့် လျှောက်လွှာများကို ကိုင်တွယ်ရန် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ခြင်း
		၂-၄	စနစ်ကျနစွာ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးရေး မြှင့်တင်ခြင်း
		၂-၅	လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (IPA)တစ်ရပ်တည်ထောင်ခြင်း
၃	အခြေခံ အဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေး	၃-၁	ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တိုးတက်စေခြင်း
		၃-၂	စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် များတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း
		၃-၃	PPP မူဘောင်တစ်ရပ် တည်ထောင်ခြင်းနှင့် PPP စီမံကိန်းများ မြှင့်တင်ခြင်း
၄	စီးပွားရေးနှင့် ဆက်စပ်နေသော စနစ်များ	၄-၁	စီးပွားရေးနှင့်ဆက်စပ်သည့် စနစ်များအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း
		၄-၂	ဘဏ္ဍာရေးကဏ္ဍ တိုးတက်စေခြင်း
၅	ပြည်တွင်းလုပ်ငန်း များနှင့် လူစွမ်းအား ရင်းမြစ်များ	၅-၁	စက်မှုကွင်းဆက် မြှင့်တင်ခြင်း
		၅-၂	ပြည်တွင်းလုပ်ငန်းများ၏ စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေခြင်း
		၅-၃	စွန့်ဦးစီးပွားတီထွင်သူ ပံ့ပိုးမှုတည်ထောင်ခြင်း
		၅-၄	လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း

၅.၁ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများအတွက် မဟာဗျူဟာများ

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိသော စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရန် ရည်ရွယ်ချက်နှင့် တည်ငြိမ်သော မေခရိုစီးပွားရေး ပတ်ဝန်းကျင်၊ ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ ဖွံ့ဖြိုးရန်ရည်မှန်းပါသည်။

၅.၁.၁ ခိုင်မာသည့် မေရရှိစီးပွားရေး မူဝါဒများ ဆက်လက်ဖြစ်ပေါ်စေခြင်း

မဟာဗျူဟာ ရည်မှန်းချက်များ

ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များတွင် အရေးကြီးသည့် အကြောင်းရင်းတစ်ရပ်မှာ ရည်မှန်းထားသည့် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုဖြစ်ပါသည်။ အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ရရှိရန်အလို့ငှာ အစဉ်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးမှုကို မွေးထုတ်သည့် မူဝါဒများကို ထိန်းသိမ်းရန် အရေးပါသည်။

ဤမဟာဗျူဟာသည် ဆွဲဆောင်မှုရှိသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ရပ်အတွက် ခိုင်မာသည့်မေရရှိ စီးပွားရေးစီမံခန့်ခွဲမှုကို ထိန်းသိမ်းရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် စာရင်းအင်းများ လျာထားချက်နှင့် မူဝါဒချမှတ်သူများ၏ စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးခြင်းဖြင့် လိုအပ်သည့် မူဝါဒဆောင်ရွက်မှုများအား ပြင်ဆင်ရန် ရည်မှန်းပါသည်။

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် တည်ငြိမ်သည့် မေရရှိစီးပွားရေး အခြေအနေများမှာ အဓိကဖြစ်ခြင်း

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့်ဘဏ္ဍာရေး အခြေအနေများသည် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းများ၊ ငွေကြေးဖောင်းပွမှု၊ အတိုးနှုန်းများ၊ ဘဏ်ချေးငွေနှင့် ပြည်တွင်း ဝယ်လိုအားကဲ့သို့သော အကြောင်းရင်းများမှ ရင်းနှီးမြှုပ်နှံသူများ၏ စီးပွားရေး စွမ်းဆောင်ချက်များအပေါ် ထင်ရှားသည့် သက်ရောက်မှု တစ်ရပ်ရှိပါသည်။ နိုင်ငံခြားငွေကြေးလဲလှယ်မှု အတက်အကျများလွန်းခြင်း၊ ငွေကြေးအလွန်အမင်း ဖောင်းပွခြင်း သို့မဟုတ် ဝယ်လိုအား ကျုံ့ခြင်းကဲ့သို့သော မည်သည့်စီးပွားရေး ကသောင်းကနင်းဖြစ်မှုမဆိုသည် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းအပေါ် ပြင်းထန်စွာ သက်ရောက်သဖြင့် မေရရှိစီးပွားရေး တည်ငြိမ်မှုကို ၄င်းတို့က စိုးရိမ်ကြပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတည်ဆောက်မှုသည် နိုင်ငံတံခါးစတင်ဖွင့်လိုက်ချိန်ကတည်းက ထုတ်လုပ်မှု၏ ခိုင်မာသည့်အုတ်မြစ်၊ ခိုင်မာသည့်ပြည်ပငွေပေးငွေယူရှင်းတမ်းပုံစံ သို့မဟုတ် ထိရောက်သည့် စီးပွားရေးစနစ်ကို တည်ဆောက်ထားခြင်း မရှိသေးသည့်အတွက် အားနည်းနေဆဲဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏အဖွဲ့သည် မြန်မာအစိုးရနှင့် စီးပွားရေးနှင့်ဘဏ္ဍာရေး မူဝါဒများအပေါ် ပုံမှန်ဆွေးနွေးကြပြီး မူဝါဒထောက်ခံ အကြံပြုချက်များကို ပြုလုပ်ကြပါသည်။ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးမှုဘဏ်တို့မှ မြန်မာနိုင်ငံ၏ မေရရှိစီးပွားရေး စီမံခန့်ခွဲမှု၏ စွမ်းရည်တည်ဆောက်ခြင်းအား ပံ့ပိုးပေးကြပါသည်။

မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်ပြီး အထောက်အပံ့ပြုနိုင်သော စီးပွားရေးလုပ်ငန်းအခြေအနေများပေးရန် ဟန်ချက်ညီသည့် မေရရှိစီးပွားရေးမူဝါဒများကို ထိန်းသိမ်းပါမည်။

အစိုးရသည် စီမံကိန်းကာလအတွင်း ရင်းနှီးမြှုပ်နှံသူများအတွက် တိုးမြှင့်ထားသော စီးပွားရေး အခွင့်အလမ်းများကိုပေးရန် ခိုင်မာသောစီးပွားရေးပုံစံ တည်ဆောက်ရန်ကိုလည်း ရည်မှန်းပါမည်။

လိုအပ်သည့် လှုပ်ရှားဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု ၁-၁-၁	စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဟန်ချက်ညီမျှသည့် မေရှိစီးပွားရေးမူဝါဒ အကောင်အထည်ဖော်ခြင်း

(၁)အစဉ်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် လျော်ညီသည့် မေရှိစီးပွားရေး မူဝါဒရောနှောမှု တစ်ရပ်ကို ထိန်းသိမ်းထားရန်

မြန်မာနိုင်ငံသည် မကြာသေးမီက မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်းတစ်ရပ်အား ထိန်းသိမ်းထားပါသည်။ သို့ရာတွင် နိုင်ငံ၏စီးပွားရေးသည် ငွေကြေးလိုငွေပြမှုနှင့် လက်ရှိ လက်ကျန်လိုငွေပြမှု တို့ကဲ့သို့သော တည်ဆောက်ရေးဆိုင်ရာ ပြဿနာများကြောင့် စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရပါသည်။

မြန်မာနိုင်ငံအစိုးရနှင့် IMFတို့သည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မူဝါဒများအပေါ် နှစ်ဘက်ဆွေးနွေးမှုများကို ပုံမှန်ကျင်းပပါသည်။ ၂၀၁၆ Article IV တိုင်ပင် ဆွေးနွေးမှုတွင် IMF က မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးကူးပြောင်းမှုအပေါ် ဆက်လက်ပြုလုပ်နေသည့် လုပ်ငန်းစဉ်အားကြိုဆိုခဲ့ပြီး ၂၀၁၅-၂၀၁၆ တွင် ခိုင်မာသည့်ဖွံ့ဖြိုးမှု ဆောင်ရွက်ချက်အား မှတ်သားခဲ့ပါသည်။ တချိန်တည်းမှာပင် နိုင်ငံခြာငွေကြေး ပြောင်းလဲပြင်လွယ်ရှိမှုကဲ့သို့သော စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒများနှင့်စပ်လျဉ်း၍ ပြဿနာပေါင်းများစွာကို IMF မှ ထောက်ပြခဲ့ပါသည်။ ဆက်လက်ပြုလုပ်မည့် တည်ဆောက်မှုပုံစံပြောင်းလဲမှုများ၊ ပိုမိုတက်ကြွသည့် ငွေဖြစ်လွယ်မှု စီမံခန့်ခွဲရေး၊ ငွေကြေးထိန်းချုပ်မှုနှင့် ငွေကြေးသုံးစွဲခြင်း ထိရောက်မှုတို့မှာ ထပ်ဆောင်း ဆောင်ရွက်သွားရန်များတွင် ပါဝင်နေပါသည်။

မြန်မာနိုင်ငံအစိုးရသည် ပိုမိုထိရောက်မှုရှိသော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း သေချာစေရန် မေရှိစီးပွားရေးတည်ငြိမ်မှုကို ထိန်းထားခြင်းနှင့် စီးပွားရေးတည်ဆောက်မှုပုံစံများ ဖွံ့ဖြိုးခြင်းတို့အပေါ် မြင့်မားသည့် ဦးစားပေးတစ်ရပ် ထားရှိသွားပါမည်။ ရည်မှန်းချက်မှာ အဓိက မူဝါဒချမှတ်သူများဖြစ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား မူဝါဒပူးပေါင်းမှု ယန္တရားတစ်ရပ်ကို သေချာရှိစေခြင်းအားဖြင့် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ အခွန်မူဝါဒနှင့် ကုန်သွယ်ရေး မူဝါဒတို့ပါဝင်သည့် မေရှိစီးပွားရေးမူဝါဒတရပ်အား အချိန်နှင့်တပြေးညီ သင့်လျော်မှန်ကန်စွာ အသုံးချထိန်းသိမ်းရန် ဖြစ်ပါသည်။

(၂) အထောက်အပံ့ပြုသော စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးရေးအတွက် စီးပွားရေး မူဝါဒများ ပြင်ဆင်ရန်နှင့် အကောင်အထည်ဖော်ရန်

မြန်မာနိုင်ငံအစိုးရသည် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အပံ့ပြုနိုင်သည့် စီးပွားရေး ပတ်ဝန်းကျင် တစ်ရပ်ဖန်တီးရန် နောက်ထပ် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ဆက်လက် ပြုလုပ်သွားပါမည်။ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ထိရောက်ပြီး တွန်းအားပေးလည်ပတ်သည့် စီးပွားရေးဆောင်ရွက်မှုများကို တုန့်ပြန်ရန် ဘဏ္ဍာရေးဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ မူဝါဒများနှင့် ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည့် စီးပွားရေး တည်ဆောက်မှုအား တိုးတက်စေရန် စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် မူဝါဒများကို ပြင်ဆင်၍ အကောင်အထည်ဖော်ပါမည်။

DICAသည် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ထိန်းကျောင်းကြပ်မတ်သည့် အပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် စီးပွားရေးမူဝါဒများအပေါ် ထောက်ခံအကြံပြုချက်များပံ့ပိုးပါမည်။ MIPP အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပေါင်းစပ်ပါဝင်သည့် ကော်မတီတစ်ရပ်ဖြစ်သော ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကော်မတီသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် စီးပွားရေး မူဝါဒများအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၁-၁-၂	မေခရိုစီးပွားရေးမူဝါဒချမှတ်ရေး စွမ်းဆောင်ရည်များ ခိုင်မာစေခြင်း

(၁) ဆက်စပ်ဝန်ကြီးဌာနများတွင် မေခရိုစီးပွားရေးမူဝါဒချမှတ်သည့် စွမ်းရည်ကို အားကောင်း စေရန်

မေခရိုစီးပွားရေးမူဝါဒများ ချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းစွမ်းဆောင်ရည်မှာ ကမ္ဘာ့စီးပွားရေးပြောင်းလဲနေမှုမှ အမျိုးသားစီးပွားရေးကို ထိန်းကျောင်းရေး ရည်ရွယ်ချက်အတွက်နှင့် အနာဂတ် ဖြေလျှော့မှုများ တိုးမြှင့်ရေးအတွက် ပိုမိုခေတ်မီ ဆန်းပြားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံအစိုးရသည် စီးပွားရေးမူဝါဒစီမံခန့်ခွဲရေးတွင် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို စုစည်းပေါင်းစပ်သွားပါမည်။ ပြည်ပအလှူရှင်များထံမှ နည်းပညာဆိုင်ရာ အကူအညီနှင့် မြန်မာနိုင်ငံတော်အစိုးရမှ ဆက်စပ်ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ အထူးသဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မူဝါဒချမှတ်ရေးနှင့် စီမံခန့်ခွဲရေး စွမ်းဆောင်ရည်ကို တိုးမြှင့်ရန် ဆက်လက် ဆောင်ရွက်သွားပါမည်။

(၂) မေခရိုစီးပွားရေးစီမံခန့်ခွဲမှုအတွက် မေခရိုစီးပွားရေးစာရင်းအင်းများ တိုးတက်စေရန်

ခိုင်မာသည့် မေခရိုစီးပွားရေး မူဝါဒစီမံခန့်ခွဲမှုမှာ GDP၊ ဈေးနှုန်းများ၊ ငွေကြေးရောင်းလိုအား၊ အလုပ်အကိုင်နှင့် ကုန်သွယ်မှုကဲ့သို့သော အချိန်နှင့်တပြေးညီ၊ တိကျပြီး အသေးစိတ်သည့် စာရင်း

အင်းအချက်အလက်များနှင့်သာဖြစ်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ချက်များ ချမှတ်ရေးအတွက် အမျိုးမျိုးသော စာရင်းအင်း အမျိုးအစားတို့ကိုလည်း အသုံးပြုရပါမည်။ ဥပမာ - စက်မှု၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် စွမ်းအင် စာရင်းအင်းများကို မကြာခဏ ကိုးကားမှု ပြုရပါသည်။

မြန်မာနိုင်ငံအစိုးရသည် မူဝါဒချမှတ်သူများမှ မေခရိုစီးပွားရေးစီမံခန့်ခွဲမှုကို အချိန်နှင့် တပြေးညီ ထိရောက်သည့် ဆုံးဖြတ်ချက်များပြုလုပ်နိုင်ရေး အထောက်အကူဖြစ်သည့် စာရင်းအင်းဆိုင်ရာစနစ် တစ်ရပ်ကို အမျိုးသားစာရင်းအင်းစနစ်၏ လက်ရှိယန္တရားအား ဖွံ့ဖြိုးစေခြင်းမှတဆင့် တည်ဆောက်သွားပါမည်။

လုံလောက်မှုမရှိသော မေခရိုစီးပွားရေးစာရင်းအင်း စုဆောင်းခြင်းနှင့် ထုတ်ဝေခြင်းမှာ နိုင်ငံ၏ မေခရိုစီးပွားရေးစီမံခန့်ခွဲမှု၏ အားနည်းချက်တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရနှင့် စီးပွားရေးမူဝါဒ အပေါ် အကြံပြုနေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ယေဘုယျ အသိအမှတ်ပြုထားပါသည်။ SDG များအတွက် ဖြစ်ထွန်းအောင်မြင်မှုများကို ထိန်းကျောင်းကြပ်မတ်ရန် လိုအပ်ချက်မှာ မြန်မာနိုင်ငံတွင် တိုးတက်ဆောင်ရွက်ထားသည့် စာရင်းအင်းစနစ် တစ်ခုဖြစ်ပါသည်။ အရည်အသွေးမီ အမျိုးသား စာရင်းအင်းဆိုင်ရာ စနစ်တစ်ရပ် တည်ထောင်ရန် အဆင့်မြင့် ကော်မတီဖြစ်သည့် အချက်အလက်တိကျမှုနှင့် စာရင်းအင်း အရည်အသွေးအတွက် အမျိုးသားကော်မတီသည် စာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသား မဟာဗျူဟာ (National Strategy for Development of Statistics-NSDS) ကို အကောင်အထည်ဖော်ပါသည်။ မြန်မာနိုင်ငံအစိုးရသည် အလှူရှင်များထံမှ နည်းပညာ အကူအညီများကို လက်ခံရရှိပါသည်။ အမျိုးသားစာရင်းအချက်အလက် တိုးတက်စေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် UNDP တို့မှ ထိုကဲ့သို့ အကူအညီများ ပေးပါသည်။

(၃) ဆက်စပ်ဝန်ကြီးဌာနများတွင် အရာရှိများ၏ မူဝါဒချမှတ်သည့် စွမ်းရည်ကို မြှင့်တင်ရန်

လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်းသည် စွမ်းဆောင်ရည်ရှိသော စီးပွားရေးနှင့် ဘဏ္ဍာရေး မူဝါဒများ ချမှတ်ခြင်းအတွက် သော့ချက်ဖြစ်ပါသည်။ ထို့ကြောင့် စီးပွားရေး သုတေသန၊ စီးပွားရေး အချက်အလက်ဆန်းစစ်မှုနှင့် စာရင်းအင်းဆော့ဖ်ဝဲလ်များတွင် ဆက်စပ်ဝန်ကြီးဌာနများ၏ အရာရှိများ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၁-၁-၃	ရင်းနှီးမြှုပ်နှံမှု စာရင်းအင်း တိုးတက်စေခြင်း

(၁) ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများ၏ ပါဝင်မှု ချဲ့ထွင်ရန်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လိုအပ်သည့် မရှိမဖြစ်စာရင်းများကို ရယူရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှုစာရင်းအင်းတွင် သတင်းအချက်အလက်ပံ့ပိုးမှုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် DICA တို့က တိုးချဲ့ပါမည်။

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအတွက် အဓိကစာရင်းအင်း အမျိုးအစား(၂)ရပ် ရှိပါသည်- ပြည်ပငွေပေးငွေယူရှင်းတမ်း(Balance of Payment) နှင့် MIC မှ အတည်ပြုသည့် FDI တို့ ဖြစ်ကြပါသည်။

IMF ညွှန်ကြားချက်များအရ IMF အဖွဲ့ဝင် နိုင်ငံများမှ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ စာရင်းအင်းများကို အစီရင်ခံရပါမည်။ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွင် ရှယ်ယာ မတည်ငွေရင်း၊ ရရှိငွေအား ပြန်လည် ရင်းနှီးမြှုပ်နှံခြင်းနှင့် ကုမ္ပဏီအချင်းချင်း ချေးငွေဟူ၍ အပိုင်း(၃) ပိုင်း ရှိပါသည်။ FDI ၏ အဓိပ္ပါယ်များနှင့် တိုင်းတာသည့် နည်းလမ်းများမှာ IMF ၏ Balance of Payments and International Investment Position Manual (6th Edition, 2009) နှင့် OECD ၏ Benchmark Definition of Foreign Direct Investment (4th Edition, 2008) တို့တွင် ညွှန်ကြားထားသည့်အတိုင်း ဖြစ်ပါသည်။ The OECD Foreign Direct Investment Statistics တွင် (၁) တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အနေအထားများ - ရှယ်ယာများ (ရှယ်ယာနှင့် ကုမ္ပဏီအချင်းချင်းချေးငွေ၏ကြွေးမြီ၊ (၂) တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ငွေစီးဆင်းမှုများ (အကျိုးအမြတ်နှင့်ခွဲဝေသည့် အမြတ်ငွေများ၊ ပြန်လည်ရင်းနှီးမြှုပ်နှံသည့်ရငွေများ၊ ကြွေးမြီအတိုးအပေါ်ဝင်ငွေ)နှင့် (၃)တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဘဏ္ဍာရေး/ငွေကြေး စီးဝင်မှုများ (ရှယ်ယာ၊ ပြန်လည်ရင်းနှီးမြှုပ်နှံသည့် ရငွေများနှင့် ကြွေးမြီ)ဟူ၍ ပါဝင်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် DICA နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့နှင့် ပူးပေါင်းလျက် ယုံကြည်အားကိုးလောက်ပြီး အသေးစိတ်သည့် စာရင်းအင်းများကို ပြင်ဆင်ပါမည်။

အတည်ပြုလိုက်သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအပေါ် စာရင်းအင်းများကို MIC မှ ပုံမှန်ကောက်ယူပြီး ထုတ်ပြန်ကြေငြာပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ အမှန်တကယ် ငွေထည့်ဝင်မှုကိန်းဂဏန်းများနှင့် MIC နှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ တို့မှ အတည်ပြုလိုက်သည့် ရင်းနှီးမြှုပ်နှံမှုများအတွက်ကိုမူ ပေါင်းစပ်ထားခြင်း မရှိပါ။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများကို တိကျစွာ ထိန်းကျောင်းရန် ခက်ခဲပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရသည် အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများအား ထုတ်ပြန်မည်ဖြစ်ပါသည် -

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း၏ FDI ပြည်ပငွေပေးငွေယူရှင်းတမ်းစာရင်းအင်း

ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းများအရ ယုံကြည်အားထားလောက်သည့် FDI ပြည်ပ ငွေပေးငွေယူ ရှင်းတမ်းစာရင်းအင်းအား ပံ့ပိုးပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ပါမည်။

ငွေထည့်ဝင်မှုအပေါ် အခြေခံသည့် MIC နှင့် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီများသို့ လျှောက်ထားသည့် အကောင်အထည်ဖော်မည့် ရင်းနှီးမြှုပ်နှံမှုများ

အတည်ပြုလိုက်သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ရပ်နှင့် အမှန်တကယ် ငွေထည့်ဝင်မှု တို့ကြားတွင် အချိန်ကွာဟချက်တစ်ရပ်ရှိပါသည်။ လက်ရှိတွင် ခွင့်ပြု/အတည်ပြု ထောက်ခံသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအပေါ် သတင်းအချက်အလက်များကို DICA မှ ထုတ်ပြန်ပေးပါသည်။ သို့ရာတွင် စီမံကိန်းများ၏ အမှန်တကယ် ငွေထည့်ဝင်မှု၏ သတင်းအချက်အလက်ကိုမူ လက်ရှိအချိန်တွင် ထိန်းကျောင်းကြပ်မတ်ခြင်းမရှိပါ။ ငွေထည့်ဝင်မှုကိန်းဂဏန်းများရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အကောင်အထည်ဖော်ရေးတို့အား MIC နှင့် DICA တို့မှ ထိန်းကျောင်းကြပ်မတ်ပါမည်။

ငွေထည့်ဝင်မှုနှင့် အတည်ပြုမှု နှစ်ရပ်လုံးပေါ်တွင် အခြေခံသည့် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီများသို့ မှတ်ယူသည့် အကောင်အထည်ဖော်မည့် ရင်းနှီးမြှုပ်နှံမှုများ

အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းများအပေါ် အတည်ပြုသည့် ရင်းနှီးမြှုပ်နှံမှု နှင့် ငွေထည့်ဝင်မှု နှစ်ရပ်စလုံး၏ စာရင်းအင်းများအား MIC နှင့် ပြည်နယ် /တိုင်းဒေသကြီး ကော်မတီများရှိရင်းနှီးမြှုပ်နှံမှုများနှင့် ပေါင်းစပ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ ပေါင်းစည်း စာရင်းအင်းဘဏ်တည်ဆောက်ရန်အလို့ငှာ DICA မှ စုစည်းပါမည်။

မှတ်ပုံတင်ထားသော ကုမ္ပဏီစာရင်းအင်း

နောက်ထပ်ဖော်ပြမည့် ခေါင်းစဉ်တွင် ရှင်းလင်းထားသည့် စာရင်းအင်းဘဏ်မှ မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ အကျဉ်းချုပ်စာရင်းအင်းကို DICA မှ ပေါင်းစပ်ပါမည်။

(၂) ရင်းနှီးမြှုပ်နှံသူစာရင်းအင်း သိမ်းဆည်းသည့်စနစ် တည်ထောင်ရန်

အောက်ဖော်ပြပါရှာဖွေမှုများကို ပြုလုပ်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်း၏ ဒစ်ဂျစ်တယ် စာရင်းအင်းဘဏ်တစ်ခုကို DICA မှ တည်ဆောက်သွားပါမည် -

- MIC နှင့် ပြည်နယ်/တိုင်းဒေသကြီးကော်မတီမှ အတည်ပြု/ထောက်ခံသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ- အတည်ပြုချက်ဖြင့်လည်းကောင်း၊ ငွေထည့်ဝင်မှုဖြင့်လည်းကောင်း၊ ဒေသ ဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏နိုင်ငံဖြင့် (တတိယနိုင်ငံမှ လာရောက်သည့် ရင်းနှီး

မြှုပ်နှံမှုဖြစ်ခဲ့ပါက မူလနိုင်ငံအပါအဝင်)နှင့် ရင်းနှီးမြှုပ်နှံမှု အရွယ်အစားဖြင့်လည်းကောင်း၊

- SEZ များမှ အတည်ပြုသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ - အတည်ပြုချက်ဖြင့်၊ ငွေထည့်ဝင်မှုဖြင့်လည်းကောင်း၊ဒေသဖြင့်လည်းကောင်း၊ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံဖြင့်လည်းကောင်း (တတိယနိုင်ငံမှ လာရောက်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ခဲ့ပါက မူလနိုင်ငံပါအပါအဝင်)နှင့် ရင်းနှီးမြှုပ်နှံမှု အရွယ်အစားဖြင့်လည်းကောင်း၊
- မှတ်ပုံတင်ထားသော ကုမ္ပဏီများ - အမည်ဖြင့်၊ ဒေသဖြင့်၊ ကဏ္ဍဖြင့်စသည်နှင့်
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်း၍ ဗဟိုစာရင်းအင်းဆိုင်ရာ ရုံးမှ စုစည်း ပံ့ပိုးပေးသော ပြည်ပငွေပေးငွေယူရှင်းတမ်းအပေါ် FDI စာရင်းအင်း

MIC နှင့် DICA တို့သည် ရင်းနှီးမြှုပ်နှံမှု မှတ်တမ်းများကို အစီရင်ခံခြင်း၊ ရင်းနှီးမြှုပ်နှံမှု စွမ်းဆောင်ချက်များ အကဲဖြတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အကောင်အထည်ဖော်ခြင်း အတွက် စာရင်းအင်းဘဏ်ကို အသုံးပြုပါမည်။

၅.၁ ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် တိုးတက်သော စီးပွားရေး ပတ်ဝန်းကျင် တစ်ရပ်သို့ ခိုင်မာစွာပြုထားသော ကတိကဝတ်

မဟာဗျူဟာ ရည်မှန်းချက်များ

ရင်းနှီးမြှုပ်နှံမှု မူဝါဒအပေါ် အစိုးရ၏ တည်ငြိမ်လျော်ညီသည့် ဆောင်ရွက်မှုမှာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုတည်ဆောက်ရေးသို့ သော့ချက်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော် အစိုးရသည် ရင်းနှီးမြှုပ်နှံသူများသို့ မူဝါဒအခြေခံမူများအား ရှင်းလင်းစွာဖော်ပြပါမည်။ တနည်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် မူဝါဒများနှင့်ဆောင်ရွက်မှုများ အားလုံးတို့ကို ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် အညီ ဖန်တီး ဆက်သွယ်သင့်ပါသည်။

ဤမဟာဗျူဟာသည် ပွင့်လင်းသည့် ရင်းနှီးမြှုပ်နှံမှုမူဝါဒတစ်ရပ် တည်ထောင်ရန်၊ ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ရေးနှင့် စည်းမျဉ်းများ ဖြေလျှော့ရေးတို့ကို တိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးတို့အပေါ် ချိုးဖောက်ကျူးလွန်မှုများအား စည်းမျဉ်းဖြင့် ထိန်းကျောင်းရန်၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအစီအမံတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု တည်ဆောက်ရန်တို့ကို ရည်မှန်းပါသည်။

တည်ငြိမ်သည့် ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အရေးကြီးပုံ

ပွင့်လင်းသော ရင်းနှီးမြှုပ်နှံမှုမူဝါဒသို့ အစိုးရ၏ ကတိကဝတ်မှာ အစိုးရမူဝါဒများတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဆက်စပ် အစိုးရဝန်ကြီးဌာနများနှင့်

အဖွဲ့အစည်းများမှ ပံ့ပိုးမှုများ ရရှိရန်အတွက် အရေးပါပါသည်။ မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံသူများသို့၊ ဆက်စပ်အစိုးရအဖွဲ့အစည်းအားလုံးသို့ ရင်းနှီး မြှုပ်နှံမှုမူဝါဒများ၏ အခြေခံမူများကို ရှင်းလင်းစွာ ဆက်သွယ်ပါမည်။ ရင်းနှီးမြှုပ်နှံမှု မူဝါဒများအောက်တွင် မြန်မာအစိုးရသည် စီးပွားရေးပတ်ဝန်းကျင်နှင့် စက်မှုဖွံ့ဖြိုး တိုးတက်မှုနှင့် ထို့နောက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးတို့ကို သက်ရောက်သည့် ပြဿနာများအပေါ်တွင် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ဆောင်ရွက်ပါမည်။ ၄င်းအမြင်တွင် မြန်မာနိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံသည် ***တာဝန်ခံမှုရှိပြီး အရည်အသွေးပြည့်ဝသော လိုက်နာမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်ရေးနှင့် ၄င်းတို့အား မျှတ ရှင်းလင်း ကြိုတင် မှန်းဆနိုင်ပြီး ပွင့်လင်းမြင်သာသည့် စည်းမျဉ်းဆိုင်ရာပတ်ဝန်းကျင်*** ဖြစ်လာလိမ့်မည်ဟု ယူဆသည့် မူဝါဒ အခြေခံမူသို့ ကတိကဝတ်ပြုပါသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၏ စီးပွားရေးမူဝါဒ ၁၂ ချက်နှင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၏ ရင်းနှီးမြှုပ်နှံမှုမူဝါဒတို့မှာ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခြေခံမူဝါဒများအဖြစ် နေရာယူထားပါသည်။ အစိုးရ၏ ခိုင်မာသော ကတိကဝတ်နှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒတွင် မူဝါဒများသိသာထင်ရှားစွာဖြည့်ဆည်းပေးရန် MIPPကို အကောင်အထည်ဖော်သွားပါမည်။ မြန်မာနိုင်ငံတော်အစိုးရသည် ပံ့ပိုးပေးသည့် စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ်နှင့် ရှင်းလင်းပြီး မြန်ဆန်သည့် လုပ်ထုံးလုပ်နည်းများ အကောင်အထည် ပေါ်လာစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ အကောင်အထည်ဖော်ရန် အားထုတ်မှုတိုင်းကို ဆောင်ရွက်သွားပါမည်။

စည်းမျဉ်းများ ဖြေလျှော့ပေးခြင်းမှ စီးပွားရေးအခွင့်အလမ်းများကို ဖြန့်ကျက်ခြင်း

MIC အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ တွင် ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သတ်မှတ်ထုတ်ပြန်ထားပါသည်။ စုစုပေါင်းအနေဖြင့် လုပ်ငန်းအမျိုးအစား ၁၆၉ မျိုးကို ကန့်သတ်ထားခြင်းသို့မဟုတ် ဆက်စပ်ဝန်ကြီးဌာနများ၏ အတည်ပြုချက်အား ရယူရန်လိုခြင်းတို့ကို ပြုလုပ်ထားပါသည်။ ကန့်သတ်ထားသည်များကို (၁) နိုင်ငံတော်ကသာ ဆောင်ရွက်ခွင့်ရှိသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ၊ (၂) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ ဆောင်ရွက်ခွင့်မရှိသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ၊ (၃) ပြည်တွင်းရှိ နိုင်ငံသားလူပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့် ပူးပေါင်း၍ ဖက်စပ် ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ (၄) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဟူ၍ အမျိုးအစား ခွဲခြားထားပါသည်။၄င်းဝန်ကြီးဌာနများတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွား

ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တို့ပါဝင်ပါသည်။ ဖြေလျှော့ရေးလုပ်ငန်းစဉ်မှာ နှေးကွေးနေသောကြောင့် ကုန်စည်အမယ်အများအပြားကို သွင်းကုန်ပို့ကုန်လိုင်စင်များ ရယူရန် လိုအပ်နေပါသေးသည်။

၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များကို ဖြည်းဖြည်းချင်း ဖြေလျှော့ပေးလာခဲ့ပါသည်။ အတည်ပြုချက်အတွက် ဦးစားပေးဆုံးဖြတ်မှု လိုအပ်သည့် ရှင်းလင်းချက်နှင့် ပွင့်လင်းသည့် အကဲဖြတ်သော လုပ်ငန်းစဉ်တို့မှာ ရင်းနှီးမြှုပ်နှံသူများ၏ နစ်နာမှုများကို တုန့်ပြန်ရန် လိုအပ်ပါသည်။ ဥပမာ နိုင်ငံခြား ကုမ္ပဏီများမှ ကုန်သွယ်မှု အပေါ် ကန့်သတ်ထားခြင်းများမှာ ၄င်းတို့၏ ကုန်ပစ္စည်းများကို ထိရောက်စွာ တင်သွင်းခြင်းနှင့် ရောင်းချခြင်းတို့တွင်အဟန့်အတားဖြစ်စေပါသည်။ စိုက်ပျိုးရေး သွင်းအားစုများနှင့် ဆောက်လုပ်ရေး ကုန်ကြမ်းများကဲ့သို့သော အမယ်အချို့အတွက် ကုန်သွယ်မှု ကန့်သတ်ချက်များကို ဖြေလျှော့ပေးသော်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှ ထပ်မံဖြေလျှော့မှုများ ပြုလုပ်ပေးရန် တောင်းဆိုနေကြဆဲဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအပေါ် မလိုအပ်သည့် ကန့်သတ်မှုများသည် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးအခွင့်အလမ်းများကို ဆိုးရွားစွာ ကန့်သတ်မှုဖြစ်ပေါ်စေပါသည်။ ရင်းနှီးမြှုပ်နှံမှု၏ ထပ်မံဖြေလျှော့ပေးခြင်းများသည် ထိရောက်သည့် စီးပွားရေး လည်ပတ်ဆောင်ရွက်မှုများနှင့် အဆင့်မြင့်နည်းပညာတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းတို့ကို သေချာစေနိုင်သည့် ပိုမိုကြီးဆိုသော စီးပွားရေးပတ်ဝန်းကျင်မှတဆင့် နိုင်ငံ၏ အလုံးစုံကုန် ထုတ်စွမ်းအား တိုးတက်မှုအတွက် လိုအပ်ပါသည်။

လိုအပ်သည့်လှုပ်ရှားဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု ၁-၂-၁	ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အခြေခံမူများကိုတည်ထောင်ခြင်းနှင့် ဖယ်ရှားခြင်း

(၁) ရင်းနှီးမြှုပ်နှံမှု မူဝါဒအား အမျိုးသားဖွံ့ဖြိုးတိုးတက်မှုမူဝါဒတွင် ဗဟိုတစ်ရပ်အဖြစ် ထားရှိရန်

ရင်းနှီးမြှုပ်နှံမှု မူဝါဒကို အဓိက အမျိုးသား အစိုးရမူဝါဒအဖြစ် ထားရှိပါသည်။ NCDP တွင် မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံအား သဘာဝသယံဇာတများနှင့် အခြေခံ စိုက်ပျိုးရေးကုန်စည်များအပေါ် မှီခိုနေရခြင်းမှ ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးအတွင်း အဆင့်မြင့်သည့် ပေါင်းစည်းမှုနှင့် အတူ ခေတ်မီဆန်းပြားသည့် နည်းပညာနှင့် ဗဟုသုတတို့ တိုးမြှင့်၍ ပေါင်းစပ်ထားသည့် သာလွန်သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ရွေ့လျားရန် ရည်ရွယ်ပါသည်။ ဤဖွံ့ဖြိုးတိုးတက်မှုကို နည်းပညာလွှဲပြောင်းပေးခြင်း၊ ကုန်ထုတ်စွမ်းအား၊ တိုးမြှင့်ထားသော အလုပ်အကိုင်အခွင့်အလမ်း တိုးတက်လာခြင်း၊ ပြည်တွင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးသို့ ဖြည့်ဆည်းသည့် ရင်းနှီးမြှုပ်နှံမှုတို့နှင့်အတူ ထင်ရှားသည့် အတိုင်းအတာတစ်ခုအထိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်

ရေးပေါ်တွင် တည်ဆောက်သွားရပါမည်။

အလားတူစွာပင် ရင်းနှီးမြှုပ်နှံမှု မူဝါဒအတွက် လှုပ်ရှားမှုစီမံကိန်းတစ်ရပ်ဖြစ်သည့် MIPP သည် မြန်မာနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် NCDP၏ ပန်းတိုင်များကို ရရှိရန် NCDP ၏ အရေးကြီး အစိတ်အပိုင်းတစ်ရပ်အဖြစ် တရားဝင် နေရာယူထားပါသည်။ MIPP ၏ မဟာဗျူဟာများသည် စီးပွားရေးပတ်ဝန်းကျင် တိုးတက် ကောင်းမွန်ရေးကိုသာမက အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် ပဂ္ဂလိကကဏ္ဍစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူစွမ်းအား ရင်းမြစ်များဖွံ့ဖြိုးတိုးတက်ရေး ကဲ့သို့သော အခြားသော ဖွံ့ဖြိုးတိုးတက်ရေး ပြဿနာများကိုပါ ညွှန်းဆိုသွားပါမည်။ မြန်မာအစိုးရမှ MIPP အကောင်အထည်ဖော်ရေးအတွက် ဝန်ကြီးဌာနများ ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးသွားမည်ဖြစ်ပြီး၊ MIPP ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လိုအပ်သည့် အခွင့်အာဏာကို အဖွဲ့အစည်းသို့ ပေးအပ်သွားပါမည်။

(၂) ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ အခြေခံမူများအား ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်စပ်အစိုးရ အဖွဲ့အစည်းများ အားလုံးသို့ ရှင်းလင်းစွာဆက်သွယ်ရန်

ရင်းနှီးမြှုပ်နှံသူများသည် ၄င်းတို့၏ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များအား သက်ရောက်သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် မူဝါဒတည်ငြိမ်မှုတို့အပေါ် စိုးရိမ်ကြပါသည်။ မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရရှိရန် ၄င်းတို့အား ရင်းနှီးမြှုပ်နှံမှု မူဝါဒအခြေခံမူများကို ရှင်းလင်းစွာဖော်ပြခဲ့ပြီး၊ *"အရည်အသွေးပြည့်ဝသော တာဝန်ခံမှုရှိပြီးလိုက်နာမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုပြီး၊ ရင်းနှီးမြှုပ်နှံသူများအား ကာကွယ်ပေးခြင်းနှင့် မျှတရှင်းလင်း ကြိုတင် မှန်းဆနိုင်ပြီး ပွင့်လင်းမြင်သာသည့် စည်းမျဉ်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံသူများအား ပံ့ပိုးပေးခြင်း"* သို့ ကတိကဝတ်ပြုထားပါသည်။

FDI နှင့် ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ရာတို့ အပါအဝင် ရင်းနှီးမြှုပ်နှံမှု၏ အရေးပါပုံကို ယေဘုယျနားလည်မှုတည်ဆောက်ရန် ဆက်စပ်ဝန်ကြီးဌာနများ အားလုံးသို့ အခြေခံမူများအား ထိရောက်စွာ ဆက်သွယ်ထားရန်မှာလည်း အရေးကြီးပါသည်။ ရင်းနှီးမြှုပ်နှံမှု မူဝါဒအကြောင်း ဆက်စပ်ဝန်ကြီးဌာနများတွင် နားလည်မှုအဆင့်အား တိုးမြှင့်ရန် အသိပညာပေး လှုပ်ရှားမှုများနှင့် ဆွေးနွေးပွဲများ ကဲ့သို့သော မြှင့်တင်ရေး ဆောင်ရွက်မှုများကို ကျင်းပပြုလုပ်သွားပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၁-၂-၂	ရင်းနှီးမြှုပ်နှံမှု မူဝါဒ၏ အခြေခံမူများအား အသုံးပြု၍ ဆက်စပ်ဝန်ကြီးဌာနများမှ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်မူဝါဒများ၏ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ခြင်း

(၁) ရင်းနှီးမြှုပ်နှံမှုမူဝါဒ အကောင်အထည်ဖော်ရေးနှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရေးတို့အတွက် ဝန်ကြီးဌာနများအကြား မူဝါဒပူးပေါင်းဆောင်ရွက်မှုအတွက် ယန္တရားတစ်ရပ် တည်ထောင်ရန်

MIL အသက်ဝင်ပြီးနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု စည်းကမ်းများနှင့် ဆက်စပ်နေသည့် ဆက်သွယ်မှုများကို ထုတ်ပြန်ကြေငြာခဲ့ပါသည်။ MIL အကောင်အထည်ဖော်ခြင်း၏ ဘက်စုံ စနစ်တစ်ရပ်ကို တည်ထောင်ရန် ဖြည့်စွက်သည့် အမိန့်ကြော်ငြာ စာများနှင့် ဆက်စပ်သည့် စာရွက်စာတမ်းများကို ဆက်လက်ဆောင်ရွက်သွားပါမည်။ MIL တွင် အလွန်ကျိုးကြောင်း ဆီလျော်မှုသည့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အစီအမံရှိပါသည်။ သို့ရာတွင် ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ မူဝါဒများနှင့် စပ်လျဉ်း၍ ထပ်မံတိုးတက်ရန် လိုအပ်ပါသည်။

ဝန်ကြီးဌာနများ ပေါင်းစပ်ပါဝင်သည့် ယန္တရားတစ်ရပ်မှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒ ထိရောက်သည့် အကောင်အထည်ဖော်မှုအတွက်နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရန် မရှိမဖြစ် လိုအပ်ပါသည်။ ၄င်းအား လက်တွေ့အကောင်အထည်ဖော်ရန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကော်မတီ ဟုခေါ်တွင်သည့် ဝန်ကြီးဌာနများ ပါဝင်သော ကော်မတီတစ်ရပ်ကို ကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် မူဝါဒများနှင့် ခေတ်မီသည့် စီးပွားရေးပတ်ဝန်းကျင်တို့နှင့် လိုက်ဖက်ညီသည့် လုပ်ငန်းတာဝန်များဖြင့် တည်ထောင်ရပါမည်။ ၄င်းမှာ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွင် တောင်းဆိုထားသောကြောင့်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်မတီကို MIC မှ စီမံခန့်ခွဲပါမည်။ အဘယ့်ကြောင့်ဆိုသော် DICA အတွင်းရေးမှူးအဖြစ် ပံ့ပိုးသည့် MIL ပေါ်တွင် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှု စီမံအုပ်ချုပ်မှုအတွက် တာဝန်ရှိသောကြောင့်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကော်မတီကို အားကောင်းစွာဖြင့် အားပေးသွားမည်ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၏ အရေးပါပုံတို့ကို အပြည့်အဝ အသိအမှတ်ပြုသည့် အဆင့်မြင့်အစိုးရမှ ပံ့ပိုးပေးသွားပါမည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်မတီသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒ အားကောင်းစေရန်နှင့် စီးပွားရေးပတ်ဝန်းကျင်တိုးတက်ရေး မြှင့်တင်ရန် လိုအပ်သည့် ပံ့ပိုးပေးသည့် မူဝါဒ ဆောင်ရွက်ချက်များအား မွေးထုတ်ရန်အလို့ငှာ ဆက်စပ်ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်သွားပါမည်။ပြန်လည်ဆန်းစစ်ပြီးနောက် စီးပွား ရေးပတ်ဝန်းကျင် တိုးတက်မှု ခိုင်မာစေရန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်မတီ သည် ဆက်စပ်ဝန်ကြီးဌာနများသို့ မူဝါဒအကြံပေး ထောက်ခံချက်များကို ပြုလုပ်သွားပါမည်။ မူဝါဒများတွင် စိုက်ပျိုးရေးမှ ကုန်သွယ်ရေး၊ စက်မှုနှင့် အခြေခံအဆောက်အအုံအထိ ဧရိယာကျယ်ပြန့်စွာ ခြုံငုံနိုင်ပါသည်။



ကားချပ် ၅-၁: ဝန်ကြီးဌာနများအကြား မူဝါဒ ပူးပေါင်းဆောင်ရွက်ရေးအတွက် မူဘောင်

(၂) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအပေါ် ပုဂ္ဂလိကကဏ္ဍနှင့် တက်ကြွစွာ ဆက်သွယ်ရန်

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့နေသော မူဝါဒများနှင့် ချဉ်းကပ်မှုများ၏ လုံလောက်သည့် ဗဟုသုတရှိရန်မှာ ဆက်စပ်ဝန်ကြီးဌာနများ၏ အရာထမ်းများအတွက် အရေးပါပါသည်။ မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆောင်ရွက်မှု လုပ်ငန်းစဉ် တလျှောက်လုံးတွင် ရင်းနှီးမြှုပ်နှံသူများ၏ အသံကို နားထောင်ရန် မရှိမဖြစ် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အပေါ် အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ဆွေးနွေးမှုအတွက် လက်ရှိရှိပြီး ယန္တရားအချို့ရှိပါသည်။ ဥပမာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီနှင့် စီးပွားရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအတွက် မြန်မာအထူးလုပ်ငန်းအဖွဲ့ (MSTFBTP) တို့ကို ဆွေးနွေးမှုမှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား မြှင့်တင်ရန် တည်ထောင်ထားခြင်းဖြစ်ပါသည်။

MIPP အောက်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်မတီသည် ပုဂ္ဂလိကကဏ္ဍ (အထူးသဖြင့် ရင်းနှီးမြှုပ်နှံသူများ)ထံမှ မူဝါဒများနှင့် စီစဉ်ထားသည့် ဆောင်ရွက်မှုများအပေါ် စီးပွားရေးပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းတို့အတွက် သင့်လျော်မှုနှင့် ထိရောက်မှုရှိ၊မရှိ ထင်မြင်ယူဆချက်များကို စုဆောင်းပါမည်။ ထိုအချက်များအား လုံး၏ အပေါ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အမြင်များအား နားထောင်ရန်မှာ အလွန်အရေးကြီးပါသည်။ ၄င်းတို့၏ အမြင်များမှာ မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်ကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်ရန် မြန်မာအစိုးရ၏ အားထုတ်မှုများအတွက် တန်ဖိုးဖြတ်၍ မရနိုင်ပါ။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကော်မတီသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပါအဝင် ပုဂ္ဂလိကကဏ္ဍနှင့် ပုံမှန် ဆွေးနွေးပွဲများ ကျင်းပရန် တာရှည်ယန္တရားတစ်ရပ်ကို တည်ထောင်ပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၁-၂-၃	နိုင်ငံစုံမူဘောင်များတွင် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ရေး တိုးမြှင့်ခြင်း

(၁) အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)အတွင်း ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ရေး မြှင့်တင်ရန်

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ၏ စီးပွားရေးပေါင်းစည်းမှုနှင့်အညီ ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်း၊ မြှင့်တင်ခြင်း၊ လွယ်ကူ ချောမွေ့စေခြင်းနှင့် ကာကွယ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ AEC သည် ဒေသတွင်း ဘုံ စျေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုအခြေခံ ဖန်တီးရန်နှင့် ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်ဖွံ့ဖြိုးမှုကို အရှိန်မြှင့်တင်ရန် မျှော်မှန်းထားပါသည်။ ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်းအား မြှင့်တင်ရန် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက် (ACIA) မှာ ၂၀၁၂ ခုနှစ်၊ မတ်လ တွင် အသက်ဝင်လာခဲ့ပါသည်။

ACIA၏ ရည်ရွယ်ချက်များမှာ (၁) အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု အစီအမံများ၏ တဖြည်း ဖြည်း တိုးတက်ဖြေလျှော့နေမှုများ၊ (၂) အဖွဲ့ဝင်နိုင်ငံများအားလုံး၏ ရင်းနှီးမြှုပ်နှံသူသို့ တိုးမြှင့် အကာအကွယ်ပေးမှု လျာထားချက်နှင့် (၃) ပွင့်လင်းမြင်သာပြီး ကြိုတင်မှန်းဆနိုင်သည့် ရင်းနှီး မြှုပ်နှံမှု စည်းကမ်းများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်မှုတို့မှ တဆင့် လွတ်လပ်ပြီး ပွင့်လင်းရှင်းလင်းသည့် ရင်းနှီးမြှုပ်နှံမှု အစီအမံတစ်ရပ်ကို ဖန်တီးရန်ဖြစ်ပါသည်။ ACIA အောက်တွင် အဖွဲ့ဝင် တစ်နိုင်ငံစီသည် ဝင်ရောက်ခြင်း၊ တည်ထောင်ခြင်း၊ ပေါင်းစည်း ရယူခြင်း၊ တိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ ဆောင်ရွက်ခြင်း၊ လည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် ၄င်း၏ပိုင်နက်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၏ အခြားအစီအစဉ်များနှင့် စပ်လျဉ်း၍ အခြားမည်သည့် အာဆီယံနိုင်ငံ၏ ရင်းနှီးမြှုပ်နှံသူကိုမဆို ၄င်း၏ကိုယ်ပိုင်နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအတိုင်း အခွင့်အရေး ပိုမိုလျော့နည်း၍မပေးဘဲ ညီမျှစွာ ဆက်ဆံရမည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများတွင် ဖြေလျှော့မှုပေးရန် ဖယ်ထားသည့် စာရင်းတွင်ပါသည့် ကဏ္ဍများရှိနေဆဲဖြစ်ပါသည်။ မြန်မာ၏ အနေအထားတွင် စက်မှုကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ အချို့သောဧရိယာများတွင် ပြည်တွင်းဥပဒေများနှင့် စည်းကမ်းများဖြင့် ချမှတ်ထားသည့် အခြေအနေများရှိပါသည်။

ACIA ၏ လုပ်ငန်းစဉ်အများအပြားသည် အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံတွင် အခြေစိုက်သည့် ရင်းနှီးမြှုပ်နှံသူများအား လုပ်ငန်းအခွင့်အလမ်းများ ချဲ့ထွင်ခြင်းနှင့် ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်ခြင်းနှင့်အတူ အကျိုးအမြတ်ရရှိစေမည်ဖြစ်ပါသည်။ အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ် သောကြောင့် မြန်မာအစိုးရသည် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဧရိယာ (AIA) ကောင်စီ၊ အာဆီယံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ASEAN CCI) နှင့် အခြားသော အဖြစ် အပျက်များ၌ ACIAအကောင်အထည်ဖော်ဆောင်မှုအား ပံ့ပိုးပေးသွားပါမည်။

(၂) AECအပြင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ မူဘောင်များအတွင်း ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ရေး မြှင့်တင်ရန်

လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် (FTA) နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်(EPA)ကဲ့သို့ နိုင်ငံစုံ သဘောတူညီချက်များသည် ကုန်စည်များကုန်သွယ်ခြင်း၊ ဝန်ဆောင်မှုကဏ္ဍများနှင့် ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော နယ်ပယ်အမျိုးမျိုးတို့တွင် တွန်းအားပေးလည်ပတ်သည့် စီးပွား ရေးလှုပ်ရှားမှုများအတွက် ကျယ်ပြန့်သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ဖန်တီးရန် ရည်မှန်းပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အရှေ့အာရှနိုင်ငံများ FTA နှင့် EPA သဘောတူညီချက်များကို လက်မှတ် ရေးထိုးခဲ့ကြပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု (RCEP)တွင် စေ့စပ်ညှိနှိုင်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာအစိုးရသည် နိုင်ငံအပေါ်တွင် အကျိုးသက်ရောက်မှုကို ဆန်းစစ်ခြင်းဖြင့် ဒေသတွင်း၌ ပွင့်လင်းပြီး သာတူညီမျှရှိသည့် စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ်အတွက် ဤပူးပေါင်း ဆောင်ရွက်မှုကို ဆက်လက်ပြုလုပ်သွားပါမည်။ သို့မှသာ မြန်မာနိုင်ငံသည် ဒေသ၏ ဖွံ့ဖြိုးနေသော ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူးများမှ အကျိုးအမြတ်ရရှိနိုင်ပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၁-၂-၄	စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မှုနှင့် စည်းမျဉ်းများဖြေလျှော့မှု တိုးမြှင့်ရေးတို့အတွက် ဥပဒေဆိုင်ရာမူဘောင် ပြင်ဆင်ခြင်း

(၁)စီးပွားရေးပတ်ဝန်းကျင်တိုးတက်ကောင်းမွန်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူမှု တို့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို ပြင်ဆင်ရန် သို့မဟုတ် ပြဋ္ဌာန်းရန်

မြန်မာအစိုးရသည် ဒီမိုကရေစီလုပ်ငန်းစဉ်နှင့် ဥပဒေဆိုင်ရာစနစ်များ ပေါင်းစည်းခြင်း ကာလများအတွင်း စီးပွားရေးနှင့်သက်ဆိုင်သည့် ဥပဒေများ စည်းမျဉ်းစည်းကမ်းများကို ဖြည်းဖြည်းမှန်မှန် ပြန်လည်သုံးသပ်လျက်ရှိပါသည်။ ဤပြန်လည် သုံးသပ်မှုမှာ ဆက်လက် ဆောင်ရွက်နေဆဲ ဖြစ်သော်လည်း ရှုပ်ထွေးမှုများကို ဖယ်ရှားရေး အတွက် နှံ့နှံ့စပ်စပ်ပြုလုပ်ရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်သာကိုင်သာရှိပြီး ထိရောက်သည့် လုပ်ငန်းလည်ပတ်မှုများ ပြုလုပ်နိုင်ခွင့်ပေးသော ဥပဒေဆိုင်ရာ မူဘောင်တစ်ရပ်ကို မွေးထုတ်ရန်အလွန် အရေးကြီးပါသည်။ ဤဆက်လက်ဖြစ်ပေါ်နေသည့် အလုပ်နယ်ပယ်များ၏ ဥပမာများမှာ ဥဏ္ဍာပစ္စည်း မူပိုင်ခွင့်များ ကာကွယ်ရေးအတွက် ဥပဒေဆိုင်ရာမူဘောင်၊ bonded သိုလှောင်ရုံများနှင့် boded စက်ရုံများအပါအဝင် တိုးချဲ့ထားသော အကောက်ခွန် ကြီးကြပ်မှုအောက်တွင် ရှိသော

နယ်ပယ်စနစ်များနှင့် ကုန်သွယ်လုပ်ငန်းခွန် အပါအဝင် ဟန်ချက်ညီသည့် အခွန်အကောက်စနစ် တစ်ရပ်တို့ဖြစ်ကြပါသည်။ မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် စည်းမျဉ်း ဆိုင်ရာ တိုးတက်မှုကို အောက်ဖော်ပြပါ အဆင့်များမှတဆင့် အကောင်အထည်ဖော်သွားပါမည်-

(က) တည်ဆဲ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ဆန်းစစ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် စီးပွားရေးပတ်ဝန်းကျင်တို့အတွက် ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းဆိုင်ရာ ပြဿနာများကို သတ်မှတ်ဖော်ထုတ်ရန်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကော်မတီသည် ခိုင်မာသော အမျိုးသားဖွံ့ဖြိုးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအမြင်မှ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို စုစည်းပြီး ပြဿနာများကို စစ်ဆေးသွားပါမည်။ စည်းမျဉ်းစည်းကမ်းများတွင် ထည့်သွင်း ဖော်ပြမထားသည့် ကန့်သတ်ချက်များကိုလည်း ပြန်လည် ဆန်းစစ်သင့်ပါသည်။ စီးပွားရေး ပတ်ဝန်းကျင် တိုးတက်မှုအတွက် ပြန်လည် ပြင်ဆင်ထားသည့် စည်းမျဉ်း စည်းကမ်းများအပေါ်တွင် ဆက်စပ်ပါဝင်သူများ၏ ဘုံသဘောတူညီချက်ရရှိရန် လိုအပ်ပါသည်။

(ခ) စီးပွားရေးပတ်ဝန်းကျင်ကို သက်ရောက်သည့် ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို ပြင်ဆင်ရန် သို့မဟုတ် ပြဋ္ဌာန်းရန်

ဆန်းစစ်မှု၏ရလဒ်အဖြစ် ပြင်ဆင်ခြင်းအတွက် လိုအပ်လာသည့်အခါ ဆက်စပ် ဥပဒေများနှင့်/သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို ဆက်နွယ်နေသည့် ဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ချိန်ညှိသွားပါမည်။ တည်ဆဲဥပဒေများ နှင့်/သို့မဟုတ် စည်းမျဉ်းစည်းကမ်းများမှာ ဖော်ထုတ်ထားသည့် လိုအပ်ချက်နှင့် အံဝင်ခွင်ကျ ဖြစ်ရန် မလုံလောက်ခဲ့ပါက ဥပဒေအသစ်များနှင့်/သို့မဟုတ် စည်းမျဉ်း စည်းကမ်းများကို ချမှတ်နိုင်ပါသည်။

(ဂ) ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းအသစ်များကို ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်စပ်အစိုးရသို့ ထုတ်ပြန်ကြေငြာရန်

ထုတ်ပြန်ရေးအတွက် ဥပဒေအသစ်များနှင့် စည်းမျဉ်းစည်းကမ်း အသစ်များကို မြန်မာဘာသာဖြင့် ရေးသားထားသည့် မူရင်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများမှ အင်္ဂလိပ်ဘာသာသို့ ချက်ချင်းဘာသာပြန်ဆိုပါမည်။ လိုအပ်ပါက ချောမွေ့သည့် လုပ်ငန်းစဉ်များနှင့် အခေါ်အဝေါ်များ၏ စံသတ်မှတ်ထားသော ဘာသာပြန်ဆိုခြင်းအတွက် လမ်းညွှန်များကို ထုတ်ဝေပါမည်။

(ဃ)အကဲဖြတ်ခြင်းအတွက် ထိန်းကျောင်းကြပ်မတ်ရန်နှင့် ခိုင်မာသည့် ဥပဒေအသက် ဝင်မှု သေချာစေရန်

ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်မှုများနှင့် အကျွမ်းတဝင် ရှိစေခြင်းဖြင့် အရာထမ်းများအကြား ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ ဘာသာပြန်ဆိုမှုများတွင် မတူညီမှု/ ခြားနားမှုကို ရှောင်ရှားရန်အရေးကြီးပါသည်။ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းကျောင်းကြပ်မတ်ခြင်း လုပ်ငန်းစဉ်အတွင်း ဥပဒေအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ မကျေနပ်သည့် တိုင်တန်းမှုများကို ထိန်းကျောင်းကြပ်မတ် သွားမည်ဖြစ်ပြီး တိုင်တန်းချက်များ ဖြေရှင်းဆောင်ရွက်ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားပါမည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေး စနစ်တွင် အခွင့်အရေးချိုးဖောက်မှုများနှင့် ဥပဒေချိုးဖောက်မှုများကို ကာကွယ်ရေးအတွက် ယန္တရားတစ်ရပ်ကို တည်ထောင်သွားရန်မှာလည်း လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့်ဆက်စပ်၍ ဥပဒေ ချိုးဖောက်မှုများနှင့် သက်ဆိုင်သည့် အခြေအနေကို ထိန်းကျောင်းကြပ်မတ်ပြီး လိုအပ်ပါက ပြန်လည်တည့်မတ်ပေးသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ပါမည်။



ကားချပ် ၅-၂: ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဥပဒေဆိုင်ရာနှင့်စည်းမျဉ်းဆိုင်ရာ တိုးတက်မှုလုပ်ငန်းစဉ်

(၂) ဆက်စပ်ဝန်ကြီးဌာနများ၏ ဥပဒေပြဋ္ဌာန်းသည့် စွမ်းရည်အား တိုးတက်စေရန်

ဆက်စပ်ဝန်ကြီးဌာနများ၏ ဥပဒေပြဋ္ဌာန်းသည့် စွမ်းရည်မှာ မြန်မာနိုင်ငံတွင် ဆွဲဆောင်မှုရှိသည့် လုပ်ငန်းပတ်ဝန်းကျင်တစ်ရပ်အတွက် လုံလောက်သော ဥပဒေဆိုင်ရာမူဘောင်တစ်ရပ်တည်ဆောက်ရေးတွင် အဓိကကျသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီမံရေးတွင် ပြဿနာများကို နားလည်ရန် စွမ်းရည်တိုးမြှင့်ရန်၊ စီးပွားရေး ပတ်ဝန်းကျင် တိုးတက်မှု ရရှိစေရန်တို့မှာ အလွန်အရေးကြီးပါသည်။ မူဝါဒချမှတ်သူများသည် အပြည်ပြည်ဆိုင်ရာ အကောင်းဆုံးလက်တွေ့ ကျင့်သုံးနေမှုအား ကောင်းမွန်စွာ သဘောပေါက် နားလည်သင့်ပြီး၊ မြန်မာနိုင်ငံ၏ လူမှု-စီးပွားအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင့်လျော်သည့် လက်တွေ့ကျသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပုံစံရေးဆွဲသင့်ပါသည်။

ဥပဒေရေးဆွဲသည့် စွမ်းရည်မှာ အားနည်းနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံတော်အစိုးရသည် အခြားနိုင်ငံများ၏ ယေဘုယျ ကျင့်သုံးနေမှုနှင့် အတွေ့အကြုံများကို ကိုးကားခြင်းမှ မြန်မာနိုင်ငံ၏ စီးပွားရေး ပတ်ဝန်းကျင်တိုးတက်ရန် ဆက်စပ်ဝန်ကြီးဌာနများ၏ ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဥပဒေပြဋ္ဌာန်းသည့် စွမ်းရည်တို့ကို တိုးမြှင့်ရန် ဆက်လက်ဆောင်ရွက်သွားပါမည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကော်မတီသည် ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းတိုးတက်မှုတွင် တိုးတက်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ရှုထောင့်မှ အပြည်ပြည်ဆိုင်ရာ အကောင်းဆုံး လက်တွေ့ကျင့်သုံးနေမှု နည်းလမ်းများအား ပံ့ပိုးပေးခြင်းဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပံ့ပိုးသွားပါမည်။

(၃) လုပ်ငန်းအတွက် စည်းမျဉ်းများ ထပ်မံဖြေလျှော့ပေးရေး ဆန်းစစ်ရန်နှင့် အကောင်အထည် ဖော်ရန်

နိုင်ငံတိုင်းသည် ၄င်းတို့၏ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု၏ အချို့သော ပြောင်းလဲမှု အဆင့်များတွင် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများဖြေလျှော့ပေးခြင်းကို ဆောင်ရွက်ကြပါသည်။ ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများဖြေလျှော့ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် စီးပွားရေးအခွင့်အလမ်းများ ကျယ်ပြန့်လာကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ခေတ်မီနည်းပညာများ သယ်ဆောင်လာနိုင်ပြီး စီးပွားရေးဆောင်ရွက်မှုများကို လှုံ့ဆော်ကာ စီးပွားရေး၏ စွမ်းဆောင်ရည်နှင့် စားသုံးသူများ၏ သက်သာချောင်ချိရေးကို တိုးတက်စေပါသည်။ .

မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် ကန့်သတ်ထားသည့် စက်မှုကဏ္ဍများ ရှိနေဆဲဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ တဖြည်းဖြည်း လျော့နည်းလာပါသည်။ MIC အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ အရ MIL အောက်တွင် စီးပွားရေးအမျိုးအစား စုစုပေါင်း ၁၆၉ မျိုးကို ကန့်သတ်ထားဆဲ သို့မဟုတ် ဆက်စပ်နေသည့်ဝန်ကြီးဌာနများမှ အတည်ပြုချက်ယူရဆဲဖြစ်ပါသည်။ ဆက်စပ်နေသည့် ဝန်ကြီးဌနများ၏ အတည်ပြုချက်အတွက်ဆုံးဖြတ်သည့်မူများမှာ မရှင်းလင်းကြောင်း ရင်းနှီးမြှုပ်နှံသူများက ဆိုကြပါသည်။

ကန့်သတ်ချက်၏ အရေးပါမှုအား ဦးတည်ချက်ရှိစွာနှင့် မျှတစွာ အကဲဖြတ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု၏ ထပ်တိုးစည်းမျဉ်းများဖြေလျှော့ပေးခြင်းအား မြှင့်တင်ရန်တို့မှာ အကျိုးကျေးဇူး ဖြစ်ထွန်းနိုင်ပါသည်။ ရှင်းလင်းသည့် ဆုံးဖြတ်ရန်မူနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်မှုများအတွက် ကျိုးကြောင်းဆီလျော်မှုတို့ကို ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ဆန်းစစ်ပါမည်။ ၄င်းဆုံးဖြတ်ရန်မူအပေါ်တွင်အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကော်မတီသည် အမျိုးသား လုံခြုံရေးအမြင်မှ လိုအပ်သည့် ကန့်သတ်ချက်များနှင့် စီးပွားရေးအပေါ်သက်ရောက်မှုတို့အား အကဲဖြတ်ပါမည်။ ထို့နောက် ပြည်တွင်းဈေးကွက် အခြေအနေများနှင့် မြန်မာ့စီးပွားရေးအပေါ် အလားအလာရှိသော

သက်ရောက်မှုများကို ပြန်လည်သုံးသပ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ကန့်သတ်ချက်များအား ဖြေလျှော့ပေးမည့် အဆင့်များကို စီမံပြီး အကောင်အထည်ဖော်ပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၁-၂-၅	ရင်းနှီးမြှုပ်နှံမှု မူဝါဒ၏ ဆီလျော်မှုအား ပုံမှန်ပြန်လည် ဆန်းစစ် သုံးသပ်ခြင်း

(၁) ရင်းနှီးမြှုပ်နှံမှုမူဝါဒပြန်လည်ဆန်းစစ် သုံးသပ်ရေးအတွက် ယန္တရားတစ်ရပ် တည်ထောင်ရန်

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို လူမှု-စီးပွား ပြုပြင်ပြောင်းလဲခြင်း လုပ်ငန်းစဉ်နှင့် ပြင်ပစီးပွားရေး အခြေအနေများအရ အမျိုးအစား ချဲ့ထွင်ကွဲပြားသွားပြီး အထူးပြုသွားပါမည်။ မြန်မာနိုင်ငံသည် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ကြံတွေ့နေသည့်အတွက် နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များနှင့် ဦးစားပေးများတွင် ပြောင်းလဲမှုများ ရှိလာနိုင်ပါသည်။ ကမ္ဘာ့စီးပွားရေးလမ်းကြောင်းများနှင့် လူမှု-စီးပွားအခြေအနေတို့နှင့်အတူ ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းများကို ထိန်းကျောင်းကြပ်မတ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများ၏ ဆန်းစစ်မှုကို MIC နှင့် DICA တို့မှ ပံ့ပိုးပါမည်။ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်တို့မှာလည်း ဆက်တိုက်ပြောင်းလဲနေပါသည်။

DICA သည် ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းများကို ထိန်းကျောင်းကြပ်မတ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒဆန်းစစ်ရေးအတွက် တာဝန်ရှိသော ဌာနတစ်ခုကို တည်ထောင်မည်ဖြစ်ပြီး အဆိုပါဌာနအတွက် လိုအပ်သည့်ပုဂ္ဂိုလ်များအား နေရာချထားပါမည်။

(၂) မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးတို့အား ထိန်းကျောင်းကြပ်မတ်ရန်နှင့် အကဲဖြတ်ရန်

မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံမှုမူဝါဒမှာ နောက်ဆုံးဖြစ်ပေါ်နေသည့် ပြည်တွင်းနှင့် ကမ္ဘာ့ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများနှင့်အမီ လိုက်နိုင်ခြင်းရှိ၊ မရှိ အကဲဖြတ်ပါမည်။ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများကို ထိန်းကျောင်းစောင့်ကြည့်ရာတွင် ဦးတည်ချက်နှင့် မူဝါဒဆောင်ရွက်ချက်များအားဖြင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများသည့် အမျိုးသား လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများတွင် အံဝင်ခွင်ကျမှုရှိ၊ မရှိကိုလည်း ဆန်းစစ်ရန် အလွန်အရေးကြီးပါသည်။

တချိန်တည်းမှာပင် DICA သည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကော်မတီမှတဆင့် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒအပေါ်နှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့၏ ရှုထောင့်မှ အခြားကဏ္ဍမူဝါဒများအပေါ် ထောက်ခံအကြံပြုချက်များကို ပြုလုပ်သွားပါမည်။

(၃) အမျိုးသားလူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှုမူဝါဒတွင် ပြောင်းလဲမှုများကို တုန့်ပြန်ရန် အမျိုးသား ရင်းနှီးမြှုပ်နှံမှုမူဝါဒအား ပြင်ဆင်ရန်

နောင်လာမည့် ဆယ်စုနှစ်များ ကျော်လွန်ပြီးလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုရှုခင်းမှာ တဖြည်းဖြည်း ပြောင်းလဲလာမည်ဟု မျှော်မှန်းထားပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ ပုံမှန်ပြန်လည်ပြင်ဆင်မှုကို ကြိုတင်မျှော်မှန်းထားပါသည်။

လိုအပ်မှုများ ဖြစ်ပေါ်လာပါက အမျိုးသားရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရန် MIC နှင့် DICA တို့မှ စဉ်းစားပါမည်။ MIC သည် ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် တိုင်ပင်၍ ပြန်လည်ပြင်ဆင်ထားသည့် အမျိုးသားရင်းနှီးမြှုပ်နှံမှုမူဝါဒကို စီစဉ်ပါမည်။ အမျိုးသားရင်းနှီးမြှုပ်နှံမှုမူဝါဒတွင် ပြောင်းလဲမှုများကို တုန့်ပြန်သည့် ပြင်ဆင်ချက်များကို MIPP တွင် ပြုလုပ်ပါမည်။

အနည်းဆုံးအနေဖြင့် မြန်မာအစိုးရ၏ အမျိုးသားစီမံကိန်းအရ ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို (၅)နှစ်ပြည့်တိုင်း ပြန်လည်သုံးသပ်ပါမည်။

(၄) လိုအပ်ချက် ဖြစ်ပေါ်လာပါက ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် ဥပဒေများ/စည်းမျဉ်း စည်းကမ်းများကို ပြန်လည်ပြင်ဆင်ရန်

MIC နှင့် DICAတို့သည် ဆက်စပ်ဥပဒေများ၊ စည်းကမ်းများနှင့် အမိန့်ကြော်ငြာစာများ အကောင်အထည်ဖော်ရေး (အထူးသဖြင့် MIL နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု စည်းကမ်းများ)ကို ရင်းနှီးမြှုပ်နှံမှုမူဝါဒရှုထောင့်မှ ထိန်းကျောင်းကြပ်မတ်ရန် ဆက်လက်ဆောင်ရွက်ပါမည်။ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တွင် ပြောင်းလဲမှုများနှင့် အကျိုးဆက်ဖြစ်သည့် ပြင်ဆင်ထားသော ရင်းနှီးမြှုပ်နှံမှုမူဝါဒကို တုန့်ပြန်ရန် လိုအပ်သည့် ပြင်ဆင်မှုများအား ပြုလုပ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် ဥပဒေများနှင့် စည်းကမ်းများကို ပြန်လည်ပြင်ဆင်ခြင်းတို့ကို MIC နှင့် DICA တို့မှ ဆောင်ရွက်ပါမည်။



ကားချပ် ၅.၃: မူဝါဒဆန်းစစ်ခြင်းယန္တရား

လှုပ်ရှားဆောင်ရွက်မှု ၁-၂-၆	ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကာကွယ်ရေးတို့မှ ချိုးဖောက်ဆောင်ရွက်မှုများအား မျှတစွာနှင့် ထိရောက်စွာ အရေးယူခြင်း

(၁) ရင်းနှီးမြှုပ်နှံသူများမှ ချိုးဖောက်ကျူးလွန်မှုများကို ထိန်းကျောင်းကြပ်မတ်ရန်

မြန်မာအစိုးရသည် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီနှင့် SEZ စီမံခန့်ခွဲရေး ကော်မတီတို့မှ ရင်းနှီးမြှုပ်နှံမှုအတည်ပြုချက် သို့မဟုတ် ထောက်ခံချက်ပြုပြီးနောက် ရင်းနှီးမြှုပ်နှံမှု လှုပ်ရှား ဆောင်ရွက်မှုများကို ထိန်းကျောင်းကြပ်မတ်သွားပါမည်။ မြန်မာရင်းနှီးမြှုပ်နှံမှု စည်းကမ်းများအောက်တွင် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုချက် ရရှိပြီးနောက် ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုအား ထိန်းကျောင်းကြပ်မတ်ရန်မှာ MIC နှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ကော်မတီတို့၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ လျှောက်လွှာ၊ အတည်ပြုချက်နှင့် ဥပဒေဆိုင်ရာ လျော်ညီမှုများတွင် ဖော်ပြထားသည့် အခြေအနေများနှင့် ပြည့်မီကြောင်း သေချာစေရန် ဆက်စပ်နေသည့် အစိုးရအဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတို့၏ ကိုက်ညီမှုအား ထိန်းကျောင်း၍ စစ်ဆေးပါမည်။

(၂) စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကာကွယ်မှုအား အသက်ဝင်စေရန်

မြန်မာအစိုးရသည် စီးပွားရေးအရ အားကောင်းသည့် ဖွံ့ဖြိုးမှုအပိုင်းသို့ အများပြည်သူသို့ ကတိ

ကဝတ်ပြုထားသော်လည်း ၄င်းပြည်သူများ၏ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်အတွက်လည်း ပါဝင်ပါသည်။ အစိုးရသည် ၂၀၁၂ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ၂၀၁၄ ခုနှစ်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး စည်းကမ်းများကို ချမှတ်ခဲ့ပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ပြဋ္ဌားန်ရန် အားထုတ်မှုတစ်ရပ်တွင် လုပ်ထုံးလုပ်နည်းများကိုလည်း မိတ်ဆက်ခဲ့ပါသည်။

MIL၏ ရည်ရွယ်ချက်တစ်ခုမှာ သဘာဝ သို့မဟုတ် လူမှုပတ်ဝန်းကျင်သို့ ထိခိုက်မှု မဖြစ်သည့် တာဝန်ယူသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဖွံ့ဖြိုးရန် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ဥပဒေများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အပြည်ပြည်ဆိုင်ရာ အကောင်းဆုံးနည်းလမ်းများကို လိုက်နာရန် လိုအပ်ပါသည်။ သို့မှသာ သဘာဝနှင့် လူမှုပတ်ဝန်းကျင် သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်ကို ပျက်စီး၊ ညစ်ညမ်း သို့မဟုတ် ဆုံးရှုံးမှု မဖြစ်ပေါ်နိုင်စေမည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံအသိုင်းအဝိုင်းအပေါ် ကြီးမားသည့် သက်ရောက်မှု အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်ရယူရပါမည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ အရေးကြီးသော စိုးရိမ်မှု တစ်ရပ်ဖြစ်သဖြင့် ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် စီမံအုပ်ချုပ်မှုမှာ မရှိမဖြစ် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအတွက် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု အကဲဖြတ်ချက်(EIA)၊ ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်နှင့် အခြားဆက်စပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ မြန်မာအစိုးရမှ ရှင်းလင်းသော အကဲဖြတ်သည့် ဆုံးဖြတ်ရန်မူနှင့် လုပ်ငန်းစဉ်များကို တည်ထောင်ပြီး ဆောင်ရွက်ပါမည်။

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ အကောင်အထည်ဖော်သည့် အဆင့်၌ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအား ထိန်းကျောင်းခြင်းမှာ ထိရောက်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုအတွက် အရေးပါပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ လမ်းညွှန်မှုနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ထိန်းကျောင်း စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့အတွက် တာဝန်ရှိပါသည်။ မြန်မာအစိုးရသည် ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်အား တိုးမြှင့်ခြင်းဖြင့် မျှတပြီးလက်တွေ့ကျသည့် ထိန်းကျောင်း စောင့်ကြည့်သည့်စနစ်များကို တည်ထောင်သွားပြီး၊ ဥပဒေလွှမ်းမိုးပြီး အောင်မြင်သည့် ရင်းနှီးမြှုပ်နှံမှုများအား ပံ့ပိုးပေးရန် လိုအပ်သည့် ဆုံးဖြတ်ရန်မူများနှင့် နည်းလမ်းများကို ချမှတ်သွားပါမည်။

(၃) ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို မျှတစွာ အသုံးချခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ချို့ယွင်မှုများအား ထိန်းချုပ်ရန်

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ အရေးပါမှုကို MICက လက်ခံပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု စည်းကမ်းများ၊ ထုတ်ပေးထားသည့် ခွင့်ပြုချက် သို့မဟုတ် အတည်ပြုချက်စသည့် MIL၏ မည်သည့်အခြေအနေမျိုးကိုမဆို လိုက်နာရန် ပျက်ကွက်မှုများ သို့မဟုတ် ချို့ယွင်မှုများ ရှိသည့် မည်သည့်ရင်းနှီးမြှုပ်နှံမှုကိုမဆို အရေးယူမှုများ ပြုလုပ်သွားပါမည်။ အခြားသော ဥပဒေများနှင့် စည်းကမ်းများအား ချို့ယွင်ခြင်းအတွက်ကိုမူ ဆက်စပ်ဝန်ကြီးဌာနများမှ အရေးယူဆောင်ရွက်သွားပါမည်။

ယင်းအစိုးရဆောင်ရွက်မှုများကို မျှတစွာနှင့် ရည်ရွယ်ချက်ရှိစွာ ဆန်းစစ်ပြီး အကောင်အထည်ဖော်သွားပါမည်။ အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် ရင်းနှီးမြှုပ်နှံမှုမှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ ရည်မှန်းချက်ဖြစ်သည့်အပေါ် နားလည်မှုနှင့် မကျေနပ်သည့် ရင်းနှီးမြှုပ်နှံသူများအတွက် ဆက်လက် ပြုလုပ်နိုင်သည့် ကြိုတင်အကြောင်းကြား အသိပေးခြင်း၊ ရှင်းပြခြင်းနှင့် အယူခံဝင်ခြင်းတို့၏ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများပါဝင်သည့် အာမခံချက်ကို မြန်မာအစိုးရမှ ပေးပါသည်။

၅.၁.၃ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် စက်မှုမူဝါဒများချမှတ်ခြင်း

မဟာဗျူဟာ ရည်မှန်းချက်များ

ကြိုတင်မှန်းဆနိုင်သည့် စီးပွားရေးနှင့်ဆက်စပ်သည့် မူဝါဒများမှာ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များတွင် အရေးကြီးသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်ခြင်းနှင့် မြှင့်တင်ရေး ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်းတို့အား သေချာစေသည့် ကြိုတင်မှန်းဆနိုင်သည့် စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန် ကဏ္ဍအထူးပြု စက်မှုမူဝါဒများကို ချမှတ်ပါမည်။

ဤမဟာဗျူဟာသည် စက်မှုအထူးပြုမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မက်လုံးများ ဖန်တီးရန်၊ လုပ်ငန်းများတစ်ခုစီအတွက် စီးပွားရေးပတ်ဝန်းကျင် ဆွဲဆောင်မှု တိုးတက်စေရန် ရည်မှန်းပါသည်။

ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း- စက်မှုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒတို့ကို ပေါင်းစည်းခြင်း

စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မှုတွင် အောင်မြင်သည့် စီးပွားရေး ဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံသူ ဆွဲဆောင်မှုများအတွက် အရေးကြီးသည့် အကြောင်းရင်းများဖြစ်သော စက်မှုတည် ဆောက်ပုံများ ပြောင်းလဲခြင်းနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ခြင်းတို့ကို လမ်းညွှန်ပြမည့် စက်မှုဖွံ့ဖြိုး

တိုးတက်ရေး မူဝါဒတစ်ရပ်ကို လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ စက်မှုတည်ဆောက်မှုများမှာ အကန့်အသတ်ရှိဆဲဖြစ်သော်လည်း စက်မှုကုန်ထုတ်လုပ်မှု ကဏ္ဍသည် စက်မှုဖွံ့ဖြိုးတိုးတက်သည့် လုပ်ငန်းစဉ်များအဖြစ် စီးပွားရေး၏ တိုးတက်နေသော အချိုးအစား ပါဝင်မှုတစ်ရပ် ဖြစ်လာရန် မျှော်မှန်းထားပါသည်။ ထပ်ဆင့်တန်ဖိုးကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တချိန်တည်းမှာပင် လုပ်သား စွမ်းစိုက်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးကို မောင်းနှင်သူများအဖြစ် တိုးချဲ့သင့်ပြီး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဖြင့် နည်းပညာအဆင့်များကို အရှိန်မြှင့်တင်သင့်ပါသည်။

ကဏ္ဍအထူးပြုစက်မှုမူဝါဒများသည် ဖွံ့ဖြိုးမှု၏ ဦးတည်ရာများကို လမ်းပြပေးခြင်းနှင့် လိုအပ်သည့် စက်မှုဆိုင်ရာအခြေပြုမှုများကို ဖန်တီးပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် လမ်းခင်းပေးပါသည်။ မူဝါဒများနှင့် ပံ့ပိုးဝန်ဆောင်မှု ပြဌာန်းချက်များကို ချမှတ်ရာတွင် ဝန်ကြီးဌာနအမျိုးမျိုးနှင့် သက်ဆိုင်ပါသည်။ ဥပမာ - စက်မှုဝန်ကြီးဌာနသည် စက်မှုဆိုင်ရာ ဆောင်ရွက်မှုများအတွက်၊ ပညာရေးဝန်ကြီးဌာနသည် လူစွမ်းအားရင်းမြစ်များအတွက်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနသည် အခြေခံအဆောက်အအုံအတွက် မူဝါဒများနှင့် ဆောင်ရွက်မှုများတွင် တာဝန်ရှိကြပါသည်။

ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ လက်တွေ့ကျပြီး ထိရောက်သည့် အကောင်အထည် ဖော်ဆောင်မှုအတွက် MIC နှင့် DICA တို့က ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရပါမည်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်ဖွံ့ဖြိုး တိုးတက်ရေး၊ ခရီးသွားစသည့် ဆက်စပ်မူဝါဒများ ဟန်ချက်ညီမျှရန်နှင့် ရင်းနှီးမြှုပ်နှံသူများကို ပံ့ပိုးပေးရေး ဆက်စပ်နေသည့် မူဝါဒများ၏ ပူးတွဲအကောင်အထည်ဖော်မှုကို ကျင့်သုံးရန် အရေးကြီးပါသည်။

လိုအပ်သည့် လှုပ်ရှားဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု ၁-၃-၁	စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့်အညီ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးခြင်း

(၁) ဦးစားပေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ ချမှတ်ရန်နှင့် ဝန်ဆောင်မှုများပံ့ပိုးရန်

စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို အထူးပြု ဦးစားပေးစက်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ရည်ရွယ်ချက်နှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများမှ ချမှတ်ပါမည်။ အဘယ့်ကြောင့်ဆိုသော် မူဝါဒများနှင့် ဝန်ဆောင်မှုများမှာ ရင်းနှီးမြှုပ်နှံသူများသို့ အစိုးရ၏မူဝါဒဦးတည်ရာကို ဖော်ပြနေပြီး ရင်းနှီးမြှုပ်နှံမှုပံ့ပိုးဝန်ဆောင်မှုနှင့် ဆက်နွယ်နေသည့် လုပ်ငန်းအထူးပြု ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သောကြောင့် ဖြစ်ပါသည်။ ဥပမာ ရင်းနှီးမြှုပ်နှံသူ၏ အထူးပြုကဏ္ဍသို့ နည်းပညာ အကူအညီ၊ ဘဏ္ဍာရေး အထောက်

အပုံ၊ စွမ်းရည်ဖွံ့ဖြိုးမှုနှင့် ဈေးကွက်ရှာဖွေခြင်းနှင့် ယှဉ်တွဲပေးသည့် ဝန်ဆောင်မှုတို့ကို ပံ့ပိုးပေးခဲ့လျှင် ၄င်းတို့အနေဖြင့် အကျိုးအမြတ်ရကောင်းရနိုင်ပါသည်။

မြန်မာအစိုးရသည် ကဏ္ဍအထူးပြု စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့် ဖွံ့ဖြိုးရေးမူဝါဒများကို ချမှတ်ပြီး မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းသုံးနှင့် စားသုံးသူသုံး စက်ပစ္စည်းများ၊ ICT၊ အထည်အလိပ်၊ စားသောက်ကုန်ထုတ်လုပ်ရေး ကဲ့သို့သော ဦးစားပေးကဏ္ဍများအတွက် ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါမည်။ ယင်းကဏ္ဍအထူးပြုမူဝါဒများသည် အလုံးစုံအစိုးရမူဝါဒများကို မီးမောင်းထိုးပြလိမ့်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများမှ ၄င်းတို့၏ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာများ ရေးဆွဲခြင်းတွင် ပံ့ပိုးပေးပါမည်။ ယင်းကဏ္ဍအထူးပြုမူဝါဒများကို စက်မှုဖွံ့ဖြိုး တိုးတက်ရေး၏ နေ့စဉ်စီမံအုပ်ချုပ်ရေးအတွက် အသုံးပြုရေးမှာ အလွန်အရေးကြီးပါသည်။

ဆက်နွယ်နေသည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို ကဏ္ဍအထူးပြုမူ ဖွံ့ဖြိုး တိုးတက်ရေးဝါဒများနှင့် ပံ့ပိုးဝန်ဆောင်မှုများ၏ ထိရောက်သော အကောင်အထည်ဖော်ဆောင်မှု အတွက် လိုအပ်ပါမည်။ စက်မှုမူဝါဒများမှ ထိတွေ့နိုင်သည့် ရလဒ်များ ရရှိရေးအတွက် ဆက်စပ် ဝန်ကြီးဌာနများမှ ပေါင်းစည်းပံ့ပိုးမှု၏ ပြဌာန်းချက်မှာ မရှိမဖြစ်ဖြစ်ပါသည်။ မူဝါဒများနှင့် ပံ့ပိုးဝန်ဆောင်မှုများအတွက် တာဝန်ရှိသည့် ဝန်ကြီးဌာနများအကြား ထိရောက်သည့် ပူးပေါင်း ဆောင်ရွက်မှု ယန္တရားတစ်ရပ် သေချာစေရေးမှာ မြန်မာအစိုးရ၏ တာဝန်တစ်ရပ် ဖြစ်ပါသည်။

(၂) စက်မှုဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၏ လုပ်ငန်းစဉ်ကို ထိန်းကျောင်းကြပ်မတ်ရန်နှင့် အခြေအနေကောင်းဆိုသည့်အတိုင်း ပြုပြင်မွမ်းမံရန်

စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့် ပံ့ပိုးဝန်ဆောင်မှုများ၏ လုပ်ငန်းစဉ်ကို စွမ်းဆောင်ရည် အညွှန်းကိန်းနှင့် အကဲဖြတ် ထိန်းကျောင်းသွားပါမည်။ အကောင်အထည်ဖော်မှု၏ သက်ရောက်မှုများကို တုန့်ပြန်သောအားဖြင့် ဆက်လက် ဖြစ်ပေါ်နေသော အခြေခံတစ်ရပ်အပေါ် ထိရောက်မှု တိုးမြှင့်ရန် မူဝါဒများနှင့် ပံ့ပိုးဝန်ဆောင်မှုများအား ပြန်လည်ပုံစံရေးဆွဲရန် လိုအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ခြင်း၊ နည်းပညာဆိုင်ရာဖြစ်စဉ်နှင့် ကမ္ဘာ့စီးပွားရေး ပြောင်းလဲလာခြင်း တို့နှင့်အတူ စက်မှုဖွံ့ဖြိုးရေးရှုမျှော်ခင်းမှာ မကြာခဏ ပြောင်းလဲတတ်ပါသည်။ ထို့ကြောင့် စက်မှု ဖွံ့ဖြိုးရေးမူဝါဒများကို စက်မှုလုပ်ငန်းများ၏ လျင်မြန်စွာ ပြောင်းလဲနေသည့် အခြေအနေများကို ထင်ဟပ်ရန် ပြန်လည်ဆန်းစစ်ပြီး ပုံမှန် ပြုပြင်မွမ်းမံပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၁-၃-၂	ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် မက်လုံးအသစ်များ ဖော်ထုတ်ခြင်း

(၁) အခြားနိုင်ငံများ၏ ကိစ္စရပ်များကို ဆန်းစစ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဖြစ်နိုင်သည့် မက်လုံးများ စစ်ဆေးရန်

အခြားနိုင်ငံများသည် ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းလည်ပတ်ရေးအတွက် မက်လုံးအမျိုးမျိုးအား ကမ်းလှမ်းကြပါသည်။ ဥပမာ R&D ကုန်ကျစရိတ်များ၊ လူ့စွမ်းအားရင်းမြစ်ဖွံ့ဖြိုးရေးနှင့် ပို့ကုန်စျေးကွက်ရှာဖွေသည့် ကုန်ကျစရိတ်များအတွက် ကော်ပိုရိတ် အခွန်များအပေါ် အခွန်လျှော့ပေါ့ ပေးသည့် ပုံစံအချို့ရှိပါသည်။ နိုင်ငံတိုင်းသည် ၄င်း၏ မူဝါဒများတွင် ပါဝင်သည့် လုပ်ငန်းဆောင်ရွက်မှုများအတွက် မက်လုံးများကို ရေးဆွဲမိတ်ဆက်ကြပါသည်။

MIC၊ DICA နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့သည် နိုင်ငံခြားအခွန်မက်လုံးစနစ်များ ကို ဆန်းစစ်ကြပြီး ရင်းနှီးမြှုပ်နှံမှု၊ R&D၊ HRD၊ အလုပ်အကိုင်၊ ပတ်ဝန်းကျင် တို့အပေါ်နှင့် စီးပွားရေးတွက်ခြေကိုက်မှု ဆန်းစစ်ချက် (ကုန်ကျစရိတ်- အကျိုးအမြတ် ဆန်းစစ်ချက်) အပေါ် မူတည်၍ ရေရှည်တွင် မြန်မာနိုင်ငံ၌ အသုံးပြုနိုင်မည့် ဖြစ်နိုင်ခြေကို စူးစမ်းရှာဖွေကြပါမည်။

(၂) စီးပွားရေးလုပ်ငန်းဆွဲဆောင်မှု တိုးတက်စေရန်အတွက် ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုများအတွက် မက်လုံးအသစ်များ မိတ်ဆက်ရန်

MIC၊ DICA နှင့် IRDတို့သည် R&D ရှေ့ဆောင် ရှေ့ရွက်ပြုမှုများနှင့် လူ့စွမ်းအား ရင်းမြစ်ဖွံ့ဖြိုးရေးစသည့် ပစ်မှတ်ထားသော ရင်းနှီးမြှုပ်နှံမှုများနှင့် ဆောင်ရွက်မှုများကို အားပေးရန် မက်လုံးအသစ်များကို မိတ်ဆက်ကြပါမည်။

၅.၂ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ခြင်း

မဟာဗျူဟာများ၏ ဤအမျိုးအစားသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများအတွက် MIC၊ DICA နှင့် One-Stop Service Center ကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးအဆင့်မှ ရင်းနှီးမြှုပ်နှံမှုပြီးနောက် ပံ့ပိုးမှုတိုင်အောင် ဝန်ဆောင်မှုများနှင့် လုပ်ငန်းတာဝန်များကို တိုးမြှင့်ရန်ရည်မှန်းပါသည်။

၅.၂.၁ နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း

မဟာဗျူဟာ ရည်မှန်းချက်များ

နိုင်ငံပုံရိပ်ကို အသုံးပြု၍ မြှင့်တင်ခြင်းမှာ ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အရေးပါသည့်လက်နက်တစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအား ၄င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် နေရာတစ်ခုအဖြစ် တိကျသည့် နားလည်မှုတစ်ရပ်ကို ရင်းနှီးမြှုပ်နှံသူများအားပေးရန် ရည်မှန်းပါသည်။ ပုံမှန် မြှင့်တင်ရေး လှုပ်ရှားမှုများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုလမ်းညွှန် စာအုပ်များနှင့် နှီးနှော ဖလှယ်ပွဲများကို နိုင်ငံ့ပြယုဂ်၏ ရှင်းလင်းသည့် မဟာဗျူဟာတစ်ရပ်နှင့် ဆောင်ရွက်သင့်ပြီး နိုင်ငံ၏အလားအလာရှိသော ရင်းနှီးမြှုပ်နှံ

သူများနှင့် မှန်ကန်စွာ ဆက်သွယ်ရန် သဘောတူထားပြီးဖြစ်သည့် မြန်မာ့ပြယုဂ်ကို အစဉ်လိုက်နာစောင့်ထိန်းသင့်ပါသည်။

ဤမဟာဗျူဟာသည် နိုင်ငံပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအတွက် ထိရောက်သည့် မြှင့်တင်ရေးဆိုင်ရာလှုပ်ရှားမှုများကို အကောင်အထည်ဖော်ရန် ရည်မှန်းပါသည်။ မြှင့်တင်ရေးဆိုင်ရာလှုပ်ရှားမှုများကို နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ၂ ရပ်လုံး၌ ပြုလုပ်သွားသင့်ပါသည်။

ပေါင်းစည်းထားသော ပုံရိပ်တည်ဆောက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်း

နိုင်ငံအများအပြားသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဈေးကွက်ရှာဖွေသည့်ပွဲများ ပြုလုပ်သကဲ့သို့ ၄င်းတို့နိုင်ငံပြယုဂ်ကို အသုံးပြု၍ ပို့ကုန်ကမ္ဘာလှည့်ခရီးသွား မြှင့်တင်ရေးဆိုင်ရာပွဲများကိုလည်း ကျင်းပကြပါသည်။ ကမ္ဘာ့သုတေသန ကုမ္ပဏီအချို့က နိုင်ငံပြယုဂ် အညွှန်းကိန်းအတွက် ဆန်းစစ်ချက်များ ပြုလုပ်ပါသည်။

ဇယား ၅-၂: နိုင်ငံပြယုဂ်များ၏ အဆင့်

နိုင်ငံ	အဆင့်
စကော်ပူ	၁၄
ထိုင်း	၃၈
မလေးရှား	၄၈
အိန္ဒိယ	၅၀
သီရိလင်္ကာ	၆၀
ဗီယက်နမ်	၆၄
အင်ဒိုနီးရှား	၆၆
ကမ္ဘောဒီးယား	၆၈
ဘင်္ဂလားဒေ့ရှ်	၇၂

ရင်းမြစ်: ၇၅ နိုင်ငံအခြား အဆင့်

ရင်းမြစ်: FutureBrand၏ "Country Brand Index 2014 – 15" (https://www.futurebrand.com/uploads/CBI2014-5.pdf)

မြန်မာနိုင်ငံ၏ ယှဉ်ပြိုင် အကျိုးကျေးဇူးများနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများ အကြောင်းကို ရင်းနှီးမြှုပ်နှံသူများနှင့် သင့်တင့်လျောက်ပတ်စွာ ဆက်သွယ်ရန်မှာရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဖွဲ့များအတွက် ပမာနကျပါသည်။ တနည်းအားဖြင့် ရင်းနှီးမြှုပ်နှံသူများသည် ၄င်းတို့၏ ဗဟုသုတ၊ အတွေ့အကြုံနှင့်အကဲဖြတ်ခြင်းများပေါ် အခြေခံ၍ ပစ်မှတ်ထားသည့်နိုင်ငံများတွင် ၄င်းတို့၏ သိမြင်နားလည်မှု၊ ၄င်းတို့၏ ပုံရိပ်ကို တည်ဆောက်ကြပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဆက်သွယ်ရာတွင် ရိုးသားပြီး ပေါင်းစည်းသည့် နည်းလမ်းတစ်ရပ်ဖြင့် ဆောင်ရွက်သင့်ပါသည်။

မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံသူများသို့ ၄င်း၏ ကတိကဝတ်အကြောင်းကို ရှင်းလင်းသည့် သတင်း

ဖြင့် ဆက်သွယ်ပါမည်။ ယင်းသတင်းတွင် အောက်ဖော်ပြပါတို့ ပါဝင်ရပါမည် -

- မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုအတွက် ကျယ်ပြန့်သည့် အခွင့်အလမ်းများကို ပေးပါသည်။
- ပွင့်လင်းပြီး ထင်သာမြင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် တည်ဆောက်ရန် မြန်မာအစိုးရမှ ကတိကဝတ်ပြုပါသည်။
- မြန်မာနိုင်ငံ၏ တန်ဖိုးများနှင့် ယဉ်ကျေးမှုများကို လေးစားသည့် FDIကို မြန်မာအစိုးရမှ ကြိုဆိုပါသည်။
- အာဆီယံတွင် ထွန်းသစ်လာသည့် စီးပွားရေးတစ်ရပ်အဖြစ် ၄င်း၏ ဖွံ့ဖြိုးတိုးတက်မှုတွင် မြန်မာနိုင်ငံမှ အရှိန်အဟုန်ရလာပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးသည် ပစ်မှတ်ထားသည့် စီးပွားရေး ဆောင်ရွက်မှုများနှင့် ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံသူများအားဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဖွံ့ဖြိုး တိုးတက်ရေးနှင့် ကမ္ဘာလှည့် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် နီးကပ်စွာ ဆက်စပ်နေပါသည်။ ပို့ကုန်နှင့် ခရီးသွားအတွက် နိုင်ငံ၏ အခွင့်အလမ်းများမှာ ၄င်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို သိသာ ထင်ရှားစွာ ဖိတ်ခေါ်ပါသည်။ ထို့ကြောင့် ပို့ကုန်မြှင့်တင်ရေးနှင့် ကမ္ဘာလှည့်ခရီးသွား မြှင့်တင်ရေးအတွက် ဆက်သွယ်ရေး မဟာဗျူဟာများမှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ဗျူဟာများနှင့် ကိုက်ညီသင့်ပါသည်။ ယင်းကဏ္ဍ ၃ ရပ် တို့တွင် တူညီသည့် နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ ပေါင်းစည်းလျှင် ပိုမိုထိရောက်နိုင်ပါမည်။



ကားချပ် ၅.၄: ပေါင်းစည်းထားသော နိုင်ငံ့ပြယုဂ်၏ အယူအဆ

ပုံရိပ်၏ အဓိက သတင်းစကားများမှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ ပို့ကုန်နှင့် ကမ္ဘာလှည့် ခရီးသွား လုပ်ငန်းတို့အကြား ကွာခြားပါသည်။ သို့ရာတွင် ပစ်မှတ်ထားသော ကုမ္ပဏီများသို့ ထိရောက်စွာ အနူးအညွတ် မေတ္တာရပ်ခံရန်နှင့် ထိရောက်သော ကြော်ငြာမှုနှင့် ဈေးကွက်ရှာဖွေရေးပွဲများ ကျင်းပရေး

အတွက် ၄င်းတို့ကြားတွင် ပြယုဂ်၏ လျော်ညီမှုနှင့် တူညီမှုကို ထိန်းသိမ်းထားရန်မှာ အရေးပါပါသည်။

ဇယား ၅.၃: အဓိကပြယုဂ်သတင်းများ၏ နိုင်းယှဉ်မှု

Area	Contents of Message		Target
ရင်းနှီးမြှုပ်နှံမှု	အမာစား ပြယုဂ်	အခြေခံအဆောက်အအုံ၊ လုပ်သားထု၊ လူနေမှုအဆင့်အတန်း၊ ဖွံ့ဖြိုး နေသည့် စီးပွားရေး	ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရ အဖွဲ့အစည်းများ
	အပျော့စား ပြယုဂ်	ပွင့်လင်းသည့် စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံသူ နှစ်လိုဖွယ်ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများ	
ပို့ကုန်	အမာစား ပြယုဂ်	ပြည်တွင်း အထူးပြု ကုန်ပစ္စည်းများ၊ ရိုးရာကုန်ပစ္စည်းများ၊ အပြည်ပြည်ဆိုင်ရာ တံဆိပ်ကုန်ပစ္စည်းများ၊ အလားအလာရှိသော ပို့ကုန်ဦးစားပေးကဏ္ဍ	နိုင်ငံရပ်ခြားမှ စားသုံးသူများ၊ ကုန်သည်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ဆက်စပ်နေသည့် အစိုးရ အဖွဲ့အစည်းများ
	အပျော့စား ပြယုဂ်	အရည်အသွေး၊ တန်ဖိုး၊ စိတ်ချရမှု၊ အထူးပြုမှု	
ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း	အမာစား ပြယုဂ်	သဘာဝနှင့် ပတ်ဝန်းကျင်၊ အမွေအနှစ်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း	ကမ္ဘာလှည့်ခရီးသွားသူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ဆက်စပ်နေသည့် ဝန်ကြီးဌာနများ
	အပျော့စား ပြယုဂ်	ယဉ်ကျေးမှု၊ သမိုင်း	
ယေဘုယျ	အပျော့စား ပြယုဂ်	လုံလ၊ နှစ်လိုဖွယ်ရှိမှု၊ လူများ၏ ဖော်ရွေမှု	နိုင်ငံရပ်ခြားမှ စားသုံးသူများ၊ ကမ္ဘာလှည့် ခရီးသွားသူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရ အဖွဲ့အစည်းများ

ရင်းနှီးမြှုပ်နှံရန် ခမ်းနားသည့်နေရာတစ်နေရာအဖြစ် ဂုဏ်သတင်းရှိပြီး ခိုင်မာပြီး အပြုသဘောဆန်သည့် နိုင်ငံပြယုဂ်ကို တည်ဆောက်ရေးမှာ အချိန်ယူရပါသည်။ နိုင်ငံပြယုဂ်၏ အရေးပါသော အခန်းကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူများ၏ သိမြင်နားလည်မှု ကွာဟချက်အား ဆက်သွယ်ပေးရန် (တနည်းအားဖြင့်ရင်းနှီးမြှုပ်နှံသူများမှ မြန်မာနိုင်ငံ၏ တိကျသည့်နားလည်မှု တစ်ရပ်ကို သေချာစေရန်) ဖြစ်ပါသည်။ အခြားယှဉ်ပြိုင်နေသည့် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ထူးခြားသည့် အနေအထားနှင့် ထင်ရှားသည့် တံဆိပ်တစ်ခုကို တည်ထောင်ရန်မှာလည်း အရေးပါပါသည်။

ထို့ပြင် DICA နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (အထူးသဖြင့် မြန်မာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရေးအဖွဲ့အစည်း - Myantrade)တို့အကြား ပူးပေါင်းဆောင်ရွက်မှုမှာ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော ပို့ကုန်ဦးစားပေး ကဏ္ဍ၌ မြန်မာနိုင်ငံ၏ ပို့ကုန်မှ အပြည့်အဝ မောင်းနှင်သည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုအား လိုအပ်သောကြောင့် ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွင်လည်း လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမှုကို လိုအပ်လျက်ရှိပါသည်။

လိုအပ်သောလှုပ်ရှားဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု ၂-၁-၁	နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး တည်ထောင်ခြင်း

(၁) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ရင်းနှီးမြှုပ်နှံသူ ဆက်သွယ်ရေးမဟာဗျူဟာတစ်ရပ်ကို ချမှတ်ရန်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် နိုင်ငံ့ပြယုဂ်မှာ မြန်မာနိုင်ငံအား ရင်းနှီးမြှုပ်နှံမည့် နေရာအဖြစ် အလားအလာရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အသိအမြင်အား တိုးတက်စေခြင်း သို့မဟုတ် အမှန်ပြင်ပေးခြင်း၏ ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအကြား မြန်မာ၏ ပုံရိပ်နှင့် အသိအမြင်များကို လေ့လာမည်ဖြစ်ပြီး သိမြင်နားလည်မှုကွာဟချက်ကို ဖော်ထုတ်သွားပါမည်။ အကယ်၍ ရင်းနှီးမြှုပ်နှံမှုကို နှောင့်နှေးစေရန် ကြိုတင်ရှိပြီးဖြစ်သော ပုံသေဖြစ်သော စံသတ်မှတ်ချက် (stereotype) ကို တွေ့ရှိပါက ၄င်းအခြေအနေကို ညွှန်းဆိုသွားရပါမည်။

လေ့လာမှု၏ ရလဒ်များကို အခြေခံ၍ ဦးစားပေးကဏ္ဍများနှင့် အဓိက ရင်းနှီးမြှုပ်နှံသော နိုင်ငံများကို ဖော်ထုတ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဆက်သွယ်ရေး မဟာဗျူဟာကို ချမှတ်ပါမည်။ နိုင်ငံ့ပြယုဂ်တိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှုအတွက် နေရာတစ်ခုအဖြစ် မြန်မာ၏ ယှဉ်ပြိုင်အကျိုးကျေးဇူးများကို ခန့်ထားသွားပါမည်။ မြန်မာနိုင်ငံ၏ ပြယုဂ်နှင့် အနေအထားမှာ ထင်ရှားကြောင်းနှင့် ယှဉ်ပြိုင်နေသည့် နိုင်ငံများမှ ခွဲထွက်ကြောင်း သေချာစေရန်မှာ အရေးပါပါလိမ့်မည်။ ထပ်မံ၍ မြန်မာနိုင်ငံ၏ ဆွဲဆောင်မှုအား မည်သို့ သင့်တင့်လျောက်ပတ်စွာ ဆက်သွယ်မည်ဟူသည့် အပေါ် မူဝါဒတစ်ရပ်ကို ချမှတ်သွားပါမည်။



ကားချပ် ၅-၅: နိုင်ငံပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း

(၂) နိုင်ငံပြယုဂ်အတွက် လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်ကို စုစည်းရန်နှင့် ပို့ကုန်နှင့် ကမ္ဘာလှည့် ခရီးသွား မြှင့်တင်ရေးနှင့် ပူးပေါင်းရန်

နိုင်ငံပြယုဂ်အတွက် လုပ်ငန်းအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန်နှင့် ကမ္ဘာလှည့် ခရီးသွားတို့အတွက် ပြယုဂ်လူပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်သွားပါမည်။ မြန်မာ့ပြယုဂ်၏ ပေါင်းစည်းထားသော မြှင့်တင်ခြင်းအတွက် ဆက်စပ်ဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ရပ်ကို တည်ထောင်သွားပါမည်။

ကဏ္ဍပြယုဂ် (၄င်းမှာ ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန်နှင့် ကမ္ဘာလှည့်ခရီးသွား)ကို မြန်မာနိုင်ငံ၏ ပြယုဂ်အမိုးအောက်တွင် ထားရှိနိုင်ပါသည်။

(၃) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မြှင့်တင်ရေးကိရိယာများ ချမှတ်ရန်

ဆောင်ပုဒ်၊ တံဆိပ်၊ လက်ကမ်းစာစောင်များနှင့် ဗီဒီယိုများကဲ့သို့သော မြှင့်တင်ရေး ကိရိယာများကို ရင်းနှီးမြှုပ်နှံသူ ဆက်သွယ်ရေး မဟာဗျူဟာတွင် အသုံးပြုရေး ဖန်တီးသွားပါမည်။ ၄င်းတို့သည် ရင်းနှီးမြှုပ်နှံသူများသို့ အစိုးရ၏ ကတိကဝတ်ကို ထင်ဟပ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အကျိုးကျေးဇူးများကို မြှင့်တင်ရပါမည်။ မြန်မာရင်းနှီးမြှုပ်နှံမှု လက်ကိုင်စာအုပ်အား အရေးကြီးသည့်

ဘာသာစကားအချို့ဖြင့် ပုံမှန်ပြုပြင် မွမ်းမံသွားပါမည်။

ကမ္ဘာလှည့်ခရီးသွားမြှင့်တင်ရေးအတွက် ရုပ်သံကိရိယာများကို ဖွံ့ဖြိုးထားပြီးဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မရှိသေးပါ။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ရုပ်သံကိရိယာများကို DICA မှ ဖွံ့ဖြိုးသွားမည်ဖြစ်ပြီး ဈေးကွက်ရှာဖွေရေး လှုပ်ရှားမှုအသစ်များကို မိတ်ဆက်ပေးသွားပါမည်။ မြှင့်တင်ရေးဆိုင်ရာ မောင်းနှင်မှုများကို လေကြောင်းလိုင်းများ၊ မဂ္ဂဇင်းများနှင့် အခြားသော မီဒီယာများနှင့် ပူးပေါင်း၍ စီမံ၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။

၄) နိုင်ငံ၏ ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန်နှင့် ကမ္ဘာလှည့်ခရီးသွား မြှင့်တင်မှုများအကြား ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ရန်

မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန်နှင့် ကမ္ဘာလှည့်ခရီးသွားတို့၏ ပူးတွဲမြှင့်တင်ခြင်းအတွက် အခွင့်အလမ်းများကို တက်ကြွစွာရှာဖွေသွားပါမည်။ ဥပမာ ၄င်းတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆွေးနွေးပွဲများနှင့် ကုန်စည်ပြပွဲများကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပွဲများပါဝင်ပြီး နိုင်ငံ့ပြယုဂ်၏ အစိတ်အပိုင်းအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ ပို့ကုန်နှင့် ကမ္ဘာလှည့်ခရီးသွားတို့လည်း ပါဝင်မြှင့်တင်ပါမည်။

သိသာထင်ရှားသည့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုသည် ပစ်မှတ်ထားသည့် ပို့ကုန်ဦးစားပေး ကဏ္ဍတွင် နိုင်ငံခြားနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှုမှတဆင့် အကောင်အထည်ပေါ်လာနိုင်သည်ကို အသိအမှတ်ပြုခြင်းဖြင့် DICA နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (အထူးသဖြင့် မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရေးအဖွဲ့အစည်း- Myantrade) တို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားပါမည်။ အလားတူပင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မြှင့်တင်ခြင်းမှာ ကမ္ဘာလှည့်ခရီးသွားကဏ္ဍအတွက် ပိုမိုကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုအလားအလာသို့ ဦးဆောင်သွားပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၂-၁-၂	ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးအတွက် DICA၏ မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားမှုများကို မြှင့်တင်ခြင်း

(၁) DICA၏ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး လုပ်ငန်းတာဝန်အား တိုးမြှင့်ရန်

DICAသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် တာဝန်ရှိပါသည်။ ၄င်း၏ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး လုပ်ငန်းတာဝန်ကို မြှင့်တင်ရေး လှုပ်ရှားမှုများ တိုးတက်စေရန် ခိုင်မာအားကောင်းသွားစေပါမည်။

ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေးအတွက် အဓိက မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားမှုများမှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲများကဲ့သို့ပွဲများ၊ ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့များကို စေလွှတ်

ခြင်းနှင့် နိုင်ငံရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ် အဖွဲ့များအား လက်ခံခြင်း တို့ဖြစ်ကြပါသည်။ အကန့်အသတ်ရှိသည့် မြှင့်တင်ရေး ဆိုင်ရာဘတ်ဂျက်မှာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှော ဖလှယ်ပွဲများ ကျင်းပရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့ မြှင့်တင်ရန် DICA၏ စွမ်းဆောင်ရည်အပေါ် ကြီးမားသည့် အဟန့်အတားတစ်ရပ်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အသင်းသည် အဓိကလာရောက် ရင်းနှီးမြှုပ်နှံနေကြသည့် နိုင်ငံများတွင် နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲများကို တစ်နှစ်လျှင် အကြိမ်များစွာ ကျင်းပရေး ရည်ရွယ်ထားသော်လည်း အမြဲလိုလိုပင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းရပြီး အလှူရှင်များ၏ အထောက်အပံ့ဖြင့် ကျင်းပနေရပါသည်။ စာရင်းအင်းလုပ်ငန်းများ၊ ဥပဒေလုပ်ငန်းများနှင့်ဘဏ်တို့ကဲ့သို့ လုပ်ငန်းပံ့ပိုးသည့် ကုမ္ပဏီများမှာလည်း ၄င်းတို့ဖောက်သည်များကို ပစ်မှတ်ထား၍ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်တိုးတက်ရေး မြှင့်တင်ရန်နှင့် တိုးတက်လာသည့် ရင်းနှီးမြှုပ်နှံသူ အကျိုးအတွက်ပံ့ပိုးရန် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲများကို ကျင်းပကြပါသည်။

အကန့်အသတ်ရှိသည့် လူစွမ်းအားရင်းမြစ်များနှင့် အကန့်အသတ်ရှိသည့် ဘတ်ဂျက် အောက်ရှိ မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားမှုများကို အကောင်အထည်ဖော်ရေးအတွက် မဟာဗျူဟာကျသည့် ရည်မှန်းမှုပြုရေးမှာ အရေးကြီးပါသည်။ ဖွံ့ဖြိုးရေး အခင်း အကျင်းများနှင့်အညီ ဦးစားပေးလုပ်ငန်းကဏ္ဍခွဲများပေါ်တွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို အာရုံစိုက်သင့်ပါသည်။

DICA သည် ရင်းနှီးမြှုပ်နှံမှုပွဲတစ်ရပ်ကို ကိုယ်ပိုင်စွမ်းရည်ဖြင့် စီစဉ်ရန်နှင့် စီမံခန့်ခွဲသင့်ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွက် ကျိုးကြောင်းဆီလျော်သည့် ဘတ်ဂျက်တစ်ရပ် ထားရှိသင့်ပါသည်။ မဟာဗျူဟာကျစွာ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုပြုနေသော နိုင်ငံများပေါ်တွင် အာရုံထားလျက် အလှူရှင်များ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းမှ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲများအတွက် အခွင့်အလမ်းသစ်များကို ဖော်ထုတ်သင့်ပါသည်။ မြှင့်တင်ရေးဆိုင်ရာ ကိရိယာများကို အသုံးပြုခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုများကိုလည်း DICA က ဆောင်ရွက်ပါမည်။ အဓိကမြှင့်တင်ရေး လှုပ်ရှားဆောင်ရွက်မှုများတွင် DICA နှင့်ဝန်ကြီးဌာနများ၏ ဝက်ဘ်ဆိုက်များကို ပြန်လည်ပြင်ဆင်ခြင်း၊ မီဒီယာလွှမ်းခြုံမှု (ဥပမာ မဂ္ဂဇင်းများနှင့် ဆိုရှယ်မီဒီယာ)၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ပုံမှန်သတင်းစာစောင်တို့ပါဝင်ပါသည်။

နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများထံသို့ လက်တံတိုးချဲ့ရန် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှော ဖလှယ်ပွဲများ၊ သတင်းအချက်အလက်နှင့် စာရင်းအင်း ပံ့ပိုးမှုများ၊ အတိုင်ပင်ခံခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများထံ လည်ပတ်ခြင်းစသည့် တက်ကြွသည့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး လှုပ်ရှားမှုများတွင် နိုင်ငံ

ရပ်ခြားရှိ မြန်မာသံရုံးများ ပါဝင်မှုမှာ မရှိမဖြစ်ဖြစ်ပါသည်။

(၂) ဒေသတွင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး လှုပ်ရှားမှုများကို မြှင့်တင်ရန်

ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ အမျိုးသားအစီအစဉ်ဖြစ်သဖြင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မဟာဗျူဟာကျသည့် အစီအမံတစ်ရပ်ကို ချမှတ်၍ အကောင်အထည်ဖော်သင့်ပါသည်။ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို DICA က ဦးစားပေးသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအား ၄င်းတို့၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအမံနှင့် မြှင့်တင်ရေးဆိုင်ရာလှုပ်ရှားမှုများ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးသွားပါမည်။

၅.၂.၂ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် စည်းမျဉ်းစည်းကမ်းများ၏ စေ့စပ်သေချာသော စီမံခန့်ခွဲမှုနှင့် ရင်းနှီးမြှုပ်နှံသူ အကာအကွယ်ပေးမှု ခိုင်မာအားကောင်းစေရန်

မဟာဗျူဟာ ရည်မှန်းချက်များ

MIL ပြဋ္ဌာန်းချက်များတွင် မဆီလျော်မှုများကို သတိကြီးစွာထား၍ အမျိုးအစားခွဲခြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု လျှောက်ထားမှုများအတွက် လုပ်ထုံးလုပ်နည်းများကို လွယ်ကူရိုးရှင်း ထားရှိပါသည်။ သို့ရာတွင် မပြတ်သားသည့်/မရေရာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် စည်းမျဉ်းစည်းကမ်းများ ကျန်ရှိနေပါသည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစား အများအပြားသည် အချို့သော ဆက်စပ်ဝန်ကြီးဌာနများနှင့် အတည်ပြုချက်များ လိုအပ်နေပြီး ရင်းနှီးမြှုပ်နှံသူများအတွက် ကန့်သတ်ထားသည့် လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု အတည်ပြုသည့် ဆုံးဖြတ်သည့်မူများမှာ ရှင်းလင်းခြင်းမရှိသေးပါ။ ထို့ပြင် မလုံလောက်သည့် မြေယာမှတ်ပုံတင်ခြင်းမှာ မကြာခဏဆိုသလို ရင်းနှီးမြှုပ်နှံမှုအပေါ် အတားအဆီး ဖြစ်နေပါသည်။

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်နေသည့် စည်းမျဉ်းစည်းကမ်းများတွင် ပြဿနာများကို ဖော်ထုတ်ရန်နှင့် ၄င်းတို့ကို ရှင်းလင်းရန် ဆောင်ရွက်မှုများအား ချမှတ်ရန် ရည်မှန်းပါသည်။

ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းမူဘောင် တိုးမြှင့်ရန် လိုအပ်ခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ဥပဒေစနစ်နှင့် ဥပဒေအကောင်အထည်ဖော်မှုတွင် မပြတ်သားမှုများမှာ လုပ်ငန်းသို့ သိသာထင်ရှားသည့် အဟန့်အတားများအဖြစ် သတ်မှတ်ထားပြီး၊ FDIPP က ဤပြဿနာကို ညွှန်းဆိုခဲ့ပါသည်။ မြန်မာအစိုးရသည် ဥပဒေစနစ်ကို ဖြေးဖြေးမှန်မှန် တိုးတက် ဆောင်ရွက်လျက်ရှိပါသည်။ ဥပမာ - SEZ ဥပဒေကို ပြန်လည် ပြင်ဆင်ခြင်း၊ FDI ဥပဒေနှင့် MCI ဥပဒေတို့ကို MIL အတွင်း ပေါင်းစည်းခြင်းနှင့် မြန်မာနိုင်ငံကုမ္ပဏီဥပဒေကို ပြဋ္ဌာန်းခြင်း။ ယင်းအခြေခံဥပဒေများသည် မလျော်ညီမှုများကို သိသာစွာ ဖြေရှင်းပေးခြင်း၊ ကန့်သတ်မှုများ ကျဆင်းလာခြင်းနှင့် လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူစေခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

သို့ရာတွင် ပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ရပ်၏ ပြဌာန်းချက်တွင် ပြဿနာများ ကျန်ရှိနေပါသည်။ ဝန်ကြီးဌာနအမျိုးမျိုးတွင် ရင်းနှီးမြှုပ်နှံရေး လှုပ်ရှားမှုများကို ထိန်းကျောင်းသည့် မူဝါဒများနှင့် ဥပဒေများ ရှိနေကြပြီး၊ ချောမွေ့၍ ကြိုတင်မှန်းဆနိုင်သော ဥပဒေအသက်ဝင်မှုအား ပံ့ပိုးရန် ဆက်စပ်ပါဝင်နေကြသည့် အာဏာပိုင်များ၏ စွမ်းရည်မှာ စိုးရိမ်မှုတစ်ရပ်ဖြစ်နေပါသည်။ ဥပမာ ရင်းနှီးမြှုပ်နှံရေး လှုပ်ရှားဆောင်ရွက်မှုအများအပြားသည် ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနစသည့် ဆက်စပ်ဝန်ကြီးဌာနများမှ အတည်ပြုချက် လိုအပ်ပါသည်။ ထို့ပြင် MIL အောက်တွင် နိုင်ငံခြားကုမ္ပဏီများသည် မြေ သို့မဟုတ် အဆောက်အအုံအား ကနဦး ကာလနှစ် ၅၀ အထိ နှစ်ရှည် ငှားရမ်းမှု ရရှိနိုင်ပါသည်။ သို့ရာတွင် မြေယာစာချုပ်များ၏ စည်းမျဉ်းစည်းကမ်းများနှင့် စီမံမှုများမှာ အလွန်ရှုပ်ထွေးပြီး မြေအသုံးချမှုအမျိုးအစား ပြောင်းလဲရန်မှာ အချိန်ကာလ များစွာကြာမြင့်ပါသည်။

လိုအပ်သည့် လှုပ်ရှားဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု ၂-၂-၁	ဥပဒေနှင့် စည်းမျဉ်းမူဘောင်၏ ထိရောက်သည့် အကောင်အထည် ဖော်ဆောင်မှု သေချာစေခြင်း

(၁) MIL နှင့် SEZ ဥပဒေ ထိရောက်သည့် အကောင်အထည်ဖော်မှု သေချာစေရန်

မြန်မာအစိုးရ (အမည်နာမအားဖြင့် MIC၊ DICA နှင့် SEZ စီမံခန့်ခွဲရေးကော်မတီ)သည် , MIL နှင့် SEZ ဥပဒေပေါ် ထပ်မံထုတ်ပြန်သည့် စည်းကမ်းများနှင့် အမိန့်ကြော်ငြာစာများကို အချိန်နှင့် တပြေးညီ ထုတ်ပြန်ပါမည်။ အခြားသောဆက်စပ်ဥပဒေများနှင့် MIL နှင့် SEZ ဥပဒေ၏ လျော်ညီမှု တို့အား သေချာစေပါမည်။ MIL အကောင်အထည်ဖော်ရာတွင် လွယ်ကူချောမွေ့စေခြင်းနှင့် ရင်းနှီး မြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် ဥပဒေဆိုင်ရာစနစ်တွင် လျော်ညီမှုမရှိသည်များအား ရှောင်ရှားခြင်း ရည်ရွယ်ချက်ဖြင့် ၄င်းဆက်စပ် ဥပဒေများကို ပြင်ဆင်ရန် အလွန်အရေးကြီးပါသည်။

(၂)ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရရုံးများမှ ယေဘုယျနားလည်မှုသေချာစေရန် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် ရှင်းလင်းမှုများ ထုတ်ပြန်ရန်

အခါအားလျော်စွာ အစိုးရအရာရှိများမှ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ မလျော်ညီသည့် အဓိပ္ပါယ်ပြန်ဆိုမှုများမှာ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် သို့မဟုတ် လျှောက်လွှာ များတင်ပြရာတွင် ရင်းနှီးမြှုပ်နှံသူများကို အနှောင့်အယှက် သို့မဟုတ် အတားအဆီးဖြစ် စေနိုင်ပါ သည်။ MIC နှင့် DICA တို့သည် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၏ ဘာသာပြန်ဆိုမှု၏

ရှင်းလင်းသောစံသတ်မှတ်ချက်များကို ချမှတ်ပြီး ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် ရင်းနှီးမြှုပ်နှံသူများနှင့် မျှဝေသွားပါမည်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ် ကန့်သတ်ချက်များအတွက် အကျိုးအကြောင်းနှင့် ဆုံးဖြတ်ရန်မူတို့အား ရှင်းလင်းရန်နှင့် ဆက်သွယ်ရန်

MIC သည် ဆက်စပ်ဝန်ကြီးဌာနများ၏ အတည်ပြုရေးနှင့် ၄င်းတို့နှင့် တိုင်ပင်ရာရေးကို ရည်ညွှန်းလျက် ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်အတွက် ဆုံးဖြတ်ရန်မူများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပါမည်။ ထို့နောက် အတည်ပြုချက်အတွက် ၄င်းဆုံးဖြတ်ရန်မူများအား ရင်းနှီးမြှုပ်နှံသူများထံသို့ အမိန့်ကြော်ငြာစာများပုံစံဖြင့် ဆက်သွယ်ပါမည်။

လှုပ်ရှားဆောင်ရွက်မှု ၂-၂-၂	ရင်းနှီးမြှုပ်နှံသူ ကာကွယ်ပေးမှု အားကောင်းစေခြင်း

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရင်းနှီးမြှုပ်နှံသူ အကာအကွယ်ပေးသည့်စနစ် တည်ထောင်ရန်

မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံမှု မူဝါဒ ၂၀၁၆ နှင့် MIL တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ အကာအကွယ်ပေးသည့် မူဝါဒအား ထပ်မံအတည်ပြုပါသည်။ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ကော်မတီသည် ရန်ပုံငွေများလွှဲပြောင်းပေးခြင်း၊ အငြင်းပွားမှု ဖြေရှင်းခြင်း၊ မြေယာပိုင်ဆိုင်ခွင့်များ၊ သိမ်းယူခြင်းနှင့် အမျိုးသားကျင့်ဝတ်/ နိုင်ငံအချင်းချင်း ဘက်လိုက်မှုမပြုရေး/ မျှတပြီး ညီမျှသည့် ကျင့်ဝတ်တို့ကို ခြုံငုံမိသည့် ရင်းနှီးမြှုပ်နှံသူအကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကို တည်ထောင်သွားပါမည်။ The International Centre for Settlement of Investment Disputes (ICSID) ၏ အဖွဲ့ဝင်ဖြစ်လာသောကြောင့် နောက်ထပ်အဆင့်တွင် ရင်းနှီးမြှုပ်နှံသူကာကွယ်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးအတွက် မူဘောင်တစ်ရပ်ကို ပြင်ဆင်သွားရပါမည်။ အာဆီယံနှင့် နိုင်ငံအချင်းချင်း ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များကဲ့သို့သော နိုင်ငံစုံ ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်များကို တိုးချဲ့ရန်မှာလည်း အရေးကြီးပါသည်။

(၂) ရင်းနှီးမြှုပ်နှံသူအကာ အကွယ်ပေးသည့် စနစ် တိုးတက်ရန်နှင့် မျှတစွာဆောင်ရွက်ရန်

မြန်မာအစိုးရသည် MIL နှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံသူအကာအကွယ်ပေးသည့်စနစ်ကို မျှတစွာလုပ်ဆောင်ပါသည်။ အငြင်းပွားမှု တစုံတရာပေါက် ပေါက်ခဲ့ပါ က မည်သည့်အငြင်းပွားမှုကိုမဆို ICSID မူဘောင်အတွင်း ဖြေရှင်းရပါမည်။

၅.၂.၃ လျှောက်လွှာများကို ကိုင်တွယ်ရေးအတွက် အဖွဲ့အစည်းတစ်ရပ်နှင့် ရှင်းလင်းသည့် လျှောက်လွှာလုပ်ထုံးလုပ်နည်းများ တည်ထောင်ခြင်း

မဟာဗျူဟာ ရည်မှန်းချက်

MIL မိတ်ဆက်ခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများအား ရိုးရှင်းလွယ်ကူစေခဲ့သော်လည်း MIL နှင့်အညီ ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာများနှင့် အတည်ပြုချက်တို့၏ စံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ တည်ထောင်ရန် မရှိမဖြစ်လိုအပ်ပါသည်။

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် လျှောက်လွှာများအား ချောမွေ့လျင်မြန်စွာ ကိုင်တွယ်ရေးကို အကောင်အထည်ဖော်ဆောင်ရန်နှင့် ၄င်းတို့အား ကိုင်တွယ်ရန်အတွက် ထိရောက်သည့် အဖွဲ့အစည်းတစ်ရပ်တည်ထောင်ရန် ရည်မှန်းပါသည်။

MILနှင့်အညီ ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာများအား ရိုးရှင်းလွယ်ကူစေခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ စတင်မိတ်ဆက်ခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကို လွယ်ကူအောင်ဆောင်ရွက်ပေးခဲ့ပြီး ခွင့်ပြုမိန့်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများအားလည်း လျှော့ချခဲ့ပါသည်။ အတည်ပြုသည့် စနစ်အသစ်မှာ နှစ်ရှည် မြေငှားရမ်းခြင်းနှင့် အခွန်ကင်းလွတ်ခွင့်တို့အတွက် ရိုးရှင်းသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာလုပ်ထုံးလုပ်နည်းများကို ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ စတင်ခဲ့ပါသည်။ လျှောက်လွှာများအတွက် ချောမွေ့ပြီး စေ့စပ်သေချာသည့် ဆောင်ရွက်မှုများ၊ အကဲဖြတ်ခြင်းနှင့် စောင့်ကြည့်ထိန်းကျောင်းခြင်းတို့တည်ထောင်ရန်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများ (၄င်းမှာ MIC၊ DICA၊ ဆက်စပ်ဝန်ကြီးဌာနများပါဝင်သည့် OSSCနှင့် ပြည်နယ်/တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများ)တို့တွင် ချက်ချင်းဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီများသည် အတည်ပြုချက်များ၏ စံသတ်မှတ်ထားသည့် စီမံခန့်ခွဲမှုများကို အကောင်အထည်ဖော်ရန် စွမ်းဆောင်ရည်ကို တည်ဆောက်ရပါမည်။



ကားချပ် ၅-၆: မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလျှောက်ထားရန်ပုံစံများ

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၂-၃-၁	ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာများအတွက် ရှင်းလင်းပြီးပွင့်လင်းမြင်သာသည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း

(၁) MILအရ ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာလုပ်ထုံးလုပ်နည်းများ ချမှတ်ရန်

MILအရ MIC နှင့် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီများသည် လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ စံသတ်မှတ်ထားသည့် ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ (SOPs)၊ လျှောက်လွှာပုံစံများနှင့် အကဲဖြတ်သည့် မူများအပါအဝင် ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာလုပ်ထုံး လုပ်နည်းများကို တည်ထောင်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ အစိုးရဌာနများနှင့် အဖွဲ့အစည်းများမှ လျှောက်လွှာနှင့် တင်ပြသည့် လုပ်ထုံးလုပ်နည်းများအား SOPs နှင့် ပုံစံများအတိုင်းပြင်ဆင်မည်ဖြစ်သည်။

(၂) FAQများနှင့် ရင်းနှီးမြှုပ်နှံမှုလျှောက်လွှာလုပ်ထုံး လုပ်နည်းများနှင့် စပ်လျဉ်းသည့် လမ်းညွှန်ပုံစံများအား ထုတ်ပြန်ကြေငြာခြင်း

ရင်းနှီးမြှုပ်နှံမှုလျှောက်လွှာလုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များနှင့် FAQများအား DICA နှင့် OSSC တို့မှ ထုတ်ပြန်ကြေငြာပါမည်။

ဆောင်ရွက်မှု ၂-၃-၂	လုပ်ထုံးလုပ်နည်းအရ လျှောက်လွှာများအား စနစ်ကျစွာ စီမံခန့်ခွဲရန် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ခြင်း

(၁) MIC၊ OSSC နှင့် ပြည်နယ်/တိုင်းဒေသကြီးကော်မတီများကဲ့သို့ ဆက်စပ် အဖွဲ့အစည်းများ၌ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ လျှောက်လွှာများနှင့် တင်ပြလာမှုကို စနစ်တကျ စီမံခန့်ခွဲရေးစနစ် တည်ထောင်ရန်

OSSC ၏ အဓိကလုပ်ငန်း တာဝန်များမှ လမ်းညွှန်မှုများပေးခြင်းနှင့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများအတွက် လျှောက်လွှာများ လက်ခံခြင်းတို့ဖြစ်ကြပါသည်။ ထိရောက်သည့်၊ စနစ်ကျပြီး အရည်အသွေးမြင့်သည့် ဝန်ဆောင်မှုများ ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် OSSC ၏ စီမံခန့်ခွဲမှု စနစ်အား အားကောင်းစေလိမ့်မည်ဖြစ်ပါသည်။ ထိရောက်သည့် လုပ်ဆောင်ချက်အတွက် လိုအပ်သည့် အထောက်အပံ့နှင့် ကိရိယာများအား OSSC သို့ ပံ့ပိုးပေးပါမည်။ ပြဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်းနှီးမြှုပ်နှံသူများသို့ လုပ်ထုံးလုပ်နည်းများအပေါ် လမ်းညွှန် ထောက်ပံ့ပေးရန်နှင့် လျှောက်လွှာများကို ကိုင်တွယ်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်မှုမှာ အလွန်အရေးကြီးပါသည်။

(၂) စီမံခန့်ခွဲရေးဝန်ထမ်းအား ပစ်မှတ်ထား၍ သင်ကြားလေ့ကျင့်မှု ပြုလုပ်ရန်

MIC၊ OSSC နှင့် ပြည်နယ်/တိုင်းဒေသကြီး ကော်မတီများ၌ စီမံခန့်ခွဲရေးဝန်ထမ်း၏ သင်ကြားလေ့ကျင့်ရေးအား အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ လက်ရှိ၌ အရာထမ်းများတွင် အတည်ပြုချက်ရရှိရန် လျှောက်ထားမှုများအား အကဲဖြတ်သည့် အတွေ့အကြုံတစုံတရာ မရှိသေးသောကြောင့် အထူးသဖြင့်ဗဟုသုတနှင့် ကျွမ်းကျင်မှုများ တည်ဆောက်ခြင်းမှာ မရှိမဖြစ် ဖြစ်ပါသည်။

ဆောင်ရွက်မှု ၂-၃-၃	လုပ်ပိုင်ခွင့်အာဏာတိုးမြှင့်ပေးခြင်းမှတဆင့် OSSC ၏ လုပ်ငန်းတာဝန်များ တိုးမြှင့်ခြင်း

(၁) ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ လျော်ညီစေရန်

ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် လျှောက်လွှာလုပ်ထုံးလုပ်နည်းများအား ရိုးရှင်းလွယ်ကူမှုနှင့် ရှင်းလင်းမှုရှိစေရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းလျော်ညီစေရန် ဆက်စပ်နေသည့်

အစိုးရဌာနများနှင့် အဖွဲ့အစည်းများမှ စစ်ဆေးပါမည်။ OSSC သို့ လုပ်ပိုင်ခွင့်အာဏာ တိုးမြှင့်ပေးခြင်းသည် မြန်ဆန်သည့် အတည်ပြုချက်များကို ပြုလုပ်နိုင်ရန် သေချာစေပါမည်။

(၂) အွန်လိုင်းလျှောက်လွှာနှင့် ခြေရာခံစနစ် ဖွံ့ဖြိုးရန်

လျှောက်လွှာတင်ပြမှုကို လွယ်ကူချောမွေ့စေရန်နှင့် ယင်းတို့၏ လုပ်ငန်းစဉ်အား အချိန်နှင့်တပြေးညီ စောင့်ကြည့်အကဲဖြတ်နိုင်ရန်အတွက် အွန်လိုင်းလျှောက်လွှာနှင့် ခြေရာခံစနစ် ကို OSSC မှ ပိုမိုတိုးတက်စေရပါမည်။

ဆောင်ရွက်မှု ၂-၃-၄	MILအောက်၌ ရင်းနှီးမြှုပ်နှံပြီးနောက် ထိန်းကျောင်းကြပ်မတ် သည့် ယန္တရား တည်ထောင်ခြင်း

(၁) MIL နှင့် အခြားဆက်စပ်နေသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ခိုင်မာသည့် ထိန်းကျောင်းကြပ်မတ်သော ယန္တရားတစ်ရပ် တည်ထောင်ရန်နှင့် အသုံးချရန်

ရင်းနှီးမြှုပ်နှံနေသည့် ကုမ္ပဏီများ၏ အစီရင်ခံမှုနှင့် လေးစားလိုက်နာမှုအား ထိန်းကျောင်းကြပ်မတ်ရေးမှာ ယခုတိုင်အောင် နှံ့နှံ့စပ်စပ်မပြုလုပ်နိုင်သေးပါ။ MIL နှင့် အခြားဆက်စပ်နေသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ခိုင်မာသော ထိန်းကျောင်းကြပ်မတ်သည့် ယန္တရားတစ်ရပ်ကို တည်ထောင်ရန်နှင့် အသုံးချရန် လိုအပ်ပါသည်။

၅.၂.၄ စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှု မြှင့်တင်ခြင်း

မဟာဗျူဟာ ရည်မှန်းချက်များ

ရင်းနှီးမြှုပ်နှံမှုစက်ဝန်းပေါ်ရှိ မည်သည့်နေရာတွင် ရောက်ရှိနေသည်ဆိုသည့်အပေါ်၌ မူတည်၍ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များအတွက် အစိုးရပံ့ပိုးမှုမှာ ကွာခြားပါသည်။ ရင်းနှီးမြှုပ်နှံမှု စက်ဝန်းအရ ပြင်ဆင်သည့် အခြေအနေမှ အကောင်အထည်ဖော် လည်ပတ်သည့်အဆင့်အထိ ရင်းနှီးမြှုပ်နှံသူများထံ လျော်ညီသည့် ပံ့ပိုးမှုပြုလုပ်ရေးမှာ ရေးကြီးပါသည်။ စတင်လည်ပတ်ပြီးနောက်ပေးသည့် ပံ့ပိုးမှုမှာလည်း ရင်းနှီးမြှုပ်နှံသူများအားဖြင့် စီးပွားရေးအောင်မြင်မှု သေချာစေရေးအတွက် အရေးကြီးပါသည်။

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုစက်ဝန်းအရ စနစ်ကျပြီး ပေါင်းစည်းထားသည့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှုအား ပံ့ပိုးရန် ရည်မှန်းပါသည်။ ပေါင်းစည်းထားသည့် ရင်းနှီး မြှုပ်နှံသူပံ့ပိုးမှုတွင် အောင်မြင်သော စီးပွားရေးလည်ပတ်မှုများ ပေါ်ပေါက်စေရန် သတင်းအချက် အလက်ပံ့ပိုးပေးမှု၊ ဆွေးနွေးညှိနှိုင်းပေးခြင်းနှင့် ဖြစ်နိုင်ခြေရှိသော အစီအစဉ် တို့ပါဝင်ပါမည်။ ဒေသအဆင့်၌လည်း ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးမှုအား မြှင့်တင်သွားပါမည်။

ရင်းနှီးမြှုပ်နှံမှုစက်ဝန်းတလျှောက် ပံ့ပိုးပေးခြင်း

DICA သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဝန်ဆောင်မှုများအတွက် တာဝန်ရှိပါသည်။

DICA ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဝန်ဆောင်မှုများမှာ ယနေ့အထိ အပြည့်အဝ မတိုးချဲ့ရသေးပါ။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဓိကကျသော အေဂျင်စီဖြစ်သည်နှင့်အညီ OSSC နှင့်အတူ ရင်းနှီးမြှုပ်နှံသူပံ့ပိုးဝန်ဆောင်မှုများအား အပြည့်အဝထောက်ပံ့ပေးနိုင်ရန် တိုးမြှင့်သွားပါမည်။ ရင်းနှီးမြှုပ်နှံမှု စက်ဝန်း တလျှောက်လုံးတွင် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ခြုံငုံမိသည့် သင့်လျော်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဝန်ဆောင်မှုများ ပံ့ပိုးရန် အလွန်အရေးကြီးပါသည်။



ကားချပ် ၅.၇: ရင်းနှီးမြှုပ်နှံမှုစက်ဝန်းနှင့် ပံ့ပိုးမှု လိုအပ်ချက်များ

ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ခုစီတိုင်းအတွက် ယေဘုယျရင်းနှီးမြှုပ်နှံမှုစက်ဝန်းရှိပါသည်။ ၄င်းတွင် ၁) ရင်းနှီးမြှုပ်နှံမှု ပြင်ဆင်ခြင်း (ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖြစ်တန်စွမ်း လေ့လာခြင်း)၊ ၂) ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်နှင့် အမှန်တကယ် ရင်းနှီးမြှုပ်နှံခြင်း၊ ၃) လုပ်ငန်း စတင်ခြင်း၊ ၄) လည်ပတ်ခြင်း၊ ၅) ပြန်လည် ရင်းနှီးမြှုပ်နှံမှုနှင့် ရံဖန်ရံခါ ၆) ရင်းနှီးမြှုပ်နှံမှုအား လျှော့ချခြင်း စသည့်

အဆင့်များပါဝင်ပါသည်။ ရင်းနှီးမြှုပ်နှံမှု ပြင်ဆင်ခြင်းအဆင့်၌ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းသည် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်း သက်သက်မျှသာလျှင် မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှု စက်ဝန်း တစ်ခုလုံး အပေါ် ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ထိရောက်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဝန်ဆောင်မှုများကို ဖန်တီးရန်လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု စက်ဝန်းရှိ အဆင့်များအရ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များမှာ ပြောင်းလဲပါသည်။

ဥပမာအနေဖြင့် ပြင်ဆင်သည့်အဆင့်၌ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ဖြစ်နိုင်ချေဆန်းစစ်ချက်တစ်ရပ်ကို အကောင်အထည်ဖော်ရပါသည်။ ရင်းနှီးမြှုပ်နှံသူအနေဖြင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုနေရာများနှင့် နိုင်ငံများ၏ အချက်အလက်များနှင့် သတင်းများကို စုစည်းပြီး၊ ဖြစ်တန်စွမ်း ဆန်းစစ်မှု ပြုလုပ်ကာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတစ်ရပ်အား ချမှတ်ပါသည်။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံ၏ ရရှိနိုင်သော မက်လုံးများနှင့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အပေါ် သတင်းအချက်အလက်နှင့် အတိုင်ပင်ခံခြင်းကဲ့သို့သော ဝန်ဆောင်မှုများ လိုအပ်ပါသည်။

လုပ်ငန်းလည်ပတ်သည့်အဆင့်၌ ပံ့ပိုးမှုအမျိုးအစားအမျိုးမျိုးကို လိုအပ်ပါသည်။ ပါမစ်၊ မှတ်ပုံတင်နှင့် အစီရင်ခံချက်များရရှိရေး ကူညီပေးသည့်အပြင် ရင်းနှီးမြှုပ်နှံသူများသည် သတင်းအချက်အလက်များ၊ တိုင်ပင်ဆွေးနွေးမှုများနှင့် ရံဖန်ရံခါလုပ်ငန်းလည်ပတ်သည့် နယ်ပယ်အားလုံးတွင်ပြုလုပ်သည့် အစီအမံများ(ဥပမာ အလုပ်အကိုင်ခန့်ထားခြင်း၊ ပြည်တွင်း ကုန်ပေးသွင်းထောက်ပံ့သူများ ဖွံ့ဖြိုးခြင်း၊R&D နှင့် ချေးငွေ)ကိုလည်း လိုအပ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရင်းနှီးမြှုပ်နှံသူသို့ ပိုမိုအဆင်မပြေဖြစ်စေသဖြင့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှုမှာ အထူးအရေးပါပါသည်။ ၎င်းဝန်ဆောင်မှုများ အားလုံး၏ ထောက်ပံ့မှုအား ဆုံးဖြတ်ချက်ပြုလုပ်သည့် လုပ်ငန်းစဉ်အတွင်း ရင်းနှီးမြှုပ်နှံသူမှ အကဲဖြတ်ပါမည်။

မြန်မာအဖွဲ့အစည်း၏ သတင်းအချက်အလက်နှင့် အတိုင်ပင်ခံဝန်ဆောင်မှုများ ထောက်ပံ့ပေးမှုသည် ၂၀၁၃ ခုနှစ်တွင် DICA ရုံးချုပ်၌ OSSC တည်ထောင်ခဲ့ခြင်းဖြင့် ခိုင်မာ အားကောင်းစေခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူပံ့ပိုး ဝန်ဆောင်မှုများကို အပြည့်အဝပံ့ပိုးပေးခြင်း မရှိသေးပါ။ ပြည်နယ်အဆင့်၌ ပံ့ပိုးပေးမှုမှာ အထူးအားနည်းပါသည်။ ပြည်နယ် DICA ရုံးခွဲများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရရုံးများတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှုများကို တိုးမြှင့်ရပါမည်။

ဇယား ၅.၄ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှု အမျိုးအစားများ

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အမျိုးအစားများ	ဝန်ဆောင်မှုများ	ဆက်စပ်သည့် ရင်းနှီးမြှုပ်နှံမှုစက်ဝန်းအဆင့်
ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မှု	▪ ရင်းနှီးမြှုပ်နှံမှု မူဝါဒ ▪ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ▪ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ပစ်မှတ် ▪ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှောဖလှယ်ပွဲများ ▪ ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့များ ▪ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရေးအတွက် အစီရင်ခံစာများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ▪ ဝက်ဘ်ဆိုဒ်၊ SNSစသည်တို့ပေါ် တွင် မြှင့်တင်ခြင်း	ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက် သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ပစ်မှတ်ထားသော နိုင်ငံများ ရွေးချယ်ခြင်း
ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေခြင်း	▪ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများထံမှ စုံစမ်းမှုများကို တုန့်ပြန်ခြင်း ▪ ဖြစ်တန်စွမ်းလေ့လာမှုအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သော သတင်းအချက်အလက်များ ပံ့ပိုးခြင်း ▪ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သော စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ဆွေးနွေးညှိနှိုင်းခြင်း ▪ မိတ်ဖက်ဆောင်ရွက်မှုများ ယှဉ်တွဲပေးခြင်း ▪ ရင်းနှီးမြှုပ်နှံမှု ပြင်ဆင်ရာတွင် ပံ့ပိုးပေးခြင်းနှင့် ဆန်းစစ်ဖြေရှင်းပေးခြင်း	ဖြစ်နိုင်ချေဆန်းစစ်မှု
ရင်းနှီးမြှုပ်နှံမှုအတည်ပြုခြင်း	▪ ရင်းနှီးမြှုပ်နှံမှု ပါမစ်နှင့် အတည်ပြုမိန့် ထုတ်ပေးခြင်း ▪ ပါမစ်နှင့် မှတ်ပုံတင်အမျိုးမျိုးအတွက် OSS ဝန်ဆောင်မှုပေးခြင်း	ရင်းနှီးမြှုပ်နှံမှု လျှောက်လွှာနှင့် လုပ်ငန်းစတင်ခြင်း
ထိန်းကျောင်းကြပ်မတ်ခြင်း	▪ ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းဆောင်ရွက်မှုအား ပုံမှန် ထိန်းကျောင်းကြပ်မတ်ခြင်း ▪ ရင်းနှီးမြှုပ်နှံသူများ၏ ဥပဒေလိုက်နာမှုအား ပုံမှန်စစ်ဆေးခြင်း ▪ ရင်းနှီးမြှုပ်နှံသူများထံမှ ပုံမှန်အစီရင်ခံမှုအား လက်ခံခြင်း	လည်ပတ်ခြင်း
နောက်ပိုင်းစောင့်ရှောက်ခြင်း (ရင်းနှီးမြှုပ်နှံမှုပြုပြိုးနောက် ပံ့ပိုးမှု)	▪ ပြဌာန်းထားသော လုပ်ထုံးလုပ်နည်းများအတွက် OSS ဝန်ဆောင်မှု ▪ လည်ပတ်မှုပြဿနာများအပေါ် ဆန်းစစ်ဖြေရှင်းပေးခြင်း	လည်ပတ်ခြင်းနှင့် ပြန်လည် ရင်းနှီးမြှုပ်နှံခြင်း

- လည်ပတ်မှုနှင့် ပြန်လည်ရင်းနှီးမြှုပ်နှံမှုအပေါ် အတိုင်ပင်ခံခြင်း
- အလုပ်အကိုင်ခန့်ထားရေး၊ သင်ကြားလေ့ကျင့်ရေး၊ စက်မှုဆိုင်ရာကွင်းဆက်၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေး ၊ R&D စသည့်နယ်ပယ်များတွင် ဆက်စပ်ဝန်ကြီးဌာနများ၏ အမျိုးမျိုးသောပံ့ပိုးဝန်ဆောင်မှုများကို စီစဉ်ခြင်း

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၂-၄-၁	စနစ်ကျသော ရင်းနှီးမြှုပ်နှံသူပံ့ပိုးယန္တရားတစ်ရပ်အား ပုံစံ ရေးဆွဲခြင်း

(၁) ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့် ပံ့ပိုးမှု သတ်မှတ်ရန်

အားလုံးအတိုင်းအတာနှင့် ရင်းနှီးမြှုပ်နှံမှုစက်ဝန်းတလျှောက်လုံးတွင်ပြည်တွင်းနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ နှစ်ရပ်လုံးအတွက် စနစ်ကျသော ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးသည့် စနစ်တစ်ရပ်အား မြန်မာအစိုးရမှ ဖွံ့ဖြိုးဆောင်ရွက်ပါမည်။

ရင်းနှီးမြှုပ်နှံမှုစက်ဝန်း၏ အဆင့်တိုင်း၌ ထိရောက်သည့်ပေါင်းစည်းရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှုများအား ဖြစ်နိုင်ချေရှိသော ပုံစံနှင့် ပြဌာန်းချက်များ ပြုလုပ်ရန် DICAနှင့် ဆက်စပ် ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များအား သတ်မှတ်ပါမည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုပြုပြီးနောက် ပံ့ပိုးမှု (နောက်ပိုင်းစောင့်ရှောက်ခြင်း)မှာ လက်ရှိတွင် အားနည်းသဖြင့် တိုးချဲ့ရန်လိုအပ်နေပါသည်။

(၂) DICA နှင့်OSSC တို့အား ဝန်ဆောင်မှုများ၏ ဗဟိုအဖြစ်ပြုလုပ်ရန် ပူးပေါင်း ဆောင်ရွက်ရေး ယန္တရား တစ်ရပ်ကို တည်ထောင်ရန်

DICA နှင့်ဆက်စပ်ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များကို ဆန်းစစ်ခြင်းနှင့် လိုအပ်သော ပံ့ပိုးဝန်ဆောင်မှုများ၏ အတိုင်းအတာကို ဖော်ထုတ်ခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးအစီအမံတစ်ရပ်ကို ချမှတ်ပါမည်။ ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှုအတွက် တာဝန်ရှိသော ယူနစ်တစ်ခု၊ ရင်းနှီးမြှုပ်နှံသူပံ့ပိုးသည့်နေရာအား DICA၌ တည်ထောင်ပါမည်။ ၎င်းယူနစ်သည် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစည်းထားသော ရင်းနှီးမြှုပ်နှံသူပံ့ပိုးစနစ်တစ်ရပ်အား ပုံစံရေးဆွဲတည်ထောင်ပါမည်။ ရင်းနှီးမြှုပ်နှံသူပံ့ပိုးသည့်နေရာသည် ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးရေးတွင် ပြတင်းတစ်ပေါက် ဖြစ်လိမ့်မည်ဖြစ်ပြီး OSSC နှင့် ရင်းနှီးမြှုပ်နှံသူအထောက်အကူပြု ကော်မတီတို့နှင့်ပေါင်းစပ်၍ ရင်းနှီးမြှုပ်နှံသူများအတွက် ထိရောက်သည့် ဝန်ဆောင်မှုများကို စီစဉ်ပေးပါမည်။

ဆောင်ရွက်မှု ၂-၄-၂	ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းရာတွင် DICA နှင့် OSSCၦ စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးမှု ထောက်ပံ့ခြင်း

(၁) DICA နှင့် OSSC တို့မှ လွယ်ကူချောမွေ့စေရန် ပြုလုပ်ထားသည့် ရင်းနှီးမြှုပ်နှံသူ ပေါင်းစည်းပံ့ပိုးဝန်ဆောင်မှုများအား ပံ့ပိုးပေးရန်

ကိုးကားရန်အတွက်လိုအပ်သည့်အချက်အလက်နှင့် သတင်းစုဆောင်းခြင်းနှင့် ဝန်ဆောင်မှုလမ်းညွှန်ချက်များ ချမှတ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးအစီအစဉ်တွင် သတ်မှတ်ထားသော ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှုများကို ဆက်စပ်ဝန်ကြီးဌာနများက ပြင်ဆင်ပါမည်။ ဆက်စပ် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ခြင်းဖြင့် ပေါင်းစည်း ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှုများ ပံ့ပိုးခြင်းအား DICA နှင့် OSSC တို့က စတင်ပါမည်။

(၂) ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှုအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့ဖြိုးတိုးတက်ရေးအား အကောင်အထည်ဖော်ရန်

ဆက်စပ်နေသည့် အစိုးရရုံးများအတွက် အဖွဲ့အစည်းတည်ဆောက်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဝန်ဆောင်မှုများ တိုးတက်ရေး နောက်တွင် "ရင်းနှီးမြှုပ်နှံသူ ရှေးရှုမှု"နှင့် "စီးပွားရေးလုပ်ငန်း အာရုံစိုက်မှု"တို့ကို အခြေခံတွေးခေါ်မှုများအဖြစ် ထားရှိသင့်ပါသည်။

အဆိုပါအဖွဲ့အစည်းများအပြင် တဆင့်မြင့်အဖွဲ့အစည်းများအပြင် DICA သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ ဆက်သွယ်ရန်နေရာအဖြစ် ဆောင်ရွက်ပါမည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်းနှင့် ဖြေလျော့ခြင်းတို့အတွက် ဖြစ်ပါသည်။ ထို့ကြောင့် ၎င်း၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန်မှာ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှုစနစ်၏ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးတစ်ရပ်ဖြစ်ပြီး လုံလောက်သည့်ဝန်ထမ်းများကိုနေရာချထားပေးခြင်း၊ ဘတ်ဂျက်နှင့် လူစွမ်းအားအရင်းအမြစ်များ စီမံခန့်ခွဲခြင်းများကို ဆောင်ရွက်ရန် လိုအပ်နေပါသည်။ DICA ၏ ဒေသရုံးခွဲများမှာလည်း ပြည်နယ်/ တိုင်းဒေသကြီး အဆင့်၌ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးမှုများအတွက် အရေးကြီးကြပါသည်။

ဆောင်ရွက်မှု ၂-၄-၃	ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များနှင့် ကျေနပ်မှု အတိုင်းအတာများအား စောင့်ကြည့်လေ့လာခြင်း

(၁) လိုအပ်ချက်များနှင့် ကျေနပ်မှု အတိုင်းအတာများအား ပံ့မှန်စောင့်ကြည့်လေ့လာရန်

ဝန်ဆောင်မှုများအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ ကျေနပ်မှုအတိုင်းအတာများအား DICA နှင့် OSSC တို့မှ ပံ့မှန်စောင့်ကြည့်လေ့လာပြီး ပံ့ပိုးဝန်ဆောင်မှုများအတွက် ၎င်းတို့၏ လိုအပ်ချက်များကို စုစည်းပါမည်။

(၂) ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များအရ ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှုကို တိုးချဲ့ရန်

ရင်းနှီးမြှုပ်နှံသူများ၏ ကျေနပ်မှုကိုစောင့်ကြည့်လေ့လာခြင်း၏ရလဒ်များကိုအခြေခံ၍ ရင်းနှီးမြှုပ်နှံသူများကို ပံ့ပိုးဝန်ဆောင်မှုများတိုးတက်ရေးအတွက် လိုအပ်သည့် မည်သည့်လှုပ်ရှား ဆောင်ရွက်မှုမျိုးကိုမဆို DICA မှ ဆောင်ရွက်ပါမည်။

ဆောင်ရွက်မှု ၂-၄-၄	ရှိပြီး ရင်းနှီးမြှုပ်နှံသူများ၏ ပြန်လည်ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းအမျိုးအစား ချဲ့ထွင်ရေးကို ပံ့ပိုးခြင်းနှင့် မြှင့်တင်ခြင်း

(၁) လက်ရှိ ရင်းနှီးမြှုပ်နှံသူများအား ပစ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များအား ပုံစံ ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်

လက်ရှိရင်းနှီးမြှုပ်နှံသူများသို့ လုပ်ငန်းတိုးချဲ့မှု မြှင့်တင်ရေးမှာ ရင်းနှီးမြှုပ်နှံသူ အသစ်များအား ဆွဲဆောင်သကဲ့သို့ပင် အရေးပါပါသည်။ ၎င်းတို့၏ လုပ်ငန်း အမျိုးအစားများ ချဲ့ထွင်ကွဲပြားရေးနှင့် ပြန်လည် ရင်းနှီးမြှုပ်နှံရေးကို ပစ်မှတ်ထားလျက် လက်ရှိရင်းနှီးမြှုပ်နှံသူများအတွက် မြှင့်တင်ရေး ဝန်ဆောင်မှုများကို မြန်မာအစိုးရမှ ပံ့ပိုးပါမည်။

ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ရေး၊ လုပ်ငန်းလည်ပတ်မှု အဆင့်မြှင့်တင်ရေးနှင့် လုပ်ငန်းအမျိုးအစားများ ချဲ့ထွင်ကွဲပြားရေးတို့အတွက် ရှိပြီး ရင်းနှီးမြှုပ်နှံသူများကို ပစ်မှတ်ထားသည့် မြှင့်တင်ရေးအစီအစဉ်များကို DICAမှ ပြင်ဆင်ပါမည်။

(၂) လုပ်ငန်းအမျိုးအစား ချဲ့ထွင်ကွဲပြားရေးအတွက် လက်ရှိရင်းနှီးမြှုပ်နှံသူများသို့ ပံ့ပိုးပေးမှုများ ထောက်ပံ့နိုင်ရန် အဖွဲ့တစ်ရပ်ဖွဲ့စည်းရန်

ရင်းနှီးမြှုပ်နှံသူများမှ ထပ်မံရင်းနှီးမြှုပ်နှံမှုအတွက် အထောက်အပံ့များတောင်းဆိုလာပါက အဆင်သင့်ဖြစ်စေရန် ပံ့ပိုးပေးသည့် အဖွဲ့တစ်ရပ်ကို DICAက တည်ထောင်ပြီး ဆက်စပ်နေသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် သတင်းအချက်အလက်များ၊ ဈေးကွက်အခြေအနေများ အပေါ် သတင်းအချက်အလက်များ၊အလားအလာရှိသော စီးပွားရေးမိတ်ဖက်များနှင့်မိတ်ဆက်ပေးခြင်းနှင့် လုပ်ထုံးလုပ်နည်းများအပေါ် အကြံပြုချက်များစသည့် ဝန်ဆောင်မှုများအား ပံ့ပိုးပေးပါမည်။

၅.၂.၅ လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီတစ်ရပ် တည်ထောင်ခြင်း

မဟာဗျူဟာ ရည်မှန်းချက်များ

အာဆီယံ၏ အဓိကနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (IPAs)အများစုမှာ လွတ်လပ်စွာ ရပ်တည်နိုင်သည့်အခြေအနေရှိကြပါသည်။ ယေဘုယျအားဖြင့် လွတ်လပ်သည့် IPAs များသည် ဝန်ကြီးဌာနများအတွင်း၌ လည်ပတ်သည်ထက် ပိုမိုထိရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို တိုးချဲ့ဆောင်ရွက်နိုင်ကြပါသည်။အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ထံ၌ လုပ်ပိုင်ခွင့်အာဏာ ပိုမိုလာကာ ဆုံးဖြတ်ချက် ချမှတ်သည့်လုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်လာပြီး ဗျူရိုကရေစီ ယဉ်ကျေးမှုနည်းပါးလျက် ပြင်ပမှကြားဝင်စွက်ဖက်မှု ပိုမိုနည်းပြီး ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှုရှိလာသောကြောင့်ဖြစ်ပါသည်။

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံသူရှေးရှုပြီး စီးပွားရေးလုပ်ငန်း အာရုံစိုက်သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဝန်ဆောင်မှုများ အကောင်အထည်ပေါ်လာစေရန် အလို့ငှာ လွတ်လပ်သည့် IPA တစ်ရပ် တည်ထောင်ရန်ရည်မှန်းပါသည်။

ကမ္ဘာတဝှမ်းတွင် မည်သည့်အတွက်ကြောင့် လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ ရှိနေသနည်း?

IPAတစ်ရပ်၏ အခြေအနေကို နိုင်ငံတစ်နိုင်ငံချင်းစီ၏ အုပ်ချုပ်မှုစနစ်မှ ဆုံးဖြတ်ပါသည်။ များသောအားဖြင့် IPA များမှာ ဝန်ကြီးဌာနများအတွင်း ယူနစ်များ၊ လွတ်လပ်သည့် အေဂျင်စီများ သို့မဟုတ် ပုဂ္ဂလိကပါဝင်သည့် အဖွဲ့အစည်းများဖြစ်ကြပါသည်။ အဓိကအာဆီယံနိုင်ငံများရှိ IPAအများစုမှာ အောက်ဖော်ပြပါဇယားတွင် ပါရှိသည့်အတိုင်း လွတ်လပ်သည့် အခြေအနေရှိကြပါသည် -

ဇယား-၅.၅ အဓိကအာဆီယံနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီများ

နိုင်ငံ	ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ		
ကမ္ဘောဒီးယား		ကမ္ဘောဒီးယား ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (Cambodian Investment Board - CIB)	ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (CDC) အောက်တွင်
အင်ဒိုနီးရှား	BKPM	အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး ဘုတ်အဖွဲ့ (Indonesia Investment Coordinating Board - BKPM)	ဝန်ကြီးဌာနဆိုင်ရာ အဆင့်အတန်းနှင့် အေဂျင်စီ
မလေးရှား	MIDA	မလေးရှား ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးအာဏာပိုင် (Malaysia Investment Development Authority - MIDA)	ဥပဒေအရဖွဲ့စည်းထားသည့် အဖွဲ့ အနေဖြင့် ပေါင်းစပ်ထားသည့် အစိုးရအေဂျင်စီ
ဖိလစ်ပိုင်	boi BOARD OF INVESTMENTS	ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (Board of Investments - BOI)	ကုန်သွယ်ရေးနှင့် စက်မှုဦးစီးဌာန သို့ တွဲဖက်ထားသည့် အစိုးရအေဂျင်စီ
စင်ကာပူ	singapore	စင်ကာပူစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဘုတ်အဖွဲ့ (Singapore Economic Development Board)	ကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာနအောက်ရှိ အစိုးရ အေဂျင်စီ
ထိုင်း	THAILAND BOARD OF INVESTMENT	ထိုင်း ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (Thailand Board of Investment - BOI)	ဝန်ကြီးချုပ်ရုံးအောက်ရှိ အစိုးရ အေဂျင်စီ
ဗီယက်နမ်	FIA VIETNAM	ဗီယက်နမ် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု အေဂျင်စီ (Foreign Investment Agency Vietnam - FIA Vietnam)	စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနအောက်တွင် ခန့်အပ်ထားရှိသော စီမံခန့်ခွဲရေး အေဂျင်စီ

ရင်းမြစ်: DICA

ယေဘုယျအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အဖွဲ့အစည်း အခြေအနေဖြင့် IPA များသည် ဝန်ကြီးဌာနများအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းထက် ပိုမိုထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို တိုးချဲ့ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါသည်။ ပိုမိုမြန်ဆန်သည့် ဆုံးဖြတ်ချက်ချသော လုပ်ငန်းစဉ်၊ ဗျူရိုကရေစီ

လုပ်ငန်းစဉ် အဆင့်များကို လျော့ချသွားရန် ပြင်ပ ဝင်ရောက်စွက်ဖက်မှုများ လျော့ချရန်နှင့် ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်မှုများမှာ အကြောင်းရင်းများဖြစ်ကြပါသည်။ အမှန်တကယ်တွင် လွတ်လပ်သည့် အခြေအနေနှင့် အေဂျင်စီတစ်ရပ် ပေးအပ်ရုံမျှဖြင့် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ချက်များ မဖြစ်ထွန်းစေနိုင်ပါ ။ လွတ်လပ်သည့် IPA တစ်ရပ်ကို တည်ထောင်ရန် များသောအားဖြင့် အထူးရေးဆွဲထားသည့် ဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးအတွက် လုံလောက်သည့် အခွင့်အာဏာ ပြဋ္ဌာန်းချက်နှင့် လုံလောက်သည့်ဘတ်ဂျက်ခွဲဝေသုံးစွဲမှုတို့ကိုပါ လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် DICA သည် National IPA အဖြစ် တာဝန်ယူဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှု စီမံအုပ်ချုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါသည်။ဌင်း၏ အနေအထားမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အောက်တွင် ဦးစီးဌာနအဖြစ် တည်ရှိပါသည်။ DICA ၏ လက်ရှိအခြေအနေအား အကဲဖြတ်ရာတွင် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အတွင်းပြောင်းလဲပါက အကျိုးဖြစ်ထွန်းနိုင်ပြီး အောက်ဖော်ပြပါ အကြောင်းရင်းများဖြင့် ကျိုးကြောင်း ဆီလျော်မှု ပြုနိုင်ပါသည် -

- DICA သည် ဌင်း၏ သမိုင်းကြောင်း၊ လုပ်ငန်းတာဝန်များ၏ လွှမ်းခြုံမှုနှင့် အစီရင်ခံမှုတို့အား ဖြင့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးနှင့် မြှင့်တင်ရေးတို့အတွက် လွတ်လပ်သည့်အဖွဲ့အစည်း တစ်ရပ်၏ သဘောသဘာဝရှိပြီး ဖြစ်ပါသည်။
- DICA၏ လုပ်ငန်းတာဝန်လွှမ်းခြုံမှုမှာ IPA တစ်ခု၏ တာဝန်များ(ရင်းနှီးမြှုပ်နှံမှု စီမံအုပ်ချုပ်ရေးနှင့် မြှင့်တင်ရေး)နှင့် သဘောတရားတူညီပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် DICA ၏ အခန်းကဏ္ဍအား MIC၏ ရုံးအဖြစ် ပြဋ္ဌာန်းထားပြီး DICA သည် ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကို စီမံခန့်ခွဲပါသည်။
- ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးသည် ရင်းနှီးမြှုပ်နှံသူ ရှေးရှု၊စီးပွားရေးလုပ်ငန်းအာရုံစိုက်သည့် ဝန်ဆောင်မှုများလိုအပ်ပါသည်။
- ရင်းနှီးမြှုပ်နှံသူ ဦးစားပေးဝန်ဆောင်မှုနှင့် အဖွဲ့အစည်းတစ်ရပ်သည် ထိရောက်ပြီး လက်တွေ့ကျသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဝန်ဆောင်မှုများကို ပံ့ပိုးနိုင်ပါသည်။ဌင်းအချက်မှာ IPA အားလွတ်လပ်သည့် အခြေအနေရွေးချယ်ရန် အခြားနိုင်ငံများတွင် ဦးဆောင်နေသည့်အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ရည်မှန်းချက်မှာကော်ပိုရိတ်စီမံခန့်ခွဲမှုပုံစံကို မိတ်ဆက်ရန်နှင့် ပုဂ္ဂလိက ကဏ္ဍတွင် အတွေ့အကြုံများရှိသော ပုဂ္ဂိုလ်များအား ခန့်ထားရန်တို့ဖြစ်ပါသည်။ ထို့အပြင်အဖွဲ့အစည်း၏ယဉ်ကျေးမှုအား ပြောင်းလဲခြင်းသည် လက်ရှိပုဂ္ဂိုလ်/ ဝန်ထမ်းတို့၏ အတွေးအခေါ်အား ရင်းနှီးမြှုပ်နှံသူ ဦးစားပေးဖြစ်လာစေရန် ပြောင်းလဲလိုက်သည်ဟု ယူဆသောကြောင့်

အကျိုးဆက်အားဖြင့် ဝန်ဆောင်မှု၏ ထိရောက်မှု ပိုမိုတိုးတက်လာသည်ဟု မျှော်မှန်းပါသည်။

- မြန်မာအစိုးရသည်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်၎င်း၏ကတိကဝတ်အားအများပြည်သူသို့ ပြသရန် လိုအပ်နေပါသည်။ လွတ်လပ်သည့် IPA တစ်ရပ် တည်ထောင်လိုက်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအပေါ် အစိုးရ၏အလေးအနက်ထားသည့်သဘောထားတွင် ရင်းနှီးမြှုပ်နှံသူများအကြား ယုံကြည်မှုတက်လာစေပါမည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေးဆောင်ရွက်မှုများကို စီမံခန့်ခွဲရန်နှင့်မြှင့်တင်ရန်နှင့် MIPP ၏ မဟာဗျူဟာများအား အကောင်အထည်ဖော်ရန် IPA အသစ်အား အခွင့်အာဏာ အပြည့်ပေးရန်လိုအပ်ပါသည်။ IPA နှင့် MIC တို့အား ပြည်ထောင်စုအစိုးရ၏ အောက်တွင် ထားရှိပါမည်။

IPA တွင် (၁)မူဝါဒပံ့ပိုးခြင်း၊ (၂)ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်း၊ (၃) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း၊(၄) SEZ စီမံခန့်ခွဲခြင်းနှင့် (၅)ကုမ္ပဏီမှတ်ပုံတင်ခြင်းဟူသည့် လုပ်ငန်းတာဝန်(၅)ရပ် ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအား ပေါင်းစည်းထားသည့် ထိရောက်သော စီမံခန့်ခွဲရေးနှင့် မြှင့်တင်ရေးတို့ အကောင်အထည် ပေါ်လာစေရန် အတူတကွ ဆောင်ရွက်သွားကြပါမည်။



ကားချပ်-၅.၈ လွတ်လပ်သည့်IPA အဖွဲ့အစည်း

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၂-၅-၁	လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ(IPA)တစ်ရပ် တည်ထောင်ရေးစီမံခြင်း

(၁) လွတ်လပ်သည့် IPA တစ်ရပ်အတွက် လိုအပ်ချက် အကဲဖြတ်ရန်

လွတ်လပ်သည့် IPA တစ်ရပ်တည်ထောင်ရေး လိုအပ်ချက်များအား အောက်ဖော်ပြပါ ဆန်းစစ်ချက်များမှတဆင့် အကဲဖြတ်သွားပါမည် -

- **အခြား IPA များ၏ စံနှုန်းများအား နှိုင်းယှဉ်အကဲဖြတ်သည့်ဆန်းစစ်ချက်** : ရရှိခဲ့သည့်သင်ခန်းစာများနှင့် အကောင်းဆုံးသော လက်တွေ့ဆောင်ရွက်နေမှုများကို ဖော်ထုတ်ရန်အခြားသော IPA များ၏ အတွေ့အကြုံများနှင့် စွမ်းဆောင်ချက်များကို ဆန်းစစ်သွားပါမည်။
- **ရင်းနှီးမြှုပ်နှံသူ ဆန်းစစ်ချက်**:ရှိပြီးအဖွဲ့အစည်းတွင်ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းနှင့် မြှင့်တင်ခြင်းတို့အပေါ် တိုးတက်ကောင်းမွန်စေရေး မည်သည်တို့အား လိုအပ်နေသည်ဆိုသည်ကို နားလည်ရန် ရင်းနှီးမြှုပ်နှံသူများ၏ အကဲဖြတ်ချက်များကို စုစည်းသွားပါမည်။
- **DICA အတွက် အဆင်သင့်ဖြစ်နေမှုအား စစ်ဆေးခြင်း**: DICA၏ ပြောင်းလဲရန် အဆင်သင့်ဖြစ်နေမှုအား ၎င်း၏လုပ်ငန်းတာဝန်များ၊ ကိုယ်ရည်ကိုယ်သွေးနှင့် စီမံခန့်ခွဲမှုပုံစံတို့အားဖြင့် အကဲဖြတ်သွားပါမည်။

(၂) လွတ်လပ်သော IPA တစ်ရပ် တည်ထောင်ရေးအတွက် စီမံကိန်းတစ်ခုရေးဆွဲရန်

လွတ်လပ်သော IPA တစ်ရပ် တည်ထောင်ရေးအတွက် စီမံကိန်းတစ်ခုရေးဆွဲ လုပ်ဆောင်သွားမည်ဖြစ်ပြီး ၄င်းတွင် (၁) အဖွဲ့အစည်းတည်ဆောက်ပုံ၊ (၂) ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းတာဝန်၊ (၃) စီမံခန့်ခွဲမှု နည်းလမ်းများ၊ (၄) ဘတ်ဂျက်များနှင့် (၅)အကောင်အထည်ဖော်သည့် အချိန်ဇယားတို့ပါဝင်ပါမည်။

(၃) လိုအပ်သော ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရန်နှင့် အတည်ပြုချက် ရယူရန်

အစိုးရ၏ အတည်ပြုချက်အတွက် လွတ်လပ်သော IPA တစ်ရပ် တည်ထောင်ရေးအတွက် အဆိုပြုချက်တစ်ရပ်နှင့် ဆက်နွယ်နေသည့် ဥပဒေများ၏ မူကြမ်းတစ်ရပ်တို့အား ရေးဆွဲချမှတ်သွားပါမည်။

ဆောင်ရွက်မှု ၂-၅-၂	လွတ်လပ်သည့် IPA တည်ထောင်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ခြင်း

(၁) လွတ်လပ်သည့် IPA တစ်ရပ် တည်ထောင်ရန်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် DICA ကို ဝန်ကြီးဌာနတစ်ပိုင်းအသွင် အဖွဲ့အစည်းအဖြစ် ပြောင်းလဲခြင်းဖြင့် လွတ်လပ်သည့် IPA အသစ်တစ်ရပ်အား ထူထောင်ပါမည်။IPAအသစ်သည် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း၊ မူဝါဒပံ့ပိုးခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် SEZ စီမံခန့်ခွဲခြင်းတို့အတွက် တာဝန်ရှိပါသည်။

(၂) IPA ၏ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်မှုတို့အား တိုးတက်စေရန်

အဆင့်မြင့် ကျွမ်းကျင်မှုအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့ ရရှိရန် IPA၏ စီမံခန့်ခွဲမှု၊ ဆောင်ရွက်မှုနှင့် အဖွဲ့အစည်းတို့အား တိုးတက်ဆောင်ရွက်သွားပါမည် -



ကားချပ်-၅.၉ လွတ်လပ်သည့် IPA ဖွဲ့ဖြိုးတိုးတက်ရေးဖြစ်စဉ်

Box - DICA နှင့် လွတ်လပ်သော IPA တို့၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းတာဝန်များ မြှင့်တင်ခြင်း:
DICA သို့မဟုတ် မတည်ထောင်ရသေးသည့် လွတ်လပ်သော IPA တို့၌ အောက်ဖော်ပြပါ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းတာဝန်များကို တိုးမြှင့်သွားပါမည်။

ဇယား- ၅.၆ DICA/ လွတ်လပ်သော IPA၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလုပ်ငန်းတာဝန်များ

ဝန်ဆောင်မှု	ဆောင်ရွက်မှုများ
သတင်းအချက်အလက်ဝန်ဆောင်မှု	▪ OSSC ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဥပဒေ သတင်းအချက်အလက်များကို စုစည်းရန် (၎င်းမှာ ယခုကာလတွင် အားနည်းနေပါသည်) ▪ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် သတင်းအချက်အလက်များ စုစည်းရန် ▪ လုပ်ငန်းကုန်ကျစရိတ်များနှင့် စက်မှုကဏ္ဍခွဲများအပေါ် နောက်ဆုံးသတင်းအချက်အလက်များ ပံ့မှန်ဆောင်ရွက်ရန် ▪ ရင်းနှီးမြှုပ်နှံရာတွင် အောင်မြင်သည့် နမူနာများကို ပေါင်းစပ်ရန်နှင့် ၎င်းတို့အား အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများ အတွက် လေ့လာမှုအဖြစ် အသုံးပြုရန် ▪ DICA ဝက်ဘ်ဆိုဒ်ပေါ်တွင် MIC နှင့် TSEZMCတို့မှ ရင်းနှီးမြှုပ်နှံမှု အတည်ပြုချက်များအား ထုတ်ပြန်ရန် ▪ ပံ့မှန်နှင့် အချိန်နှင့်တပြေးညီ နောက်ဆုံး

	သတင်းများအတွက် အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများအား အချက်အလက် စုစည်းဖန်တီးရန် ▪ သတင်းအချက်အလက် ဒေတာဘဏ် စုစည်းရန် ▪ လာရောက်လေ့လာသည့် ရင်းနှီးမြှုပ်နှံသူများအတွက် စာကြည့်တိုက်နေရာ ဖန်တီးပေးရန်
ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး လှုပ်ရှားမှု	▪ အလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားသူများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းမှ တဆင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှီးနှောဖလှယ် ပွဲများ၌ အခွင့်အလမ်းများ တိုးချဲ့ရန် ▪ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲများအတွက် ခေတ်မီသည့် တင်ပြမှုအသုံးအဆောင ်စာရွက်စာတမ်းများ ထုတ်လုပ်ရန် ▪ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲဆွေးနွေးပွဲ စီမံခန့်ခွဲရေး စွမ်းရည်တည်ဆောက်ရန်နှင့် ဆွေးနွေးပွဲပြီးနောက် ခြေရာခံဆောင်ရွက်မှုများ တိုးမြှင့်ရန် ▪ ဦးစားပေးကဏ္ဍခွဲများကို ပစ်မှတ်ထားသည့် မဟာဗျူဟာကျသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလှုပ်ရှားမှုများအား ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ရန် ▪ မဟာဗျူဟာကျသည့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများကို ဒီဇိုင်းရေးဆွဲ အကောင်အထည် ဖော်ရန် ▪ မြန်မာနိုင်ငံ၏ နိုင်ငံခြား သံရုံးများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများအား စတင်ရန် ▪ သတင်းစာစောင်များ ပုံမှန်ထုတ်ဝေရန်နှင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများသို့ ဖြန့်ဖြူးရန် ▪ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် Short Viedoများနှင့် လက်ကမ်းစာစောင် များကဲ့သို့ ရုပ်သံလက်ဆွဲများ

	ဖန်တီးရန် ■ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် နိုင်ငံ့ပြယုဂ် စီစဉ်ရန်နှင့် ဖော်ထုတ်ပြသရန်
ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှု (ရင်းနှီးမြှုပ်နှံမှု မတိုင်မီနှင့် ရင်းနှီး မြှုပ်နှံပြီးနောက် ပံ့ပိုးမှု)	■ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှုများ ကြော်ငြာရန် ■ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးဝန်ဆောင်မှုများအား ပံ့ပိုးရေး DICAအတွင်း အဖွဲ့အစည်းများမြှင့်တင်ရန် ■ အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုများအပေါ် အတိုင်ပင်ခံရာတွင် အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများအပေါ် လက်ဆွဲစာအုပ် အခြားအသုံးအဆောင်များအား အဆင့်မြှင့်တင်ရန် ■ ရင်းနှီးမြှုပ်နှံမှု ပြုပြီးနောက် ပံ့ပိုးမှုအပေါ် ရင်းနှီးမြှုပ်နှံမှု ပြုပြီးနောက် လုပ်ထုံးလုပ်နည်းများနှင့် အခြားသော သတင်းအချက်အလက်များကို ထုတ်လုပ်ရန် ■ ရင်းနှီးမြှုပ်နှံသူများအား ထပ်ဆောင်းအကြံဉာဏ်ပံ့ပိုးရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် စီးပွားရေးအဖွဲ့အစည်းများနှင့် ပေါင်းစည်းကွန်ယက် တည်ဆောက်ရန် ■ ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးမှုအတွက် DICA ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် ဗဟုသုတများ တိုးပွားလာရန် ၎င်းတို့အား လေ့ကျင့်သင်ကြားပေးရန်
မူဝါဒပံ့ပိုးခြင်း	■ FDI အတည်ပြုချက် စာရင်းအင်းများ၊ အာဆီယံနိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းများနှင့် FDI လမ်းကြောင်းများတွင် အဓိက ရင်းနှီးမြှုပ်နှံနေသော နိုင်ငံများအား စုစည်း၍ ဆန်းစစ်မှုပြုလုပ်ရန် . ■ မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးရေး မူဝါဒများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး မူဝါဒများကို စုစည်း၍ ဆန်းစစ်မှုပြုလုပ်ရန် ■ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအပေါ် အခြားသော အာဆီယံနိုင်ငံများ၏ အတွေ့အကြုံများမှ လေ့လာမှုပြုလုပ်ရန်နှင့် အကောင်းဆုံးလက်တွေ့ ကျင့်သုံးမှု

	များနှင့် အကျွမ်းဝင်လာစေရန် ▪ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်နေသော ပြဿနာများအတွက် မူဝါဒအဆိုပြုချက် ချမှတ်ရန် ▪ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဝန်ကြီးဌာနများ၏ အားထုတ်ကြိုးပမ်းမှုများလွယ်ကူအဆင်ပြေစေရန်နှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက် ကောင်းမွန်စေရန်
ပူးပေါင်းဆောင်ရွက်မှုအတွက်ကွန်ယက်တည်ဆောက်ခြင်း	▪ OSSC နှင့် ဆက်စပ်ဝန်ကြီးဌာနများ အကြား အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေး တည်ဆောက်ရန် ▪ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နှီးနှော ဖလှယ်ပွဲ များအပေါ် အလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားသူများဖြင့် ပူးပေါင်းဆောင်ရွက်ရေး တိုးချဲ့ရန် ▪ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအပေါ် အခြားသော IPA များနှင့် ပူးပေါင်းဆောင်ရွက်ရန် ▪ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ပူးတွဲ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအပေါ် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ရန် ▪ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စွမ်းဆောင်ရည်များ တိုးမြှင့်ရန် ▪ ပူးတွဲ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ရန် ▪ DICA၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးမှုအတွက် အလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်

၅.၃ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အလွန်လိုအပ်နေသည့်ဦးစားပေးအခြေခံ အဆောက်အအုံဖွံ့ဖြိုးမှုကို မြှင့်တင်ရန်ဖြစ်ပြီးအခြေခံအဆောက်အအုံ စီမံကိန်းရေးဆွဲခြင်းကိုတိုးမြှင့်ခြင်း၊စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ခြင်း၊ PPP ပုံစံဖွံ့ဖြိုးတိုးတက်လိုမှုဆောင်ရွက်မည်ဖြစ်ပါသည်။

၅.၃.၁ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံ စီမံကိန်းများတိုးတက်စေခြင်း

မဟာဗျူဟာ ရည်မှန်းချက်များ

မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်တွင် အခြေခံအဆောက်အအုံမလုံလောက်မှုမှာ အဓိက အစိုးရိမ်ရဆုံးအတားအဆီးများအနက်တစ်ခုဖြစ်ပါသည်။အထူးသဖြင့်လျှပ်စစ်မီး၊ထောက်ပို့ သယ်ယူပို့ဆောင်ရေးနှင့် စက်မှုဇုန်များ ပံ့ပိုးပေးမှုမှာ လက်ရှိတွင် မလုံလောက်သဖြင့် ရင်းနှီးမြှုပ်နှံမှုများကို (အထူးသဖြင့် စက်မှုကဏ္ဍများသို့) တွင် အတားအဆီးကြီး တစ်ရပ်ဖြစ်နေပါသည်။

ဤမဟာဗျူဟာသည် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ပေါင်းစည်းရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ် ဖန်တီးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်သည့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို လွယ်ကူချောမွေ့စေရန် ရည်မှန်းပါသည်။

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ပေါင်းစည်းရန် လိုအပ်ခြင်း

မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံမှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ အဓိက အကန့်အသတ် ဖြစ်ပါသည်။မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခြင်းနှင့်အမီလိုက်၍ လျှပ်စစ်မီးနှင့်ရေတို့ကို ယှဉ်ပြိုင်နိုင်သည့်ဈေးနှုန်းများဖြင့် လုံလောက်စွာပံ့ပိုးပေးသည့်စွမ်းရည်ကိုလည်း တိုးမြှင့်သင့်သော်လည်း လက်ရှိအချိန်၌ ရန်ကုန်မြို့တော်၏ စက်မှုဇုန်များအတွင်း တည်ရှိသည့်စက်ရုံများ၌ပင် ခြောက်သွေ့သော ရာသီ၌ မီးမလာမှုများ ကြုံတွေ့နေရပါသည်။ကိုယ်ပိုင်လျှပ်စစ်မီးစက်များကို အသုံးပြု လည်ပတ်နေရခြင်းက စက်ရုံလည်ပတ်မှုကုန်ကျစရိတ်ကို တက်လာစေပါသည်။ အရည်အသွေးနိမ့်ပြီး အချိန်ကြာမြင့်သည့် သယ်ယူပို့ဆောင်ရေးကွန်ယက်သည်လည်း မြန်မာနိုင်ငံတွင် စီးပွားရေး ဆောင်ရွက်မှုများ၌ ဆိုးရွားစွာ ကြုံတွေ့နေသည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံသည် မဖွံ့ဖြိုးသေးသည့်ဒေသများ၊ ဦးစားပေးစကြံ့များ၊ နယ်စပ်ဒေသများနှင့် GMS တို့ကို ဆက်သွယ်ရန် NCDP၏ မဟာဗျူဟာကျမောင်းနှင်မှုများထဲမှ တစ်ရပ်ဖြစ်ပါသည်။စိမ်းလန်းသည့် စီးပွားရေး(green economy)ကို ထည့်သွင်းစဉ်းစားလာခြင်းက အခြေခံအဆောက်အအုံ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုအရေးပါလာပါသည်။

မြန်မာအစိုးရသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကို အမျိုးသားသယ်ယူပို့ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(National Transport Development Plan)နှင့် မြန်မာစွမ်းအင်

မဟာစီမံကိန်း (Myanmar Energy Master Plan) ကဲ့သို့သော အမျိုးသားအဆင့် Master Plans များပေါ်တွင် အခြေပြုဆောင်ရွက်လျက်ရှိပါသည်။တစ်ပြိုက်နက်ဆက်စပ် ဆောင်ရွက်ရန်လိုသည့် ကိစ္စများတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဦးစားပေးရန်မှာ ရင်းနှီးမြှုပ်နှံမှုအတွက် အလွန်အရေးကြီးပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အပျော့စား အခြေခံအဆောက်အအုံ (ထိတွေ့၍ မရသည့်) စီမံအုပ်ချုပ်မှုအသိပညာ၊ ICT အခြေခံ လုပ်ငန်းလည်ပတ်မှုစနစ်များနှင့် အခြေခံအဆောက်အဦးများနှင့် ဆက်နွယ်နေသည့် ဆက်သွယ်မှုတို့ကိုလည်း ဦးစားပေးဆောင်ရွက်ရပါမည်။ ဥပမာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ထောက်ပံ့သယ်ယူပို့ဆောင်မှုများတွင် ဆိပ်ကမ်းများနှင့် လမ်းများကဲ့သို့ အမာစား အခြေခံအဆောက်အအုံများကို ထိရောက်သည့်လျှပ်စစ်နည်းပညာဖြင့် အကောက်ခွန် ရှင်းလင်းခြင်း၊ ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူခြင်း၊အဆင်ပြေသည့် အာမခံကုန်လှောင်ရုံနယ်မြေများနှင့် နောက်ဆုံးပေါ် သိုလှောင်ရုံစီမံခန့်ခွဲသည့် စနစ်များစသည့် အပျော့စားအခြေခံအဆောက်အအုံများနှင့် ပေါင်းစည်းရပါမည်။

ယေဘုယျအားဖြင့် အမျိုးသားအဆင့် အခြေခံအဆောက်အအုံစီမံကိန်းများတွင် ကာလကြာရှည်သည့် စီမံကိန်း စက်ဝန်းများနှင့် မြင့်မားသည့် စီမံကိန်းကုန်ကျစရိတ်များရှိပါသည်။ မြန်မာအစိုးရသည် အလှူရှင်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများထံမှ အထူးချေးငွေများကို အသုံးပြု၍ အခြေခံအဆောက်အအုံ ပင်မကျောရိုး တည်ဆောက်ရေးကို ပဏာမ ဆောင်ရွက်ထားပါသည်။ မြန်မာနိုင်ငံသည် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အပြည်ပြည်ဆိုင်ရာမိတ်ဖက်များဖြင့် အတူတကွ ဆောင်ရွက်သွားပါမည်။

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၃-၁-၁	ပေါင်းစည်းထားသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း တစ်ရပ် ပြင်ဆင်ခြင်း

(၁) စီမံကိန်းဦးစားပေးနှင့် အချိန်သတ်မှတ်ချက်များ ခြုံငုံမိသည့် အမျိုးသားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ရပ်အတွင်း ဆက်စပ်ဝန်ကြီးဌာနများရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်နေသည့် အခြေခံအဆောက်အအုံ စီမံကိန်းများကို ပေါင်းစည်းရန်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အဓိကပြဿနာများနှင့် ဦးစားပေးစီမံကိန်းများကို သတ်မှတ်ဖော်ထုတ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ချက်များနှင့် အချက်အချာကျသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး master planတို့ကို ဖန်တီးရန် အရေးပါပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက်အမျိုးသားအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကျုံးဝင်သည့် ဝန်ကြီးဌာနများအကြား ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအတွက် တာဝန်ရှိပါသည်။

ဝန်ကြီးဌာနအမျိုးမျိုးအောက်ရှိ အခြေခံအဆောက်အအုံစီမံကိန်းများကို ပေါင်းစည်းလိမ့်မည်ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအပေါ် မျှော်လင့်ထားသည့် သက်ရောက်မှု၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွင်း ချိတ်ဆက်သက်ရောက်မှုနှင့် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများနှင့် လျော်ညီမှုတို့အရ စီမံကိန်းဦးစားပေးများနှင့်အချိန်သတ်မှတ်ချက်များကိုသတ်မှတ်မည်ဖြစ်ပါသည်။

(၂) အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ဘဏ္ဍာရေးဖွဲ့စည်းတည်ဆောက်ပုံနှင့် အလားအလာရှိသည့် ဘဏ္ဍာရေးရင်းမြစ်များကို အကဲဖြတ်ရန်

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အမျိုးသားအခြေခံအဆောက်အအုံ စီမံကိန်းပါ စီမံကိန်းများအတွက် အစိုးရ (ဝင်ငွေများနှင့် အထူးချေးငွေများ)၊PPPနှင့် ပုဂ္ဂလိကဘဏ္ဍာစသည့် စီမံကိန်းများ၏ ဘဏ္ဍာရေး ဖွဲ့စည်းတည်ဆောက်ပုံများ၏ ဆီလျော်မှုများကို အကဲဖြတ်လိမ့်မည်ဖြစ်ပါသည်။ ဦးစားပေး စီမံကိန်းများနှင့် ၎င်းတို့ကို စာရင်းထည့်ဝင်သည့်အဆင့်သို့ ရှေ့ဆက်သွားနိုင်ရေးအတွက် အလားအလာရှိသည့် ဘဏ္ဍာရေးရင်းမြစ်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကဲဖြတ်သွားမည်ဖြစ်ပါသည်။

အချိန်ကာလတစ်ခုအတွက် အစိုးရရန်ပုံငွေမှာ ဦးစားပေးအခြေခံအဆောက်အအုံ စီမံကိန်းများအတွက် အဓိကဘဏ္ဍာရေးရင်းမြစ် ဖြစ်နေမည်ဖြစ်ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအများနှင့်အလှူရှင်များထံမှဦးစားပေးစီမံကိန်းများအတွက်ထပ်ဆောင်းဘဏ္ဍာရေး ရင်းမြစ်များကို ရှာဖွေဖော်ထုတ်ရန်မှာ အရေးကြီးသည့်တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ ဦးစားပေးစီမံကိန်းများအတွက် ထပ်ဆောင်းရန်ပုံငွေများ ဆက်လက်ဆွဲဆောင်မည်ဆိုပါကအများပြည်သူကြွေးမြီအထုပ်အပိုးကိုစီမံခန့်ခွဲရန်မှာလည်း အစိုးရအတွက် အရေးကြီးပါသည်။

ဆောင်ရွက်မှု ၃-၁-၂	အခြေခံအဆောက်အအုံစီမံကိန်းများအတွက် စီမံကိန်းနှင့်အကောင်အထည်ဖော်ဆောင်မှု စွမ်းဆောင်ရည်တိုးမြှင့်ခြင်း

(၁) အခြေခံအဆောက်အအုံစီမံကိန်းများအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ စီမံကိန်း စွမ်းဆောင်ရည် တိုးမြှင့်ရန်

အခြေခံအဆောက်အအုံ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရန်ဝန်ကြီးဌာနများ၏စွမ်းဆောင်ရည်ကို(က) နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများကိုအကဲဖြတ်ခြင်း၊(ခ) သင့်လျော်သည့် နည်းပညာများနှင့် နည်းပညာဆိုင်ရာ ပြဿနာများကိုနားလည်ခြင်းနှင့် (ဂ) သင့်တင့်လျောက်ပတ်သည့် ဘဏ္ဍာရေးတည်ဆောက်မှုပုံစံနှင့်စွန့်စားမှုတို့ကိုတန်ဖိုးဖြတ်ခြင်းတို့နှင့်စပ်လျဉ်း၍ တိုးမြှင့်သင့်ပါသည်။

(၂) အခြေခံအဆောက်အအုံစီမံကိန်းများ၏ အကောင်အထည်ဖော်ဆောင်မှုအတွက် ဝန်ကြီဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေရန်

အချို့သော အခြေခံအဆောက်အအုံ စီမံကိန်းများမှာ အကြီးစားဖွံ့ဖြိုးတိုးတက်မှုအတွက် ပေါင်းစပ်ထားရာ ထိရောက်သည့် အကောင်အထည်ဖော်ဆောင်မှုအတွက် ဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် စီမံကိန်းအကောင်အထည်ဖော်ဆောင်မှု ပူးပေါင်းဆောင်ရွက်ခြင်းအတွက် တာဝန်ယူရပါမည်။

၅.၃.၂ စက်မှုဇုန်များနှင့် SEZများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး

မဟာဗျူဟာ ရည်မှန်းချက်များ

လုံလောက်သည့် အခြေခံအဆောက်အအုံနှင့်စက်မှုဇုန်များ ကောင်းစွာပံ့ပိုးပေးနိုင်မှုမရှိခြင်းမှာ ရင်းနှီးမြှုပ်နှံသူများအတွက် (အထူးသဖြင့် စက်မှုကုန်ထုတ်ကဏ္ဍမှ ရင်းနှီးမြှုပ်နှံသူများအတွက်)ကြီးမားသည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။စက်မှုဇုန်များ စီမံကိန်းနှင့်စီမံအုပ်ချုပ်မှုတို့ကို မြှင့်တင်ရန် လိုအပ်ပါသည်။ ဤမဟာဗျူဟာသည် ရှိပြီးစက်မှုဇုန်များနှင့် SEZ များကို အဆင့်မြှင့်တင်ခြင်းနှင့် ၎င်းတို့တွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ မြှင့်တင်ခြင်းမှ စက်မှုဇုန်များနှင့် SEZ များ၏ စီမံအုပ်ချုပ်မှုများ တိုးတက်စေရန် ရည်မှန်းပါသည်။

စက်မှုဇုန်များနှင့် SEZများ အဆင့်မြှင့်တင်ရေး အရေးကြီးပုံ

စက်မှုကုန်ထုတ်ကဏ္ဍတွင် လုံလောက်သည့်စက်မှုဇုန်များ ရရှိနိုင်ခြင်းမရှိမှုမှာ ရင်းနှီးမြှုပ်နှံသူများ အကြားအဓိက စိုးရိမ်ပူပန်မှုတစ်ရပ်ဖြစ်ပါသည်။၂၀၁၆ခုနှစ်၊ ဇန်နဝါရီလရှိ စာရင်းများအရ စက်မှုဇုန်ပေါင်း၂၄ ခုနှင့် SEZပေါင်း ၃ ခုရှိပါသည်။ စီမံအုပ်ချုပ်ရေး ကော်မတီက စက်မှုဇုန်များ စီမံခန့်ခွဲကာ ထိုနေရာများတွင် တည်ရှိသည့် စီးပွားရေး လုပ်ငန်းများအား လိုအပ်သည့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးပါသည်။ စက်မှုဇုန်အများအပြားတွင် အသုံးမပြုသည့် မြေကွက်များ၊ ပုံမှန်မဟုတ်ဘဲ အသုံးပြုထားသည့်မြေများ

နှင့် အခြေခံအဆောက်အအုံ ညံ့ဖျင်းမှုစသည့် ပြဿနာများရှိပါသည်။ စက်မှုဇုန်များ စီမံခန့်ခွဲသည့် အဆင့်မှာ ယေဘုယျအားဖြင့် ရှေ့တန်းရောက်နေသည့် အာဆီယံနိုင်ငံများထက် နိမ့်ကျနေပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံသူများမှာ သင့်လျော်သည့်နေရာများကို ရှာဖွေရာတွင် အခက်အခဲများ ဖြစ်နေကြပါသည်။ ထို့ပြင်စက်မှုဇုန်များ၏ အစိုးရအုပ်ချုပ်မှုသည် ရှုပ်ထွေးပြီး၊ အကျိုးဆက် အနေဖြင့် ၎င်းဇုန်များကို ထိထိရောက်ရောက် ဖွံ့ဖြိုးတိုးတက်ရေးမှာ နှောင့်နှေးလျက်ရှိပါသည်။

Industrial Estate Authority of Thailand Act အရ ထိုင်းနိုင်ငံ၏ စက်မှုဇုန်များကို The Industrial Estate Authority of Thailand (IEAT)က အုပ်ချုပ်ပါသည်။ IEAT သည် စက်မှုဇုန် အမျိုးအစားများ၊ စက်မှုဇုန်များအတွက် လိုအပ်ချက်များ၊ လွတ်လပ်သည့် ဇုန်များနှင့် မက်လုံးများ၊ တစ်နေရာတည်းတွင် ပေးသည့်ဝန်ဆောင်မှုများ၊ မြေနေရာ ရယူခြင်းစသည်တို့ကို စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းပါသည်။ ၎င်းမှာ စက်မှုဇုန်များနှင့် ရင်းနှီးမြှုပ်နှံသူနှစ်လိုဖွယ် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး၏ စေ့စပ်သေချာသော စီမံခန့်ခွဲမှု နမူနာကောင်းတစ်ရပ် ဖြစ်ပါသည်။

SEZ များနှင့် စပ်လျဉ်း၍ သီလဝါSEZတွင် အောင်မြင်စွာ စီမံခန့်ခွဲနေပြီး ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများလည်း တိုးလာလျက်ရှိပါသည်။သီလဝါSEZ သည် နိုင်ငံခြားသားများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှစ်ရပ်လုံးအတွက် အထူးသဖြင့် နည်းပညာသစ်ဦးစားပေးကဏ္ဍများတွင် SEZ များ မည်သို့ လည်ပတ်နိုင်သည်ကို ဖော်ပြနေပါသည်။နည်းပညာဦးစားပေး နိုင်ငံခြားစက်ရုံများသည် ခေတ်မီထုတ်လုပ်မှု နည်းပညာအပေါ် ပြည်တွင်းထုတ်လုပ်သူများ၏ နားလည်မှုအတွက် လေ့လာစရာများပင် ဖြစ်ပါသည်။ နည်းပညာစီးဝင်မှုကို သီလဝါ SEZမှ အနာဂတ် ပြင်ပအရင်းအမြစ်ပုံစံဖြင့်ရရှိရန် မျှော်မှန်းထားသည်။ သီလဝါ SEZ အောင်မြင်မှု၏ အဓိကအကြောင်းရင်းများမှာကောင်းမွန်သည့် အခြေခံအဆောက်အအုံ၊ ရင်းနှီးမြှုပ်နှံသူ ဦးစားပေး စီမံခန့်ခွဲမှု၊ ပေါင်းစည်းထားသည့် ရင်းနှီးမြှုပ်နှံသူ အထောက်အပံ့ (OSSC)၊ ပွင့်လင်းသည့် လုပ်ထုံးလုပ်နည်းများနှင့်လုပ်သာကိုင်သာရှိသည့် စည်းမျဉ်းစနစ်တို့ကြောင့် ဖြစ်ပါသည်။

SEZများမှာ မူဝါဒပြုပြင်ပြောင်းလဲမှုအတွက် စမ်းသပ်နေရာများဖြစ်ကြပါသည်။ အလားအလာရှိသည့် မူဝါဒပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်အသစ်များကို ချမှတ်၍ SEZများ၌ စမ်းသပ်ကြည့်နိုင်ပါသည်။ OSSCs၊ စီးပွားရေးစည်းမျဉ်းများလျှော့ပေါ့ပေးခြင်း၊ အလုပ်သမားဥပဒေများ၊ အကောက်ခွန်နှင့် ကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းများစသည့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်မှုနှင့်ဆက်စပ်၍ ကျယ်ပြန့်သော စည်းမျဉ်းစည်းကမ်းများကို ခြုံငုံမိနိုင်ပါသည်။ SEZများ၌မူဝါဒပြုပြင်ပြောင်းလဲမှု၏ ရလဒ်များကို ထိန်းကျောင်းကြပ်မတ်ပေးခြင်းဖြင့်၊ SEZများကို ကျော်လွန်၍ နိုင်ငံ၏ ကျန်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုများ၏ အသုံးချနိုင်မှုကို ဆန်းစစ်နိုင်ပါလိမ့်မည်။ သီလဝါ

SEZ ၏ အတွေ့အကြုံကို အခြားသော SEZများ၊ စက်မှုဇုန်များနှင့် တစ်နိုင်ငံလုံးသို့ အသုံးချနိုင်ပါလိမ့်မည်။

သီလဝါSEZ၏ ဖွံ့ဖြိုးတိုးတက်မှုများသည် မြို့တော်ဖွံ့ဖြိုးတိုးတက်မှု၏ စင်တာခွဲအသစ်တစ်ခု အနေဖြင့်လည်းကောင်း၊မြန်မာနိုင်ငံ၏ ခေတ်မီစက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာတစ်ခုအဖြစ်လည်းကောင်း နောက်တဆင့်တွင် ပြောင်းလဲသွားပါလိမ့်မည်။ ရရှိခဲ့သည့် သင်ခန်းစာများပေါ်တွင် အခြေခံ၍ ရှိပြီး စက်မှုဇုန်များကို အခြေခံအဆောက် အအုံနှင့် စီမံခန့်ခွဲရေးဝန်ဆောင်မှုများကို အဆင့်မြှင့်တင်သင့်ပြီး၊ အခြား SEZများ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သွားပါလိမ့်မည်။

စက်မှုဆိုင်ရာ ခွဲဝေသတ်မှတ်သည့် မူဝါဒစီမံကိန်းအရနှင့် စက်မှုဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် ရင်ဘောင်တန်းလိုက်နိုင်စေရန် စက်မှုဇုန်နှင့်SEZအသစ်များဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပါသည်။စိုက်ပျိုးရေး လုပ်ငန်းဇုန်များနှင့် စီးပွားရေးဇုန်များကဲ့သို့ အထူးပြုစက်မှုဇုန်များကို ဖွံ့ဖြိုးထားရှိဆဲဖြစ်ပါသည်။စက်မှုဆိုင်ရာနှင့်ဒေသတွင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များနှင့်ဆက်စပ်၍အထူးပြုစက်မှုဇုန်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနများကို ပိုမိုအမျိုးအစားစုံလင်ရေး ဆန်းစစ်သွားရပါလိမ့်မည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံရှိ အာမခံသိုလှောင်ရုံနေရာများတွင် ဆိပ်ကမ်းများ၊ ကုန်းမြေနယ် နိမိတ်များ၊ SEZများနှင့် လေဆိပ်များရှိ အကောက်ခွန်ကင်းလွတ် စတိုးဆိုင်များနှင့် အကန့်အသတ် ရှိနေပါသည်။ ၎င်းအပြင် ညှပ်-ချုပ်-ထုပ်ပိုး (Cut-Make-Package -CMP)သည့် အဝတ်အထည်လုပ်ငန်းကို တင်သွင်းလာသည့် ပစ္စည်းများနှင့် တင်ပို့သည့် ထုတ်လုပ်ပြီး အဝတ်အထည်များအပေါ် အကောက်ခွန်နှင့် အခွန်အခကင်းလွတ်ခွင့် ပြုထားပါသည်။ အာမခံစနစ်ချဲ့ထွင်ခြင်းမှာ ပို့ကုန်ဦးစားပေးကဏ္ဍများအတွက် လွန်စွာလိုအပ်နေပါသည်။ အာမခံစက်ရုံများ သို့မဟုတ် အာမခံသိုလှောင်ရုံများ၏ စနစ်အောက်တွင် အကောက်ခွန်ရှင်းလင်းရန် မလိုအပ်ဘဲ ကုန်ထုတ်လုပ်မှုအတွက် တင်သွင်းလာသည့် ကုန်ပစ္စည်းများကို ထားသိုခြင်းဖြင့် ပို့ကုန်ဦးစားပေး စက်မှုကုန်ထုတ်လုပ်သူများအတွက် လုပ်သာကိုင်သာရှိသည့် ကုန်ထုတ်လုပ်မှု ဖြစ်လာနိုင်ပါသည်။

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၃-၂-၁	စက်မှုဇုန်များနှင့် SEZ များအတွက် စီမံအုပ်ချုပ်မှုမူဝါဒများ တိုးတက်ကောင်းမွန်စေခြင်း

(၁) စက်မှုဇုန်များ၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု တိုးတက်စေရန်

မြန်မာအစိုးရသည် စက်မှုဇုန် အုပ်ချုပ်မှုမူဝါဒများ၊ စည်းမျဉ်းဆိုင်ရာအဖွဲ့အစည်းများနှင့် စက်မှုဇုန် စီမံခန့်ခွဲရေးကြီးကြပ်မှုတို့ကို ပြန်လည်သုံးသပ်ကာ ပြုပြင်မွမ်းမံသွားမည်ဖြစ်ပါသည်။

ဂင်းလုပ်ငန်းစဉ်တွင် ပြန်လည်သုံးသပ်မည့် အကြောင်းအရာများတွင် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အခန်းကဏ္ဍ၊ စက်မှုဇုန်စီမံကိန်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုအပေါ် စည်းမျဉ်းစည်းကမ်းများ၊ စက်မှုဝန်ကြီးဌာနနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရတို့အကြား အလုပ်ပိုင်းခြားသတ်မှတ်ခြင်းနှင့် MIC ၏ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားသည့် ဦးစားပေးများ တို့ပါဝင်ပါမည်။

(၂) အမျိုးသားစက်မှုဆိုင်ရာခွဲဝေသတ်မှတ်သည့်စီမံကိန်းချမှတ်ရန်

မြန်မာအစိုးရသည်ဒေသများ၏ ရှိရင်းစွဲ ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် ခန့်မှန်းထားသည့် ရင်းနှီးမြှုပ်နှံမှုလားရာ လမ်းကြောင်းများအပေါ် အခြေပြု၍ အမျိုးသား စက်မှုဆိုင်ရာခွဲဝေသတ်မှတ်သည့် စီမံကိန်းတစ်ရပ်ကို ချမှတ်ပါမည်။

အမျိုးသားစက်မှုဆိုင်ရာ ခွဲဝေသတ်မှတ်သည့် စီမံကိန်း၌ မြန်မာနိုင်ငံတွင် လုပ်ငန်းများ အနာဂတ် စက်မှုဆိုင်ရာချိတ်ဆက်မှုနှင့် ပေါင်းစည်းခြင်းတို့ကို ထိုးထွင်းသိမြင်တွေးခေါ်သည့်အမြင်များပါဝင်သင့်ပြီးဂင်းစီမံကိန်းကို စီးပွားရေး စကြံဖွံ့ဖြိုး တိုးတက်မှုနှင့် မြို့ပြဖွံ့ဖြိုး တိုးတက်ရေး အတွေးအမြင်ရှုထောင့်မှ ထပ်မံဆန်းစစ်ရမည်ဖြစ်ပါသည်။

(၃) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုအတွက် ဥပဒေများနှင့် စံနှုန်းများ ချမှတ်ရန်

စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းများ ပြန်လည်ပြင်ဆင်ရေးမှာ MIPP အတွက် အဆောတလျင်ကိုင်တွယ် ဆောင်ရွက်ရမည့်အချက်ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်းများတွင် စက်မှုဇုန်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲရေး စည်းကမ်းများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့ကို ခြုံငုံမိသည့် လိုအပ်ချက်/ဦးစားပေးများ ပါဝင်လိမ့်မည်ဖြစ်ပါသည်။

(၄) စက်မှုဇုန်များတွင် တစ်နေရာတည်း၌ ဝန်ဆောင်မှုပေးသောစင်တာများ တည်ထောင်ရန်

DICA နှင့် သီလဝါ SEZများ၏ ဥပမာများနောက်တွင် စက်မှုဇုန်များ၌ OSSC များ တည်ထောင်ရေး စဉ်းစားရန်မှာ အရေးပါလှပါသည်။ DICA နှင့် သီလဝါ SEZ တို့၏ အဓိကဝန်ကြီးဌာနများလာရောက်ဆောင်ရွက်ပေးသည့် OSSCယန္တရားကို တိုက်ရိုက်ကူးယူရာတွင် ကုန်ကျစရိတ်နှင့် နေရာအကန့်အသတ်များရှိပါသည်။ သို့ရာတွင် OSSC ယန္တရားအတွင်း ဖြစ်နိုင်ပြီး ကျိုးကြောင်း ဆီလျော်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် စီမံခန့်ခွဲမှုကော်မတီများက ဆန်းစစ်သွားပါမည်။

ဆောင်ရွက်မှု ၃-၂-၂	ရှိပြီး စက်မှုဇုန်များနှင့် SEZများ အဆင့် မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်း

(၁) ရှိပြီး စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ရန်

မြန်မာအစိုးရသည် ရှိပြီးစက်မှုဇုန်များ၏ အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ခြင်းကို အားပေးသွားပါမည်။ လျှပ်စစ်မီးဖြန့်ဖြူးခြင်း၊ လမ်းများနှင့် ဖြန့်ဖြူးရေးအချက်အချာများ ဆက်သွယ်ခြင်းစသည့် ပံ့ပိုးကူညီရေး ဆောင်ရွက်မှုများကို ဆက်စပ်နေသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ဆန်းစစ်သွားပါမည်။

(၂) ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်အညီ ထားဝယ်နှင့် ကျောက်ဖြူ SEZ များ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်ရန်နှင့် သီလဝါ SEZ ကို တိုးချဲ့ရန်

SEZ များသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလုပ်ငန်း တည်ထောင်ခြင်းတို့တွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်သဖြင့် မြန်မာအစိုးရသည် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း၏ ဗဟိုများအဖြစ် SEZ ၃ ခု ဖွံ့ဖြိုးတိုးတက်ရန် ဂုဏ်ယူစွာဖြင့် ကတိကဝတ်ပြုသွားပါမည်။

ဆောင်ရွက်မှု ၃-၂-၃	စက်မှုဇုန်များနှင့် SEZများတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ မြှင့်တင်ခြင်း

(၁) စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရန်

စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုကို အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ တွင် မြှင့်တင်မှုအတွက် ကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းဖော်ပြထားပါသည်။ စက်မှုဝန်ကြီးဌာန၊ DICA နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းတည်နေရာများကို သတင်းအချက်အလက်များထောက်ပံ့မှုနှင့်၊ ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ပေးခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းခြင်းဖြင့် စက်မှုဇုန်များ၏ အလားအလာရှိသော တည်ထောင်မည့်သူများကို ပံ့ပိုးကူညီပေးသွားပါမည်။

(၂) အထူးပြုစက်မှုဇုန်သစ်များနှင့် နယ်မြေသစ်များ တိုးမြှင့်ရန်

သက်ဆိုင်ရာဝန်ကြီးဌာနများသည် အထူးပြုစက်မှုဇုန်များနှင့် နယ်မြေများအတွက် စီမံကိန်းများ ဖန်တီးချမှတ်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများကို ပါဝင်ရန်ဖိတ်ခေါ်ပါ မည်။ အလားလာရှိသည့် အထူးပြုစက်မှုဇုန်များ သို့မဟုတ်နယ်မြေများ၏ဥပမာများတွင်ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ SEZ အသစ်များသို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းအထူးပြုဇုန်များပါဝင်ပါသည်။

၅.၃.၃ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် PPP မူဘောင်တည်ထောင်ရေးနှင့် PPP စီမံကိန်းများ မြှင့်တင်ရေး

မဟာဗျူဟာရည်မှန်းချက်များ

မြန်မာအစိုးရသည် အလှူရှင်များ၏ အထောက်အပံ့ဖြင့် နိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် အကန့်အသတ်ရှိသည့် ရသုံးမှန်းခြေ ငွေစာရင်းအခြေအနေများကြောင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို စတင်ရေးစဉ်းစားရန် အရေးကြီးလာပါသည်။

PPP စီမံကိန်းများမြှင့်တင်ရန်နှင့် PPPအတွက် ဘဏ္ဍာရေးဆိုင်ရာယန္တရားတည်ထောင်ခြင်းဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် ဤမဟာဗျူဟာက ရည်မှန်းထားပါသည်။

အခြေခံအဆောက်အအုံစီမံကိန်းများ ငွေကြေးရင်းနှီးမြှုပ်နှံရန်အတွက် PPPs အသုံးပြုခြင်း

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက် ကြီးမားနေစဉ်တွင် ပြည်သူ့ရန်ပုံငွေမှာ အလွန်အကန့်အသတ်ရှိနေပါသည်။ မြန်မာအစိုးရသည် အခြေခံအဆောက်အအုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများထံမှ ရန်ပုံငွေများကို အသုံးပြုရန်လိုအပ်ချက်ကို သိရှိနားလည်ပါသည်။ မြန်မာနိုင်ငံတွင် BOTနှင့်PPPစီမံကိန်းအချို့(အထူးသဖြင့် လျှပ်စစ်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင်)ကို အကောင်အထည် ဖော်ထားပါသည်။ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇၌ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေးတို့တွင် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများအား MIL အောက်ရှိ မြှင့်တင်မှုအတွက် ကဏ္ဍတစ်ရပ်အဖြစ် အမျိုးအစား ခွဲခြားထားပါသည်။

FDIPP တွင် အကြံပြုချက်များအပေါ် အခြေခံ၍ JICAမှ အကူအညီဖြင့် မြန်မာနိုင်ငံအတွက်PPP မူဘောင်ကို ဆန်းစစ်ခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များဖြင့် PPP အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးပါသည်။

အာရှနှင့်ပစိဖိတ်အတွက် ကမ္ဘာ့ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မရှင်(The UN Economic and Social Commission for Asia and the Pacific-UNESCAP or ESCAP)မှလည်း ထိရောက်သည့် PPP မူဝါဒမူဘောင်များ တည်ထောင်ရေးကို ပံ့ပိုးပေးပါသည်။ မြန်မာနိုင်ငံPPP မူဝါဒစာတမ်း မူကြမ်းကို ၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့ပြီး၊ PPP အပေါ်နားလည်မှုကို မြှင့်တင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် မြန်မာနိုင်ငံ PPPအတွက် ဝက်ဘ်ဆိုက် (http://www. pppmyanmar.gov.mm/)ကို တည်ထောင်ခဲ့ပါသည်။

သို့ရာတွင် အခြားသောအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဥပဒေဆိုင်ရာမူဘောင်၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်း၊ ဘဏ္ဍာရေးပံ့ပိုးမှုအစီအစဉ်နှင့် PPPစီမံကိန်းများနှင့် အတွေ့အကြုံရရှိမှုတို့တွင် မြန်မာနိုင်ငံရှိ PPPအကောင်အထည်ဖော်ဆောင်မှုမှာ အစောပိုင်း အဆင့်၌ ကျန်ရှိနေဆဲပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် အသင့်လျော်ဆုံး PPP ပုံစံများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် လိုအပ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို မိတ်ဆက်ပေးရန် လိုအပ်ပါသည်။

ဆောင်ရွက်မှု ၃-၃-၁	PPP Master Plan တစ်ရပ် ချမှတ်ခြင်း

(၁) PPP မြှင့်တင်ရေးအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန်

မြန်မာနိုင်ငံ PPP မူဝါဒစာတမ်းမူကြမ်းတွင် PPPကော်မတီ၏ အတွင်းရေးမှူးရုံးအဖြစ် PPP unit နှင့်အတူ PPP ကော်မတီတစ်ရပ်ကို တည်ထောင်ရေး အဆိုပြုထားပါသည်။ PPP နှင့်ဆက်နွယ်နေသည့် စည်းမျဉ်းစည်းကမ်းများကို စတင်ရန်နှင့် မြန်မာနိုင်ငံတွင် PPPမြှင့်တင်ရန်ငင်းအဖွဲ့အစည်းများကို တည်ထောင်ရပါမည်။

မူဝါဒစာတမ်းအရ MICမှာ ၎င်း၏ လက်ရှိလုပ်ငန်းတာဝန်ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးများကို အကဲဖြတ်ခြင်းနှင့်အတည်ပြုခြင်းအပြင် ထိပ်ပိုင်းအဆင့်၌ ဆက်စပ်ဝန်ကြီးဌာနများနှင့် စုစည်း ဆောင်ရွက်လျက်သောကြောင့် PPP ကော်မတီ၏ အခန်းကဏ္ဍအတွက် သင့်လျော်သည့်ဌာနဖြစ်ပါသည်။

(၂) PPP မူဝါဒစာတမ်းပေါ် အခြေခံ၍ PPP Master Plan တစ်ရပ်ချမှတ်ရန်

PPP ကော်မတီနှင့် PPP Unit တို့သည်PPP မူဝါဒစာကြမ်းကို စိစစ်တည်းဖြတ်၍PPP Master Plan တစ်ရပ်ကို ချမှတ်ပါမည်။ ၎င်းလုပ်ငန်းစဉ်အတွင်း PPP ကော်မတီနှင့် PPP Unit တို့သည် PPP Master Plan တွင် ထည့်သွင်းဖော်ပြရန်အတွက် အကောင်းဆုံး လက်တွေ့ကျင့်သုံးနေမှုများကို ခွဲခြားဖော်ထုတ်ရန် အခြားနိုင်ငံများ၏ PPP မူဘောင်များနှင့် အတွေ့အကြုံများကို လေ့လာပြီး မြန်မာနိုင်ငံတွင် PPPနှင့်စပ်လျဉ်း၍ မကြာသေးမီက အခြေအနေများကို ပြန်လည်ဆန်းစစ်ပါမည်။

ဆောင်ရွက်မှု ၃-၃-၂	စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ခြင်းနှင့် PPP မူဘောင် ပြင်ဆင်ခြင်း

(၁) မြန်မာနိုင်ငံတွင် PPP အတွက် ဥပဒေဆိုင်ရာမူဘောင်တစ်ရပ် တည်ထောင်ရန်

PPP Master Plan၏နောက်ဆက်တွဲအနေဖြင့် စီမံကိန်းများအတွက် ဥပဒေဆိုင်ရာမူဘောင်နှင့် PPP အကောင်အထည်ဖော်မှုအတွက် ယန္တရားတစ်ရပ် အပါအဝင် လျော်ညီသည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်ကို PPP ကော်မတီမှ တည်ထောင်ပါမည်။

PPP အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန် ဆက်နွယ်နေသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကို ဆောင်ရွက်ပါမည်။ ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်းတို့သည် ပုဂ္ဂလိကကဏ္ဍမှ အများပြည်သူဝန်ဆောင်မှု လျာထားချက်၊ အစိုးရ ဝယ်ယူမှု၊အစိုးရ၏ ဘဏ္ဍာရေး ပံ့ပိုးပေးမှု၊ မြေယာအသုံးပြုမှု၊ အလုပ်အကိုင် စသည့်နယ်ပယ်များကို ခြုံငုံပါမည်။လိုအပ်လာပါက PPP ဥပဒေပြဋ္ဌာန်းရန် စဉ်းစားပါမည်။

(၂) ယှဉ်ပြိုင်နိုင်သည့် PPP လုပ်ငန်းစဉ်များ တည်ထောင်ရန်

The PPP ကော်မတီသည်ပွင့်လင်းသော၊ တာဝန်ခံသော၊ ခွဲခြားမှုမပြုသော၊ ယှဉ်ပြိုင်နိုင်သော၊ အချိန်နှင့်တပြေးညီ ဝယ်ယူမှုဖြစ်စေမည့် PPP စီမံခန့်ခွဲမှုနှင့် PPP လုပ်ထုံးလုပ်နည်းများအတွက် ဥပဒေများ ပေါ်ထွက်လာစေရန် ပုံစံရေးဆွဲသွားပါမည်။ PPP စီမံကိန်းများအတွက် အကောင်းဆုံးရလဒ်များ ရရှိစေရန် စွန့်စားမှုမျှဝေသည့် နှစ်ရှည်စာချုပ်ချုပ်ဆို ဆက်သွယ်မှုများအောက်တွင် ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများ၏ ရွေးချယ်မှုတွင် ယှဉ်ပြိုင်မှု၊ ပွင့်လင်းမှုနှင့် မျှတမှုသေချာစေရန် အရေးကြီးပါသည်။ PPP ကော်မတီနှင့် PPP Unit တို့သည် PPP စီမံကိန်းများ လွှဲပြောင်းမှု ဆိုင်ရာကိစ္စရပ်များ၊ ပုံစံများနှင့် ဆက်စပ်ပါဝင်သည့် နောက်ဆုံး အတည်ပြု လုပ်ထုံးလုပ်နည်း အခြား သတင်းအချက်လက်များ အပေါ်တွင် လက်စွဲတစ်စောင်ကို ပြုစုထုတ်ဝေပါမည်။

(၃) လုပ်ငန်းဖြစ်မြောက်စေရေးအတွက် ကွာဟချက်ဖြည့်ဆည်းရေး ရန်ပုံငွေနှင့် အစိုးရ အာမခံများကဲ့သို့ ဘဏ္ဍာရေးပံ့ပိုးပေးသည့် အစီအမံများ တည်ထောင်ရန်

PPP ကော်မတီသည် ဆက်နွယ်နေသည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီးလုပ်ငန်း ဖြစ်မြောက်စေရေးအတွက် ကွာဟချက်ဖြည့်ဆည်းရေးရန်ပုံငွေနှင့် အစိုးရအာမခံများ အပါအဝင် အစိုးရဘဏ္ဍာရေးပံ့ပိုးမှုအစီအစဉ်များအတွက် အခြေခံမူဝါဒတစ်ရပ်ကို ချမှတ်သွားပါမည်။ဂင်းမူဝါဒသည် ကုမ္ပဏီမိတ်ဆက်ခြင်းများ၊ လျှောက်လွှာများအတွက် ဦးစားပေးစနစ်နှင့် မိတ်ဆက်ခြင်းမတိုင်မီ ဥပဒေဆိုင်ရာ လိုအပ်ချက်များနှင့် ဆက်စပ်ပတ်သက်မှုများကို ခြုံငုံပါမည်။

(၄) PPP စီမံကိန်း ပြင်ဆင်ခြင်းနှင့် PPP စီမံကိန်းများလွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ စွမ်းဆောင်ရည် တိုးမြှင့်ရန်

PPP Unit သည် PPP စီမံကိန်းပြင်ဆင်ခြင်းနှင့် PPP စီမံကိန်းများ လွှဲပြောင်းမှုဆိုင်ရာကိစ္စရပ်များအတွက် ဆက်စပ်ဝန်ကြီးဌာနများ (အစိုးရဘက်မှ စာချုပ်ချုပ်ဆိုသည့် အေဂျင်စီများ - GCAs)၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးသွားပါမည်။

ဆောင်ရွက်မှု ၃-၃-၃	PPP စီမံကိန်းများ လွှဲပြောင်းမှုဆိုင်ရာကိစ္စရပ်များ အကောင် အထည်ဖော်ခြင်း

(၁) PPP စီမံကိန်းများ သတ်မှတ်ဖော်ထုတ်ရန်နှင့် တည်ထောင်ရန်

PPP Unit နှင့် GCAတို့သည် ဦးစားပေးကဏ္ဍများအကြား PPP စီမံကိန်းအနေဖြင့် အကောင် အထည်ဖော်သွားနိုင်မည့် စီမံကိန်းများကို သတ်မှတ်ဖော်ထုတ်ပြီး PPP ကို မြှင့်တင်သွားပါမည်။ PPP Unitမှအသင်းနှင့် GCAတို့သည် သတ်မှတ်ဖော်ထုတ်ထားသည့် စီမံကိန်းများကိုတန်ဖိုးဖြတ်ရေးနှင့် ၎င်းတို့အား တင်ဒါအတွက် ပြင်ဆင်ရေးအတွက် စီမံကိန်းရေးဆွဲသည့် ပံ့ပိုးမှုတစ်ရပ်ကို တည်ထောင် သွားပါမည်။

PPP စီမံကိန်းများသည် အစိုးရအတွက် အကောင်းဆုံး အလားအလာရှိသည့် ရလဒ်များ ထုတ်လုပ် ပေးဆဲဖြစ်သော်လည်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများသို့ ဆွဲဆောင်မည့် PPP စီမံကိန်းများ ရေးဆွဲရန် မှာ PPP Unit နှင့် GCA တို့အတွက် အရေးပါပါသည်။

(၂) PPP စီမံကိန်းများကို စီမံခန့်ခွဲရန်နှင့် PPP စီမံကိန်းများ လွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များကို အကောင် အထည်ဖော်ရန်

PPP စီမံကိန်းများလွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များကို လေလံလုပ်ငန်းစဉ်များမှတဆင့် အကောင် အထည်ဖော်သွားပါမည်။ GCAများသည် PPP စီမံကိန်းများကို ၎င်းတို့၏ စီမံကိန်းသက်တမ်းများ တလျှောက်လုံးတွင် ထိန်းကျောင်းစောင့်ကြည့်သွားပြီး ရင်းနှီးမြှုပ်နှံသူများနှင့် အငြင်းပွားမှုတစ်စုံ တစ်ရာ ပေါ်ပေါက်ပါက ဥပဒေများနှင့် စာချုပ်များအရ ဖြေရှင်းပေးသွားမည်ဖြစ်ပါသည်။

၅.၄ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့် စနစ်များ

ဤမဟာဗျူဟာအမျိုးအစားသည် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးခြင်းနှင့်စီးပွားရေးလည်ပတ်မှုများနှင့်ဆက်စပ် သည့်စနစ်များအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းဖြင့် စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တိုးတက် ရန် ရည်မှန်းပါသည်။

၅.၄.၁စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့်စနစ်များအတွက် စည်းမျဉ်းစည်းကမ်းများ ဖော်ထုတ် ချမှတ်ခြင်း

မဟာဗျူဟာရည်မှန်းချက်များ

မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ဆက်စပ်သည့် ဥပဒေများအသက်ဝင်မှုကို ကောင်းမွန်စွာ တည်ထောင် ထားခြင်းမရှိပါ။ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများ၏ စီးပွားရေးစနစ်တစ်ခု ဖန်တီးရန် စီးပွားရေးနှင့် ဆက်စပ်သည့်စနစ်များအတွက် စည်းမျဉ်းစည်းကမ်း၊ အကောက်ခွန်နှင့် စံနှုန်းများ လိုအပ်ပါသည်။

ဤမဟာဗျူဟာသည် ထိရောက်သည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်နှင့် ဘဏ္ဍာရေးရရှိနိုင်မှုတိုးမြှင့်ရန် လိုအပ်နေသည့်ဉာဏပစ္စည်းမူပိုင်ခွင့်များနှင့် ထွက်ကုန်စံနှုန်းများအပါအဝင် စီးပွားရေးစနစ်များအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရန် ရည်မှန်းပါသည်။

စီးပွားရေးနှင့်ဆက်စပ်နေသည့် စနစ်များ ဖွံ့ဖြိုးရေးအတွက် လိုအပ်ခြင်း

ယုံကြည်အားထားနိုင်ပြီး ပုံပိုးပေးသည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်အတွက် ထိရောက်မှုရှိသည်။ စီးပွားရေးနှင့်ဆက်နွယ်နေသည့် စနစ်များနှင့် အလေ့အကျင့်များမှာ အရေးပါပါသည်။ မြန်မာအစိုးရသည် ဉာဏပစ္စည်းဆိုင်ရာကာကွယ်မှု၏ အရေးကြီးပုံကို အသိအမှတ်ပြုပါသည်။ ဉာဏပစ္စည်းဆိုင်ရာဥပဒေများ၏အသက်ဝင်မှုနှင့် ဥပဒေဆိုင်ရာမူဘောင်တို့မှာ ရင်းနှီးမြှုပ်နှံသူတို့အတွက် အဓိက စိုးရိမ်ပူပန် မှုများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် ပြိုင်ဘက်ကင်း ယဉ်ကျေးမှုအမွေအနှစ်များနှင့် ခရီးသွားလာရေး အရင်းမြစ်များကို ပိုင်ဆိုင်ထားပြီး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် နိုင်ငံ၏ ပြယုဂ်အဖြစ် အသုံးပြုနိုင်ပါမည်။ထို့ကြောင့် ဉာဏပစ္စည်းပိုင်ဆိုင်မှုကာကွယ်ရေးမှာ မြန်မာနိုင်ငံ၏ အကျိုးစီးပွားများအတွက် အရေးပါပါသည်။ မြန်မာအစိုးရသည် ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့ (WIPO)နှင့် JICAကဲ့သို့ အဖွဲ့အစည်းများထံမှ အကူအညီဖြင့် ၎င်း၏ ဉာဏပစ္စည်းအပေါ် အသိအမြင်နှင့် နားလည်မှုမှာ ပိုမိုနက်ရှိုင်းလာလျက်ရှိပါသည်။

ရင်းနှီးမြှုပ်နှံသူများ၏ ဉာဏပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေးများ ကာကွယ်ပေးရန်အတွက် ဥပဒေဆိုင်ရာမူဘောင်၊ မှတ်ပုံတင်ခြင်းနှင့် အသက်ဝင်ခြင်းတို့ဖြင့် ရှင်းလင်းသည့် ယန္တရားတစ်ရပ် တည်ထောင်ရန် မရှိမဖြစ် လိုအပ်နေပါသည်။ ဉာဏပစ္စည်း မူပိုင်ခွင့်များကို ကုန်ပစ္စည်း အမှတ်တံဆိပ်အက်ဥပဒေ ၁၈၈၉၊ မှတ်ပုံတင်အက်ဥပဒေ ၁၉၀၉ နှင့် မြန်မာနိုင်ငံ မူပိုင်ခွင့်အက်ဥပဒေ ၁၉၁၄ စသည့် ဥပဒေအချို့ကို ခြုံငုံထားပြီးဖြစ်သော်လည်း နိုင်ငံတကာအဆင့် ဉာဏပစ္စည်းဥပဒေများ မြန်မာနိုင်ငံတွင် မရှိသေးပါ။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်နေ့ထက် နောက်မကျဘဲ ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် ဉာဏပစ္စည်းပိုင်ဆိုင်မှုများ သဘောတူညီချက် (TRIPS)နှင့် လျော်ညီစွာ ကျင့်သုံးရန် လိုအပ်ပါသည်။TRIPSနှင့် ASEAN Framework Agreement on Intellectual Property Cooperation တို့၏ လိုအပ်ချက်များကို ပြည့်မီစေရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ် ကုန်အမှတ်တံဆိပ်၊ တီထွင်မှု၊ မူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းများအတွက် ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေမူကြမ်းများမှာ ရေးဆွဲဆဲဖြစ်ပါသည်။

ကုန်ပစ္စည်းစိတ်ချရမှုနှင့် အရည်အသွေးကို အာမခံသည့် ကုန်ပစ္စည်းစံချိန်စံညွှန်းများမှာ စီးပွားရေးနှင့်ဆက်စပ်နေသည့် စနစ်တစ်ရပ်ဖြစ်ပါသည်။ စားသုံးသူများမှာ စိတ်ချရသည့် ကုန်ပစ္စည်းများမှ အကျိုးကျေးဇူးရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း ကုန်ပစ္စည်းအမျိုးမျိုးအတွက် လိုအပ်ချက်အဆင့်

များကိုရှာဖွေနိုင်ပါသည်။ဂင်းအချက်မှာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ရေးတို့အတွက်လည်း အရေးပါပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုသို့ နည်းပညာဆိုင်ရာ အတားအဆီး သဘောတူညီချက် (World Trade Organization Technical Barriers to Trade Agreement - WTO TBT) ပါ လိုအပ်ချက်များအရ အမျိုးသားအဆင့် စံချိန်စံညွှန်းများကို ဖွံ့ဖြိုးလာအောင် တည်ဆောက်သင့်ပါသည်။

စံချိန်စံညွှန်းဥပဒေအောက်တွင် အမျိုးသားစံချိန်စံညွှန်းကောင်စီသည် အမျိုးသား စံချိန်စံညွှန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့်မူဝါဒချမှတ်ခြင်းအတွက်တာဝန်ရှိပါသည်။ ပညာရေးဝန်ကြီးဌာန၏ သုတေသနနှင့် စွန့်ဦးတီထွင်ဦးစီးဌာန အောက်တွင်ရှိသည့် စံချိန်စံညွှန်းဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ (SDD) သည် မြန်မာနိုင်ငံ၏ အမျိုးသားစံချိန်စံညွှန်း အဖွဲ့ဖြစ်ပါသည်။ SDD သည် မြန်မာနိုင်ငံ အမျိုးသားစံချိန်စံညွှန်းများ ဆန္ဒပြုဆောင်ရွက်ခြင်းကို ဖွံ့ဖြိုးအောင်ဆောင်ရွက်ထားရှိပြီး ဒေသတွင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို အမျိုးသားစံချိန်စံညွှန်းများအဖြစ် သဘောတူလက်ခံကာ ၎င်းတို့အား လုပ်ငန်းများ၊ အစိုးရနှင့် အခြားဆက်စပ်ပါဝင်သူများအတွက် ရရှိစေရန် ဆောင်ရွက်ထားပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လိုအပ်သော စီးပွားရေးဆက်စပ်စနစ်များမှာ ဤနေရာတွင် ဖော်ပြထားသည့်စနစ်များသို့ မဖြစ်မနေကန့်သတ်ထားရှိခြင်းမဟုတ်ပါ။ဆောင်ရွက်မှုများအတွက် လိုအပ်သည့် အခါတိုင်း ထပ်ဆောင်းစီးပွားရေး ဆက်စပ်စနစ်များကို IPC မှ ထည့်သွင်းသွားပါမည်။

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၄-၁-၁	ဉာဏပစ္စည်းအတွက် ခိုင်မာသည့်ကာကွယ်မှု တည်ဆောက်ခြင်း

(၁) နိုင်ငံတကာလိုအပ်ချက်များနှင့်အညီ ဉာဏပစ္စည်းစီမံခန့်ခွဲမှု တည်ထောင်ရေးအတွက် လမ်းပြ မြေပုံ တစ်ရပ်ထုတ်လုပ်ရန်

ဝန်ခံရမည်ဆိုလျှင်လိုအပ်သည့်စံချိန်စံနှုန်းများရှိသည့်ဉာဏပစ္စည်း(IP)စီမံခန့်ခွဲမှု အကောင်အထည်ဖော်ရန်အတွက် အဖွဲ့အစည်းတစ်ရပ်နှင့်စနစ်တို့ကို တည်ထောင်ရန်မှာ အချိန်ယူရမည်ဖြစ်ပါသည်။ မြန်မာအစိုးရသည် ရေရှည်အတွက် ထိရောက်သည့် IPစီမံခန့်ခွဲမှုတည်ဆောက်ရန်အတွက် ရှင်းလင်းသည့် လမ်းပြမြေပုံတစ်ရပ်ကို ပြန်လည်ဆန်းစစ်၍ ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ ၎င်းလမ်းပြမြေပုံတွင် IP အခွင့်အရေးများ မှတ်ပုံတင်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊ IP တရားစီရင်ရေးစနစ် တစ်ရပ်အတွက် မူဘောင် တစ်ရပ်၊ အတုအပကုန်စည်များအပေါ် အရေးယူမှုနှင့် PR ဆောင်ရွက်မှုများစသည့် နယ်ပယ်များတွင် ဥပဒေဆိုင်ရာမူဘောင်တစ်ရပ် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး တည်ထောင်ရန်အတွက် လှုပ်ရှားဆောင်ရွက်မည့်အစီအမံများပါဝင်ပါသည်။ လမ်းပြ

မြေပုံတွင် စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်ခြင်းမှာ ဦးစားပေးအနေဖြင့်ပါရှိသည့်အတွက် မြန်မာအစိုးရသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ နည်းပညာဆိုင်ရာ အထောက်အပံ့များကို ရှာဖွေသွားပါမည်။

(၂) သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဥဏှာပစ္စည်းကိစ္စရပ်များ၏ စီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းတစ်ရပ်တည်ထောင်ရန်

မြန်မာအစိုးရသည် မူဝါဒနှင့်စည်းမျဉ်းစည်းကမ်းများအတွက်တာဝန်ရှိသော IP ရုံးတစ်ရုံးကို တည်ထောင်သွားပါမည်။ဥဏှာပစ္စည်းကိစ္စရပ်မှာ ပညာရေးဝန်ကြီးဌာန၊ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး စသည့်ဝန်ကြီးဌာနအချို့နှင့် ဆက်စပ်နေပါသည်။ ဥဏှာပစ္စည်းဆိုင်ရာ ဥပဒေများအရ အဖွဲ့အစည်း တစ်ခုတိုင်းက ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဆုံးဖြတ်ကာလိုအပ်သည့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်သွားပါမည်။ IP ကိစ္စရပ်များသည် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ တရားစီရင်ပိုင်ခွင့် အလိုက်ကျယ်ပြန့်သဖြင့် ရင်းမြစ်အမျိုးမျိုးမှ ကျွမ်းကျင်မှုကို စုစည်းရန်နှင့် မြန်မာနိုင်ငံ၏ IP စီမံခန့်ခွဲမှုကို ဖွံ့ဖြိုးစေရန် အဆင့်မြင့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းသွားပါမည်။

(၃) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဥဏှာပစ္စည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းရန်

မြန်မာအစိုးရသည် IP ဆိုင်ရာဥပဒေများ ဆောလျှင်စွာ ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားပါမည်။ဌင်းနောက် လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ် လုပ်ထုံးလုပ်နည်းများကို မြန်မြန်ဆန်ဆန် ချမှတ်သွားပါမည်။ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအရ IP မူပိုင်ခွင့်များ မှတ်ပုံတင်ရေးအတွက်လုပ်ထုံးလုပ်နည်းများ၊စီမံခန့်ခွဲမှုဒဏ်ကြေးများ၊ ပြစ်ဒဏ်များနှင့် အကောက်ခွန်ထိန်းချုပ်မှုများကို ခွဲခြားကာ အများပြည်သူနှင့် ဆက်သွယ်ဖော်ပြသွားပါမည်။

(၄) ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် မှတ်ပုံတင်စနစ်နှင့် IT စနစ်များ ထူထောင်ရန်

ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ IP ရုံးသည် IP မူပိုင်ခွင့်များ မှတ်ပုံတင်သည့်စနစ်တစ်ရပ်ကို တည်ထောင်ပါမည်။ မျှတပြီး ပွင့်လင်းမြင်သာသည့် မှတ်ပုံတင်စီမံ အုပ်ချုပ်မှုဖြစ်စေရန် လျှောက်ထားသူများအတွက် အကဲဖြတ်သည့် ဦးစားပေးနှင့် ဥပဒေဆိုင်ရာ အဓိပ္ပာယ်ပြန်ဆိုချက်များကို လမ်းညွှန်ချက်နှင့် သင်တန်းများမှတဆင့် စံချိန်စံညွှန်း သတ်မှတ်သွားရမည်ဖြစ်ပါသည်။

(၅) ဥဏှာပစ္စည်းဥပဒေချိုးဖောက်မှုများကို အရေးယူသည့်ဥပဒေအသက်ဝင်မှု အားကောင်း စေရန်

ဥဏှာပစ္စည်း မူပိုင်ခွင့်များ၏ ချိုးဖောက်ကျူးလွန်မှုများနှင့် ဆက်စပ်သည့် အငြင်းပွားမှုများကို ဥပဒေ အသစ်များအရလွှမ်းမိုးပါမည်။ ဥဏှာပစ္စည်းဥပဒေ အသက်ဝင်မှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်

အကောက်ခွန် အာဏာပိုင်တို့ကအတုအပ ပစ္စည်းများကို ထိထိရောက်ရောက် ထိန်းချုပ်သွားခြင်းဖြင့် ခိုင်မာအားကောင်းစေပါမည်။

ဆောင်ရွက်မှု ၄-၁-၂	အမျိုးသားကုန်ထုတ်စံချိန်စံနှုန်းများထူထောင်ခြင်း

(၁) အမျိုးသားကုန်ထုတ်စံချိန်စံညွှန်းများ တိုးချဲ့ခြင်း

မြန်မာနိုင်ငံတွင် စိတ်ချလုံခြုံသော စံချိန်စံညွှန်းများကို အမျိုးသားအစားအသောက် ဥပဒေကဲ့သို့ ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများကို တစ်ခုစီ မိတ်ဆက်ခြင်းဖြင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ချမှတ်ပါသည်။အခြားနယ်ပယ်များတွင် အမျိုးသားစံချိန်စံညွှန်းများကို ကျယ်ကျယ်ပြန့်ပြန့်မထားရှိရသေးပါ။စံချိန်စံညွှန်းဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ (SDD)အရအဆိုပြု စံချိန်စံညွှန်း (၇၇)ခုအနက် နောက်ဆုံးအမျိုးသား စံချိန်စံညွှန်း(၃၄)ခုကိုချမှတ်ထားရှိပြီးဖြစ်ပါသည်။အများစုမှာ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသတွင်းဆိုင်ရာ စံချိန်စံနှုန်းများဖြစ်ကြပါသည်။

SDDသည် လိုအပ်သည့် အချက်အလက်များအားလုံး ခြုံငုံမိစေရန် အသင်းအဖွဲ့များနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသတွင်းဆိုင်ရာ စံချိန်စံနှုန်းများကို ဆန်းစစ်ခြင်းတို့ပြုပြီးနောက် အမျိုးသားစံချိန်စံညွှန်းများကို တိုးမြှင့်သွားမည်ဖြစ်ပါသည်။

(၂) စံချိန်စံညွှန်းများ စစ်ဆေးခြင်း အကောင်အထည်ဖော်ရန်အတွက် အဖွဲ့အစည်းများ တိုးချဲ့ ခြင်း

ကုန်ပစ္စည်းများ အရည်အသွေး လျော်ညီမှုရှိမရှိ စစ်ဆေးရန် စမ်းသပ်ခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် စစ်ဆေးခြင်းတို့ကို ပြုလုပ်မည့်အမျိုးသားအရည်အသွေးစစ်ဆေးရေးအဖွဲ့အစည်းများကို တိုးချဲ့ပါမည်။ ၎င်းအဖွဲ့အစည်းများသည် အမျိုးသားစံချိန်စံညွှန်းစနစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် အထောက်အကူပြုပါမည်။ အကယ်၍ လုံလောက်သော စမ်းသပ်မှုများ မရရှိခဲ့လျှင် အမျိုးသား စံချိန်စံညွှန်းများကို အကောင်အထည်ဖော်ရန် ခက်ခဲပါမည်။

စစ်ဆေးရေးအဖွဲ့အစည်းများမှာ ပို့ကုန်လုပ်ငန်းများအတွက်လည်း လိုအပ်ပါသည်။လက်ရှိအချိန်တွင် ပို့ကုန်တင်ပို့သော အစားအသောက်များအတွက် ယုံကြည်စိတ်ချရသည့် စစ်ဆေးရေးအဖွဲ့အစည်းများမရှိခြင်းမှာ အတားအဆီးတစ်ရပ်ဖြစ်ပြီး၊ အစားအသောက် ပို့ကုန်တင်ပို့သူများသည် ၎င်းတို့၏ နမူနာများကို အိမ်နီးချင်းနိုင်ငံများသို့ ပေးပို့စစ်ဆေးနေရပါသည်။

(၃) ပုဂ္ဂလိကကဏ္ဍနှင့် စားသုံးသူများသို့ အမျိုးသား စံချိန်စံညွှန်းများ မြှင့်တင်ရန်

အမျိုးသားစံချိန်စံညွှန်းများအပေါ် လုပ်ငန်းများနှင့် စားသုံးသူများ၏ သတိထားမှုမှာ အရေးကြီးကြောင်း သတိမူရမည်ဖြစ်ပြီး စံချိန်စံညွှန်းများကို ၎င်းတို့ထံသို့ တဆက်တစပ်တည်း ဖြန့်ဝေပေးရ

မည်ဖြစ်ပါသည်။ SDD သည် ဆက်နွယ်နေသည့် လုပ်ငန်းများ၊ အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းဖြင့် အမျိုးသားစံချိန်စံညွှန်းများအပေါ် မြှင့်တင်ရေးလှုပ်ရှားမှု များ ဆောင်ရွက်ပါမည်။

၅.၄.၂ဘဏ္ဍာရေးကဏ္ဍတိုးတက်စေခြင်း

မဟာဗျူဟာရည်မှန်းချက်များ

ဘဏ္ဍာရေးကဏ္ဍသည်နှစ်ရှည်မတည်ငွေရင်းနှီးမြှုပ်နှံမှုအတွက်ပံ့ပိုးပေးရန်လုံလောက်စွာ ဖွံ့ဖြိုးတိုးတက်ထားခြင်းမရှိသေးပါ။ မြန်မာနိုင်ငံတွင် မတည်ငွေရင်း ရင်းနှီးမြှုပ်နှံမှုအတွက် SME များနှင့် စီးပွားရေးစွမ်းဆောင်ရှင်များမှ ဘဏ္ဍာငွေကြေး ရရှိရေးအခွင့်အရေးမှာ အကန့်အသတ်ရှိဆဲ ဖြစ်နေပါသည်။ ဤမဟာဗျူဟာသည် SMEများနှင့်စီးပွားရေးစွမ်းဆောင်ရှင်များ၏ အလုပ်လုပ်ကိုင်သည့် မတည်ငွေရင်းနှင့် ရင်းနှီးမြှုပ်နှံမှုမတည်ငွေရင်း နှစ်ရပ်လုံးအတွက် ဘဏ္ဍာရေးကဏ္ဍတိုးမြှင့်ခြင်းနှင့် ဘဏ္ဍာရေးအစီအမံများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ဘဏ္ဍာရေးရင်းနှီးမှုများ ချဲ့ထွင်ရန် ရည်မှန်းထားပါသည်။

ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ရန်ပုံငွေများ လုံခြုံစွာရရှိရန်

ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ အလုပ်လုပ်ကိုင်သည့် မတည်ငွေရင်းသို့မဟုတ် ကြီးမားသည့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုတို့အတွက် လိုအပ်သည့် ဘဏ္ဍာငွေကြေးကို တုန့်ဖြေရှင်းပေးရန် အလွန်အားနည်းနေဆဲဖြစ်ပါသည်။ ဘဏ္ဍာငွေကြေး ရရှိရေးအခွင့်အလမ်းမှာ စတင်တည်ထောင်သည့် လုပ်ငန်းများ (အထူးသဖြင့် SMEများ)အတွက် အလွန်စိုးရိမ်မှုတစ်ရပ် ဖြစ်နေပါသည်။ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများတိုးမြှင့်ခြင်းနှင့် SMEများသို့ ရန်ပုံငွေလမ်းကြောင်းများပေးခြင်းတို့ကို မြန်မြန်ဆန်ဆန်တိုးမြှင့်၍ ရှေ့ဆက်ဆောင်ရွက်သင့်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအတွက် နှစ်ရှည်ရန်ပုံငွေလိုအပ်ချက်ကို သေချာစွာရရှိနိုင်ခြင်းမှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် သော့ချက်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုများအတွက် နှစ်ရှည်ရန်ပုံငွေများ ပံ့ပိုးပေးရန် ဘဏ္ဍာငွေကြေးစျေးကွက်များကို တိုးချဲ့သင့်ပါသည်။ SME ချေးငွေများကိုလည်း တိုးချဲ့ရန်လိုအပ်ပါသည်။ အဆင့်မြင့်တန်ဖိုးမြင့် ကုန်ထုတ်လုပ်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်လုပ်ငန်းအသစ်များနှင့် စက်မှုလုပ်ငန်းများ ချိတ်ဆက်ခြင်းတို့ပြုလုပ်ရန် ဝင်ရောက်လာမည့် SME လုပ်ငန်းများအပေါ် ချေးငွေရရှိနိုင်မှု မရှိခြင်းမှာအကြီးမားဆုံး အဟန့်အထားတစ်ရပ်ဖြစ်နေပါသည်။

လိုအပ်သည့်ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၄-၂-၁	ရင်းနှီးမြှုပ်နှံမှုမတည်ငွေရင်းပေါ် ဘဏ္ဍာငွေထောက်ပံ့ရန် အတွက် ဘဏ္ဍာရေးကဏ္ဍ စွမ်းဆောင်ရည် တိုးမြှင့်ခြင်း

(၁) ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု အဆင့်မြှင့်ရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာ အားကောင်းစေရန်

မြန်မာနိုင်ငံစီးပွားရေး၏ဖွံ့ဖြိုးတိုးတက်မှုအတွက်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန်အတွက် အားကောင်းပြီးတည်ငြိမ်သည့် ဘဏ္ဍာရေးကဏ္ဍမှာ မရှိမဖြစ် လိုအပ်ပါသည်။ ဘဏ္ဍာရေးကဏ္ဍ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများကို ရင်းနှီးမြှုပ်နှံမှု မတည်ငွေရင်းအတွက် နှစ်ရှည်ချေးငွေလိုအပ်နေသည့် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက် ချေးငွေရရှိရေး တိုးမြှင့်ရန်ရည်မှန်းချက်ဖြင့် ဆောင်ရွက်သွားပါမည်။

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ၏လက်ရှိစွမ်းဆောင်ရည်သည် ရှေ့သို့ရောက်နှင့် နေပြီးဖြစ်သည့် အာဆီယံနိုင်ငံများ၏ အဆင့်သို့ အမီလိုက်ရန်များစွာလိုနေပါသေးသည်။ MIPP ကာလတလျှောက်လုံး လိုအပ်သည့် မူဝါဒများနှင့် ဥပဒေဆိုင်ရာ မူဘောင်တို့ကို ပံ့ပိုးပေးခြင်း မှနေ၍ ဘဏ်လုပ်ငန်းကဏ္ဍကို တဖြည်းဖြည်း အားကောင်းစေပြီး ၎င်း၏စွမ်းဆောင်ရည်ကို တိုးမြှင့်သွားပါမည်။

မြန်မာအစိုးရသည် ပြီးခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း ဘဏ္ဍာရေးဆိုင်ရာပြုပြင် ပြောင်းလဲရေးဆောင်ရွက်မှုများကိုအကောင်အထည်ဖော်ခဲ့ပြီး၊ရရှိခဲ့သည့်ရလဒ်များကို IMFနှင့်အခြား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ နည်းပညာ ဆိုင်ရာအကူအညီများဖြင့် အကဲဖြတ်သွားပါမည်။မြန်မာအစိုးရသည် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍမှ လူပ်ရှားတက်ကြွသည့် နှစ်ရှည်မတည်ရင်းနှီးငွေချေးငွေများအကောင်အထည်ပေါ်လာရေးရည်ရွယ်ချက်ဖြင့်ဘဏ်လုပ်ငန်းကဏ္ဍကြီးကြပ်ခြင်း၊ ငွေရေးကြေးရေးစျေးကွက်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဘဏ္ဍာရေးအစီအမံများ ခေတ်မီစေခြင်း၊ အထောက်အကူပြုသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း နှင့်CBM နှင့် အခြား အာဏာပိုင်များ၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်းစသည့် နယ်ပယ်များတွင် နှစ်ရှည်မဟာဗျူဟာများနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍ ပြုပြင်ပြောင်းလဲရေးများကို ခေတ်မီ တိုးတက်အောင် ဆောင်ရွက်သွားပါမည်။

(၂) နှစ်ရှည်ရန်ပုံငွေမြှင့်တင်ရေးအတွက် အရင်းအနှီးစျေးကွက်များ ခိုင်မာစေရန်

ဘဏ်များသည် နှစ်ရှည် မတည်ငွေရင်းထုတ်ချေးသည့်အခါ အပ်ငွေသက်တမ်းနှင့်ချေးငွေ သက်တမ်းတို့အကြားအချိန်ကာလကွာဟချက်တစ်ရပ်ကို ရင်ဆိုင်ရသဖြင့်များသောအားဖြင့်၎င်းတို့၏ဖောက်သည်များထံသို့ မတည်ရင်းနှီးငွေ ထုတ်ချေးသည့်အခါ ကာလတိုချေးငွေအပေါ် သက်တမ်းတိုးသည့်ပုံစံဖြင့် ပေးလေ့ရှိပါသည်။

ရှယ်ယာစျေးကွက်နှင့် ငွေချေးစာချုပ်စျေးကွက်ကဲ့သို့သော အရင်းအနှီးစျေးကွက်များမှာ နှစ်ရှည်

ငွေထုတ်ချေးခြင်း တိုးချဲ့ရေးအတွက် လိုအပ်သည့် နှစ်ရှည်ရန်ပုံငွေ၏ အရေးကြီးသည့် ရင်းမြစ်များ ဖြစ်လာပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံသူများသည်လည်း ဘဏ္ဍာရေးဈေးကွက်မှ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှု အတွက် ရန်ပုံငွေမြှင့်တင်နိုင်လာပါလိမ့်မည်။

ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သော်လည်း စာရင်းတွင်ပါဝင်သည့် ကုမ္ပဏီအရေအတွက်မှာ အလွန်နည်းပါးနေပါသေးသည်။ မြန်မာအစိုးရသည် ကော်ပိုရိတ်ငွေချေးစာချုပ်များ ထုတ်ပေးရေးအပါအဝင် ရန်ကုန် စတော့အိတ်ချိန်း ခိုင်မာစွာ တိုးတက်ဖွံ့ဖြိုးရေးကို မြှင့်တင်ရန် လိုအပ်သည့် ဆောင်ရွက်မှုများ ပြုလုပ်သွားပါမည်။

(၃) နိုင်ငံခြား ဘဏ္ဍာရေးအဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံမှုများအား စည်းမျဉ်းများ ပိုမိုလျှော့ပေါ့ပေးရန်

မြန်မာအစိုးရသည် ဘဏ္ဍာရေးကဏ္ဍ၏ ရရှိပြီးဖြစ်သည့် ဖြေလျှော့မှုများအတွက် လမ်းပြမြေပုံ တစ်ရပ်ကို ပြန်လည်ဆန်းစစ်၍ ဘက်စုံဘဏ္ဍာရေး ကဏ္ဍမဟာဗျူဟာကို ဖွံ့ဖြိုးသွားမည်ဖြစ်ပါသည်။ အစိုးရသည် ဘဏ်လုပ်ငန်းဆောင်ရွက်ချက်များ လုပ်သာကိုင်သာရှိရေး တိုးမြှင့်သွားကာ၊ နိုင်ငံခြား ဘဏ္ဍာရေး အဖွဲ့အစည်းများအတွက် အထောက်အပံ့ပြုသော စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးပြီး ဈေးကွက်ကို တိုးချဲ့ဖွင့်လှစ်ပေးသွားပါမည်။

ငှားရမ်းခြင်းမှာ ထုတ်လုပ်ရေးပစ္စည်းကိရိယာများတွင် ရင်းနှီးမြှုပ်နှံရန် လုပ်ငန်းများအတွက် အသုံးဝင်သည့်ဘဏ္ဍာရေးကိရိယာတစ်ခုဖြစ်သဖြင့်၊မတည်ငွေရင်း ရင်းနှီးမြှုပ်နှံမှုအတွက် ရင်းမြစ်အမျိုးမျိုး ထံသို့ ငှားရမ်းသည့် လုပ်ငန်း၏ ဥပဒေဆိုင်ရာမူဘောင် တိုးတက်ကောင်းမွန်ရေးနှင့် ငှားရမ်းသည့် ဈေးကွက် ဖြေလျှော့ရေးကို အကောင်အထည်ဖော်သွားပါမည်။

(၄) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တစ်ခု တည်ထောင်သွားရေး စီစဉ်ရန်

အခြားသောအာရှနိုင်ငံများတွင် ၎င်းတို့နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွင် လုပ်ငန်းကြီးများ သို့မဟုတ် အစိုးရများမှ အကြီးစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ချေးငွေပံ့ပိုးရာ၌ နှစ်ရှည်ဖွံ့ဖြိုးတိုးတက်ရေးချေးငွေတွင် အထူးပြုသည့် ဘဏ်များမှာ အရေးပါသည့်အခန်းကဏ္ဍ ဖြစ်ပါသည်။

မြန်မာအစိုးရသည် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာ၍ နှစ်ရှည် ချေးငွေဘဏ်တစ်ခု တည်ထောင်သွားနိုင်ရေး ဆောင်ရွက်၍ရနိုင်ဖွယ်ရှိ၊ မရှိ ဆန်းစစ်သွားပါမည်။

ဆောင်ရွက်မှု ၄-၂-၂	SMEများနှင့် စီးပွားရေးစွမ်းဆောင်ရှင်များအတွက် ချေးငွေ တိုးမြှင့်ခြင်း

(၁) ပစ်မှတ်ထားသည့် ကဏ္ဍများနှင့် လုပ်ငန်းကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME ချေးငွေ အစီအမံများတိုးချဲ့ရန်

SME ဖွံ့ဖြိုးတိုးတက်ရေးနှင့် SME ဖွံ့ဖြိုးတိုးတက်မှုအတွက် ဗဟိုကော်မတီ တည်ထောင်ရေးတို့ကို မြန်မာအစိုးရမှ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ချေးငွေရရှိနိုင်ရေးမှာ နည်းပညာနှင့်ရောင်းဝယ်ဖောက်ကားခြင်းတို့ကဲ့သို့ပင် SMEများ၏ အကြီးမားဆုံး အခက်အခဲတစ်ရပ်ဖြစ်ပါသည်။ SME ချေးငွေရရှိမှု၏ အဓိက ပြဿနာရပ်များမှာ အာမခံပစ္စည်း လိုအပ်မှုများ၊ ချေးငွေကာလ အကန့်အသတ်ရှိမှုများနှင့် လျှောက်ထားရာတွင် အချိန်ကြာမြင့်သည့် လုပ်ထုံးလုပ်နည်းများ ဖြစ်ကြပါသည်။

SME ချေးငွေနှင့် ပတ်သက်၍ မြန်မာအစိုးရသည် အောက်ဖော်ပြပါ ဆောင်ရွက်ချက်များကို ပြုလုပ်သင့်ပါသည်-

- JICA၏ Two-Step Loanကဲ့သို့သော မတည်ငွေရင်း ရင်းနှီးမြှုပ်နှံမှုအတွက် အထူးချေးငွေ အစီအမံများ စတင်မိတ်ဆက်ခြင်း
- အတိုးများနှင့် လုပ်ထုံးလုပ်နည်းများ လုံခြုံစိတ်ချစေရေးအတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ဥပဒေကြောင်းဆိုင်ရာ ဖော်ပြချက်များ တည်ထောင်ခြင်းဖြင့် မြေယာနှင့်အဆောက်အအုံတို့ထက် လက်ဝယ်ရှိကုန်ပစ္စည်း၊ ရရန်ရှိများနှင့်ပစ္စည်း ကိရိယာများကဲ့သို့သော ရွှေ့ပြောင်းနိုင်သည့် အာမခံများတိုးမြှင့်ခြင်း
- ရှိပြီးဖြစ်သည့် ချေးငွေအာမခံပေးသည့် အာမခံအစီအမံအပြင်တို့အပြင် လိုအပ်သည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်းနှင့် ဥပဒေဆိုင်ရာမူဘောင်တစ်ရပ် ပြင်ဆင်ခြင်းဖြင့် SME များအတွက် ချေးငွေအာမခံတိုးချဲ့ခြင်း
- SMEများ၏ ငွေကြေးဆိုင်ရာ အချက်အလက်များ ပိုမိုပွင့်လင်းမြင်သာမှုရှိစေခြင်း

(၂) Venture Funds ဖွံ့ဖြိုးရေး

ဘဏ်ချေးငွေများမှာ များသောအားဖြင့် တည်ထောင်ပြီးလုပ်ငန်းများသို့ ပံ့ပိုးပေးပြီး လုပ်ငန်းအသစ်များသို့ မပေးတတ်ပါ။ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံမျိုးဌပင် လုပ်ငန်းအသစ်များမှာ ဝန်ဆောင်မှုကဏ္ဍများတွင်အများဆုံးပါဝင်တတ်ကြပါသည်။အကယ်၍ ကုမ္ပဏီကြီးများမှငင်းကဏ္ဍများအတွင်း အမျိုးအစားချဲ့ထွင်လိုပါက မိခင်ကုမ္ပဏီများထံမှ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများကို ရယူနိုင်ပါသည်။ သို့ရာတွင် စွန့်ဦးစီးပွားတီထွင်သူများမှာမူ ခိုင်မာပြီး ဆန်းသစ်သည့် အတွေးအခေါ်များနှင့် အတွေ့အကြုံ

အများအပြားရှိလျှင်သော်လည်း ရန်ပုံငွေအခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗဟုသုတအခြေပြုဝန်ဆောင်မှုများ သို့မဟုတ် စက်မှုအစုအဖွဲ့များတွင် တည်ရှိနေသည့် လုပ်ငန်းများကဲ့သို့ ဖွံ့ဖြိုးလာနေသည့် ကဏ္ဍများတွင် စွန့်ဦးတီထွင်လုပ်ကိုင်သူများအား ပံ့ပိုးပေးရန် စွန့်စား၍ထည့်ထားသည့် ရန်ပုံငွေများ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ပဓာနကျပါသည်။

၅.၅ ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်များ

မဟာဗျူဟာများ၏ ဤအမျိုးအစားသည် ယှဉ်ပြိုင်နိုင်သည့်လူစွမ်းအားရင်းမြစ်များ ဖန်တီးရေးမှ၊ထို့ပြင် ကွင်းဆက်လုပ်ငန်းများ ခိုင်မာအားကောင်းသည့် ပံ့ပိုးပေးသည့်မူဝါဒများမှ စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရန် ရည်မှန်းပါသည်။

၅.၅.၁ စက်မှုဆိုင်ရာကွင်းဆက်များ တိုးမြှင့်ခြင်း

မဟာဗျူဟာရည်မှန်းချက်များ

မြန်မာနိုင်ငံတွင်ထုတ်လုပ်မှုနည်းပညာများ၏အဆင့်မှာ နိမ့်ကျပြီး၊ ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်မှာ လုပ်ငန်းအများစုအတွက် သင့်တင့်လျောက်ပတ်စွာ ဖွံ့ဖြိုးထားခြင်းမရှိသေးပါ။ စိုက်ပျိုးရေးလုပ်ငန်း၊ အထည်အလိပ်နှင့်အဝတ်အထည်လုပ်ငန်းနှင့်စက်ပစ္စည်းတပ်ဆင်ရေးလုပ်ငန်းတို့အတွက် ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်အစိတ်အပိုင်းတစ်ရပ်အဖြစ် ကွင်းဆက်လုပ်ငန်းမှာ မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဿနာတစ်ရပ်ဖြစ်လာပါသည်။

ဤမဟာဗျူဟာသည် မြန်မာနိုင်ငံ၏ စက်မှုတည်ဆောက်ပုံကို အမျိုးအစားကွဲပြားချဲ့ထွင်ရန် အလို့ငှာ ကွင်းဆက်လုပ်ငန်းများနှင့် ကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန်အတွက် မူဝါဒများချမှတ်ရန်နှင့် အကောင်အထည်ဖော်ရန် ရည်မှန်းပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် စက်မှုဆိုင်ရာကွင်းဆက်များ အရေးကြီးခြင်း

အခြေခံကျသည့် စက်မှုဆိုင်ရာ အုတ်မြစ်များမှာရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် သော့ချက်များ ဖြစ်ပါသည်။ ၎င်းတို့မှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက်သာ မဟုတ်ဘဲ နိုင်ငံတစ်ခုလုံး၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းဖြစ်ပါသည်။

အောင်မြင်သော စက်မှုဖွံ့ဖြိုးတိုးတက်ရေးသည် စက်မှုဆိုင်ရာပေါင်းစည်းမှုများ သို့မဟုတ် စက်မှုဆိုင်ရာအစုအဖွဲ့များကို ဖန်တီးပေးပါသည်။ စက်မှုဆိုင်ရာအစုအဖွဲ့တစ်ခုဆိုသည်မှာ အထူးနယ်ပယ်တစ်ခုတွင် အချင်းချင်းချိတ်ဆက်ထားသည့် ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၏ပထဝီဝင်ကျစုစည်းခြင်းများဖြစ်ပါသည်[9]။ မြန်မာနိုင်ငံတွင် အစုအဖွဲ့များကို သင့်လျော်စွာ စတင်ဖွဲ့စည်းဖွံ့ဖြိုးနိုင်ခြင်း မရှိသေးပါ။

[10] Porter, Michael E. (2000), *Location, Competition, and Economic Development: Local Clusters in a Global Economy*,

ပို့ကုန်ဦးစားပေး အဝတ်အထည်ကဏ္ဍမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် အနီးဝန်းကျင်တွင် ဖွံ့ဖြိုးနေသော်လည်း ထုတ်လုပ်မှုအတွက် လိုအပ်သည့် ကုန်ကြမ်းသွင်းအားစုကွင်း ဆက်မရှိဘဲဖြစ်နေပါသည်။ စိုက်ပျိုးရေးကဲ့သို့သယံဇာတအခြေခံလုပ်ငန်းများမှာတန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှုနည်းပါးပြီး စက်မှုဆိုင်ရာ အစုအဖွဲ့တစ်ရပ်အဖြစ် အားနည်းနေသဖြင့် ပြဿနာဖြစ်နေပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခင်းအကျင်းများတွင် ရှင်းပြခဲ့သည့်အတိုင်း ပို့ကုန်ဦးစားပေး ကဏ္ဍများ၊ ပြည်တွင်းဈေးကွက် ဦးစားပေးကဏ္ဍများနှင့် ရင်းမြစ်အခြေခံကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းမှ စက်မှုနှင့် တပြေးညီဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ အကောင် အထည်ဖော်ရန် MIPP က ရည်မှန်းထားပါသည်။

အကြီးစားလုပ်ငန်းများမှ လွှမ်းမိုးသည့် FDI သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုများမှာ စက်မှု ပေါင်းစည်းခြင်း သို့မဟုတ် စက်မှုအစုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ခြင်းအား အစပျိုးပေးနိုင်ပါသည်။ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းနှင့်လျှပ်စစ်ဆိုင်ရာနှင့်လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများတွင် အကြီးစားတပ်ဆင်သူများမှ ရင်းနှီးမြှုပ်နှံမှု ၊ အများအားဖြင့် FDI မှာ၊ ကွင်းဆက်လုပ်ငန်းများတွင် သက်ရောက်မှုတစ်ရပ်ရှိပါသည်။ ၎င်းရင်းနှီးမြှုပ်နှံသူများမှာ အစိတ်အပိုင်းများ ဝယ်ယူရေး ပိရမစ် (တြိဂံ) ၏ ထိပ်၌ ရင်းမြစ်ကုမ္ပဏီများ (ကနဦးစတင်၍ ကြီးမားစွာ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ) ဖြစ်ကြပါသည်။ ၎င်းတို့က အစိတ်အပိုင်းထုတ်လုပ်သူများကို ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်ရန်ဖိတ်ခေါ်ပြီး ပြည်တွင်းမှ ကုန်ပုံပိုးပေးသူများကို နည်းပညာလမ်းညွှန်မှုများပေးခြင်းဖြင့် ဝယ်ယူမှုကို တဖြည်းဖြည်း တိုးမြှင့်သွားကြပါသည်။ထို့ကြောင့် ရင်းမြစ်ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရေးမှာ အစိတ်အပိုင်းများတပ်ဆင်သည့်လုပ်ငန်းအတွက် ကွင်းဆက်လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ရင်းမြစ်ကုမ္ပဏီများ၏ လိုအပ်ချက်များ ပြည့်မီစေရန် လိုက်နာထုတ်လုပ်ပုံပိုးပေးသည့် ပြည်တွင်းပုံပိုးသူများ၏ စွမ်းရည်များနှင့် ကုန်ထုတ်လုပ်မှုကို အဆင့်မြှင့်တင်ရာတွင် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ပြည်တွင်းမှ ပုံပိုးပေးသူများအတွက် အစိုးရမှသင့်လျော်သည့်ပုံပိုးမှုမှာ ကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်ဖွံ့ဖြိုးမှုနှင့် အရည်အသွေးအဆင့်များ တိုးတက်မှုလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေနိုင်ပါသည်။



ကားချပ်-၃.၈ စက်မှုအစုအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံ

ဤသို့ အကြီးစားရင်းနှီးမြှုပ်နှံမှုအမျိုးအစား လက်တွေ့အကောင်အထည်ဖော်ရန် စက်မှုပေါင်းစည်းမှုများ၏ ခိုင်မာသည့်အခြေခံများ တည်ထောင်ရန် တသမတ်တည်း အားစိုက်ထုတ်လုပ် မှုလိုအပ်ပါသည်။ ကွင်းဆက်မြှင့်တင်ပေးသည့် မူဝါဒများမိတ်ဆက်ခြင်းနှင့် ပြည်တွင်းကွင်းဆက် လုပ်ငန်းများဖွံ့ဖြိုးပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံသူများသို့ အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများပေးရန် အဓိကကျပါသည်။ ထို့ကြောင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မူဝါဒများနှင့်အတူ စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများနှင့် လူပ်ရှားမှုများမှာလည်း ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အရေးကြီးပါသည်။ ၎င်းမူဝါဒ နယ်ပယ်များအားလုံးတွင် အောင်မြင်မှုရရှိရေး အတွက် အပြန်အလှန် ဆက်နွယ်မှီခိုနေကြပါသည်။

ရန်ကုန်နှင့်မန္တလေး တိုင်းဒေသကြီးတို့တွင် စက်မှုပေါင်းစည်းခြင်းအတွက် အဓိက ဦးတည်ချက်များမှာ စက်ပစ္စည်းလုပ်ငန်း၊ ကမ္ဘာ့ကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက်သို့ ချိတ်ဆက်ပံ့ပိုးပေးသည့် လုပ်ငန်းများနှင့် ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ တို့ဖြစ်ကြပါသည်။ အခြားဒေသများတွင် စိုက်ပျိုးရေး၊ စိုက်ပျိုးရေးအခြေခံလုပ်ငန်း၊ သစ်အခြေခံလုပ်ငန်းများနှင့် အခြား ရင်းမြစ်အခြေခံလုပ်ငန်းများကို ဦးတည်ပါသည်။

လိုအပ်သည့်ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၅-၁-၁	စက်မှုကွင်းဆက်နှင့်စက်မှုအစုအဖွဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်း များ ချမှတ်အကောင်အထည်ဖော်ခြင်း

(၁) အစုအဖွဲ့အစပျိုးခြင်းနှင့်စက်မှုကွင်းဆက်တို့အတွက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း တစ်ရပ်ချမှတ်ရန်

လုပ်သားစူးစိုက်ကဏ္ဍများ(ဥပမာအဝတ်အထည်လုပ်ငန်း၊အထည်အလိပ်နှင့်ဆက်နွယ်ပစ္စည်းများ)၊ ရင်းမြစ်အခြေခံကဏ္ဍများ(ဥပမာ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းနှင့် ဗဟုသုတ စူးစိုက် ဝန်ဆောင်မှု လုပ်ငန်းများ(ဥပမာ ICT ဝန်ဆောင်မှုများ) အပါအဝင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၏ ပစ်မှတ်ထားသော လုပ်ငန်းများအတွက် စက်မှုကုန်ပေးသွင်း ထောက်ပံ့ခြင်း ကွင်းဆက်ဆန်းစစ်မှု တစ်ရပ်ကို ဆောင်ရွက်ပါမည်။ဂင်းဆန်းစစ်ချက်တွင် ပြဿနာများ၊ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များနှင့် လိုအပ်သည့်ပံ့ပိုးဆောင်ရွက်မှုများကို ဖော်ထုတ်ရန်လည်း ပါဝင်ပါသည်။

ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်ဆန်းစစ်မှု၏ရလဒ်များကို အခြေခံ၍ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများအတွက် လိုအပ်ချက်ကို ရှိရင်းစက်မှုမူဝါဒများ၊ ပံ့ပိုးဆောင်ရွက်မှုများနှင့် ရင်းမြစ်များကို အကဲဖြတ်ခြင်း၊ ပံ့ပိုးဆောင်ရွက်မှုအသစ်များကို စဉ်းစားခြင်းနှင့် ပံ့ပိုးဝန်ဆောင်မှုများ၏ အကောင်းဆုံးရောစပ်မှုပုံစံရေးဆွဲခြင်းတို့ဖြင့် ဆန်းစစ်ဖော်ထုတ်သွားမည်ဖြစ်ပါသည်။ သေချာစွာဂရုတစိုက် စဉ်းစားထားသည့် ပံ့ပိုးဝန်ဆောင်မှုများကို ပေါင်းစပ်ပြီးလျှင်ကဏ္ဍအထူးပြုစက်မှုကွင်းဆက်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်လျက် စက်မှုဝန်ကြီးဌာနမှ ချမှတ်နိုင်ပါသည်။



ကားချပ်- ၅.၁၁ ကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက်၏ ဥပမာ (စားသောက်ကုန်ထုတ်လုပ်ခြင်း)

(၂) ဆက်စပ်ပါဝင်သူများအကြား ပူးပေါင်းဆောင်ရွက်သည့်ဆက်နွယ်မှုတည်ထောင်ရန်

စက်မှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် စက်မှုဝန်ကြီးဌာန၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ဆက်စပ်အသင်းအဖွဲ့များနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား ပူးပေါင်းဆောင်ရွက်ရန် ကြပ်မတ်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖန်တီးရန်လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စက်မှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုသည် ပုံပိုးဝန်ဆောင်မှုများအတွက် ပေါင်းစည်းထားသော ချဉ်းကပ်မှုတစ်ရပ် လိုအပ်သောကြောင့်ဖြစ်ပါသည်။ စက်မှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှု တွင်ပုံပိုးရေးအတွက် NGOများနှင့် အလှူရှင်များထံမှ နည်းပညာဆိုင်ရာ အကူအညီကို စက်မှုဝန်ကြီးဌာန က ရှာဖွေသွားမည်ဖြစ်ပါသည်။

ဆောင်ရွက်မှု ၅-၁-၂	စီမံကိန်းများအရ စက်မှုကွင်းဆက်ခိုင်မာအားကောင်းစေခြင်း

(၁) စက်မှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်သူများသို့ လမ်းညွှန်ချက်ပုံပိုးပေးရန်

စက်မှုဝန်ကြီးဌာန သည် စက်မှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆက်စပ်ပါဝင်သူများနှင့် ဆက်သွယ်ဆောင်ရွက်ပါမည်။နည်းပညာလမ်းညွှန်ထိန်းကျောင်းမှု၊ ကုန်ရောင်းချခြင်းပုံပိုးမှုနှင့် ငွေရေးကြေးရေးစသည့် ဆက်စပ်ပါဝင်သူများမှ ပုံပိုးပေးနိုင်သည့် အလားအလာရှိသော ဝန်ဆောင်မှုများကို စုစည်းသွားပါမည်။

(၂) စက်မှုကွင်းဆက်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆောင်ရွက်ချက်များကိုအကောင်အထည်ဖော်ရန်

ပစ်မှတ်ထားသည့် ကွင်းဆက်လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ရန် စက်မှုဝန်ကြီးဌာန၊ DICA နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က ပူးပေါင်း ဆောင်ရွက်သွားပါမည်။

(၃) ပြည်တွင်းကုန်စည် ပုံပိုးပေးသူများသို့ FDI ၏ နည်းပညာဆိုင်ရာလမ်းညွှန်ပေးမှု မြှင့်တင်ရန်

နိုင်ငံခြားကုမ္ပဏီများသည် ပြည်တွင်းမှ အဆင့်မြင့် အရည်အသွေးမီ ကုန်စည်များကို ဝယ်ယူရရှိနိုင်ရန် ပြည်တွင်းကုန်ပုံပိုးပေးသူများအား နည်းပညာဆိုင်ရာလမ်းညွှန်မှုများ မကြာခဏ ပုံပိုးပေးပါသည်။ မြန်မာအစိုးရသည် နိုင်ငံစုံကုမ္ပဏီကြီးများနှင့် အကြီးစား ပြည်တွင်းကုမ္ပဏီများ၏ ပြည်တွင်းကုန်ပုံပိုးသူဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုများကို အားပေးပုံပိုးပါမည်။ အစိုးရပုံပိုး ဝန်ဆောင်မှုများတွင် နည်းပညာဆိုင်ရာ လမ်းညွှန်မှု၊ သင်တန်းနှင့် ပစ်မှတ်ထားသည့် ပြည်တွင်း ကုန်ပုံပိုးသူများအားချေးငွေရရှိနိုင်ရေးတို့ ပါဝင်သွားမည်ဖြစ်ပါသည်။ အစိုးရသည် သင်တန်းနှင့် သင့်လျော်သည့်အလုပ်ရှာဖွေပေးသည့် ဝန်ဆောင်မှုကဲ့သို့ ပုံပိုးမှုများကို ပုံပိုးပေးခြင်းဖြင့် ပြည်တွင်း ကုန်ပုံပိုးသူများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံစုံကုမ္ပဏီကြီးများအား တိုက်တွန်းသွားပါမည်။

ဆောင်ရွက်မှု ၅-၁-၃	အဆင့်မြင့်စက်မှုအစုအဖွဲ့တစ်ရပ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်း

(၁) အဆင့်မြင့်စက်မှုအစုအဖွဲ့တစ်ရပ်အတွက် လိုအပ်သော လုပ်ငန်းအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး ပံ့ပိုးပေးရန်

စက်မှုဆိုင်ရာ တည်ဆောက်မှုပုံစံ အားကောင်းခိုင်မာရေးနှင့် အနာဂတ်တွင် အဆင့်မြင့် တန်ဖိုးမြှင့် ကုန်စည်ထုတ်လုပ်ရေးဆီသို့ ပြောင်းလဲနိုင်ရေးတို့အတွက် အဆင့်မြင့်စက်မှု အစုအဖွဲ့တစ်ရပ်အတွက် စက်မှုဆိုင်ရာ အုတ်မြစ်တစ်ရပ် ချမှတ်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ပံ့ပိုးဆောင်ရွက်မှုများကို ချမှတ်ပံ့ပိုးပေးသွားပါမည်။

အဓိကပံ့ပိုးမှုများတွင် စက်မှုဆိုင်ရာနေရာအသစ်များ တည်ထောင်ခြင်း၊ အဆင့်မြင့် နည်းပညာများ လွှဲပြောင်းခြင်း၊ICTအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ခြင်း၊ကုန်စည်ပံ့ပိုးသူဖွံ့ဖြိုးရေး အစီအစဉ်များနှင့်ဘဏ္ဍာရေးတို့ပါဝင်ပါသည်။



ကားချပ် - ၅.၁၂ အဆင့်မြင့်စက်မှုအုတ်မြစ်တစ်ရပ်တည်ထောင်ရေးအတွက်ဆောင်ရွက်မှုများ

(၂) စက်မှုပေါင်းစည်းရေးမြှင့်တင်ရန်နှင့် တန်ဖိုးမြှင့်လုပ်ငန်းများ အဆင့်မြှင့်တင်ရန်

စက်မှုပေါင်းစည်းရေးမှာ ထိန်းထားနိုင်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိသည့်အခါ နိုင်ငံ၏ စက်မှုတည်ဆောက်မှုကို ပိုမိုနက်ရှိုင်းစေရေးအတွက် တန်ဖိုးမြှင့်ကဏ္ဍများနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးပံ့ပိုးပေးရန် စက်မှုဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်ပါမည်။

အောက်ဖော်ပြပါပုံတွင် ရင်းမြစ်ကုမ္ပဏီများနှင့် ပြည်တွင်းမှ ကုန်ပုံပိုးပေးသူများအတွက် ၎င်းတို့၏ နည်းပညာဆိုင်ရာ စွမ်းရည်များတိုးတက်စေရန်၊ပိုမိုတန်ဖိုးမြှင့်ရန်နှင့် ကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ဖော်ပြထားပါသည်။



ကားချပ်- ၅.၁၃ ကွင်းဆက်ဖန်တီးခြင်းနှင့် ထပ်ဆင့်တန်ဖိုးတိုးမြှင့် ခြင်းအတွက် အဆင့်များ

၅.၅.၂ ပြည်တွင်းလုပ်ငန်းများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ခြင်း

မဟာဗျူဟာ ရည်မှန်းချက်များ

လုပ်ငန်းစီမံကိန်း၊ နည်းပညာ၊ ဈေးကွက်ရှာဖွေခြင်း နှင့် စီမံခန့်ခွဲခြင်းတို့တွင် ပြည်တွင်းလုပ်ငန်းများ၏ စွမ်းဆောင်ရည်မှာ နည်းပါးနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို အစပျိုးရန် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု လိုအပ်နေပါသည်။

ဤမဟာဗျူဟာသည် ပို့ကုန်ဦးစားပေးထုတ်လုပ်မှု၊ ဈေးကွက်ဦးစားပေးထုတ်လုပ်မှုနှင့် ရင်းမြစ် အခြေခံထုတ်လုပ်မှုတို့တွင် ရင်းနှီးမြှုပ်နှံရန်ပြည်တွင်းလုပ်ငန်းများ၏ စွမ်းရည်တိုးမြင့်စေရေး ရည်မှန်းပါသည်။

နည်းပညာတိုးမြှင့်ရန် လိုအပ်ခြင်း

နိုင်ငံတစ်နိုင်ငံ၏ နည်းပညာအဆင့်သည် ၎င်း၏ ယှဉ်ပြိုင်နိုင်မှုတွင် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် နည်းပညာ ရှေ့ရောက်ဆန်းသစ်မှုအဆင့်၊ ပြည်တွင်းကုန်ပုံပိုးသူတို့၏ ကုန်ထုတ်စွမ်းအားနှင့် လူစွမ်းအား ရင်းမြစ် ရရှိမှုတို့မှာ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံသူများ၏ အောင်မြင်မှုကို ဆုံးဖြတ်ပေးနိုင်သည့် အကြောင်းရင်းများဖြစ်သဖြင့် ထိုအဆင့်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေကြပါသည်။ Smart စက်ရုံများ စတင်လာခြင်း၊ စက်ရုပ်များ၊ ကွန်ပျူတာအကူအညီဖြင့် ဒီဇိုင်းများနှင့် 3Dပုံထုတ်စသည့်ICT ပေါင်းစပ်လာခြင်းနှင့်အတူ ကမ္ဘာတဝှမ်းတွင်ထုတ်လုပ်မှု နည်းပညာမှာ လျင်မြန်စွာဖွံ့ဖြိုးပြောင်းလဲနေပါသည်။ ကုမ္ပဏီများသည် အင်တာနက်မှတဆင့် ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက်စီးပွားရေးစနစ်များသို့ ချိတ်ဆက်ကြပါသည်။ မြန်မာနိုင်ငံသည် နည်းပညာ

တွက် အခြားသောအာဆီယံနိုင်ငံများထက် နောက်ကျကျန်နေပြီး တန်ဖိုးမြင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရန် နည်းပညာလွှဲပြောင်းမှုကို အရှိန်မြှင့်တင်ခြင်းဖြင့် နည်းပညာကွာဟချက်ကို ဖြည့်ဆည်းရန်နှင့် အမီလိုက်ရန် လိုအပ်နေပါသည်။ မြန်မာနိုင်ငံတွင် အစဉ်မပြတ်တိုးတက်နေသည့် လှုပ်ရှားဆောင်ရွက်မှုများ (kaizen)၊ အရည်အသွေး ထိန်းချုပ်ခြင်း၊ ကုန်ပေးသွင်းထောက်ပံ့ခြင်း ကွင်းဆက် စီမံခန့်ခွဲမှုနှင့် ကုန်ပစ္စည်းများ လွှဲပြောင်းပေးခြင်းကဲ့သို့သော လုပ်ငန်းလည်ပတ် စီမံခန့်ခွဲမှုများတွင်လည်း စတင်မိတ်ဆက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပါသေးသည်။

အကျဉ်းချုပ်အားဖြင့် လုပ်ငန်း၏ နည်းပညာအဆင့်အားလုံးကို ခေတ်မီစေရန်ဖြစ်နိုင်သည့်ဆောင်ရွက်မှုများအားလုံးမှာ အဓိကကျနေပါသည်။ ၎င်းဆောင်ရွက်မှုများတွင် နည်းပညာလွှဲပြောင်းမှုနှင့် လိုင်စင်သဘောတူညီမှုတိုးမြှင့်ခြင်း၊ တက္ကသိုလ်များ၏ R&D အသုံးအဆောင်များအဆင့်မြှင့်တင်ခြင်း၊ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများမှ နည်းပညာဖြန့်ဖြူးပေးခြင်း၊ကုန်ထုတ်စွမ်းအား တိုးတက်စေသည့် ဆောင်ရွက်မှုများနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ပါဝင်ပါသည်။

အဆင့်မြင့်နိုင်ငံခြားနည်းပညာများကို နည်းလမ်းအမျိုးမျိုးသုံး၍ လွှဲပြောင်းပေးနိုင်ပါသည်။(၁) ပြည်တွင်းတဆင့်ခံကုမ္ပဏီသို့ နိုင်ငံခြား မိခင်ကုမ္ပဏီမှ ကုမ္ပဏီတွင်း လွှဲပြောင်းပေးခြင်း(ဥပမာ ကုမ္ပဏီတွင်း ဝန်ထမ်းများအား နည်းပညာသစ်လွှဲပြောင်းပေးခြင်းနှင့် သင်ကြား လေ့ကျင့်ပေးခြင်း)၊ (၂) ပြည်တွင်းစားသုံးသူများထံသို့ နိုင်ငံခြားကုမ္ပဏီမှ ကုန်စည်ရောင်းချ ခြင်းကဲ့သို့ ပြင်ပလွှဲပြောင်းခြင်း၊ (၃) ပြည်တွင်းကုန်ပုံပိုးသူများထံ နိုင်ငံခြားကုမ္ပဏီမှ နည်းပညာလမ်းညွှန်ပေးခြင်း၊ (၄) အခြား ကုမ္ပဏီသို့ ဝန်ထမ်းပြောင်းရွှေ့သွားခြင်းမှ နည်းပညာ ယိုဖိတ်ခြင်းနှင့် (၅) နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် နည်းပညာလွှဲပြောင်းသည့် သဘောတူညီချက်ပေါ် အခြေပြုသည့် နည်းပညာလွှဲပြောင်းပေးမှု။

နာမည်ကျော်နိုင်ငံစုံကုမ္ပဏီကြီးများအား ဆွဲဆောင်ခြင်းမှာနည်းပညာဆိုင်ရာ ကွာဟချက်ကို ကျဉ်းမြောင်းစေရေးနှင့်နည်းပညာလွှဲပြောင်းမှုမြှင့်တင်ရေးအတွက်အထိရောက်ဆုံးဆောင်ရွက်မှု တစ်ရပ်ဖြစ်ပါသည်။ မြန်မာအစိုးရသည် နည်းပညာလွှဲပြောင်းမှု ရလဒ်အတွက် FDI ဆွဲဆောင်ရန် ရည်မှန်းပါသည်။



ကားချပ်-၅.၁၄ နည်းပညာလွှဲပြောင်းမှု၏ လမ်းကြောင်း အမျိုးမျိုး

လိုအပ်သည့်ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၅-၂-၁	ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ရေးအတွက် ပြည်တွင်း SME များသို့ ဘက်စုံပံ့ပိုးမှုထောက်ပံ့ပေးခြင်း

(၁) ရင်းနှီးမြှုပ်နှံသူများအား ဦးတည်သည့် ဘက်စုံပံ့ပိုးသည့် အစီအစဉ်တစ်ရပ် ဖွံ့ဖြိုးအကောင်အထည်ဖော်ရန်

မြန်မာအစိုးရသည် လုပ်ငန်းများနှင့်အလုပ်ခန့်ထားမှုအဆင့်များ၌ SME၏ ဝေစုကြောင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် SME ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလျက်ရှိပါသည်။မြန်မာအစိုးရသည် SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေဆိုင်ရာမူဘောင်၊ စက်မှုကွင်းဆက်၊ ချေးငွေရရှိရေး၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူစွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တာဝန်ရှိသည့် SMEဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် SME လုပ်ငန်းကော်မတီတို့ကို တည်ထောင်ထားပါသည်။

SME များသည် စက်မှုကွင်းဆက်၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုအစုအဖွဲ့များတွင် အရေးပါသည့် အချိုးအစားပိုင်ဆိုင်ထားသည့်အတွက် ခိုင်မာသည့် စက်မှုအခြေပြုတစ်ရပ် တည်ဆောက်ရေးအတွက် သော့ချက်ဖြစ်ပါသည်။ MIPP သည် ရင်းမြစ်အခြေပြု ထုတ်လုပ်ရေး၊ စက်မှုကွင်းဆက်

များ၊ ထောက်ပို့သယ်ယူပို့ဆောင်ရေးနှင့် ဗဟုသုတစူးစိုက် ဝန်ဆောင်မှုများရှိ SME ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးကဏ္ဍတွင် အာရုံစိုက်သွားပါမည်။ အရေးကြီးသည့် အချက်တစ်ချက်မှာ စက်မှုအစုအဖွဲ့များတွင် ဗဟိုပါဝင်သူများအဖြစ် ဖွံ့ဖြိုးရန် အလားအလာရှိသော စွမ်းဆောင်ရည်ရှိ SME များ၌သာ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများကို ပေးသွားသင့်ပါသည်။

ဘက်စုံပံ့ပိုးမှု အစီအစဉ်သည် စီးပွားရေး စီမံကိန်း၊ နည်းပညာပံ့ပိုးမှု၊ ချေးငွေ၊ လုပ်ငန်းအသစ်များကို ပံ့ပိုးပေးမှု၊ ဈေးကွက်ရှာဖွေခြင်းနှင့် ပို့ကုန်ပံ့ပိုးမှုနှင့် သင်တန်းတို့တွင် ခြုံငုံမိရေး အရေးကြီးပါသည်။ ပံ့ပိုးပေးရေးအတွက် ရည်ရွယ်ချက် နှစ်ရပ်ရှိပါသည်။ ၎င်းတို့မှာ ရှိပြီး SME များ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုတိုးတက်စေခြင်းနှင့်လုပ်ငန်းအသစ်များ၏အမျိုးအစားကွဲပြားစေခြင်းတို့ဖြစ်ကြပါသည်။

SMEများ လိုအပ်နေသည့် နယ်ပယ်အားလုံးမှ ပံ့ပိုးမှုများကို အစိုးရဝန်ကြီးဌာန သို့မဟုတ်အဖွဲ့ အစည်းတစ်ခုတည်းမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ထို့ကြောင့် SMEတစ်ခုစီမှ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ် ချက်များအရ ဆက်စပ်ပါဝင်သူအမျိုးမျိုးမှ ပံ့ပိုးပေးမည့် ပေါင်းစည်း ထားသည့် ပံ့ပိုးဆောင်ရွက်မှုများပါဝင်သည့် ဘက်စုံတစ်ရပ်ကို ဖန်တီးရန် လိုအပ်နေပါသည်။ စက်မှုဝန်ကြီးဌာနသည် SME ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များအရ ဆက်စပ်ပါဝင်သူ အမျိုးမျိုးမှ ပူးပေါင်းဆောင်ရွက် စီစဉ်ဝန်ဆောင်မှု ပံ့ပိုးပေးသည့် ပြည်တွင်း SME ဖွံ့ဖြိုးတိုးတက် ရေးဗဟိုဌာနများကို ဌာနခွဲများဖြင့် ပြည်နယ်များ၊ တိုင်းဒေသကြီးများနှင့် ခရိုင်များတွင် ဖွဲ့စည်း တည်ထောင်ထားပါသည်။ SME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနရုံးခွဲများသည် စက်မှုအစုအဖွဲ့ ကူညီဆောင်ရွက်နေသူများအဖြစ် ဆောင်ရွက်ရန် မျှော်လင့်ထားပါသည်။

စက်မှုဝန်ကြီးဌာနမှ ပံ့ပိုးပေးသည့် နမူနာတစ်ရပ်မှာSMEများ၏ပို့ကုန်ဈေးကွက် ရှာဖွေရေးအတွက် လိုအပ်ချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးဝန်ဆောင်မှုများကဖြည့်ဆည်းပေးနိုင်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့. (Myantrade) မှ ပြည်ပတွင် ကုန်စည်ပြပွဲများ သွားရောက်ပြသရေး၊ ပြည်ပ သတင်းအချက်အလက်များ၊ပြည်ပဝယ်ယူသူများနှင့် ချိတ်ဆက်ပေးခြင်း၊ပို့ကုန်မည်သို့ တင်ပို့ရမည်ကိုအကြံဉာဏ်ပေးခြင်းနှင့်ပို့ကုန်မြှင့်တင်ရေး ဝန်ဆောင်မှုများပေးခြင်းစသည့် ဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်ပါသည်။ရန်ကုန်မြို့ရှိ ကုန်သွယ်မှုဗဟိုဌာန (The Myanmar Trade Center - MTC) နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသတွင်း ကုန်သွယ်မှုဗဟိုဌာနများကလည်း မြန်မာပို့ကုန် တင်ပို့သူများအား ပို့ကုန်ပံ့ပိုးဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။ Myantrade သည် အမျိုးသား ပို့ကုန်မဟာဗျူဟာ(NES)၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ၎င်း၏ စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်နေပါသည်။ SMEများ၏ ပို့ကုန်ဈေးကွက် ရှာဖွေခြင်း - အထူးသဖြင့်

စိုက်ပျိုးရေးအခြေခံလုပ်ငန်းများနှင့် အခြားရင်းမြစ် အခြေပြု လုပ်ငန်းများတွင် လည်ပတ်ရေး-တို့၌ လည်း Myantrade မှ ပံ့ပိုးပေးသွားပါမည်။ ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအောက်ရှိ ကုန်သွယ်မှုသင်တန်းကျောင်းမှလည်း ကုန်သွယ်မှုနှင့် နိုင်ငံတကာလုပ်ငန်းများ အကြောင်း သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။



ကားချပ် - ၅.၁၅ SMEများအတွက် ဘက်စုံပံ့ပိုးမှု

(၂) SMEများကို ပံ့ပိုးပေးရေး အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်

နည်းပညာအဆင့်များနှင့် အတွေ့အကြုံရှိသည့် ပံ့ပိုးမှုများဖြင့် SME များကို လုံလောက်သည့် ပံ့ပိုးမှု များပေးနိုင်ရေး သေချာစေရန် မြန်မာအစိုးရသည် အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားပါမည်။အစိုးရဌာနများမှ SME များကိုပေးသည့် နည်းပညာဆိုင်ရာ အကူအညီများတိုးတက်ကောင်းမွန်စေရန်နှင့်ဓာတ်ခွဲခန်းအသစ်များတည်ထောင်ရန်အတွက် ဝန်ကြီး ဌာနများအတွင်း အစိုးရသုတေသန အဖွဲ့အစည်းများနှင့် ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်သွားပါ မည်။

(၃) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှု (BDS) ပေးသူများ စတင် တည်ထောင်မှုကို မြှင့်တင်ခြင်း

စက်မှုဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှု(BDS) ပံ့ပိုးသူများ တည်ထောင်မှုကို အားပေးပြီး SME ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးမှုအတွက် ၎င်းတို့၏ ဝန်ဆောင်မှုများကို အသုံးချသွားပါမည်။

ဆောင်ရွက်မှု ၅-၂-၂	ကုန်ထုတ်စွမ်းအား တိုးတက်ကောင်းမွန်မှုနှင့် နည်းပညာလွှဲပြောင်းရေးကို လွယ်ကူချောမွေ့စေခြင်း

(၁) ပြည်တွင်းကုမ္ပဏီများကိုပံ့ပိုးပေးခြင်းဖြင့် နည်းပညာလွှဲပြောင်းပေးသည့် စာချုပ်များနှင့် လိုင်စင်များကို လွယ်ကူချောမွေ့စေရန်

ပြည်တွင်းကုမ္ပဏီများအတွက် ၎င်းတို့၏ နည်းပညာကို အဆင့်မြှင့်တင်ရန် နည်းပညာလွှဲပြောင်းသဘောတူညီချက်များနှင့် လိုင်စင်သဘောတူညီချက်များမှာ ကျော်ကြားသည့် နည်းလမ်းများဖြစ်ကြပါသည်။ အရေးကြီးကိစ္စရပ်များကို နားလည်သဘောပေါက်ခြင်းနှင့် နည်းပညာလွှဲပြောင်းမှုနှင့် လိုင်စင်များကို မည်သို့ဆောင်ရွက်ရသည်ဆိုသည်တို့အား မြှင့်တင်ဆောင်ရွက်သွားပါမည်။ အစိုးရသည် မိတ်ဖက်ရှာဖွေမှု၊ ညှိနှိုင်းဆွေးနွေးမှုနှင့် သဘောတူစာချုပ်ချုပ်ဆိုသည့် အဆင့်များ၌ ပြည်ပနည်းပညာပံ့ပိုးသူ သို့မဟုတ် လိုင်စင်ရှိသူတို့ကို ရှာဖွေနေသည့် ပြည်တွင်းကုမ္ပဏီများအား ပံ့ပိုးပေးသွားပါမည်။

(၂) R&D နှင့် အဆင့်မြင့်နည်းပညာစက်ပစ္စည်း တင်သွင်းမှုအတွက် မက်လုံးများ ပံ့ပိုးပေးရန်

အထူးသဖြင့် R&D အထောက်အပံ့ပစ္စည်းပစ္စယများ ဖွံ့ဖြိုးတိုးတက်ရေး၊ R&D စီမံကိန်းများ၊ အဆင့်မြင့်နည်းပညာသုံး စက်ပစ္စည်းများတင်သွင်းရေးနှင့် နည်းပညာလိုင်စင်ကဲ့သို့သော နည်းပညာလွှဲပြောင်းမှုများအတွက် အကဲဖြတ်ပြီး ရင်းနှီးမြှုပ်နှံမှုမက်လုံးများ တည်ထောင်ရန် အခရာကျပါသည်။

(၃) တက္ကသိုလ်များမှ နည်းပညာလွှဲပြောင်းမှုကို လွယ်ကူချောမွေ့စေရန်နှင့် တက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍတို့အကြား ပူးတွဲ R&D ကို မြှင့်တင်ရန်

တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများ၏ ပူးတွဲ R&D ကို မြှင့်တင်ကာ တက္ကသိုလ်များမှ ပြည်တွင်းကုမ္ပဏီများသို့ နည်းပညာလွှဲပြောင်းမှုအား အားပေးသွားပါမည်။ ပူးတွဲ R&Dများတွင် နိုင်ငံခြားကုမ္ပဏီများ ပါဝင်မှုကိုလည်း ကြိုဆိုပါသည်။ ပူးတွဲ R&D နှင့် နည်းပညာ ဖြန့်ဝေပေးခြင်းတို့အတွက်မက်လုံးများကို တက်ကြွသည့် နည်းပညာ လွှဲပြောင်းပေးမှုဖြစ်စေရန် ၎င်းတို့၏ အလားအလာအတွက် ထည့်သွင်းစဉ်းစားသွားပါမည်။

(၄) နည်းပညာ စူးစိုက်ကဏ္ဍများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန်

နည်းပညာစူးစိုက်လုပ်ငန်းများသည် ၎င်းတို့၏ နည်းပညာယိုဖိတ်မှုကို ပါဝင်ဖြည့်ဆည်းပေးနိုင်သောကြောင့် နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းအတွက် ဦးစားပေးသွားပါမည်။

(၅) အမျိုးသား နည်းပညာအဆင့်များ တိုးတက်စေခြင်းဖြင့် သိမ်းသွင်းစွမ်းဆောင်ရည်ကို တိုးတက်စေရန်

နိုင်ငံ၏အလုံးစုံကုန်ထုတ်စွမ်းအားအဆင့်တိုးတက်စေရန် နိုင်ငံတဝှမ်းကုန်ထုတ်စွမ်းအား တိုးတက်ရေး

ဆောင်ရွက်မှုများကိုအကောင်အထည်ဖော်သွားပါမည်။အမျိုးသားကုန်ထုတ်စွမ်းအား ဆောင်ရွက်မှုများ၊ကုန်ထုတ်စွမ်းအားတိုးတက်ရေး နည်းလမ်းများဖြန့်ဝေပေးခြင်းနှင့်နိုင်ငံတဝှမ်း ကုန်ထုတ်စွမ်းအား လှုပ်ရှားမှုများ လွယ်ကူချောမွေ့စေရန် မြန်မာနိုင်ငံ ကုန်ထုတ်စွမ်းအားဗဟိုဌာနသည် အချက်အချာ၌ တည်ရှိသွားပါမည်။

၅.၅.၃ စွန့်ဦးစီးပွားတီထွင်သူပံ့ပိုးပေးမှု တည်ထောင်ခြင်း

မဟာဗျူဟာရည်မှန်းချက်များ

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စွန့်ဦးစီးပွားတီထွင်သူများအတွက် အထောက်အပံ့ မရှိသေးပါ။ ဗဟုသုတ စူးစိုက်ဝန်ဆောင်မှုများ ကဲ့သို့သော အနာဂတ် ဦးစားပေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စွန့်ဦးစီးပွားတီထွင်သူများသို့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မှုများကို ပိုမိုတိုးမြှင့်သွားရန် လိုအပ်ပါသည်။ဤ မဟာဗျူဟာသည် စွန့်ဦးစီးပွားတီထွင်သူများအတွက် ပံ့ပိုးပေးသည့် စီးပွားရေးပတ်ဝန်းကျင် တစ်ရပ် ဖန်တီးရန် ၎င်းတို့အား အကူအညီများ ချမှတ်မိတ်ဆက်ရန် ရည်မှန်းပါသည်။

ဗဟုသုတစူးစိုက် လုပ်ငန်းများနှင့် အဆင့်မြင့်ထပ်ဆင့်တန်ဖိုးဝန်ဆောင်မှုများကဲ့သို့ ဝန်ဆောင်မှုကဏ္ဍတွင် စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးရန်

စီးပွားရေးကဏ္ဍများ၏ ခေတ်မီဆန်းပြားရှုပ်ထွေးသည့် အဆင့်၌ နောက်ဆုံးပေါ်နည်းပညာများ ထည့်သွင်းရေးကို ကမ္ဘာတဝှမ်းမှ ဆောင်ရွက်လျက်ရှိကြပါသည်။မြန်မာနိုင်ငံတွင် လက်ကိုင်ဖုန်းနှင့် အင်တာနက် ခြံငုံမှုမှာ လျင်မြန်စွာ တိုးတက်လာလျက်ရှိရာ၊ ၎င်းအဆင့်မြင့် ကဏ္ဍများသို့ ကျော်လွှားရောက်ရှိရန် မြန်မာနိုင်ငံအတွက် အလားအလာကောင်းစွာရှိပါသည်။ မြန်မာနိုင်ငံတွင် စက်မှုဖွံ့ဖြိုးလာခြင်းနှင့်အတူ အဆင့်မြင့် ထပ်ဆင့်တန်ဖိုးပါဝင်သည့် ဝန်ဆောင်မှုစီးပွားရေးကလည်း ဖွံ့ဖြိုးသင့်ပါသည်။ မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ် စီးပွားရေးအတွက် အခြေခံများပံ့ပိုးပေးသည့် လုပ်ငန်းအသစ်များ၏ လုပ်ငန်းစတင်သည့် အခန်းကဏ္ဍကို အလေးထားရန် အရေးကြီးပါသည်။

ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုသည့် ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး နမူနာများမှာ စီးပွားရေး လုပ်ငန်းများ၊ ဆေးပညာဆိုင်ရာ လုပ်ငန်းများ၊ ဇီဝနည်းပညာ၊ ဆော့ဖ်ဝဲလ်ဖွံ့ဖြိုးရေး၊ IT အခြေခံပြင်ပ လုပ်ငန်းများ၊ e-commerce ကဲ့သို့ ICT အခြေခံ ဝန်ဆောင်မှုများနှင့် ဝေမျှသည့် စီးပွားရေးဖြစ်သည့် လုပ်ငန်းလုပ်ပိုင်ခွင့်ရယူသည့် ဖရန်ချိုက်စ်လုပ်ငန်းများ၊ဖက်ရှင်နှင့် လူမှုကွန်ယက်မီဒီယာများဖြစ်ကြပါသည်။ ၎င်းဝန်ဆောင်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် မြန်မာလူမျိုးများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးပါလိမ့်မည်။

ဖန်တီးနိုင်စွမ်းအပေါ် အခြေခံ၍ နည်းပညာများ မိတ်ဆက်ခြင်းနှင့် အသုံးပြုခြင်းမှာ အမျိုးသား ကုန်ထုတ်စွမ်းအားနှင့်အချိန်တိုတိုနှင့် အကျိုးကျေးဇူးဖြစ်ထွန်းမှုတိုးတက်စေရန် သော့ချက်ဖြစ်ပါသည်။

ဥာဏ်တုနည်းပညာကို အသုံးပြုခြင်းဖြင့် လယ်ယာ၊ စက်ရုံလည်ပတ်မှု၊ အခြေခံ အဆောက်အအုံ စီမံခန့်ခွဲမှု၊ ထောက်ပို့သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ဆေးပညာဆိုင်ရာ ဝန်ဆောင်မှုများစသည့် နယ်ပယ်တိုင်း၌ ကုန်ထုတ်စွမ်းအား တိုးမြှင့်သွားရန် မျှော်မှန်းထားပါသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်နေသေးသော်လည်း နောက်ဆုံးပေါ် ICT ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် အလွန်အရေးကြီးပါသည်။

လုပ်ငန်းများ လက်ရည်တူ ပါဝင်ဆောင်ရွက်နိုင်ရေး၊ ဆိုက်ဘာလုံခြုံရေးသေချာစေခြင်းနှင့် စားသုံးသူများအား ကာကွယ်ပေးရေးတို့ကို တဆက်တစပ်တည်း ကမ်းလှမ်းသည့် ဘက်စုံစည်းမျဉ်းစည်းကမ်းများ ရေးဆွဲရန်မှာလည်း အရေးကြီးလှပါသည်။

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၅-၃-၁	ဗဟုသုတစူးစိုက် ဝန်ဆောင်မှုကဏ္ဍများတွင် စီးပွားရေးအခွင့်အလမ်းများဖန်တီးခြင်း

(၁) တရားမဝင် ယှဉ်ပြိုင်မှု ထိန်းချုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံသူ ဆွဲဆောင်ရန်၊ ခိုင်မာသည့် လုပ်ငန်းအခြေခံအုတ်မြစ် ဖန်တီးရန်၊ စီးပွားရေးလုပ်ငန်းအမျိုးအစားသစ်များအတွက် ဥပဒေဆိုင်ရာ မူဘောင်တစ်ရပ်ချမှတ်ရန်

စက်မှုမူဝါဒလမ်းညွှန်မှုများ ချမှတ်ရေးနှင့် ဥပဒေဆိုင်ရာမူဘောင်တစ်ရပ် တည်ထောင်ရေးတို့မှာ ရံဖန်ရံခါ လုပ်ငန်းအမျိုးအစားအသစ်များထက် နောက်ကျကျန်နေတတ်ပါသည်။ ဗဟုသုတစူးစိုက် ဝန်ဆောင်မှုများ သို့မဟုတ် အခြားကဏ္ဍသစ်များတွက် ဥပဒေဆိုင်ရာ တည်ဆောက်မှုပုံစံများကို ဆက်စပ်ဝန်ကြီးဌာနများမှ ထူထောင်ရန် လိုအပ်ပါသည်။ သို့မှသာ ၎င်းဝန်ကြီးဌာနများသည် တာဝန်ယူမှုရှိစွာဖြင့် လုပ်ငန်းများကို ခိုင်မာအားကောင်းစေပြီး တရားမဝင်ယှဉ်ပြိုင်မှုကို ထိန်းချုပ်ကာ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ပါလိမ့်မည်။ စားသုံးသူများကို ကာကွယ်ရေးအတွက် စည်းမျဉ်းစည်းကမ်းများအား ကဏ္ဍအသစ်များအတွက် ဖွံ့ဖြိုးဆောင်ရွက်သွားပါမည်။

(၂) ကဏ္ဍအသစ် စီးပွားရေး အခွင့်အလမ်းများအပေါ် သတင်းအချက်အလက်ပံ့ပိုးပေးရန်

မြန်မာနိုင်ငံအတွက် အသစ်ဖြစ်နေသည့် ထွန်းသစ်စ စီးပွားရေးကဏ္ဍများအတွက် ဖွံ့ဖြိုးမှုအလားအလာနှင့် လုပ်ငန်းအခွင့်အလမ်းများအပေါ် သတင်းအချက်အလက်ပံ့ပိုးပေးရန် နှင့် ရင်းနှီးမြှုပ်နှံမှုအားပေးမြှင့်တင်ရန် ကုမ္ပဏီများနှင့်အလားအလာရှိသည့်ရင်းနှီးမြှုပ်နှံသူများအား လမ်းညွှန်မှုပြုရန်တို့မှာ အရေးကြီးပါသည်။

ဆောင်ရွက်မှု ၅-၃-၂	လုပ်ငန်းအသစ်များသို့ပံ့ပိုးမှုပေးခြင်း[10]

(ခ) စတင်တည်ထောင်သည့် လုပ်ငန်းအတွက် အတိုင်ပင်ခံမှုနှင့် လမ်းညွှန်မှုပေးရန်နှင့် လုပ်ငန်းစတင်သည့် အထောက်အပံ့များ တည်ထောင်ပေးရန်

မြန်မာစွန့်ဦးစီးပွား တီထွင်သူများသို့ ပေးသည့်ပံ့ပိုးမှု၏ တစိတ်တဒေသအဖြစ် မြန်မာအစိုးရသည် သိပ္ပံနေရာများ (Science Parks)၊ လုပ်ငန်းစတင်သူများမှ စမ်းသပ်လုပ်ကိုင် အကြံပြုချက်ရယူနိုင်သည့် ဗဟိုဌာနများစသည့် စမ်းသပ်လုပ်ကိုင်သည့် အထောက်အပံ့ ပစ္စည်းများတည်ထောင်ရန်နှင့် နှစ်ရှည် ရှုမြင်မှုမှခါတ်ခွဲစမ်းသပ်ခန်းများ တည်ဆောက်ရန် စီစဉ်သွားပါမည်။

(ဂ) တက္ကသိုလ်များနှင့် အကြီးစားကုမ္ပဏီများမှ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် အထောက်အပံ့များ ပံ့ပိုးရန်

စွန့်ဦးစီးပွားတီထွင်သူများသို့ တက္ကသိုလ်များနှင့် အကြီးစားကုမ္ပဏီများမှ နည်းပညာ အကူအညီ ပံ့ပိုးပေးရန် အားပေးပါသည်။ တက္ကသိုလ်များမှ သုတေသီများနှင့် စက်မှု ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် ပူးတွဲ R & D နှင့် တက္ကသိုလ်များမှ နည်းပညာ အကြံဉာဏ်ပေးမှုများစသည်တို့ကို စီးပွားရေးစတင်လုပ်ကိုင်သူများ၏ နည်းပညာရယူမှုအတွက် မြှင့်တင်သွားပါမည်။

၅.၅.၄ လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ခြင်း

မဟာဗျူဟာရည်မှန်းချက်များ

မြန်မာနိုင်ငံစီးပွားရေး၏ ကုန်ထုတ်စွမ်းအားနှင့်ယှဉ်ပြိုင်မှုတို့အတွက် ကျွမ်းကျင်လုပ်သားများမှာ မရှိမဖြစ်ဖြစ်ပြီး စက်မှုကဏ္ဍများမှတောင်းဆိုမှုမြင့်မားနေသည့်ကိစ္စဖြစ်ပါသည်။ယှဉ်ပြိုင်နိုင်သည့် လူစွမ်းအားအရင်းမြစ်ရရှိမှုမှာ ရင်းနှီးမြှုပ်နှံမည့် အရပ်ဒေသဆုံးဖြတ်ချက်များ၌ အဓိကအချက်တစ်ရပ်ဖြစ်ပါသည်။ လုပ်သားထု၏ကျွမ်းကျင်မှုအဆင့်မှာ အဆင့်မြင့် နည်းပညာလုပ်ငန်းများတွင် အထူးအရေးပါပါသည်။ ဤမဟာဗျူဟာသည် ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ခြင်းမှ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတစ်ရပ်ချမှတ်ရေးနှင့် ပညာရေးနှင့်လေ့ကျင့်ရေးအဖွဲ့အစည်းများကို အဆင့်မြှင့်တင်ရေးတို့ဖြင့် လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်ဖွံ့ဖြိုးရေး တိုးတက်စေရန် ရည်မှန်းထားပါသည်။

လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ များစွာလိုအပ်နေခြင်း

လက်ရှိအချိန်၌ မြန်မာနိုင်ငံသည် ၎င်း၏ ပေါကြွယ်ဝသည့် လုပ်သားအင်အားထုကို ယှဉ်ပြိုင်နိုင်သည့် ကုန်ကျစရိတ်ဖြင့် ရင်းနှီးမြှုပ်နှံသူများထံ ပေးနိုင်ပါသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံသူများအမှန်တကယ် လိုအပ်သည့်အလယ်အလတ်အဆင့်နှင့်ထိပ်ပိုင်းအဆင့် မန်နေဂျာနှင့်အင်ဂျင်နီယာစသည့် မြင့်မားသော ကုန်ထုတ်စွမ်းအား၊ နည်းပညာသစ် သိမ်းယူခြင်းနှင့်ထိရောက်သည့် စီးပွားရေးစီမံခန့်ခွဲမှုတို့အတွက်

[10] စွန့်ဦးစီးများတီထွင်သူများထံ ဘဏ္ဍာရေးပံ့ပိုးမှုကို ၅-၄ ၌ ဖော်ပြထားပြီးဖြစ်ပါသည်။

အဓိကကျသော ကျွမ်းကျင်လုပ်သားများပံ့ပိုးမှုမှာ မလုံလောက်ဘဲဖြစ်နေပါသည်။

လုပ်ငန်းအတွက် လိုအပ်နေသည့်လူစွမ်းအားရင်းမြစ်ပံ့ပိုးပေးရန် မြန်မာနိုင်ငံ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းစနစ်များကို အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။



ကားချပ်-၅.၁၆ လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များအတွက် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး

မြန်မာအစိုးရသည် နည်းပညာဆိုင်ရာအသက်မွေးဝမ်းကြောင်း ပညာရေးနှင့်လေ့ကျင့် သင်ကြားရေး (TVET)၏ အရေးပါပုံကို အသိအမှတ်ပြုပြီး ဥပဒေဆိုင်ရာနှင့် အဖွဲ့အစည်းမူဘောင်များ ဖန်တီးခြင်းဖြင့် TVET ပြုပြင်ပြောင်းလဲမှု ပြုလုပ်လျက်ရှိပါသည်။ ဘက်စုံပညာရေးကဏ္ဍ ပြန်လည်ဆန်းစစ်မှု (၂၀၁၂) နှင့် အမျိုးသားပညာရေးဥပဒေ(၂၀၁၄) ပြဋ္ဌာန်းခြင်းတို့မှာ မြန်မာနိုင်ငံတွင် TVET အတွက် အခြေခံမူဝါဒများဖြစ်ကြပါသည်။ နည်းပညာဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးကောင်စီသည် TVET မူဝါဒ မူဘောင်အတွက် တာဝန်ရှိပြီး TVET ပြုပြင်ပြောင်းလဲမှု တိုးမြှင့်ရန် TVET အထူးလုပ်ငန်းအဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ TVET အတွက် မဟာဗျူဟာများကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)တွင် သတ်မှတ်ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် ဝန်ကြီးဌာနအမျိုးမျိုးအောက်၌ ပညာရေးအမျိုးအစားနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ အမျိုးမျိုးရှိပါသည်။ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (၂၀၁၃) အရ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက် ဗဟိုအဖွဲ့သည် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး

အတွက်တာဝန်ရှိပါသည်။ ဗဟိုအဖွဲ့၏အောက်တွင် အမျိုးသားကျွမ်းကျင်မှုဖွံ့ဖြိုးရေးအာဏာပိုင် (NSDA) သည် ကျွမ်းကျင်မှုစံချိန်စံညွှန်း၊ စွမ်းရည်အခြေခံ သင်ရိုးညွှန်းတန်းနှင့်စွမ်းရည်အခြေခံ အကဲဖြတ်မှု အမြင်တို့မှ TVET ကျောင်းများကို ပြန်လည်ဆန်းစစ်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်အညီ ကျွမ်းကျင်မှုအရည်အသွေးမူဘောင်တစ်ရပ်ကို ဖန်တီးလျက်ရှိပါသည်။ အမျိုးသားကျွမ်းကျင်မှုစံချိန်စံညွှန်းအာဏာပိုင်(NSSA)သည် အမျိုးသား စွမ်းဆောင်ရည်မူဘောင်များနှင့် စွမ်းရည်စံချိန်စံညွှန်းများကို ဖွံ့ဖြိုးပါသည်။

လိုအပ်သည့် ဆောင်ရွက်မှုများ

ဆောင်ရွက်မှု ၅-၄-၁	လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံကိန်း တစ်ရပ် ချမှတ်ခြင်း

(၁) ပုဂ္ဂလိကကဏ္ဍ၏ လိုအပ်ချက်များကို ထိန်းကျောင်း ကြပ်မတ်ရန်

ထိရောက်သည့် သင်ရိုးညွှန်းတမ်းများကို အဆင့်မြှင့်တင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ၏ အမှန်တကယ်လိုအပ်ချက်များကို လက်ကိုင်ပြုနိုင်ရေးမှာ အဓိကကျပါသည်။ TVET ၏ ကြီးကြပ်သူဖြစ်သည့် အစိုးရအဖွဲ့အစည်းများနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ပညာရေးနှင့် လေ့ကျင့်ရေးအဖွဲ့အစည်းတစ်ခုစီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ကဲ့သို့ သောပုဂ္ဂလိကကဏ္ဍတို့အကြား ဆွေးနွေးပွဲ လွယ်ကူချောမွေ့စေရန် လိုအပ်ပါသည်။

အကြီးစားရင်းနှီးမြှုပ်နှံမှုများ၏ စီးဝင်မှုနှင့် စက်မှုဆိုင်ရာ အပြောင်းအလဲတို့သည် လုပ်ငန်း၏ လူစွမ်းအားရင်းမြစ်လိုအပ်ချက်များကို ပြောင်းလဲနိုင်သည်။ ဥပမာ ကမ္ဘာ့ IT ကုမ္ပဏီများသည် ဈေးကွက်အတွင်းရှိ IT အင်ဂျင်နီယာများအားလုံးကို အလုပ်ခန့်ထားကောင်း ခန့်ထားနိုင်ပါသည်။ DICA သည် လူစွမ်းအားရင်းမြစ်များအတွက် တောင်းဆိုချက်များအပေါ်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အမြင်များ (အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ)ကို စဉ်ဆက်မပြတ် ထိန်းကျောင်းကြပ်မတ်သွားပါမည်။

တချိန်တည်းမှာပင် လူစွမ်းအားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ဖန်တီးရန်အလို့ငှာနှစ်လိုဖွယ်ရှိသော စက်မှုဆက်ဆံရေးများကိုလည်း မြန်မာအစိုးရမှ လွယ်ကူအောင် ဆောင်ရွက်ပေးပါမည်။

(၂) လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးရန်အတွက် စီမံကိန်းတစ်ရပ်ချမှတ်ရန်နှင့်လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ အထူးပြုရန်

The DICA သည် ထိန်းကျောင်းကြပ်မတ်စောင့်ကြည့်ထားသည့် ရင်းနှီးမြှုပ်နှံသူများ လိုအပ်နေ

သည့် လူစွမ်းအားရင်းမြစ်များကို ပညာရေးနှင့် သင်ကြားရေးမူဝါဒများ ချမှတ်သူများထံသို့ တင်ပြပါမည်။နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းကောင်စီသည် လုပ်ငန်း (သို့မဟုတ် TVET) အတွက် သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ၏ အထူးပြုလိုအပ်ချက်များကို ဖြည့်ဆည်းရန် သင်ရိုးညွှန်းတမ်း ဒီဇိုင်းဆွဲရန်နှင့် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး အဖွဲ့အစည်းများကို တိုးချဲ့ရန် ရည်ရွယ်ချက်ဖြင့် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးရန်အတွက် စီမံကိန်းတစ်ရပ်ကို မွေးထုတ်ပါမည်။

ဆောင်ရွက်မှု ၅-၄-၂	လုပ်ငန်းအတွက် ပညာရေးနှင့် လေ့ကျင့်ရေး လုပ်သားအင်အား တိုးမြှင့်ခြင်း

(၁) ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရန်ရှိပြီး ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများကို အဆင့်မြှင့်တင်ရန်

လက်ရှိအချိန်၌ပညာရေးဝန်ကြီးဌာနအောက်တွင်ကွန်ပျူတာလေ့လာမှုများအတွက် တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကောလိပ်များ၊ နည်းပညာတက္ကသိုလ်၊ နည်းပညာ အသက်မွေးဝမ်းကျောင်းများနှင့် နည်းပညာအဆင့်မြင့် ကျောင်းများရှိကြပြီး စက်မှုဝန်ကြီးဌာနအောက်တွင် စက်မှုလေ့ကျင့်ရေး ဗဟိုဌာနများရှိကြပါသည်။ အခြားဝန်ကြီးဌာနများတွင်လည်း ၎င်းတို့ ကိုယ်ပိုင်သင်တန်းလေ့ကျင့်ရေးကျောင်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ လည်ပတ်သည့် သင်တန်းကျောင်းများလည်းရှိကြပါသည်။.

အစိုးရပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများရှိ အထောက်အပံ့ပစ္စည်းပစ္စယများနှင့် သင်ရိုးညွှန်းတမ်းများမှာ ခေတ်မီခြင်းမရှိသည်က အများစုဖြစ်သောကြောင့် လုပ်ငန်းများမှ လိုအပ်နေသည့် ကျွမ်းကျင်မှုများနှင့် အဓိမလိုက်နိုင်ဖြစ်နေပါသည်။ရေရှည်ဆောင်ရွက်မှုအဖြစ် အစိုးရပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများရှိ ရှိပြီးအထောက်အပံ့ပစ္စည်း ပစ္စယများနှင့် သင်ကြားရေး နည်းလမ်းများကို ပြုပြင်မွမ်းမံရန် မရှိမဖြစ်လိုအပ်ပါသည်။ လုပ်ငန်းခွင်လေ့ကျင့်ရေးအစီအစဉ်ကို စတင်မိတ်ဆက်ခြင်းမျိုးမှာ လက်တွေ့ကျွမ်းကျင်မှုများကို လေ့လာရန် ကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်း တိုးတက်ဆောင်ရွက်ခြင်း၏ နမူနာတစ်ရပ်ဖြစ်ပါသည်။

ပြည်ပနိုင်ငံများမှ ယှဉ်တွဲလိုက်ဖက်ပေးသည့် အကူအညီမျိုးမှာ တိုးတက်ခြင်းအတွက် နည်းလမ်းတစ်ရပ်ဖြစ်နိုင်ပါသည်။ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုဆိုင်ရာလေ့ကျင့် သင်ကြားရေး ဗဟိုဌာနများတွင် ၎င်းတို့၏ သင်တန်းများအား နိုင်ငံခြားတိုင်းပြည်များ၏ အကူအညီနှင့် ပြုပြင် မွမ်းမံထားပါသည်။

(၂) ကျွမ်းကျင်လုပ်သားနှင့် မန်နေဂျာများ မွေးထုတ်ရန် အဆင့်မြင့် လက်တွေ့သင်တန်း ဘာသာရပ်များ စတင်မိတ်ဆက်မှု မြှင့်တင်ရန်၊

ရင်းနှီးမြှုပ်နှံသူများသည် လက်တွေ့ဗဟုသုတများနှင့် ကျွမ်းကျင်ဝန်ထမ်းများနှင့် အလယ်အလတ် အဆင့် စီမံခန့်ခွဲရေး ဝန်ထမ်းများကို လိုအပ်နေကြပါသည်။

အဆင့်မြင့်အလုပ်သမားများအတွက် သင်ကြားလေ့ကျင့်ရေး ဘာသာရပ်များ စတင် တည်ထောင်ရေးနှင့် အထူးပြုကျွမ်းကျင်မှုများအပေါ် တက္ကသိုလ်များ၊ အသင်း အဖွဲ့များ၊ NGOများ၊ အလှူရှင်များနှင့်ရင်းနှီးမြှုပ်နှံသူတို့ ကိုယ်တိုင် တို့အကြား ပူးပေါင်းဆောင်ရွက်ရေး အားပေးလျှင်ထိရောက်ပါသည်။

ၵင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှု၏ ဥပမာအချို့ရှိပါသည်။ JICA၏ အကူအညီဖြင့် UMFCCIမှ စီမံခန့်ခွဲသည့် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-ဂျပန်စင်တာ(MJC)သည် လက်တွေ့ထုတ်လုပ်မှုနည်းပညာများ၏ သင်တန်းများကို ပံ့ပိုးပေးပါသည်။ မြန်မာအထည်ချုပ် လူစွမ်းအားရင်းမြစ်ဖွံ့ဖြိုး တိုးတက်ရေး စင်တာ(MGHRDC)သည် JETROနှင့်ပူးပေါင်း၍ အထည်ချုပ်လုပ်သားများအား လေ့ကျင့်သင်ကြားပေးပါသည်။ စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးကျောင်း(SMVTI)သည်နိုင်ငံခြားကုမ္ပဏီများနှင့်ပူးပေါင်း၍ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဟိုတယ်ကဏ္ဍများတွင် လုပ်ငန်းခွင်လေ့ကျင့်ရေးသင်တန်းအစီ အစဉ်များပေးပါသည်။

ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမှာ မြန်မာနိုင်ငံတွင် လက်တွေ့သင်တန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆောင်းဆောင်ရွက်ချက် တစ်ရပ်ဖြစ်ပါသည်။ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအားစည်းမျဉ်းစည်းကမ်းများ၊လုပ်ငန်း တည်ထောင်သည့် လုပ်ထုံးလုပ်နည်းများနှင့် အတည်ပြုချက်အတွက် ဦးစားပေးအချက်များအပေါ် ပြဋ္ဌာန်းချက်များအပါအဝင် ဘက်စုံအကူအညီများ ပံ့ပိုးရန် မရှိမဖြစ်လိုအပ်ပါသည်။

(၃) လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ ပံ့ပိုးရန် အဆင့်မြင့် ပညာရေးအဆင့်၌ နည်းပညာဆိုင်ရာ ပညာရေး မြှင့်တင်ရန်

သိပ္ပံနှင့်အင်ဂျင်နီယာနယ်ပယ်များအတွင်း အဆင့်မြင့်ပညာရေးအတွက် နည်းပညာဆိုင်ရာ တက္ကသိုလ် ၃၃ခုနှင့်ကွန်ပျူတာလေ့လာရေးတက္ကသိုလ် ၂၈ခုရှိပါသည်။သို့ရာတွင် ဘွဲ့ရရှိသူများ၏ ကျောင်းသားအရေအတွက် သို့မဟုတ် ကျွမ်းကျင်မှုအဆင့်တို့သည် ရင်းနှီးမြှုပ်နှံသူများ ကျေနပ်အားရလောက်ဖွယ် မရှိပါ။

အရည်အသွေးမြင့်အင်ဂျင်နီယာများ၊သိပ္ပံဆိုင်ရာသုတေသီများနှင့် ITကျွမ်းကျင်သူများကို မွေးထုတ်ရန်၊ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများကို အဆင့်မြှင့်ရန်နှင့် စွမ်းဆောင်ရည်တိုးချဲ့ရန် မူချ

လိုအပ်ပါသည်။ ထို့ပြင် R&D ဆောင်ရွက်ချက်များ၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအသစ်များနှင့် SMEများသို့ နည်းပညာလွှဲပြောင်းပေးခြင်းတို့အပေါ် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေပါသည်။

ဆောင်ရွက်မှု ၅-၄-၃	လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(၁) FDIများအတွက် လုပ်ငန်းအတွင်း သင်တန်းများကို အားပေးရန်

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အိမ်ရှင်နိုင်ငံတွင် မရှိသေးသည့် နည်းပညာအသစ်များကို မကြာခဏ ယူဆောင်လာတတ်ပြီး ကိုယ်ပိုင်နည်းပညာများကို အသုံးပြုတတ်သဖြင့် ကုမ္ပဏီအတွင်း၌ ၎င်းတို့၏ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရန်မှာ လုပ်နေကျအလုပ်ဖြစ်ပါ သည်။ သို့ရာတွင် အိမ်ရှင်နိုင်ငံတွင် နည်းပညာနိမ့်ထုတ်လုပ်မှုနှင့် စတင်ရန်မှာလည်း ရင်းနှီးမြှုပ်နှံသူများအတွက် ယေဘုယျဖြစ်ပါသည်။ ထို့ကြောင့် စက်မှုပစ္စည်းထုတ်လုပ်ရေးတွင် အသုံးပြုသည့် နည်းပညာများကို အဆင့်မြှင့်တင်ရန်အတွက် ကုမ္ပဏီအတွင်း သင်တန်းများအားပေးရန် အရေးကြီးပါသည်။

(၂) အလုပ်အကိုင်အစားထိုး ဝန်ဆောင်မှု တိုးမြှင့်ရန်

ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးကျောင်းများအပေါ် သတင်းအချက်အလက်မှာ အလွန်အကန့်အသတ်ရှိပါသည်။တဝက်တပျက်ကျွမ်းကျင် ဝန်ထမ်းများ၊နည်းပညာရှင်များ၊ အင်ဂျင်နီယာများနှင့် အလယ်အလတ်စီမံခန့်ခွဲမှုစသည့် လိုအပ်သည့်ဝန်ထမ်းများကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှ ရှာဖွေရန် (အထူးသဖြင့် မြန်မြန် ဆန်ဆန်ရှာဖွေရန်)မှာ ခက်ခဲလှပါသည်။ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကို မကြာခဏ အသုံးပြုနေရပါသည်။

ထို့ကြောင့် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးကျောင်းများအပေါ် ယုံကြည်အားထား လောက်သည့် စာရင်းများစုဆောင်းပံ့ပိုးပေးလျှင် အသုံးဝင်ပါသည်။သို့မှသာ မည်သို့သော ကျွမ်းကျင်သူအမျိုးအစားများကို မျှော်လင့်နိုင်မည်နှင့် အဖွဲ့အစည်းများသို့ မည်သို့ ဆက်သွယ်နိုင်မည်တို့ကို ရင်းနှီးမြှုပ်နှံသူများမှ နားလည်နိုင်ပါသည်။

ဝန်ထမ်းအစားထိုးသည့် ကွန်ယက်၊ အလုပ်အကိုင်ရှာဖွေသူများနှင့် ရင်းနှီးမြှုပ်နှံသူတို့အား ယှဉ်တွဲပေးခြင်းတို့ကို ဖွံ့ဖြိုးတိုးချဲ့မှုမှာ စဉ်းစားဆဲဖြစ်ပါသည်။

၅.၆ မဟာဗျူဟာအကောင်အထည်ဖော်သည့် အချိန်ဇယား

အဆိုပြုခဲ့သည့် မဟာဗျူဟာများအား အကောင်အထည်ဖော်ရေးအတွက် အချိန်ဇယားကို အောက်ဖော်ပြပါဇယားများတွင် ဖော်ပြထားပါသည်။

၅.၇ ဇယား အကောင်အထည်ဖော်သည့် အချိန်ဇယား အမျိုးအစား ၁: ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ

	မဟာဗျူဟာ	ကာလတို	ကာလလတ်	ကာလရှည်
၁	ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ			
၁-၁	ခိုင်မာသည့် မေရှိစီးပွားရေး မူဝါဒများ ဆက်လက်ဆောင်ရွက်ဖြစ်ပေါ်စေခြင်း			
	၁ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဟန်ချက်ညီသည့် မေရှိစီးပွားရေးမူဝါဒ အကောင်အထည်ဖော်ရန်			
	၁ ထိန်းထားနိုင်သည့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် လျော်ညီသည့် မေရှိစီးပွားရေးမူဝါဒရောနှောချ ထိန်းထားရန်			
	၂ အထောက်အပံ့ပြုသည့် စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရေးအတွက် စီးပွားရေး မူဝါဒများ ပြင်ဆင် အကောင်အထည်ဖော်ရန်			
	၂ မေရှိစီးပွားရေးမူဝါဒ ချမှတ်ခြင်း စွမ်းဆောင်ရည်အား ခိုင်မာစေရန်			
	၁ ဆက်စပ်ဝန်ကြီးဌာနများတွင် မေရှိစီးပွားရေးမူဝါဒချမှတ်ခြင်း စွမ်းဆောင်ရည်အား ခိုင်မာစေရန်			
	၂ မေရှိစီးပွားရေးစီမံခန့်ခွဲမှုအတွက် လိုအပ်သည့် မေရှိစီးပွားရေးဆိုင်ရာ မဟာဗျူဟာများ တိုးတက်စေရန်			
	၃ ဆက်စပ်ဝန်ကြီးဌာနများတွင် အရာရှိများ၏ မူဝါဒချမှတ်သည့် စွမ်းဆောင်ရည် တိုးမြှင့်ရန်			
	၃ ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများ၏ ပြဌာန်းချက် တိုးတက်စေရန်			
	၁ ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများ၏ ပါဝင်မှုများ တိုးချဲ့ရန်			
	၂ ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများ၏ အချက်အလက်များစုဆောင်းခြင်း တည်ထောင်ရန်			
၁-၂	ပွင့်လင်းသည့် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် တိုးတက်သည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ်သို့ ခိုင်မာသည့်ကတိကဝတ်ထားခြင်း			
	၁ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ မူများအား တည်ထောင်ဖြန့်ဝေရန်			
	၁ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ဗဟိုအဖြစ် ရင်းနှီးမြှုပ်နှံမှု မူဝါဒ၏ အနေအထား			
	၂ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၏ မူအား ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများနှစ်ရပ်လုံးသို့ ရှင်းလင်းစွာ ဆက်သွယ်ရန်			
	၂ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၏ မူများအား အသုံးပြု၍ ဆက်စပ်ဝန်ကြီးဌာနများမှ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်နေသည့် မူဝါဒများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်			
	၁ ဝန်ကြီးဌာနများအကြား မူဝါဒပူးပေါင်းဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒအကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်မွန်ခြင်းတို့အတွက် ယန္တရားတစ်ရပ် တည်ထောင်ရန်			
	၂ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအပေါ် ပုဂ္ဂလိကကဏ္ဍနှင့် တက်ကြွစွာ ဆက်သွယ်ရန်			

	၃ နိုင်ငံ မူဘောင်များတွင် ရင်းနှီးမြှုပ်နှံမှုဖြေလျှော့ရေး တိုးမြှင့်ရန်			
	၁ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC)အတွင်း ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်းအား တိုးမြှင့်ရန်	■	■	■
	၂ AEC အပြင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းမူဘောင်များအတွင်း ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ခြင်းအား တိုးမြှင့်ရန်	■	■	■
	၄ စီးပွားရေးပတ်ဝန်းကျင်တိုးတက်ကောင်းမွန်မှုအတွက် ဥပဒေဆိုင်ရာမူဘောင် ပြင်ဆင်ရန်နှင့် စည်းမျဉ်းများလျှော့ပေါ့ပေးမှု တိုးမြှင့်ရန်			
	၁ စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ ရိုးရှင်းလွယ်ကူစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်နေသည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား ပြဋ္ဌာန်းရန် သို့မဟုတ် ပြန်လည် ပြင်ဆင်ရန်	■	□	□
	၂ ဆက်စပ်ဝန်ကြီးဌာနများ၏ ဥပဒေပြဋ္ဌာန်းမှု စွမ်းရည်အား မြှင့်တင်ရန်	■	□	□
	၃ လုပ်ငန်းအတွက် စည်းမျဉ်းများ ထပ်မံလျှော့ပေါ့ပေးရေး ဆန်းစစ် အကောင်အထည်ဖော်ရန်	■	□	□
	၅ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၏ ဆက်စပ်ပါဝင်မှုအား ပုံမှန်ပြန်လည်ဆန်းစစ်ရန်			
	၁ ရင်းနှီးမြှုပ်နှံမှုမူဝါဒ ပြန်လည်ဆန်းစစ်မှုအတွက် ယန္တရားတစ်ရပ် တည်ထောင်ရန်	■	□	□
	၂ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အား ထိန်းကျောင်းရန် နှင့် အကဲဖြတ်ရန်	■	■	■
	၃ အမျိုးသား လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒတွင် ပြောင်းလဲမှုများကို တုန့်ပြန်သော အားဖြင့် အမျိုးသားရင်းနှီးမြှုပ်နှံမှု မူဝါဒကို ပြန်လည်သုံးသပ်ရန်	□	■	■
	၄ လိုအပ်ချက်များ ပေါ်ပေါက်လာပါက ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် ဥပဒေများ/စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်ရန်	■	■	■
	၆ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်မှုအပေါ် ချိုးဖောက်ကျူးလွန်မှုများအား မျှတဂရုပြု၍ စည်းမျဉ် စည်းကမ်းဖြင့် ထိန်းကျောင်းရန်			
	၁ ရင်းနှီးမြှုပ်နှံသူများမှ ချိုးဖောက်ကျူးလွန်မှုများအား ထိန်းကျောင်းကြပ်မတ်ရန်	■	■	■
	၂ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကာကွယ်မှု အသက်ဝင်စေရန်	■	■	■
	၃ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို မျှတစွာ အသုံးချခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု ချိုးဖောက်ကျူးလွန်မှုများကို ထိန်းချုပ်ရန်	■	■	■
၁-၃	ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် စက်မှုဆိုင်ရာမူဝါဒများ ချမှတ်ခြင်း			
	၁ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးရန်			
	၁ ဦးစားပေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ ချမှတ်ရန်	■	□	□
	၂ စက်မှုဖွံ့ဖြိုးရေးမူဝါဒများ၏ လုပ်ငန်းစဉ်များကို ထိန်းကျောင်းကြပ်မတ်ရန်နှင့် အခြေအနေက တောင်းဆိုသည့်အတိုင်း ပြုပြင်မွမ်းမံရန်	□	■	■

	၂ ပစ်မှတ်ထားရည်မှန်းသည့်ရင်းနှီးမြှုပ်နှံမှုများအတွက် မက်လုံးအသစ်များ ဆန်းစစ်ရန်			
	၁ အခြားနိုင်ငံများ၏ ကိစ္စရပ်များကို ဆန်းစစ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အလားအလာရှိသည့် မက်လုံးများ ဆန်းစစ်ရန်			
	၂ ပစ်မှတ်ထားရည်မှန်းသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် သို့မဟုတ် လုပ်ငန်းများဆွဲဆောင်ခြင်း တိုးတက်စေရန်အတွက် မက်လုံးအသစ်များ မိတ်ဆက်ရန်			

မှတ်ချက်:
- Plan and implementation
- Monitoring, follow-up or revision

ဇယား - ၅.၈ အကောင်အထည်ဖော်သည့် အချိန်ဇယား အမျိုးအစား ၂: ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

	မဟာဗျူဟာ	ကာလတို	ကာလလတ်	ကာလရှည်
၂	ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း			
၂-၁	နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း			
	၁ နိုင်ငံ့ပြယုဂ်ကိုအသုံးပြု၍ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်			
	၁ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ရင်းနှီးမြှုပ်နှံသူဆက်သွယ်ရေးမဟာဗျူဟာတစ်ရပ် ချမှတ်ရန်	■		
	၂ ပို့ကုန်နှင့် ခရီးသွား တိုးတက်ရေးနှင့် ပေါင်းစပ်ရန်နှင့် နိုင်ငံပြယုဂ်အတွက် အထူးလုပ်ငန်း အဖွဲ့တစ်ရပ် ဖွဲ့စည်းရန်	■		
	၃ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် မြှင့်တင်ရေးဆိုင်ရာ ကိရိယာများ ချမှတ်ရန်	■	■	■
	၄ နိုင်ငံပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန်နှင့် ခရီးသွားမြှင့်တင်ရေးတို့အကြား ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ရန်	■	■	■
	၂ DICA၏ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရန်အတွက် မြှင့်တင်ရေးလှုပ်ရှားမှုများကို တိုးမြှင့်ရန်			
	၁ DICA၏ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရေး လုပ်ငန်းတာဝန် မြှင့်တင်ရန်	■	■	■
	၂ ဒေသတွင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးလှုပ်ရှားမှုများကို မြှင့်တင်ရန်	■	■	■
၂-၂	ရင်းနှီးမြှုပ်နှံသူကာကွယ်ရေး အားကောင်းခိုင်မာစေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် စည်းမျဉ်းစည်းကမ်းစီမံခန့်ခွဲမှု စေ့စပ်သေချာစေခြင်း			
	၁ ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းမူဘောင် ထိရောက်စွာ အကောင်အထည်ဖော်ရေး သေချာစေရန်			
	၁ MIL နှင့် SEZ ဥပဒေများ ထိရောက်စွာအကောင်အထည်ဖော်မှု သေချာစေရန်	■		
	၂ ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရ အရာရှိများမှ ယေဘုယျနားလည်မှု သေချာစေရန် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် အမျိုးအစားခွဲခြားမှုများ ထုတ်ပြန်ရန်	■	■	■
	၃ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အပေါ် တားဆီးကန့်သန့်ချက်များအတွက် ဆုံးဖြတ်ရန်မူများနှင့် အကြောင်းရင်းများကို ရှင်းလင်းစွာ ခွဲခြားရန်နှင့် ဆက်သွယ်ရန်	■	■	■
	၂ ရင်းနှီးမြှုပ်နှံသူ အကာအကွယ်ပေးမှု အားကောင်းစေရန်			
	၁ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရင်းနှီးမြှုပ်နှံသူကာကွယ်ရေးစနစ် တည်ထောင်ရန်	■	■	■
	၂ ရင်းနှီးမြှုပ်နှံသူအကာအကွယ်ပေးရေးစနစ် မျှတစွာ လည်ပတ်ရန်နှင့် တိုးတက်စေရန်	■	■	■
၂-၃	ရှင်းလင်းသည့် လျှောက်လွှာလျှောက်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် လျှောက်လွှာများကို ကိုင်တွယ်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ခြင်း			

	၁ ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်စေရန်			
	၁ MILအရ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားသည့် လုပ်ထုံးလုပ်နည်းများ တည်ထောင်ရန်			
	၂ ရင်းနှီးမြှုပ်နှံမှု လျှောက်ထားသည့် လုပ်ထုံးလုပ်နည်းများ အား လမ်းညွှန်များနှင့် FAQများအဖြစ် အများပြည်သူသို့ ထုတ်ပြန်ကြေငြာရန်			
	၂ လုပ်ထုံးလုပ်နည်းအရ လျှောက်လွှာများကို စနစ်တကျ စီမံခန့်ခွဲရန် အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန်			
	၁ ဆက်စပ်အဖွဲ့အစည်းများ၌ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် လျှောက်လွှာများနှင့် တင်ပြမှုများအား စနစ်တကျ စီမံခန့်ခွဲမှု တည်ထောင်ရန်			
	၂ ပစ်မှတ်ထားသည့် စီမံခန့်ခွဲရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြား ပေးရန်			
	၃ လုပ်ပိုင်ခွင့်အာဏာတိုးမြှင့်ပေးခြင်းမှ OSSC၏ လုပ်ငန်းတာဝန်များအား တိုးမြှင့်ရန်			
	၁ လျှောက်ထားသည့် လုပ်ထုံး လုပ်နည်းများ ထိရောက်ကိုက်ညီစေရန်			
	၂ အွန်လိုင်း လျှောက်လွှာလျှောက်ထားမှုနှင့် ခြေရာခံစနစ်တစ်ရပ် ဖွံ့ဖြိုးရန်			
	၄ MILအောက်တွင် ရင်းနှီးမြှုပ်နှံမှုနောက်ပိုင်း ထိန်းကျောင်းကြီးကြပ်သည့် ယန္တရားတည်ထောင်ရန်			
	၁ MIL နှင့် အခြားသော ဆက်စပ်သည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် ခိုင်မာသည့် ထိန်းကျောင်းကြီးကြပ်သည့် ယန္တရားတစ်ရပ် တည်ထောင်ရန်နှင့် အသုံးချရန်			
၂-၄	စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှု မြှင့်တင်ခြင်း			
	၁ စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးပေးသောယန္တရားတစ်ရပ် ဒီဇိုင်း/ပုံစံရေးဆွဲရန်			
	၁ ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့် ပံ့ပိုးမှုများအား ဖော်ထုတ်ရန်			
	၂ DICA နှင့် OSSCတို့အား ဝန်ဆောင်မှုများ ဗဟိုအဖြစ် ပြုလုပ်ရန် ပူးပေါင်း ဆောင်ရွက်ရေးယန္တရားတစ်ရပ် တည်ဆောက်ရန်			
	၂ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် DICA နှင့် OSSC၌ စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှု ပေးရန်			
	၁ DICAနှင့် OSSCတို့မှ ပါဝင်လွယ်ကူချောမွေ့စေသည့် ပေါင်းစည်း ရင်းနှီးမြှုပ်နှံသူပံ့ပိုးဝန်ဆောင်မှုများ ပံ့ပိုးပေးရန်			
	၂ ရင်းနှီးမြှုပ်နှံသူပံ့ပိုးမှုအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရန်			
	၃ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များနှင့် ကျေနပ်မှုအဆင့်များကို ထိန်းကျောင်းကြပ်မတ်ရန်			
	၁ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များနှင့် ကျေနပ်မှုအဆင့်များကို ပုံမှန် ထိန်းကျောင်းကြပ်မတ်ရန်			
	၂ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များအရ ရင်းနှီးမြှုပ်နှံ သူပံ့ပိုးမှု တိုးမြှင့်ရန်			

	၄ ရှိပြီး ရင်းနှီးမြှုပ်နှံသူများ၏ ပြန်လည်ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းအမျိုးအစားချဲ့ထွင်ကွဲပြားခြင်းကို ပံ့ပိုးပေးခြင်းနှင့် တိုးမြှင့်ခြင်း	
	၁ ရှိပြီးရင်းနှီးမြှုပ်နှံသူများကို ပစ်မှတ်ထားသည့် မြှင့်တင်ရေးအစီအစဉ်များ ပုံစံရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်	
	၂ လုပ်ငန်းအမျိုးအစားချဲ့ထွင်ကွဲပြားရေးအတွက် ရှိပြီး ရင်းနှီးမြှုပ်နှံသူများအား ပံ့ပိုးရန် အတွက် အဖွဲ့တစ်ဖွဲ့ တည်ထောင်ရန်	
၂၅	လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ ထူထောင်ခြင်း	
	၁ လွတ်လပ်သည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီ(IPA)တစ်ရပ် ထူထောင်ရေး စီစဉ်ရန်	
	၁ လွတ်လပ်သည့် IPA တစ်ရပ်အတွက် လိုအပ်ချက် အကဲဖြတ်ရန်	
	၂ လွတ်လပ်သည့် IPA တစ်ရပ် တည်ထောင်ရေးအတွက် စီမံကိန်းတစ်ရပ် ဖွံ့ဖြိုးရန်	
	၃ လိုအပ်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရန်နှင့် အတည်ပြုချက် ရယူရန်	
	၂ လွတ်လပ်သည့် IPAတစ်ရပ် တည်ထောင်ရန်နှင့် အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန်	
	၁ လွတ်လပ်သည့် IPA တစ်ရပ်တည်ထောင်ရန်	
	၂ IPA ၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှု တိုးမြှင့်ရန်	

မှတ်ချက်: Plan and implementation

Monitoring, follow-up or revision

ဇယား - ၅.၉ အကောင်အထည်ဖော်သည့်အချိန်ဇယားအမျိုးအစား၃: အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး

	မဟာဗျူဟာ	ကာလတို	ကာလလတ်	ကာလရှည်
၃	အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ခြင်း			
၃-၁	ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း တိုးတက်စေခြင်း			
	၁ ပေါင်းစည်းအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ် ပြင်ဆင်ရန်			
	၁ စီမံကိန်း ဦးစားပေးများနှင့် အချိန်ဇယားများခြဲရံလျက် အမျိုးသားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွင်းသို့ ဆက်စပ်ဝန်ကြီးဌာနများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်သည့် အခြေခံ အဆောက်အအုံစီမံကိန်းများ ပေါင်းစပ်ရန်			
	၂ ဘဏ္ဍာရေးတည်ဖောက်မှုနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ဖြစ်နိုင်သည့် ဘဏ္ဍာရေးရင်းမြစ်များကို အကဲဖြတ်ရန်			
	၂ အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် စီမံရေးနှင့် အကောင်အထည်ဖော်ရေးစွမ်းရည်ကို မြှင့်တင်ရန်			
	၁ အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ စီမံကိန်းစွမ်းဆောင်ရည်အား တိုးတက်စေရန်			
	၂ အခြေခံအဆောက်အအုံ စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေရန်			
၃-၂	စက်မှုဇုန်များနှင့် SEZများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း			
	၁ စက်မှုဇုန်များနှင့် SEZsများအတွက် စီမံခန့်ခွဲရေးမူဝါဒများ တိုးတက်စေရန်			
	၁ စက်မှုဇုန်များ၏ စီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့အား တိုးတက်စေရန်			
	၂ အမျိုးသား စက်မှုဇုန် နေရာချထားရန် အစီအမံတစ်ရပ် ချမှတ်ခြင်း			
	၃ စက်မှုဇုန်များ ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေးအတွက် စည်းမျဉ်းများနှင့် စံသတ်မှတ်ချက်များ ချမှတ်ရန်			
	၄ စက်မှုဇုန်များတွင် OSS နေရာများ တည်ထောင်ရန်			
	၂ Expan ရှိပြီး စက်မှုဇုန်များနှင့် SEZများ တည်ထောင်ရန်နှင့် အဆင့်မြှင့်တင်ရန်			
	၁ ရှိပြီး စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံကို အဆင့်မြှင့်တင်ရန်			
	၂ သီလဝါ SEZ ကို တိုးချဲ့ရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်အညီ ထားဝယ်နှင့် ကျောက်ဖြူ SEZများ ကို ဆက်လက်ဖွံ့ဖြိုးရန်			
	၃ စက်မှုဇုန်များနှင့် SEZများတွင် ရင်းနှီးမြှုပ်နှံမှု အသစ်များတိုးမြှင့်ရန်			
	၁ စက်မှုဇုန်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်			
	၂ အထူးရည်ရွယ်ထားသည့် စက်မှုဇုန်အသစ်များနှင့် နယ်မြေအသစ်များ တိုးမြှင့်ရန်			

၃-၃	PPP တစ်ရပ် မူဘောင်တည်ထောင်ခြင်းနှင့် PPP စီမံကိန်းများ လွှဲပြောင်းမှု ဆိုင်ရာကိစ္စရပ်များအား မြှင့်တင်ခြင်း			
	၁ PPP Master Plan တစ်ရပ် ချမှတ်ရန်			
	၁ PPP မြှင့်တင်ရေး အတွက် တာဝန်ယူမည့် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန်			
	၂ မြန်မာ PPPမူဝါဒစာတမ်းအပေါ် အခြေခံ၍ PPP Master Plan တစ်ရပ် ချမှတ်ရန်			
	၂ PPP မူဘောင်တစ်ရပ် ပြင်ဆင်ရန်နှင့်စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန်			
	၁ မြန်မာနိုင်ငံတွင် PPP အတွက် ဥပဒေဆိုင်ရာမူဘောင်တစ်ရပ် တည်ထောင်ရန်			
	၂ ယှဉ်ပြိုင်နိုင်စွမ်းရှိသော PPP လုပ်ငန်းစဉ်များ တည်ထောင်ရန်			
	၃ လုပ်ငန်းဖြစ်မြောက်စေရေးအတွက်ကွာဟချက်ဖြည့်ဆည်းရေးရန်ပုံငွေနှင့် အစိုးရအာမခံများကဲ့သို့သော ဘဏ္ဍာရေး ပံ့ပိုးပေးသည့် အစီအစဉ်များ တည်ထောင်ရန်			
	၄ PPP စီမံကိန်းပြင်ဆင်ရေးနှင့် PPP လွှဲပြောင်းမှုဆိုင်ရာကိစ္စရပ်များ အတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ စွမ်းဆောင်ရည်များကို တိုးမြှင့်ရန်			
	၃ PPP လွှဲပြောင်းမှုဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ရန်			
	၁ PPP စီမံကိန်းများ ဖော်ထုတ်ရန်နှင့် တည်ထောင်ရန်			
	၂ PPP လွှဲပြောင်းမှုဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ရန်နှင့် PPP စီမံကိန်းများကို စီမံခန့်ခွဲရန်			

Plan and implementation

Monitoring, follow-up or revision

မှတ်ချက်

ဇယား - ၅.၁၀ အကောင်အထည်ဖော်သည့် အချိန်ဇယား အမျိုးအစား၄: စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်သည့် စနစ်များ

			ကာလတို	ကာလလတ်	ကာလရှည်
၄	စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်သည့် စနစ်များ				
၄-၁	စီးပွားရေးလုပ်ငန်းနှင့်ဆက်စပ်သည့်စနစ်များအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း				
	၁	ဥာဏ ပစ္စည်းအတွက် ခိုင်မာသည့်ကာကွယ်မှုတည်ဆောက်ရန်			
		၁ နိုင်ငံတကာလိုအပ်ချက်များအရ ဥာဏပစ္စည်း စီမံခန့်ခွဲမှုတည်ထောင်ရေးအတွက် လမ်းပြမြေပုံတစ်ရပ် ထုတ်လုပ်ရန်			
		၂ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ဥာဏပစ္စည်းကိစ္စရပ်များ၏ စီမံခန့်ခွဲမှုအတွက် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန်			
		၃ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများသို့ ဥာဏပစ္စည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းရန်			
		၄ ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် မှတ်ပုံတင်စနစ်နှင့် IT စနစ် တည်ထောင်ရန်			
		၅ ဥာဏပစ္စည်းဥပဒေ၏ ဥပဒေချိုးဖောက်မှုများမှ အရေးယူမှု အားကောင်းစေရန်			
	၂	အမျိုးသားကုန်ပစ္စည်း စံချိန်စံညွှန်းများ တည်ထောင်ရန်			
		၁ အမျိုးသားကုန်ပစ္စည်းစံချိန် စံညွှန်းများ တိုးချဲ့ရန်			
		၂ စံချိန်စံညွှန်းများ စစ်ဆေးရေး အကောင်အထည်ဖော်ရန်အတွက် အဖွဲ့အစည်းများ တိုးချဲ့ရန်			
		၃ ပုဂ္ဂလိကကဏ္ဍနှင့် စားသုံးသူများအား အမျိုးသား စံချိန်စံညွှန်းများ မြှင့်တင်ရန်			
၄-၂	ဘဏ္ဍာရေးကဏ္ဍ တိုးတက်စေခြင်း				
	၁	မတည်ငွေရင်းရင်းနှီးမြှုပ်နှံမှုချေးငွေအတွက် ဘဏ္ဍာရေးကဏ္ဍ စွမ်းဆောင်ရည်တိုးမြှင့်ရန်			
		၁ ဘဏ်လုပ်ငန်းကဏ္ဍ အားကောင်းရန်နှင့် ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး တိုးမြှင့်ရန်			
		၂ နှစ်ရှည်ရန်ပုံငွေမြှင့်တင်ရေးအတွက် အရင်းအနှီးဈေးကွက် ခိုင်မာစေရန်			
		၃ နိုင်ငံခြားဘဏ္ဍာရေးအဖွဲ့အစည်းများမှ စည်းမျဉ်းဖြေလျှော့ထားသည့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန်			
		၄ ဖွံ့ဖြိုးရေးဘဏ်တစ်ရပ် တည်ထောင်ရေး စီမံရန်			
	၂	SMEများနှင့် စွန့်ဦးစီးပွားတီထွင်သူများအတွက် ချေးငွေတိုးမြှင့်ရန်			
		၁ ပစ်မှတ်ထားသည့် ကဏ္ဍများနှင့် ကွင်းဆက်စက်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် SMEချေးငွေ အစီအမံများ ချဲ့ထွင်ရန်			
		၂ စွန့်စား၍ထည့်ထားသည့်ရန်ပုံငွေများ ဖွံ့ဖြိုးရန်			

Plan and implementation

Monitoring, follow-up or revision

မှတ်ချက်:

ဇယား - ၅.၁၁ အကောင်အထည်ဖော်သည့်အချိန်ဇယားအမျိုးအစား၅: ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်များ

	မဟာဗျူဟာ	ကာလတို	ကာလလတ်	ကာလရှည်
၅	ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်များ			
၅-၁	စက်မှုကွင်းဆက်တိုးမြှင့်ခြင်း			
	၁ စက်မှုကွင်းဆက်နှင့် အစုအဖွဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ရန်နှင့် အကောင်အထည်ဖော်ရန်			
	၁ စက်မှုကွင်းဆက်နှင့် အစုအဖွဲ့ဖွံ့ဖြိုးခြင်းတို့အတွက် ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ် ချမှတ်ရန်			
	၂ စက်မှုကွင်းဆက်ဖွံ့ဖြိုးရေးအတွက် ဆက်စပ်ပါဝင်သူများအကြား ပေါင်းစည်းဆက်ဆံရေး တည်ထောင်ရန်			
	၂ စီမံကိန်းများအရ စက်မှုကွင်းဆက်အားကောင်းစေရန်			
	၁ စက်မှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆက်စပ်ပါဝင်သူများအား လမ်းညွှန်မှု ပံ့ပိုးပေးရန်			
	၂ စက်မှုကွင်းဆက်အတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန်			
	၃ ပြည်တွင်းကုန်ပံ့ပိုးသူများအား FDI ၏ နည်းပညာလမ်းညွှန်မှု တိုးမြှင့်ရန်			
	၃ အဆင့်မြင့် စက်မှုအစုအဖွဲ့တစ်ရပ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန်			
	၁ အဆင့်မြင့်စက်မှုအစုအဖွဲ့တစ်ရပ်အတွက် လိုအပ်သည့် လုပ်ငန်း အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး ပံ့ပိုးပေးရန်			
	၂ တန်ဖိုးမြှင့်လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းနှင့် စက်မှုလုပ်ငန်း ပေါင်းစည်းခြင်းတို့အား တိုးမြှင့်ရန်			
၅-၂	ပြည်တွင်းလုပ်ငန်းများ၏ စွမ်းဆောင်ရည် တိုးမြှင့်ခြင်း			
	၁ တိုးတက်လာသည့် ယှဉ်ပြိုင်မှုအတွက် ပြည်တွင်း SMEများအား ဘက်စုံပံ့ပိုးပေးရန်			
	၁ SME ရင်းနှီးမြှုပ်နှံသူများအား ပစ်မှတ်ထားသည့် ဘက်စုံ ပံ့ပိုးသည့် အစီအစဉ်တစ်ရပ် ဖွံ့ဖြိုးရန်နှင့် အကောင်အထည်ဖော်ရန်			
	၂ SMEများအား ပံ့ပိုးပေးသည့် အစိုးရအဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန်			
	၃ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဝန်ဆောင်မှု (BDS) ပံ့ပိုးသူများ တည်ထောင်ရေး တိုးမြှင့်ရန်			

	၂ နည်းပညာလွှဲပြောင်းမှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မှုတို့အား လွယ်ကူ ချောမွေ့စေရန်			
	၁ ပံ့ပိုးပေးသည့် ပြည်တွင်းကုမ္ပဏီများမှ နည်းပညာ လွှဲပြောင်းစာချုပ်များနှင့် လိုင်စင်တို့အား လွယ်ကူချောမွေ့စေရန်			
	၂ R&D နှင့် တင်သွင်းသည့် အဆင့်မြင့် နည်းပညာစက်ပစ္စည်း များအတွက် မက်လုံးများ ပံ့ပိုးပေးရန်			
	၃ တက္ကသိုလ်များ၊ သုတေသန အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ပူးတွဲ R&D မြှင့်တင်ရန် နှင့် တက္ကသိုလ်များမှ နည်းပညာ လွှဲပြောင်းမှုအား လွယ်ကူချောမွေ့စေရန်			
	၄ နည်းပညာစုးစိုက်ကဏ္ဍများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန်			
	၅ အမျိုးသားနည်းပညာအဆင့်များတိုးတက်စေခြင်းမှ သိမ်းသွင်းစွမ်း ဆောင်ရည်ကို တိုးတက်စေရန်			
၅-၃	စွန့်ဦးစီးပွားတီထွင်သူပံ့ပိုးမှု တည်ထောင်ခြင်း			
	၁ ဗဟုသုတစုးစိုက် ဝန်ဆောင်မှု ကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းစတင်ရန်လိုအပ်သည့် စမ်းသပ်တီထွင် အခွင့်အလမ်းများ ဖန်တီးပေးရန်			
	၁ ခိုင်မာသည့် လုပ်ငန်းအုတ်မြစ်တစ်ရပ် ဖန်တီးရန်၊ တရားမဝင်ယှဉ်ပြိုင်မှုအား ထိန်းချုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်ရန် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများအတွက် ဥပဒေဆိုင်ရာ မူဘောင်တစ်ရပ် ချမှတ်ရန်			
	၂ ကဏ္ဍအသစ် လုပ်ငန်းအခွင့်အလမ်းများအပေါ် သတင်းအချက်အလက်များ ပံ့ပိုးပေးရန်			
	၂ လုပ်ငန်းအသစ်များသို့ ပံ့ပိုးမှုများ ပြုလုပ်ရန်			
	၁ စီးပွားရေးလုပ်ငန်းအသစ်များအတွက် အတိုင်ပင်ခံမှုနှင့် လမ်းညွှန်မှု ပံ့ပိုးရန်နှင့် လုပ်ငန်းစတင်ရန် လိုအပ်သည့် ပစ္စည်းကိရိယာများတည်ထောင်ရန်			
	၂ တက္ကသိုလ်များနှင့် အကြီးစားကုမ္ပဏီများမှ စွန့်ဦးစီးပွားတီထွင်သူများအတွက် အကူအညီများ မြှင့်တင်ရန်			
၅-၄	လုပ်ငန်းများအတွက် လူစွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး တိုးတက်စေခြင်း			
	၁ လုပ်ငန်းအတွက် လူစွမ်းအားအရင်းမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတစ်ရပ် ချမှတ်ရန်			
	၁ ပုဂ္ဂလိကကဏ္ဍ၏ လိုအပ်ချက်များကို ထိန်းကျောင်းကြပ်မတ်ရန်			
	၂ လုပ်ငန်းအတွက် လူစွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးရန် စီမံကိန်းတစ်ရပ် ချမှတ်ရန်နှင့် လူစွမ်းအားအရင်းမြစ်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား သတ်မှတ်ရန်			

	၂ လုပ်ငန်းအတွက် လူစွမ်းအားအရင်းမြစ်များ၏ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး တိုးမြှင့်ရန်			
	၁ ကျွမ်းကျင်သည့်ဝန်ထမ်းများအား မွေးထုတ်ရန် ရှိပြီး ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများအား အဆင့်မြှင့်တင်ရန်			
	၂ အဆင့်မြင့် လက်တွေ့သင်ကြားလေ့ကျင့်ရေးသင်ခန်းစာများ မိတ်ဆက်ခြင်းကို မြှင့်တင်ရန်			
	၃ လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ ပံ့ပိုးပေးရန် အထက်တန်းပညာရေးအဆင့်၌ နည်းပညာဆိုင်ရာပညာရေး တိုးမြှင့်ရန်			
	၃ လုပ်ငန်းအတွက် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးရေးအပေါ် ပုဂ္ဂလိကကဏ္ဍနှင့် ပူပေါင်းရန်			
	၁ FDIများအတွက် နိုင်ငံတွင်း/ ကုမ္ပဏီတွင်းသင်တန်းများကို အားပေးရန်			
	၂ အလုပ်အကိုင် အစားထိုး ဝန်ဆောင်မှု မြှင့်တင်ရန်			

မှတ်ချက် Plan and implementation
Monitoring, follow-up or revision

အခန်း ၆ MIPP အဖွဲ့အစည်း အကောင်အထည်ဖော်ခြင်း

၆.၁ အဖွဲ့အစည်းဖွဲ့ဖြိုးတိုးတက်ရေးအတွက် မူများ

MIPP ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရေးအတွက် ဆက်စပ်နေသည့် အစိုးရအဖွဲ့ အစည်းများ အားလုံး၏ ပါဝင်မှု

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမှာ မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်၏ အလုံးစုံတိုးတက်မှုတွင် မရှိမဖြစ်ဖြစ်သောကြောင့် MIPP ၏ အခွင့်အလမ်းကို အစိုးရ၏ အခြားသော နယ်ပယ်များသို့ပါ ချဲ့ထွင်ရပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ဆက်စပ်ပါဝင်သူအရေအတွက် များစွာမှာ MIPP ခြုံငုံသည့် နယ်ပယ်များနှင့် ဆက်စပ်နေကြပါသည်။ထို့ကြောင့် အစိုးရအဖွဲ့အစည်းများအားလုံး ပါဝင်ရန်နှင့် တပြိုက်နက်တည်းဆက်စပ်ဆောင်ရွက်ရန် အရေးကြီးပါသည်။ သို့မှသာ MIPP သည် ထိရောက်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် အကောင်အထည်ဖော်ဆောင်ခြင်းမှ သိသာထင်ရှားသည့် သက်ရောက်မှုများကို ရရှိနိုင်ပါသည်။ မြန်မာ၏ စီးပွားရေး ပတ်ဝန်းကျင်တိုးတက်ရေးအတွက် ဆက်စပ်ပါဝင်သူများမှ အကောင်အထည်ဖော်ရမည့် လိုအပ်သော လှုပ်ရှားဆောင်ရွက်မှုများကို MIPP က စာရင်းပြုစုထားပါသည်။

အစပိုင်းမှစ၍ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တိုးတက်ရေးအတွက် စီမံကိန်းများနှင့် အမှန်တကယ် အကောင်အထည်ဖော်ရာတွင် ဆက်စပ်ဝန်ကြီးဌာနများအားလုံး ပါဝင်ရမည်ဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည်လည်း MIPP အကောင်အထည်ဖော်ရေးတွင် ပါဝင်မည်ဖြစ်ပြီး၊ အထူးသဖြင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ဖြစ်ပါသည်။

MIPP အတွက် တာဝန်ရှိသော အဖွဲ့အစည်းအတွက် မြင့်မားသည့် နေရာ

MIPP အကောင်အထည်ဖော်ဆောင်ရေးအတွက် ဝန်ကြီးဌာနများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှ ကော်မတီတစ်ရပ်(ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကော်မတီဟု အမည်ခေါ်ဆိုမည်)ကို တည်ထောင်သွားမည်ဖြစ်ပါသည်။ ကော်မတီသည် စီမံကိန်းချမှတ်ရန်နှင့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွင်း လက်တွေ့ဆောင်ရွက်ရေးထည့်သွင်းသွားရန် လုပ်ပိုင်ခွင့်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ကော်မတီ၏ အဖွဲ့ဝင်များတွင် ဝန်ကြီးများ သို့မဟုတ် ဝန်ကြီးဌာနများ၏ အမြဲတမ်းအတွင်းဝန်များဖြင့် ပါဝင်ဖွဲ့စည်းပါမည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားအစိုးရ ဆောင်ရွက်မှုများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်း

စီးပွားရေးပတ်ဝန်းကျင်တိုးတက်ကောင်းမွန်မှုအတွက် လိုအပ်သည့် ဆောင်ရွက်မှုများနှင့် ဖြေရှင်းရမည့် အရေးကြီးကိစ္စရပ်များမှာ ယေဘုယျအားဖြင့် အဆင့်မြင့်ကော်မတီများနှင့် စီမံကိန်းများဖြင့် ခွဲခြား

ဖော်ထုတ်ပြီး မျှဝေပါသည်။MIPPအတွက် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းသည် ၎င်းကော်မတီများနှင့် စီမံကိန်းများတွင် ရေးဆွဲထားသည်တို့၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး ထူထောင်ရန် လိုအပ်ပါသည်။

မြန်မာအစိုးရသည် နိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရန် ဆက်စပ်ဝန်ကြီး ဌာနများအားလုံးနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပါဝင်သည့် အားထုတ်ကြိုးပမ်းမှုအချို့အား ပြုထားပြီးဖြစ်ပါသည်။ ယင်းအားထုတ်ကြိုးပမ်းမှုများတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီ (PSDC)၊ စီးပွားရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် မြန်မာအထူးလုပ်ငန်းအဖွဲ့(MSTFBTP)၊ မြန်မာစီးပွားရေးဖိုရမ် (MBF)၊ မြန်မာ-ဂျပန်ပူးတွဲဆောင်ရွက်မှု(MJJI)တို့ကဲ့သို့သော အဆင့်မြင့်ကော်မတီများ ဖွဲ့စည်းခြင်းတို့လည်း ပါဝင်ပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်သည့် အမျိုးသားစီမံကိန်း အချို့လည်းရှိပါသည်။ ယင်းအဓိကစီမံကိန်းများတွင် ညွှန်းဆိုနိုင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လှုပ်ရှားမှုအစီအမံနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာတို့ ပါဝင်ပါသည်။ ၎င်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရေးအတွက် PSDCနှင့် မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MTDC) တို့ကို ထူထောင်ထားခဲ့ခြင်း ဖြစ်ပါသည်။

၎င်းကော်မတီများနှင့် စီမံကိန်းများမှ အဓိကဖြစ်သည့် ဘုံလှုပ်ရှားမှုများကို ချမှတ်ဆောင်ရွက်နေပါသည်။ အမျိုးအစားထပ်မနေစေရန်အတွက်နှင့် MIPPထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် စေ့စပ်သေချာသည့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရေးမှာ အဓိကကျပါသည်။

စာကွက် ၁: မြန်မာစီးပွားရေးဖိုရမ်

မြန်မာစီးပွားရေးဖိုရမ် (MBF)သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းမှုတစ်ရပ်ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဥက္ကဋ္ဌ တာဝန်ယူသည့် အစိုးရအထူးလုပ်ငန်းအဖွဲ့သည်MBFနှင့် အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုအား ကြီးကြပ်ပါသည်။ ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို ပေါင်းစပ်ပေးသည့် MBF အတွင်းရေး မှူးရုံးကို UMFCCI နှင့် World Bank Group တို့မှ ပံ့ပိုးပေးပါသည်။ MBF ကို ပုဂ္ဂလိကကဏ္ဍမှ ၎င်းတို့၏ ပြဿနာများကို ဆက်စပ်နေသည့် အစိုးရကိုယ်စားလှယ်များဖြင့် ဆွေးနွေးနိုင်ရန်နှင့် ၎င်းပြဿနာရပ်များ၏ နောက်ဆက်တွဲဆက်လက်ဖြစ်ပေါ်နေမှုအားမျက်ခြေမပြတ်ကြည့်နိုင်ရန်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ကုန်သွယ်မှုနှင့် စီးပွားရေးမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အစိုးရအတွက် MBF ၏ လုပ်ငန်းအား ကြီးကြပ်ပါသည်။ အထူးလုပ်ငန်းအဖွဲ့တွင် စီးပွားရေး ပတ်ဝန်းကျင်နှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအားလုံးမှ ကိုယ်စားလှယ်

များ ပါဝင်ကြပါသည်။ UMFCCI ရုံးများ၌ရှိသော ပုဂ္ဂလိကကဏ္ဍ MBF အတွင်းရေးမှူးရုံးများသည် MBF ၏ နေ့စဉ် လုပ်ငန်းများတွင် ပေါင်းစပ်ကြပါသည်။

၆.၂ အကောင်အထည်ဖော်သည့် အဖွဲ့အစည်း

၆.၂.၁ အဖွဲ့အစည်းတည်ဆောက်မှု

MIPP အကောင်အထည်ဖော်ရေး ကြီးကြပ်ရန်ဝန်ကြီးဌာနများအကြား ပေါင်းစပ်ထားသည့်အဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်သွားပါမည်။ အောက်ဖော်ပြပါ အခြေအနေများ သေချာစေရန် အဖွဲ့အစည်းတည်ဆောက်မှုကို ပုံစံရေးဆွဲလျက်ရှိပါသည်:

- MIPP တွင် လှုပ်ရှားမှုများကို စီမံရန်၊ ပေါင်းစပ်ရန်နှင့် ထိန်းကျောင်းကြပ်မတ်ရန် လုံလောက်သည့် အခွင့်အာဏာနှင့် အဆင့်မြင့်အရာထမ်း
- ဆက်စပ်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပြည်နယ်/တိုင်းဒေသကြီးအစိုးရများပါဝင်မှု
- အထူးပြု MIPP တာဝန်များတွင် ထိတွေ့ပါဝင်မည့် လုပ်ငန်းအဖွဲ့များ တွဲဖက်ထားရန်

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကော်မတီ(IPC)ဟု အမည်တွင်မည့် အဖွဲ့အစည်းကို အောက်ဖော်ပြပါပုံတွင် ပြထားသည့်အတိုင်း ပုံစံရေးဆွဲလျက်ရှိပါသည် ။



ကားချပ်- ၆.၁ MIPP အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့အစည်း

IPC ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ (MIC)ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါမည်။ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)က IPC၏ အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ပါမည်။IPC အဖွဲ့ဝင်များမှ အောက်ဖော်ပြပါဇယားတွင် ပြထားသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် အခြဲတမ်းအတွင်းဝန်များဖြစ်ကြပါသည်။ အဖွဲ့ဝင်များပါဝင်ဖွဲ့စည်းမှုကို ပုံမှန်ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက ထပ်မံ ထည့်သွင်းသွားပါမည်။

ဇယား - ၆.၁ MIPP ဆက်စပ်ဝန်ကြီးဌာနများ

MIPPအကောင်အထည်ဖော်ရေး ဆက်စပ်နေသည့် ဝန်ကြီးဌာနများ
ပြန်ကြားရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
စက်မှုဝန်ကြီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၆.၂.၂ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ

IPC တွင် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များ ပါဝင်ပါမည် -

- ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းများနှင့် နိုင်ငံ၏ လိုအပ်ချက်များအရ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မူဝါဒတစ်ရပ်ကို ဆန်းစစ်ရေးဆွဲရန်
- ရင်းနှီးမြှုပ်နှံမှုမူဝါဒ ပြန်လည်သုံးသပ်ခြင်းနှင့် MIPP လှုပ်ရှားမှု လုပ်ငန်းစဉ်တို့အပေါ် အခြေခံ၍ MIPPကို ချမှတ်ရန်၊ ပြန်လည်ဆန်းစစ်ရန်နှင့် စိစစ်ရန်
- MIPP အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအဖွဲ့များ၏ လှုပ်ရှားမှုများကို ညွှန်ကြားရန်၊ ထိန်းကျောင်းကြပ်မတ်ရန်နှင့် အကဲဖြတ်ရန်
- စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအပေါ် ဆက်စပ်နေသည့် အစိုးရအဖွဲ့အစည်းများ၏ ထင်မြင်ယူဆချက်များရယူရန်
- MIPP အကောင်အထည်ဖော်မှုအပေါ် စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးရန်နှင့်အစိုးရထံ အစီရင်ခံစာများတင်ပြရန်

(၂) IPC အတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များ

IPC ၏ အတွင်းရေးမှူးရုံးတွင် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များပါရှိပါမည် -

- IPCအစည်းအဝေးများ စီစဉ်ရန်နှင့်ဆုံးဖြတ်ချက်များ၏ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရန်
- IPC သို့ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု ဆုံးဖြတ်ချက်ပံ့ပိုးရန်
- လုပ်ငန်းအဖွဲ့များ၏ လှုပ်ရှားမှုများကို ကြီးကြပ်ရန်နှင့်ပံ့ပိုးရန်
- ဆက်စပ်ပါဝင်သူများထံသို့နှင့် ထံမှ စာရင်းအချက်အလက်များနှင့် သတင်းအချက်အလက်များ စုစည်းရန်နှင့် ပံ့ပိုးရန်
- အစိုးရအတွက် အစီရင်ခံစာများ ပြင်ဆင်ရန်

(၃) လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

IPC အောက်တွင် လုပ်ငန်းအဖွဲ့ ၅ ဖွဲ့ကို တည်ထောင်ပြီး MIPP ၏ မဟာဗျူဟာများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို လက်တွေ့ကျအောင် ထည့်သွင်းသွားပါမည်။ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို အောက်ဖော်ပြပါဇယားတွင် ရှင်းလင်းတင်ပြထားပါသည် -

ဇယား - ၆.၂ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ

လုပ်ငန်းအဖွဲ့	လုပ်ငန်းတာဝန်များ –အောက်ဖော်ပြပါ ဆောင်ရွက်မှုများ စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း
ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်မူဝါဒများအတွက် လုပ်ငန်းအဖွဲ့	- ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် မူဝါဒများ ပြန်လည်ဆန်းစစ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒအပေါ် ထောက်ခံအကြံပြုချက်များ တင်ပြရန် - ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအမြင်မှ မေခရို စီးပွားရေး မူဝါဒများအတွက် ထိန်းကျောင်း ကြပ်မတ်ရန်နှင့် ထောက်ခံအကြံပြုချက်များပြုရန် - ကန့်သတ်ထားသော၊ မြင့်တင်ထားသော ကဏ္ဍများကို ပြန်လည်ဆန်းစစ်ရန် - ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ် စည်းမျဉ်းစည်းကမ်းများကို တည်ထောင်ရန် - စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာ မူဘောင်တိုးတက်စေရန် - ရင်းနှီးမြှုပ်နှံမှု မူဝါဒအပေါ် ထောက်ခံ အကြံပြုချက်များ တင်ပြရန် - စက်မှုဆိုင်ရာ မူဝါဒများ ပြန်လည်ဆန်းစစ်ရန် - ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်များ၏ ထောက်ခံအကြံပြုထားသော စည်းမျဉ်းလျှော့ ပေါ့ပေးမှု - ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးပွဲများ စီစဉ်ရန်

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းအဖွဲ့	- ရင်းနှီးမြှုပ်နှံမှု ဦးတည်လမ်းကြောင်းများ အပေါ် စာရင်းအချက်အလက်များနှင့် သတင်း အချက်အလက်များ စုဆောင်းရန်နှင့် ခွဲခြမ်း စိတ်ဖြာသုံးသပ်ရန် - MIC လုပ်ထုံးလုပ်နည်းများ ပြန်လည် သုံးသပ်ရန်နှင့် တိုးတက်ရန် - OSSC လုပ်ထုံးလုပ်နည်းများ ပြန်လည် သုံးသပ်ရန်နှင့် တိုးတက်ရန် - ပြည်နယ်/တိုင်းဒေသကြီးများတွင် ပါမစ်နှင့် အတည်ပြု လုပ်ငန်းစဉ်များ တိုးတက်ရန် - DICA၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်း တာဝန်များ တိုးတက်ရန် - ပြည်နယ်/တိုင်းဒေသကြီးများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများ တိုးတက်ရန် - နိုင်ငံရပ်ခြား ရင်းနှီး မြှုပ်နှံမှုမြှင့်တင်ရေး လှုပ်ရှားမှုများ တိုးတက်ရန် - ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် သတင်းအချက်အလက် ထုတ်လုပ်ရန် - နိုင်ငံပြယုဂ်မြှင့်တင်ရေး စီမံရန်နှင့်အကောင်အထည်ဖော်ရန် - ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများ စုဆောင်းရန် - လွတ်လပ်သည့် IPAတစ်ရပ် ထူထောင်ရေး စီမံရန်နှင့် ပြင်ဆင်ရန်
အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းအဖွဲ့	- အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် ထိန်းကျောင်းကြပ်မတ်ရန်နှင့် အကဲဖြတ်ရန် - PPP အတွက် ဥပဒေ မူဘောင် တစ်ရပ်နှင့် ယန္တရားဖွံ့ဖြိုးရန် - PPP စီမံကိန်းများ မြှင့်တင်ရန် - စက်မှုဇုန်ဖွံ့ဖြိုးရေးတိုးတက်ရေး မူဝါဒ ပြင်ဆင်ရန်နှင့် ကြီးကြပ်ရန် - SEZ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ ပြင်ဆင်ရန်နှင့် ကြီးကြပ်ရန်
စီးပွားရေးနှင့် ဆက်စပ်စနစ်များအတွက် လုပ်ငန်းအဖွဲ့	- ဥဏ္ဍာပစ္စည်း မူပိုင်ခွင့်များ အကောင်အထည်ဖော်ရေး အတည်ပြုချက်များ ပြုလုပ်ရန်နှင့် ပူးပေါင်းရန် - ကုန်စည်စံချိန်စံညွှန်းများ အကောင်အထည်ဖော်ရေး အတည်ပြုချက်များ ပြုလုပ်ရန်နှင့် ပူးပေါင်းရန် - မတည်ငွေရင်း ရင်းနှီးမြှုပ်နှံမှုအတွက် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရန် အတည်ပြုချက်များ ပြုလုပ်ရန်နှင့်ပူးပေါင်းရန်

ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားအရင်းမြစ်များအတွက် လုပ်ငန်းအဖွဲ့	- ပြည်တွင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုမူဝါဒများ ဖွံ့ဖြိုးရန် - ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းမှ နည်းပညာ လွှဲပြောင်းမှု တိုးမြှင့်ရန် - စက်မှုကွင်းဆက်နှင့် စွန့်ဦး စီးပွားတီထွင်မှုများ တိုးမြှင့်ရန် - ရင်းနှီးမြှုပ်နှံသူများ၏ လူစွမ်းအား အရင်းမြစ်များ လိုအပ်ချက်များကို ထိန်းကျောင်း ကြပ်မတ်ရန်နှင့် အကဲဖြတ်ရန် - ပညာရေးနှင့် လေ့ကျင့်ရေး အဖွဲ့စည်းများသို့ လိုအပ်နေသူများကို ဆက်သွယ်ပေးရန် - ပညာရေးနှင့် လေ့ကျင့်ရေး အဖွဲ့စည်းများ အဆင့်မြှင့်တင်ရေးအတွက် ထောက်ခံအကြံပြုချက်များပြုရန် - လူများအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ယှဉ်တွဲပေးသည့်ဝန်ဆောင်မှုများတည်ထောင်မှုအား မြှင့်တင်ရန်

လုပ်ငန်းအဖွဲ့များသည် ၎င်းတို့၏မူဝါဒဆန်းစစ်မှုများတွင်ပညာရေးနယ်ပယ်မှအကြံပေးများ၊ ကျွမ်းကျင်သူများစသည့် ပုဂ္ဂိုလ်များ၏ ဦးဆောင်မှုရယူပါမည်။

၆.၃ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှု

ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံသူ ဦးစားပေးချဉ်းကပ်မှုတစ်ရပ် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတွင် ဗဟိုဖြစ်သူမှာ ပုဂ္ဂလိကကဏ္ဍဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် အစိုးရ၏ အားစိုက်ထုတ်မှုအားလုံးသည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုရလဒ်နှင့် အောင်မြင်သော လုပ်ငန်းစဉ်တို့ကို ရည်မှန်းသင့်ပါသည်။ အစိုးရသည် ရင်းနှီးမြှုပ်နှံသူများထံ နားထောင်သင့်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပေါင်းစပ်ဆောင်ရွက်ရေး ထူထောင်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးနှင့် မြှင့်တင်ရေး လှုပ်ရှားမှုများတွင် ရှေ့ဆောင်ရှေ့ရွက်ပြုမှုများအပါအဝင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် ပါဝင်ဆောင်ရွက်ရန် ပုဂ္ဂလိကကဏ္ဍကို အားပေးပါသည်။

ပုဂ္ဂလိကကဏ္ဍ၏ တက်ကြွသည့် ပါဝင်ဆောင်ရွက်မှု မြှင့်တင်ရန် အောက်ဖော်ပြပါတို့ကို ဆောင်ရွက်ပါမည် -

(၁) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ဆွေးနွေးမှုရရှိထွင်ခြင်း

ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးမှုမှာ စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ၏ တောင်းဆိုချက်များနှင့် ပြဿနာများကို နားလည်ရန် ထိရောက်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။မြန်မာစီးပွားရေးဖိုရမ်နှင့် မြန်မာ-ဂျပန် ပူးတွဲဆောင်ရွက်မှုတို့ကဲ့သို့ အစိုးရ-ပုဂ္ဂလိက ဖိုရမ်အချို့တွင် ပြည်တွင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန် ပိုမိုကျေနပ်ဖွယ်ရာစီးပွားရေး ပတ်ဝန်းကျင်တစ်ရပ် ဖွံ့ဖြိုးလာရေးရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့် ဆက်စပ်နေ

သည့် ပြဿနာများသို့ ဖြေရှင်းနည်းများကို ဆွေးနွေးလျက်ရှိကြပါသည်။

အစိုးရမှ စီးပွားရေးပတ်ဝန်းကျင်ပြုပြင်ပြောင်းလဲမှုကို လေးနက်စွာ ပြုလုပ်ရေးနှင့် ဆွေးနွေးပွဲများ၏ နောက်ထပ်ခြေလှမ်းများ ပြုလုပ်ရေးတို့မှာ အဓိကျပါသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ဆွေးနွေးချက်များနှင့်ဘုံသဘောတူညီချက်များကို အခြေခံ၍အစိုးရမှစီးပွားရေးပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲမှုအတွက် လမ်းပြမြေပုံတစ်ရပ်ကို မွေးထုတ်ရပါမည်။

ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးမှုမှာ စီးပွားရေးလုပ်ငန်းပြပွဲများနှင့် ရင်းနှီးမြှုပ်နှံမှု ကိုယ်စားလှယ်အဖွဲ့များကဲ့သို့သော အထူးပြုရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ရှားမှု အမျိုးအစားများအတွက်လည်း မရှိမဖြစ်ဖြစ်ပါသည်။

တဖန် အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ပါဝင်မှုတိုးမြှင့်ရန်မှာလည်းလိုအပ်ပါသည်။ လက်ရှိအချိန်တွင် အစိုးရသည် ဂျပန် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်စပ်အစိုးရအဖွဲ့အစည်းများနှင့် မြန်မာ-ဂျပန်ပူးတွဲလှုပ်ရှားမှု ကို ကျင်းပပါသည်။ ထိုကဲ့သို့ ဆွေးနွေးမှုမျိုးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုများနှင့် စိုးရိမ်ပူပန်မှုများကို ဝေမျှခြင်းနှင့် ဆွေးနွေးခြင်းအတွက် အရေးကြီးသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။

(၂) ပုဂ္ဂလိကကဏ္ဍနှင့် ပူးတွဲရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အကောင်အထည်ဖော်ခြင်း

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို များသောအားဖြင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှီးနှော ဖလှယ်ပွဲများနှင့် ကိုယ်စားလှယ်အဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံသူ ယှဉ်တွဲပေးသည့်ပုံစံဖြင့် ကျင်းပကြပါသည်။ ထိုကဲ့သို့သော မြှင့်တင်ရေးလှုပ်ရှားမှုများတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုပါဝင်လျှင် ပိုမိုထိရောက်စွာ ကျင်းပနိုင်ပါလိမ့်မည်။ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားပြုသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် UMFCCI သည် အရေးကြီးသည့်အခန်းတစ်ရပ်မှ ပါဝင်နိုင်ရန် မျှော်မှန်းထားပါသည်။

၆.၄ MIPP အကောင်အထည်ဖော်ခြင်း

၆.၄.၁ အကောင်အထည်ဖော်ခြင်းအတွက် အခြေခံမူများ

ထိရောက်သည့် အကောင်အထည်ဖော်ရေး ယန္တရားတစ်ရပ်တည်ဆောက်ရေးမှာ MIPP ၏ အောင်မြင်မှုတွင် အရေးကြီးသည့်အချက်ဖြစ်ပါသည်။ ထိရောက်သည့် အကောင်အထည်ဖော်ဆောင်မှု အတွက် အောက်ဖော်ပြပါ အခြေခံမူများကို MIPP မှ ချမှတ်ပါမည် -

- ဆက်စပ်ပါဝင်သူများနှင့် ပေါင်းစပ်ဆောင်ရွက်ရန် (အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ရင်းနှီးမြှုပ်နှံသူများ)

- ဆက်စပ်ပါဝင်သူများ၏ အခန်းကဏ္ဍများကို ရှင်းလင်းစေရေးပြုလုပ်ရန်
- ဗဟုသုတ၊ အတွေးအမြင်နှင့် တက်ကြွမှုအရှိဆုံး ပုဂ္ဂိုလ်များကို လုပ်ငန်းအဖွဲ့များဆီသို့ နေရာချထားရန်
- ရင်းနှီးမြှုပ်နှံသူများသို့ နားထောင်ခြင်းဖြင့် မြေပြင်ဖြစ်ရပ်မှန်များကို နားလည်ရန်
- စီးပွားရေးပတ်ဝန်းကျင်၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် အခြားအကြောင်းအရာများတွင် ပြောင်းလဲမှုများကို ထိရောက်စွာတုန့်ပြန်ရန်
- လုပ်ငန်းစဉ်များကို ထိန်းကျောင်းကြပ်မတ်ရန်နှင့် ဆောင်ရွက်ချက်များကို ပြောင်းလွယ် ပြင်လွယ် ဖြစ်အောင် ပြန်လည်ဆန်းစစ်ရန်

၆.၄.၂ မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း၏ စီးဆင်းပုံ

မဟာဗျူဟာများ၏ အမျိုးအစား (၅)ရပ်ကို ရည်ညွှန်း၍ လုပ်ငန်းအဖွဲ့များ (၅)ဖွဲ့ကို ဖွဲ့စည်းပါမည်။ လုပ်ငန်းအဖွဲ့များသည် MIPP အကောင်အထည်ဖော်ရေးအတွက် တာဝန်ရှိသော ယူနစ်များ ဖြစ်ကြပါသည်။ စီမံခန့်ခွဲရေးပြဿနာများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများကို စီစဉ်၍ ပြဿနာများကို ရည်ညွှန်းရန် ဆောင်ရွက်မှုများကို စီမံပြီး၊ ဆောင်ရွက်မှုများအပေါ် ထောက်ခံအကြံပြုချက်များကို IPC သို့ တင်ပြပါမည်။ ထောက်ခံအကြံပြုချက်များအပေါ် အခြေခံ၍ IPC က သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ ညွှန်ကြားချက်များကို ထုတ်ပြန်ပါမည်။ ထို့နောက် လုပ်ငန်းအဖွဲ့များသည် လှုပ်ရှားမှုများကို အကောင်အထည်ဖော်ခြင်းကို ထိန်းကျောင်းကြပ်မတ်ပြီး၊ အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် လမ်းညွှန်မှုပံ့ပိုးပါမည်။



ကားချပ်- ၆.၂ MIPP အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်

၆.၄.၃ လူပ်ရှားမှုအချိန်ဇယား

MIPP ကို ငါးနှစ်ပြည့်သည့်အခါတိုင်း ပြန်လည်သုံးသပ်ရမည်။စီးပွားရေးလုပ်ငန်း ဦးတည်ချက်များမှာ လျင်မြန်စွာပြောင်းလဲနေသောကြောင့် MIPPတွင် ပါဝင်သော အကြောင်းအရာများနှင့် မဟာဗျူဟာများသည် ရေတိုကာလတွင် ခေတ်နှင့် လျော်ညီခြင်းမရှိ ဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။Master Plan ၏ သက်တမ်းသည် အများဆုံး ငါးနှစ် ဖြစ်သောကြောင့် MIPP ကို ငါးနှစ်ပြည့်သည့်အခါတိုင်း ပြန်လည်ဆန်းစစ်သုံးသပ်ရပါမည်။

လုပ်ငန်းအဖွဲ့များသည် လူပ်ရှားမှုများကို အကောင်အထည်ဖော်ဆောင်ရေးအတွက် နှစ်စဉ်လုပ်ငန်းအစီအမံများကို နှစ်တိုင်းထုတ်ဝေပါမည်။ နှစ်စဉ်လုပ်ငန်းအစီအစဉ်တစ်ရပ်တွင် အောက်ဖော်ပြပါ ခေါင်းစဉ်များ ပါဝင်သင့်ပါသည် -

- ဦးစားပေး လူပ်ရှားမှုများ
- အောင်မြင်မှုရရှိသည့် အညွှန်းကိန်းများ
- လူပ်ရှားမှုများအတွက် တာဝန်ရှိသည့် အဖွဲ့ဝင်များ
- လူပ်ရှားမှုအချိန်ဇယား



ကားချပ်- ၆.၃ MIPP အကောင်အထည်ဖော်ဆောင်ရေး အချိန်ဇယား

နှစ်စဉ်လူပ်ရှားမှုအစီအမံများကို 'စီစဉ်-ပြုလုပ်-စစ်ဆေး-ချိန်ညှိ' စက်ဝန်းအရချမှတ်၍ အကောင်အထည်ဖော်သွားပါမည်။လုပ်ငန်းအဖွဲ့များသည် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့်လူပ်ရှားမှုများကို ပေါင်းစပ်ခြင်းဖြင့် ဘဏ္ဍာရေးနှစ်တစ်နှစ်မတိုင်မီ နှစ်စဉ်လုပ်ငန်း အစီအမံတစ်ရပ်ချမှတ်သွားပါမည် ('စီစဉ်')။ လုပ်ငန်းအဖွဲ့သည် ဘဏ္ဍာရေးနှစ် တလျှောက်လုံးတွင် နှစ်စဉ်လုပ်ငန်းအစီအမံအရ လူပ်ရှားမှုများကို ဆောင်ရွက်သွားပါမည်('ပြုလုပ်')။ ဘဏ္ဍာရေးနှစ်အကုန်တွင် လုပ်ငန်းအဖွဲ့သည် ၎င်းတို့၏ ဖြစ်ထွန်းအောင်မြင်မှုကို အကဲဖြတ်ပြီး အကောင်အထည်ဖော်ရာတွင် ကြုံကြာနေသည့်ပြဿနာရပ်များကို ဆန်းစစ်ပြီး('စစ်ဆေး') တန်ပြန်ဆောင်ရွက်ရန်လိုအပ်သည်တို့အပေါ် ဆုံးဖြတ်ပါမည် ('ချိန်ညှိ')။



ကားချပ် - ၆.၄ နှစ်စဉ်အစီအမံများအတွက် PDCA စက်ဝန်း

နောက်ဆက်တွဲ ၁ - စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးအတွက် အညွှန်းကိန်းများ

Table App-1: ၂၀၁၇ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးအတွက် အညွှန်းကိန်းများ

အမျိုးအစား	အညွှန်းကိန်း	အမျိုးအစား	အညွှန်းကိန်း
လုပ်ငန်းတစ်ရပ် စတင်ခြင်း	ကုမ္ပဏီတစ်ရပ် ဥပဒေနှင့်အညီ စတင်ရန် နှင့် တရား၀င် လည်ပတ်ရန် ကုန်စည် ထုတ်လုပ်သူ အရေအတွက်	အနည်းစုဖြစ်သော ရင်းနှီးမြှုပ်နှံသူများ အား ကာကွယ်ခြင်း	ရှယ်ယာပိုင်ရှင်အခွင့်အရေး အညွှန်းကိန်း၏ အဆင့်/ပမာဏအတိုင်းအတာ
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သော အချိန် (ရက်များ)		ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု အညွှန်းကိန်း၏ အဆင့်/ပမာဏအတိုင်းအတာ
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သည့် ကုန်ကျစရိတ် (လူတစ်ဦးချင်း ဝင်ငွေ၏ %)		ကော်ပိုရိတ်(လုပ်ငန်း)ပွင့်လင်းမြင်သာမှု အညွှန်းကိန်း၏ အဆင့်/ပမာဏအတိုင်းအတာ
	အနည်းဆုံး ရှယ်ယာပိုင်ဆိုင်မှုမှ တိုးမြှင့်ရရှိသော မတည်ရန်ပုံငွေများ (လူတစ်ဦးချင်း ဝင်ငွေ၏ %)		ရှယ်ယာပိုင်ရှင် စီမံခန့်ခွဲမှု အညွှန်းကိန်း၏ အဆင့်/ပမာဏအတိုင်းအတာ
ဆောက်လုပ်ရေး ခွင့်ပြုမိန့်များနှင့် ဆက်ဆံခြင်း	ကုန်သိုလှောင်ရုံ တစ်ရုံ တရားဥပဒေ နှင့်အညီ တည်ဆောက်ရန် လုပ်ထုံး လုပ်နည်းများ (အရေအတွက်)	အခွန်အခများ ပေးဆောင်ခြင်း	၂၀၁၅ ခုနှစ်တွင် ထုတ်လုပ်ရေးကုမ္ပဏီ တစ်ရပ်အတွက် အခွန်အခပေးဆောင်မှုများ (အီလက်ထရောနစ်စနစ်သုံးနှင့် ပူးတွဲ ဖြည့်စွက်ခြင်းနှင့် ပေးဆောင်မှု အတွက် ချိန်ညှိထားသော တစ်နှစ်ရှိ အရေအတွက်)
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သော အချိန် (ရက်များ)		အဓိက အခွန်အခ ၃မျိုးနှင့်အညီ လိုအပ်သည့် အချိန်ကာလ (တစ်နှစ်လျှင် နာရီပေါင်း)
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သည့် ကုန်ကျစရိတ် (ကုန်သိုလှောင်ရုံတန်ဖိုး၏ %)		စုစုပေါင်းအခွန်အခနှုန်း (အခွန်အခ အားလုံးမတိုင်မီ အမြတ်၏ %)
	အဆောက်အအုံစည်းမျဉ်း စည်းကမ်းအညွှန်းကိန်း၏ အရည်အသွေး		အခွန်အခပေးဆောင်ပြီးနောက်ပိုင်း အခွန်ငွေ ပြန်အမ်းခြင်း၊ အခွန်ငွေ စာရင်းစစ်ဆေးခြင်း စသည်တို့ကို တိုင်းတာသည့် အညွှန်းကိန်း (Postfilling index)
	ဆောက်လုပ်ရေးအညွှန်းကိန်းမတိုင်မီ အရည်အသွေး ထိန်းသိမ်းခြင်း	နယ်စပ်များကို ဖြတ်၍ ကုန်သွယ်ခြင်း	နှိုင်းရအကျိုးကျေးဇူးရှိသည့် ကုန်ပစ္စည်းအား တင်ပို့စဉ် အကောက်ခွန်စည်းမျဉ်း စည်းကမ်းများနှင့် လျော်ညီမှုအတွက် အချိန်ကာလ (နာရီများ)
	ဆောက်လုပ်ရေးအညွှန်းကိန်း အတွင်း အရည်အသွေး ထိန်းသိမ်းခြင်း		နှိုင်းရအကျိုးကျေးဇူးရှိသည့် ကုန်ပစ္စည်းအား တင်ပို့စဉ် အကောက်ခွန်စည်းမျဉ်း စည်းကမ်းများနှင့် လျော်ညီမှုအတွက် ကုန်ကျစရိတ် (US$)
	ဆောက်လုပ်ရေးအညွှန်းကိန်း ပြီးနောက် အရည်အသွေး ထိန်းသိမ်းခြင်း		နှိုင်းရအကျိုးကျေးဇူးရှိသည့် ကုန်ပစ္စည်းအား တင်ပို့စဉ် စာရွက်စာတမ်း လျော်ညီမှုအတွက် အချိန်ကာလ (နာရီများ)

	တာဝန်ယူမှုနှင့် အာမခံအစီအမံများ အညွှန်းကိန်း		နှိုင်းရအကျိုးကျေးဇူးရှိသည့် ကုန်ပစ္စည်းအား တင်ပို့စဉ် စာရွက်စာတမ်း လျော်ညီမှုအတွက် ကုန်ကျစရိတ် (US$)
	ကျွမ်းကျင်အတတ်ပညာဆိုင်ရာ လက်မှတ် အညွှန်းကိန်း		စက်ပစ္စည်းအစိတ်အပိုင်းများကို တင်သွင်းစဉ် အကောက်ခွန်စည်းမျဉ်း စည်းကမ်းများအတွက် အချိန်ကာလ (နာရီများ)
	အရည်အသွေးထိန်းသိမ်းရေး တည်ဆောက်မှု အညွှန်းကိန်း		စက်ပစ္စည်းအစိတ်အပိုင်းများကို တင်သွင်းစဉ် အကောက်ခွန်စည်းမျဉ်း စည်းကမ်းများအတွက် ကုန်ကျစရိတ် (US$)
လျှပ်စစ်မီး ရရှိခြင်း	လျှပ်စစ်မီး ချိတ်ဆက်မှုရရှိရန် လုပ်ထုံးလုပ်နည်း အရေအတွက်		စက်ပစ္စည်းအစိတ်အပိုင်းများကို တင်သွင်းစဉ် စာရွက်စာတမ်း လျော်ညီမှုအတွက် အချိန်ကာလ (နာရီများ)
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သော အချိန် (ရက်များ)		စက်ပစ္စည်းအစိတ်အပိုင်းများကို တင်သွင်းစဉ် စာရွက်စာတမ်း လျော်ညီမှုအတွက် ကုန်ကျစရိတ် (US$)
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သည့် ကုန်ကျစရိတ် (လူတစ်ဦးချင်း ဝင်ငွေ၏ %)	စာချုပ်များအား အသက်ဝင်စေခြင်း	တရားရုံးများမှတဆင့် စာချုပ်တရပ် အသက်ဝင်ရန် လိုအပ်သော အချိန် (နေ့များ)
	ပုံပိုးမှု၏ ယုံကြည်အားထားမှုနှင့် အခွန်နှုန်းထား၏ ပွင့်လင်းမြင်သာရှိမှု အညွှန်းကိန်း		တရားရုံးများမှတဆင့် စာချုပ်တရပ် အသက်ဝင်ရန် လိုအပ်သော ကုန်ကျစရိတ် (တောင်းဆိုသည့် အခွင့်အရေး၏ %)
	လျှပ်စစ်မီး၏ ဈေးနှုန်း (KWHလျှင် ပြားငွေတန်ဖိုး)		တရားရုံးတည်ဆောက်မှုပုံစံနှင့် တရားစွဲမှုများ အညွှန်းကိန်း
ပိုင်ဆိုင်မှုများကို မှတ်ပုံတင်ခြင်း	မရွှေ့ပြောင်းနိုင်သည့် ပိုင်ဆိုင်မှုအပေါ် ပိုင်ဆိုင်မှုခွေင်းစဉ် တရားဝင်လွှဲပြောင်းပေးရန် လုပ်ထုံးလုပ်နည်းများ အရေအတွက်		အခြေအနေ စီမံခန့်ခွဲမှု အညွှန်းကိန်း
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သော အချိန် (ရက်များ)		အီလက်ထရောနစ်စနစ်ဖြင့် တရားရုံး လည်ပတ်သည့် အညွှန်းကိန်း
	လုပ်ထုံးလုပ်နည်း တစ်ခုစီ ပြီးစီးရန် လိုအပ်သော ကုန်ကျစရိတ် (ပိုင်ဆိုင်မှုတန်ဖိုး၏ %)		အခြားနည်းလမ်းဖြင့် အငြင်းပွားမှုဖြေရှင်းခြင်း အညွှန်းကိန်း
	အခြေခံအဆောက်အအုံ၏ ယုံကြည်အားကိုးရမှု အညွှန်းကိန်း		တရားစီရင်ရေးလုပ်ငန်းစဉ်၏ အရည်အသွေး အညွှန်းကိန်း
	သတင်းအချက်အလက် ပွင့်လင်းမှု အညွှန်းကိန်း	လူမွဲခံမှုအား ကိုင်တွယ်ဆောင်ရွက်ခြင်း	ကြွေးမြီမှ နာလန်ပြန်ထူလာရန် လိုအပ်သည့် အချိန်ကာလ (နှစ်များ)
	မြေမျက်နှာသွင်ပြင်လွှမ်းခြုံမှု အညွှန်းကိန်း		ကြွေးမြီမှ နာလန်ပြန်ထူလာရန် လိုအပ်သည့်ကုန်ကျစရိတ် (မြီစား၏ အိမ်ခြံမြေ၏ %)

	မြေအငြင်းပွားမှုဖြေရှင်းနည်း အညွှန်းကိန်း		ရလဒ်
	ပိုင်ဆိုင်မှုအခွင့်အရေးများ တူညီစွာ ရရှိမှု		စိတ်ချရသော မြို့ရှင်များအတွက် ပြန်လည်နာလန်ထူနှုန်း (ဒေါ်လာပေါ်တွင် ဆင့်များ)
	မြေယာစီမံခန့်ခွဲမှု၏ အရည်အသွေး အညွှန်းကိန်း		တရားစွဲဆိုမှုများ စတင်ခြင်း အညွှန်းကိန်း
ချေးငွေ ရရှိခြင်း	ဥပဒေကြောင်းအရ အခွင့်အရေးများ၏ ခိုင်မာမှု အညွှန်းကိန်း		မြို့စား၏ ပိုင်ဆိုင်မှုများ စီမံခန့်ခွဲမှု အညွှန်းကိန်း
	မြို့ရှင်သတင်းအချက်အလက်၏ နက်နဲစေ့စပ်မှု အညွှန်းကိန်း		တရားစွဲဆိုမှုများ ပြန်လည်ဖွဲ့စည်းခြင်း အညွှန်းကိန်း
	ချေးငွေအဖွဲ့အစည်းလွှမ်းခြုံမှု (အရွယ်ရောက်ပြီးသူများ၏ %)		မြို့ရှင်ပါဝင်မှု အညွှန်းကိန်း
	ချေးငွေမှတ်ပုံတင် လွှမ်းခြုံမှု (အရွယ်ရောက်ပြီးသူများ၏ %)	အလုပ်သမား ဈေးကွက် စည်းမျဉ်း စည်းကမ်း*	လူမွဲခံယူမှု မူဘောင်၏ ခိုင်မာမှု အညွှန်းကိန်း
အနည်းစုဖြစ် သော ရင်းနှီးမြှုပ်နှံသူ များအား ကာကွယ်ခြင်း	ထုတ်ဖော်ချက်၏ အတိုင်းအတာပမာဏ အညွှန်းကိန်း		အလုပ်အကိုင်အရည်အသွေး
	ဒါရိုက်တာတာဝန်ယူမှု၏ အတိုင်းအတာပမာဏ အညွှန်းကိန်း	အစိုးရသို့ ရောင်းချခြင်း*	ဝင်ခွင့်ရရှိမှုနှင့် ပွင့်လင်းမြင်သာမှု အညွှန်းကိန်း
	ရှယ်ယာပိုင်ရှင်များ၏ တရားစွဲဆိုမှုများ လွယ်ကူစေခြင်း အညွှန်းကိန်း		လေလံလုံခြုံရေး
	အငြင်းပွားမှု စည်းမျဉ်းစည်းကမ်း အတိုင်းအတာပမာဏ အညွှန်းကိန်း		ပေးချေမှု နောက်ချခြင်းများ

ရင်းမြစ်: www.doingbusiness.org/methodology

နောက်ဆက်တွဲ ၂ - ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွသည့် အာဆီယံ နိုင်ငံများ၏ အတွေ့အကြုံ

၁။ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၏ ယေဘုယျပုံစံ

ထွန်းသစ်စနိုင်ငံများ(NIEs)နှင့် တက်ကြွသော အာဆီယံနိုင်ငံများသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို တရွေ့ရွေ့တိုးမြှင့်လျက်ရှိကြပြီး၊နည်းပညာများ ထပ်ဆောင်းထည့်သွင်းခြင်း၊ ကမ္ဘာ့စီးပွားရေးနှင့် ကွင်းဆက်များ ဖွံ့ဖြိုးခြင်းတို့ဖြင့် ၎င်းတို့၏ စက်မှုဆိုင်ရာ တည်ဆောက်မှုပုံစံကို ပြောင်းလဲလျက်ရှိကြပါသည်။ သမိုင်းအရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်၏ ဘုံပုံစံတစ်ရပ်ရှိပါသည်။ ၎င်းကို ရင်းမြစ် ပုံပိုးမှုများနှင့် တိုးမြှင့်လာသော ယှဉ်ပြိုင်မှုတို့အပေါ် အခြေခံ၍ အောက်ဖော်ပြပါ ပုံစံတွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။



ကားချပ် - နောက်ဆက်တွဲ-၁ စက်မှုဖွံ့ဖြိုးတိုးတက်မှု ပုံစံများ၏ အဆင့်များ

နိုင်ငံတစ်နိုင်ငံသည် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၏ အစောပိုင်းအဆင့်၌ စိုက်ပျိုးရေးနှင့် အထည်ချုပ်ကဲ့သို့သော ရင်းမြစ်အခြေခံ ထုတ်လုပ်ရေးနှင့် လုပ်သားအခြေခံ ထုတ်လုပ်ရေးတို့တွင် နှိုင်းရအကျိုးကျေးဇူးရှိပါသည်။ဤနိုင်ငံ၏ စက်မှုတည်ဆောက်မှု ပုံစံသည်တဖြည်းဖြည်းဖြင့် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ၊ စက်ပစ္စည်းတပ်ဆင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုစုုိက် ကုန်ပစ္စည်းများဆီသို့ ရွေ့လျားသွားပါသည်။ နောက်ထပ်တစ်ဆင့်မှာ အဆင့်မြင့်နည်းပညာသုံး ကုန်ပစ္စည်းများနှင့် ဗဟုသုတစုုိက် အခြေပြုလုပ်ငန်းများ ဖြစ်ကြပါသည်။

၎င်းနိုင်ငံများတွင် သွင်းကုန်အစားထိုးမူဝါဒများနှင့်အကြီးစားနှင့်ဓာတုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို အစိုးရဦးဆောင်မှုများမှတဆင့် (ကိစ္စအများအပြားတွင် ဈေးကွက် ကာကွယ်ခြင်းနှင့် အထောက်အပံ့များနှင့်အမျိုးသားအဆင့် စီမံကိန်းများအနေဖြင့်)ဆောင်ရွက်ခဲ့ကြပါသည်။သို့ရာတွင်ယင်း စီမံကိန်းတို့၏ အများစုမှာ မလုံလောက်သည့် ပြည်တွင်းဈေးကွက်များ၊ နိမ့်ပါးသည့် နည်းပညာဆိုင်ရာ အဆင့်

များ၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း နည်းခြင်းနှင့် မလုံလောက်သည့် ပြည်တွင်းစက်မှုတည်ဆောက်မှုပုံစံများကြောင့် ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ယေဘုယျအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံတွင် အရင်းအနှီး၊ နည်းပညာနှင့် စွမ်းဆောင်နိုင်သည့် လူစွမ်းအားတို့ မရှိကြပါ။ထို့ကြောင့် FDI သည် ၎င်း စွမ်းဆောင်ရည်ကွာဟမှုအား ပေါင်းကူးပေးရန် တွန်းအားတစ်ရပ်အဖြစ် ဆောင်ရွက်ပြီး စက်မှုဖွံ့ဖြိုးတိုးတက်ရေးအား အကောင်အထည်ပေါ်လာစေပါသည်။ ထိုကဲ့သို့ပုံစံအား ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှား တို့ကဲ့သို့သော ရှေ့သို့ရောက်နှင့်နေသည့် အာဆီယံနိုင်ငံများ၏ အတွေ့အကြုံများအရ ဖော်ထုတ်နိုင်ပြီး FDI မှ မောင်းနှင်သည့် (အထူးသဖြင့် အဝတ်အထည်ကဏ္ဍ၊ အပေါ့စား စက်မှုနှင့် မော်တော်ယာဉ်နှင့် လျှပ်စစ်လုပ်ငန်းများတွင်) 'အမီလိုက်သော စက်မှုဖွံ့ဖြိုးတိုးတက်မှု - catch-up industrialization'ဟု ပုံဖော်နိုင်ပါသည်။

၂။ FDI မောင်းနှင်ပြီး ပို့ကုန်ဦးစားပေးသော စက်မှုဖွံ့ဖြိုးတိုးတက်ရေး

လွန်ခဲ့သည့် ဆယ်စုနှစ် ၃ ခုအတွင်း အာရှ အသစ်စက်မှုဖွံ့ဖြိုးသော စီးပွားရေးများ(NIEs) နှင့် အာဆီယံတည်ထောင်သည့်(၅)နိုင်ငံတို့တွင် တွန်းအားပေးလည်ပတ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင်မြင်ခဲ့ပါသည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ရေးနှင့်အတူ သွင်းကုန်အစားထိုး မူဝါဒဆီမှ ပို့ကုန်ဦးစားပေးမူဝါဒဆီသို့ ပြောင်းလဲမှုများသည် ၎င်းတို့ တိုးတက်မှုနှင့်စက်မှုအသွင် ကူးပြောင်းမှုတို့အတွက် အရှိန်အဟုန်ဖြင့် အထောက်အကူ ပြုခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်များ၏ အစောပိုင်းကာလများတွင် ထိုင်း၊မလေးရှားနှင့် အင်ဒိုနီးရှားတို့အပါအဝင် အာဆီယံ၏ တက်ကြွသည့်နိုင်ငံများသည် အရှေ့အာရှနိုင်ငံများ၊ EU နှင့် အမေရိကန်ပြည်ထောင်စုတို့မှ FDI စီးဝင်မှုနှင့် ပို့ကုန်အခြေစိုက်များအဖြစ် ပေါ်ထွန်းလာခဲ့ကြပါသည်။ လျှပ်စစ်၊ ဆိပ်ကမ်းများ၊ လမ်းများနှင့် စက်မှုဇုန်များကဲ့သို့သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများသည် FDIကို ကျယ်ကျယ်ပြန့်ပြန့် အတိုင်းအတာဖြင့် ဆွဲဆောင်ရာတွင် ပါဝင်ဖြည့်ဆည်းကြပြီး၊ ၎င်းနိုင်ငံများတွင် FDI မှ မောင်းနှင်သည့် တွန်းအားပေးလည်ပတ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်း လာခဲ့ပါသည်။



ကားချပ်- နောက်ဆက်တွဲ-၂ အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရာတွင် အကြောင်းရင်းများ

၁၉၉၀ ပြည့်နှစ်များ အလယ်ခန့်တွင် တရုတ်၌ FDI လွှမ်းမိုးပြီး ကမ္ဘာ၏ စက်ရုံဖြစ်လာခဲ့မှုနှင့် အာရှ ငွေကြေးအကျပ်အတည်းတို့ကြောင့် အာဆီယံနိုင်ငံများသို့ စီးဝင်သည့် FDI မှာ ဆိုင်းငံ့နေခဲ့ပါသည်။ သို့ရာတွင်အာဆီယံနိုင်ငံများ၌ထုတ်လုပ်မှုအခြေပြုများမှအပိုပစ္စည်းနှင့်အစိတ်အပိုင်းများ၏ ဒေသတွင်းကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက်(အထူးသဖြင့် မော်တော်ယာဉ်နှင့် လျှပ်စစ်ပစ္စည်း လုပ်ငန်းများတွင်)မှာ တဖြည်းဖြည်း ဖွံ့ဖြိုးလာခဲ့ပါသည်။၂၀၀၀ ပြည့်နှစ်များအတွင်း ဒေသတွင်းဈေးကွက်ချဲ့ထွင်ခြင်း၊ တက်ကြွသည့်အာဆီယံနိုင်ငံများရှိ ပြည်တွင်းလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့် CMLV (ကမ္ဘောဒီးယား၊မြန်မာ၊လာအိုနှင့်ဗီယက်နမ်) နိုင်ငံများမှ ပို့ကုန်အခြေပြု နေရာအသစ်များအဖြစ် ပေါ်ထွန်းလာခြင်း တို့ကြောင့် အာဆီယံဒေသတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအသစ်များ ဖန်တီးလာပါသည်။



ရင်းမြစ်: UNCTAD FDI Statisticsတွင် သမိုင်းနှင့်ဆိုင်သော စာရင်းအင်းမှ FDI ကိန်းဂဏန်းများ

ကားချပ်-နောက်ဆက်တွဲ-၃ အာဆီယံနိုင်ငံများသို့ FDI စီးဝင်မှု သမိုင်းကြောင်း

စက်မှုအသွင်ကူးပြောင်းခြင်းနှင့်ယှဉ်ပြိုင်နိုင်သော လုပ်ငန်းများသို့ ပြောင်းရွှေ့ခြင်းမှာ ပို့ကုန်များ ဖွဲ့စည်းတည်ဆောက်မှုတွင် ရောင်ပြန်ဟပ်ပါသည်။ အောက်ဖော်ပြပါ ဇယားများတွင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ အဓိကပို့ကုန်များနှင့် စက်မှုတည်ဆောက်ပုံများတွင် ပြောင်းလဲခဲ့မှုများကို သရုပ်ဖော်တင်ပြထားပါသည်။ဂင်းနိုင်ငံများတွင် စက်မှုလုပ်ငန်းများ၏ လုပ်ငန်းစဉ်အတွင်း ပို့ကုန်များတွင် စိုက်ပျိုးရေးထွက် ကုန်များနှင့် လုပ်သားစူးစိုက်ပို့ကုန်များ (ဥပမာ အဝတ်အထည်များ)၏ ဝေစုမှာ ကျဆင်းခဲ့ပြီး ၊ တချိန်တည်းမှာပင် စက်ပစ္စည်းတင်ပို့မှု မြင့်တက်ခဲ့ပါသည်။

ထိုင်း



မလေးရှား



ရင်းမြစ်: ကမ္ဘာ့ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သမိုင်းနှင့်ဆိုင်သော အချက်အလက်

ကားချပ်-နောက်ဆက်တွဲ-၄ စက်မှုတည်ဆောက်မှုပုံစံ၏ ဖွဲ့စည်းပေါင်းစပ်ပုံ

Thailand



Malaysia



ရင်းမြစ်:ADB၏သမိုင်းနှင့်ဆိုင်သော အချက်အလက်၊ အာရှနှင့်ပစိဖိတ်အတွက် အဓိကအညွှန်းကိန်းများ

ကားချပ်-နောက်ဆက်တွဲ-၅ ပို့ကုန်တင်ပို့သော ကုန်ပစ္စည်းများ၏ ဖွဲ့စည်းပေါင်းစပ်ပုံ

မကြာသေးမီးက အာဆီယံနိုင်ငံများသည် အောက်ဖော်ပြပါပုံများတွင် ပြထားသည့်အတိုင်း ၎င်းတို့၏ အနေအထားအား FDI အတွက် အဓိကနေရာများဖြစ်လာရန် မြှင့်တင်ခဲ့ကြပါသည်။ အာဆီယံနိုင်ငံများသည် FDI အား ပို့ကုန်ဦးစားပေးကုန်ထုတ်လုပ်မှု အတွက်သာမက ဒေသတွင်းဈေးကွက်သို့ ထိုးဖောက်ရေးအတွက်ပါ ဆွဲဆောင်ကြပါသည်။ တချိန်တည်းမှာပင် အာဆီယံနိုင်ငံများသည် ထင်ရှားသော စီးပွားရေးလုပ်ငန်းအချက် အချာများဖြစ်လာရန် ဖွံ့ဖြိုးလာခဲ့ပါသည်။



ရင်းမြစ်: FDI ကိန်းဂဏန်းများမှာ UNCTAD FDI စာရင်းအင်းမှ ဖြစ်သည်။

ကားချပ်- နောက်ဆက်တွဲ - ၆ FDI စီးဝင်သည့်ပမာဏ

၃။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် သင်ခန်းစာများ

မြန်မာနိုင်ငံသည်၁၉၈၈ပြည့်နှစ်များ အကုန်ခန့်ကာလတိုင်အောင် တံခါးပိတ်စီးပွားရေး အစီအမံအောက်တွင် နိုင်ငံပိုင်လုပ်ငန်းများမှ မဖွံ့ဖြိုးသေးသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သွင်းကုန်အစားထိုးမူဝါဒများအားချမှတ်ဆောင်ရွက်ခဲ့ပါသည်။ဂင်းမူဝါဒများတွင် အကန့်အသတ်များရှိသည့်အတွက် မြန်မာအစိုးရသည် ၁၉၈၈ပြည့်နှစ်များ နောင်းပိုင်းတွင် စျေးကွက်ဦးစားပေးစီးပွားရေး ပြုပြင်ပြောင်းလဲရေးဆီသို့ ပြောင်းလဲခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ်များတိုင်အောင် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်မှာ နှေးကွေးခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံသည် တံခါးဖွင့်ပေးထားသော စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုက မောင်းနှင်သော စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊အရှိန်ရလာသော စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဖြစ်တည်လာခြင်းတို့ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အစပိုင်း၌ ရပ်တည်နေပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုအသွင်ပြောင်းလဲရေးတို့တွင် ဖွံ့ဖြိုးပြီးဖြစ်သော အာဆီယံနိုင်ငံများအများစုနှင့်အမီလိုက်နိုင်စေရန်မှာ မြန်မာအစိုးရ၏ တာဝန်ဖြစ်ပါသည်။အမှားအယွင်းများကို ရှောင်ကြဉ်ရန်နှင့် အလားအလာများကို အမြင့်ဆုံးရရှိရန် အတတ်ကြွဆုံးအာဆီယံနိုင်ငံ အများစု၏ အတွေ့အကြုံများကို အသုံးချထားသည့် ဖွံ့ဖြိုးတိုးတက်မှုမှာ မြန်မာနိုင်ငံ၏ စီးပွားရေးတည်ဆောက်မှုပုံစံကို ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများဆီသို့ ပိုမိုဦးတည်သွားပြီး၊ စိုက်ပျိုးရေးအပေါ် မှီခိုအားထားမှုကို လျှော့ချပြောင်းလဲသွားရန် လိုအပ်နေပါသည်။

နောက်ဆက်တွဲ ၃ - ဖွံ့ဖြိုးမှုအပိုင်း ၄ ပိုင်းသို့ အထူးပြုသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ပို့ကုန်ဦးစားပေးလုပ်ငန်းများ

၎င်းလုပ်ငန်းများအားမြှင့်တင်ရန် ရည်မှန်းချက်များမှာ အဆင့်တိုင်း၌အထည်ချုပ်ကဏ္ဍဖြင့် ကိုယ်စားပြုထားသည့် ရှိရင်းလုပ်သားစွမ်းစိုက်လုပ်ငန်းများမှ ပိုမို၍ ထပ်ဆင့် တန်ဖိုးနှင့် နည်းပညာစွမ်းစိုက် ကဏ္ဍများနှင့် ကမ္ဘာ့ကုန်ပေးသွင်းထောက်ပံ့သည့်ကွင်းဆက်သို့ ပိုမို၍ ပြောင်းရွှေ့သွားရန်ဖြစ်ပါသည်။ ကုန်ထုတ်စွမ်းအားတိုးတက်ရေးမှာ ပို့ကုန်ဦးစားပေး လုပ်ငန်းများအတွက် အဓိကစိုးရိမ်မှုတစ်ရပ်ဖြစ်ပါသည်။ ပို့ကုန်ဦးစားပေးလုပ်ငန်းများသို့ အထူးပြု၍ အဓိကတိုင်းတာမှုများမှာ အောက်ဖော်ပြပါတို့ ဖြစ်ကြပါသည် -

မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ

- လွတ်လပ်သောကုန်သွယ်မှုမူဝါဒ
- ဖြေလျှော့ပေးပြီး ထိရောက်လျော်ညီမှုရှိသော ပို့ကုန်-သွင်းကုန်
- ပို့ကုန်ဆောင်ရွက်မှုများအတွက် မက်လုံးများ

အခြေခံအဆောက်အအုံ

- ပို့ကုန်နှင့်ဆက်စပ်နေသည့် အခြေခံအဆောက်အအုံ (အထူးသဖြင့် ထောက်ပို့သယ်ယူပို့ဆောင်ရေး)

ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားအရင်းအမြစ်များ

- ထပ်ဆင့်တန်ဖိုးဆောင်းမှု တိုးတက်ရန် နည်းပညာဆိုင်ရာပံ့ပိုးမှု
- ကျွမ်းကျင်လုပ်သားထု ပံ့ပိုးမှု

ဇယား-၂ ပို့ကုန်ဦးစားပေးလုပ်ငန်းများကို အထူးပြုသည့် မြှင့်တင်ရေး ဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု	မြှင့်တင်ရေးအတိုင်းအတာများ	ကာလတို	ကာလလတ်	ကာလရှည်
၁-၂တံခါးဖွင့်ထားသော ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့်တိုးတက်ထားသော စီးပွားရေး ပတ်ဝန်းကျင်သို့ ခိုင်မာသည့် ကတိကဝတ်	AEC နှင့် အခြားသော အပြည်ပြည် ဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရန်	■	■	■
	ပို့ကုန်/သွင်းကုန် လိုင်စင်စနစ် ဖြေလျှော့ပေးရန်	■		
	အကောက်ခွန် ကြီးကြပ်မှု အောက်တွင် ရှိသော နယ်မြေများနှင့် အကောက်ခွန် ကြီးကြပ်မှုအောက် တွင်ရှိသော သယ်ယူပို့ဆောင်ရေး တို့အား တိုးချဲ့ရန်		■	
	ပို့ကုန်ဦးစားပေးကုန်ထုတ်လုပ်မှု အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပေါ် ကန့်သတ်ချက်များ ဖြေလျှော့ ပေးရန်			

၁-၃ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် စက်မှု ဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း	ပို့ကုန်ဈေးကွက် ဆောင်ရွက်မှုများ အတွက် အခွန်အခများ လျှော့ချ ပေးရန်			
	လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးမှုအတွက် အခွန်အခများ လျှော့ချ ပေးရန်			
	ပြည်တွင်းကုန်စည် ပံ့ပိုးသူများအား ပံ့ပိုးမှု ကုန်ကျစရိတ်အတွက် အခွန်အခများ လျှော့ချပေးရန်			
	R&D ဆောင်ရွက်မှုများအတွက် အခွန် အခများ လျှော့ချ ပေးရန်			
၂-၁ နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း	ကုန်သွယ်မှုနှင့် ဆက်စပ်သည့် စည်းမျဉ်း စည်းကမ်းများအပေါ် သတင်းအချက် အလက်များ ဖော်ပြပေးရန်			
	အလားအလာ ရှိသော ဝယ်ယူသူများ အပေါ် သတင်းအချက်အလက် များ ဖော်ပြ ပေးရန်			
	စွမ်းဆောင်ရည်ရှိသော မိတ်ဖက်များအား ရင်းနှီးမြှုပ်နှံသူများသို့ မိတ်ဆက်ပေးရန်			
	ပြည်တွင်းကုန်စည်ပံ့ပိုးပေးသူများ အပေါ် သတင်းအချက်အလက်အား ဖော်ပြ ပေးရန်			
	ကမ္ဘာ့ကုန်ပေးသွင်းထောက်ပံ့ခြင်းကွင်းဆက် နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် ဖော်ပြ ပေးရန်			
၂-၂ လျှောက်လွှာများ ကို ကိုင်တွယ်ရန် အတွက် ရှင်းလင်း သော လျှောက်လွှာ လုပ်ထုံးလုပ်နည်း များနှင့် အဖွဲ့ အစည်းတစ်ရပ် တည်ထောင်ခြင်း	နယ်စပ်ကုန်သွယ်ရေးအပါအဝင် အကောက် ခွန် ရှင်းလင်းခြင်းအတွက် မြန်ဆန်ပြီး ရိုးရှင်းသော သွင်းကုန် လုပ်ထုံး လုပ်နည်း များ			
	ပို့ကုန်များ အတွက် ကောင်းမွန်စွာ စုစည်း ထားသော သွင်းကုန် အကောက်ခွန် လုပ်ထုံးလုပ်နည်းများ			
၂-၄ စနစ်ကျသည့် ရင်းနှီးမြှုပ်နှံသူ ပံ့ပိုးမှုမြှင့်တင် ခြင်း	ပို့ကုန်မြှင့်တင်ရေး ပံ့ပိုးမှု			
၃-၁ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် တိုးတက်ထား သော အခြေခံ	ဆိပ်ကမ်းများ၊ လေဆိပ်များ၊dry port များ၊ ကုန်လှောင်ရုံများနှင့် အခြားသော ထောက်ပို့ သယ်ယူ ပို့ဆောင်ရေး အခြေခံအဆောက် အအုံများ ဖွံ့ဖြိုးတိုးတက်ရန်			
	အိမ်နီးချင်းနိုင်ငံများနှင့် ချောမွေ့သည့်			

အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ	နိုင်ငံဖြတ်ကျော် သယ်ယူ ပို့ဆောင်ရေး စနစ်များ တည်ထောင် ရန်			
၃-၂ စက်မှုဇုန်များနှင့် SEZများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း	စက်မှုဇုန်များနှင့် SEZများ ဖွံ့ဖြိုး တိုးတက်ရန်			
၄-၂ ဘဏ္ဍာရေးကဏ္ဍ တိုးမြှင့်ခြင်း	ပို့ကုန်ချေးငွေသို့ တိုးတက်ရရှိရန်			
၅-၂ပြည်တွင်းလုပ်ငန်းများ၏ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ခြင်း	ကုန်ထုတ်လုပ်မှု တိုးတက်ရေး အပေါ် သုတေသနအဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ နည်းပညာ အကူအညီ			
	ပြည်တွင်းကုန်ပဲ့ပိုးသူများ (ကုန်ပဲ့ပိုးသော လုပ်ငန်းများ) ဖွံ့ဖြိုးရန် နည်းပညာ အကူ အညီ			

ပြည်တွင်းစျေးကွက်ဦးစားပေးလုပ်ငန်းများ

ၵင်းလုပ်ငန်းများအား မြှင့်တင်ရန် ရည်မှန်းချက်များမှာ သွင်းကုန်အစားထိုးရေးအတွက် အရည်အသွေးပြည့် ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်ရန်နှင့် တဆက်တစပ်တည်း၌ မြန်မာ့ စီးပွားရေးတွင် ကုန်စည်များနှင့် ဝန်ဆောင်မှုများ၏အဆင့်ကို မြှင့်တင်ရန်ဖြစ်ကြပါသည်။ ကုန်ထုတ်လုပ်မှု တိုးတက်ရန် အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှုကိုလည်း အားပေးပါသည်။

ပြည်တွင်းဦးစားပေးလုပ်ငန်းများသို့ အထူးပြု၍ အဓိကတိုင်းတာမှုများမှာ အောက်ဖော်ပြပါတို့ ဖြစ်ကြပါသည် -

မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ

- စည်းမျဉ်းများလျှော့ပေါ့ပေးခြင်းမှတဆင့် စီးပွားရေးအခွင့်အလမ်းများ တိုးချဲ့ခြင်း
- မျှတသော ယှဉ်ပြိုင်မှု၏ စည်းမျဉ်းစည်းကမ်း
- R&D စသည်တို့အတွက် ကုန်ကြမ်းပစ္စည်းများတင်သွင်းသည့် သွင်းကုန်ခွန်အပေါ် အခွန်အခ လျှော့ပေါ့ခြင်းကဲ့သို့သော အခွန်အခမက်လုံးများ

အခြေခံအဆောက်အအုံ

- လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပို့သယ်ယူမှုနှင့် စက်မှုဇုန်များနှင့် SEZများ အပါအဝင် စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်နေသော အခြေခံအဆောက်အအုံတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်

စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်နေသောစနစ်များ

- ကုန်စည်စံချိန်စံညွှန်းများနှင့် ဉာဏပစ္စည်း ပိုင်ဆိုင်မှုများကဲ့သို့သော စီးပွားရေးလုပ်ငန်းများနှင့် ဆက်စပ်နေသော စနစ်များ ဖွံ့ဖြိုးတိုးတက်ခြင်း

ပြည်တွင်းလုပ်ငန်းများနှင့် လူ့စွမ်းအားရင်းမြစ်များ

- နည်းပညာအကူအညီမှတဆင့် ပြည်တွင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်း
- ပြည်တွင်းအမှတ်တံဆိပ်များ မြှင့်တင်ခြင်း

ဇယား-၃: ပြည်တွင်းစျေးကွက်ဦးစားပေးလုပ်ငန်းများကို အထူးပြုသည့် မြှင့်တင်ရေး ဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု	မြှင့်တင်ရေးအတိုင်းအတာများ	ကာလတို	ကာလလတ်	ကာလရှည်
၁-၂ တံခါးဖွင့်ထား သောရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့်တိုးတက်ထားသောစီးပွားရေးပတ်ဝန်းကျင်သို့ ခိုင်မာသည့် ကတိကဝတ်	ဆက်စပ်နေသည့် စည်းမျဉ်း စည်းကမ်းများ လျှော့ပေါ့ပေးခြင်း (ဥပမာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ များအတွက် ကုန်သွယ်လုပ်ငန်း ဖြေလျှော့ပေးခြင်းနှင့် ဖက်စပ်လုပ်ငန်းများအပေါ် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း)	■		
	ပို့ကုန်/သွင်းကုန် လိုင်စင်စနစ် ဖြေလျှော့ပေးရန်	■		
၁-၃ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် စက်မှုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း	သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ခြင်းအတွက် ကုန်ကြမ်းပစ္စည်းများ အပေါ်တွင် သွင်းကုန်ခွန်များ လျှော့ပေါ့ပေးရန်	■		
	လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်အခ လျှော့ချမှုများ		■	■
	R&D ဆောင်ရွက်မှုများအတွက် အခွန်အခလျှော့ချမှုများ		■	■
	မျှတသော ယှဉ်ပြိုင်မှုအပေါ် စည်းမျဉ်းစည်းကမ်းများ		■	■
၂-၁ နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း	ဆက်စပ်နေသည့် စည်းမျဉ်း စည်းကမ်းများအပေါ် သတင်း အချက်အလက်များ ဖော်ပြပေးရန်	■	■	■
	ရင်းနှီးမြှုပ်နှံသူများ သို့ အရည်အသွေးရှိ မိတ်ဖက်များအား မိတ်ဆက်ပေးရန်	■	■	■
	အလားအလာ ရှိသော ဝယ်ယူသူများအပေါ် သတင်းအချက်အလက်များ ဖော်ပြပေးရန်			
	ဆက်နွယ်နေသည့် ကဏ္ဍများနှင့် ကုန်စည်အသစ်များ၏ သတင်း အချက် အလက်များအား ဖော်ပြပေးရန်		■	■

၂-၃ လျှောက်လွှာများကို ကိုင်တွယ်ရန်အတွက် ရှင်းလင်းသော လျှောက်လွှာလုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့ အစည်းတစ်ရပ် တည်ထောင်ခြင်း	ကုန်ကြမ်းပစ္စည်းများအတွက် မြန်ဆန်ပြီး ရိုးရှင်းသည့် သွင်းကုန် လုပ်ထုံးလုပ်နည်းများ	
၃-၁ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ တိုးတက်ခြင်း	ဆိပ်ကမ်းများ၊ လေဆိပ်များ၊ dry port များနှင့် ကုန်သိုလှောင်ရုံများ ကဲ့သို့သော ထောက်ပို့သယ်ယူ ပို့ဆောင်ရေး အခြေခံ အဆောက် အအုံများ ဖွံ့ဖြိုးတိုးတက်မှု	
၃-၂ စက်မှုဇုန်များနှင့် SEZများတွင်ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ခြင်း	စက်မှုဇုန်များနှင့် SEZများ ဖွံ့ဖြိုး တိုးတက်မှု	
၃-၃ PPP မူဘောင် တစ် ရပ်တည်ထောင်ခြင်း နှင့် PPP စီမံကိန်း များ မြှင့်တင်ခြင်း	အဓိက PPP အခြေခံအဆောက်အအုံ စီမံကိန်းများ သတ်မှတ်ဖော်ထုတ် ခြင်းနှင့် စီမံကိန်းများအား မြှင့်တင်ဆောင်ရွက်ခြင်း	
	PPP မူဘောင်တစ်ရပ် တည် ထောင်ရန်နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည် ဖော်ရန်	
	အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက် သည့် စီမံကိန်းများ လွှဲပြောင်းမှုဆိုင်ရာ ကိစ္စများ လွယ်ကူ ချောမွေ့စေရန်	
၄-၁ စီးပွားရေးနှင့် ဆက်စပ်နေသော စနစ်များအတွက် စည်းမျဉ်းစည်း ကမ်းများချမှတ် ခြင်း	စက်မှုနှင့် လုံခြုံရေး စံနှုန်းသတ်မှတ်ချက် များ တည်ထောင်ရန်	
	စားသုံးသူ ကာကွယ်ရေး ခိုင်မာ အားကောင်းစေရန်	
	ဥဏ္ဍာပစ္စည်း မူပိုင်ခွင့်များ၏ စည်းမျဉ်း စည်းကမ်း	
၅-၂ ပြည်တွင်းလုပ်ငန်း များ၏ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ခြင်း	ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် လိုအပ် သည့် ကုန်စည်စံနှုန်း အတည်ပြုချက် ရရှိရေး အပေါ် သုတေသန အဖွဲ့အစည်း များနှင့် တက္ကသိုလ်များမှ နည်းပညာ ဆိုင်ရာ အကူအညီ	
	တပ်ဆင်ထုတ်လုပ်သည့် နည်းပညာ	

	အပေါ် နည်းပညာ ဆိုင်ရာ အကူအညီ				
	ကုန်စည်ဖွံ့ဖြိုးတိုးတက်မှုအပေါ် သုတေသနအဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ နည်းပညာဆိုင်ရာ အကူအညီ				
	ကုန်အမှတ်တံဆိပ်များ တည်ထောင်ရေးနှင့် မြှင့်တင်ရေးအတွက် အကူအညီ				

ရင်းမြစ်အခြေပြုလုပ်ငန်းများ

ဂင်းလုပ်ငန်းများအား မြှင့်တင်ရန် ရည်မှန်းချက်များမှာ ပိုမိုမြင့်မားသော တန်ဖိုးမြှင့် ကုန်စည်များ ထုတ်လုပ်ရေးနှင့် ပြည်တွင်းရင်းမြစ်များ အမျိုးအစားချဲ့ထွင်ကွဲပြားရေး၊ ကုန်ပေးသွင်းထောက်ပံ့သည့် ကွင်းဆက်များတွင် ရင်းနှီးမြှုပ်နှံရေးနှင့် စက်မှုအစုအဖွဲ့/ ပေါင်းစည်းခြင်းတို့အား ဖန်တီးရေးတို့ ဖြစ်ကြပါသည်။

ရင်းမြစ်အခြေပြု လုပ်ငန်းများသို့ အထူးပြု၍ အဓိကတိုင်းတာမှုများမှာ အောက်ဖော်ပြပါတို့ ဖြစ်ကြပါသည် -

မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ

- R&D နှင့် လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးရေးအတွက် အခွန်အခလျှော့ချမှုများ
- မြေယာ ပိုင်ဆိုင်မှုများနှင့် ငှားရမ်းမှုများ၏ ရှင်းလင်းသော မှတ်ပုံတင်မှု

ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး

- ပို့ကုန်နှင့် ကုန်အမှတ်တံဆိပ်အတွက် ပံ့ပိုးမှု

အခြေခံအဆောက်အအုံ

- ဆက်စပ်နေသည့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး (အထူးသဖြင့် ထောက်ပို့သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေး အချက်အချာများနှင့် စက်မှုဇုန်များအတွက်)

ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားအရင်းအမြစ်များ

- ပြည်တွင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာဆိုင်ရာအကူအညီ
- စက်မှုအစုအဖွဲ့များ ဖွဲ့စည်းရေးအတွက် နည်းပညာဆိုင်ရာအကူအညီ

ဇယား-နောက်ဆက်တွဲ-၄: အရင်းအမြစ်အခြေပြုလုပ်ငန်းများကို အထူးပြုသည့် မြှင့်တင်ရေးဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု	မြှင့်တင်ရေးအတိုင်းအတာများ	ကာလတို	ကာလလတ်	ကာလရှည်
၁-၂ တံခါးဖွင့် ထားသော ရင်းနှီးမြှုပ်နှံမှုမူဝါဒ နှင့်တိုးတက်	ပို့ကုန်/သွင်းကုန် လိုင်စင်များအတွက် လျှော့ချထားသောလိုအပ်ချက်များ			

ထားသောစီးပွားရေး ပတ်ဝန်းကျင်သို့ ခိုင်မာသည့် ကတိကဝတ်				
၁-၃ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် စက်မှုဆိုင်ရာမူဝါဒ များချမှတ်ခြင်း	လူစွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးမှုအတွက် အခွန်အခလျှော့ချမှုများ			
	ပြည်ပပို့ကုန် များအတွက် အခွန်အခ လျှော့ချမှု များ			
	R&D လှုပ်ရှားဆောင်ရွက်မှုများ အတွက် အခွန်အခလျှော့ချမှုများ			
၂-၁ နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်း	ကဏ္ဍများနှင့် အလားအလာရှိသော ထုတ်လုပ်ရေး တည်နေရာများအပေါ် သတင်းအချက်အလက်များ ဖော်ပြပေးရန်			
	ဆက်စပ်နေသည့် စည်းမျဉ်းစည်းကမ်း များအပေါ် သတင်းအချက်အလက် များ ဖော်ပြပေးရန်			
	ရှိပြီးရင်းနှီးမြှုပ်နှံသူများသို့ အရည်အသွေး ပြည့် လုပ်ငန်းမိတ်ဖက်များ အား မိတ်ဆက်ပေးရန်			
	ရှိပြီးရင်းနှီးမြှုပ်နှံသူများသို့ အရည်အသွေး ပြည့် ကုန်စည်ပို့ပိုးသူများနှင့် ဝယ်ယူသူ များအား မိတ်ဆက်ပေးရန်			
၂-၂ ရင်းနှီးမြှုပ်နှံမှု နှင့် ဆက်စပ်နေသော လုပ်ထုံးလုပ်နည်း များအား စေ့စပ် သေချာစွာစီမံခန့်ခွဲ ခြင်းနှင့်ရင်းနှီး မြှုပ်နှံသူကာကွယ် ပေးမှုခိုင်မာ အားကောင်းစေခြင်း	မြေယာ ပိုင်ဆိုင်မှုများနှင့် မြေယာ ငှားရမ်းမှု များတွက် ရှင်းလင်းသည့် ဥပဒေဆိုင်ရာ အဆင့်အတန်းနှင့် လုပ်ထုံးလုပ်နည်းများ တည်ထောင်ရန်			
၂-၃ လျှောက်လွှာ များကို ကိုင်တွယ်ရန် အတွက် ရှင်းလင်းသော လျှောက်လွှာလုပ်ထုံး လုပ်နည်းများနှင့် အဖွဲ့အစည်းတစ်ရပ် တည်ထောင်ခြင်း	အကောက်ခွန်ရှင်းလင်းမှု ချောမွေ့စေရန်			
၂-၄ စနစ်ကျသည့် ရင်းနှီး	ကုန်အမှတ်တံဆိပ် တည်ထောင်ရေး			

မြှုပ်နှံသူ ပံ့ပိုးမှု မြှင့်တင်ခြင်း	အတွက် ကူညီပေးရန်			
	ပို့ကုန်မြှင့်တင်ရေးပံ့ပိုးမှု			
၃-၁ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအစီအမံများတိုးတက်ခြင်း	သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံနှင့် ထောက်ပို့ သယ်ယူပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်း			
	ဖြန့်ဖြူးရေးအချက်အချာများ တည်ဆောက်ခြင်း			
	အထူးပြုစက်မှုဇုန်များ (ဥပမာ အစားအသောက် ပြုပြင် ထုတ်လုပ် ရေး) တည်ဆောက်ခြင်း			
	ဓာတ်ခွဲခန်းအပါအဝင် စွန့်ဦးစီးပွားတီထွင်သူများအတွက် ပံ့ပိုးပေးသည့် incubation centers များ တည်ဆောက်ရေး			
၅-၂ ပြည်တွင်းလုပ်ငန်းများ၏စွမ်းရည် ဖွံ့ဖြိုးတိုးတက်ခြင်း	အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း တစ်ရပ်၏ / သို့ စမ်းသပ် သည့် ဓာတ်ခွဲခန်းများ တိုးတက်စေခြင်း / တည်ထောင်ခြင်း			
	ကုန်ထုတ်စွမ်းအားတိုးတက်ရေးနှင့် လိုအပ်သည့် ကုန်စည်များ စံချိန်စံညွှန်း အတည်ပြုချက်များအပေါ် သုတေသန အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ နည်းပညာဆိုင်ရာ အကူအညီ			
	စွန့်ဦးတီထွင်သူများအား ကုန်ထုတ်လုပ်မှု နည်းပညာများ ကူညီပေးခြင်း။			
	စက်မှုအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲခြင်းအပေါ် နည်းပညာဆိုင်ရာ အကူအညီ			
	စက်မှုအစုအဖွဲ့များနှင့် ပေါင်းစပ်၍ ပူးတွဲသုတေသနနှင့် ဈေးကွက်ရှာဖွေခြင်းအတွက် နည်းပညာဆိုင်ရာ အကူအညီ			
	စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဆောင်မှုများ တည်ထောင်ခြင်း			
၅-၃စွန့်ဦးစီးပွားတီထွင်သူပံ့ပိုးမှု တည်ထောင်ခြင်း	စက်မှုအစုအဖွဲ့များအတွက် ဘုံဖြစ်သော အထောက်အပံ့ ပစ္စည်းပစ္စယများ တည်ထောင်ရန်			

ပညာရေးဝန်ဆောင်မှု

ဂင်းလုပ်ငန်းများအား မြှင့်တင်ရန် ရည်မှန်းချက်များမှာ ICTဝန်ဆောင်မှုများ၊ ဘဏ္ဍာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေးနှင့် စီးပွားရေးပံ့ပိုးဝန်ဆောင်မှုများကဲ့သို့သော ကဏ္ဍ များတွင် အရည်အသွေးရှိ

ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ကြပါသည်။ ဤအမျိုးအစားတွင် ပါဝင်သည့်ကဏ္ဍများမှာ မြန်မာလူမျိုးများ၏ လူနေမှုအဆင့်အတန်းများနှင့် မြန်မာ့စီးပွားရေး၏ စုစုပေါင်းကုန်ထုတ်လုပ်မှုသို့ တိုက်ရိုက် ဆက်စပ်နေပါသည်။

ဗဟုသုတစူးစိုက် လုပ်ငန်းများသို့ အထူးပြု၍ အဓိကတိုင်းတာမှုများမှာ အောက်ဖော်ပြပါတို့ ဖြစ်ကြပါသည် -

မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ

- R&D လှုပ်ရှားဆောင်ရွက်မှုများအတွက် အခွန်မက်လုံးများ
- ဗဟုသုတစူးစိုက်ဝန်ဆောင်မှုကဏ္ဍများ၏ စည်းမျဉ်းစည်းကမ်း အမျိုးအစား ခွဲခြားမှုနှင့် စည်းမျဉ်းများ လျှော့ပေါ့ပေးခြင်း

အခြေခံအဆောက်အအုံ

- ICT အခြေခံအဆောက်အအုံနှင့် ICT သိပ္ပံ နေရာ/ဥယျာဉ်/ပန်းခြံများ ဖွံ့ဖြိုးတိုးတက်ခြင်း

စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်နေသောစနစ်များ

- ဘဏ္ဍာရေးကဏ္ဍဖြေလျှော့ပေးခြင်း
- စီးပွားရေးစတင်လုပ်ကိုင်မှုအများအတွက် ဘဏ္ဍာရေးယန္တရား ဖွံ့ဖြိုး တိုးတက် ခြင်း

ပြည်တွင်းလုပ်ငန်းများနှင့် လူစွမ်းအားရင်းမြစ်များ

- စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ခြင်း
- ကျွမ်းကျင်ပညာရှင်များပံ့ပိုးခြင်း

ဇယား-နောက်ဆက်တွဲ-၅: ဗဟုသုတစူးစိုက်လုပ်ငန်းများကို အထူးပြုသည့် မြှင့်တင်ရေး ဆောင်ရွက်မှုများ

လှုပ်ရှားဆောင်ရွက်မှု	မြှင့်တင်ရေးအတိုင်းအတာများ	ကာလတို	ကာလလတ်	ကာလရှည်
၁-၂ တံခါးဖွင့်ထားသော ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် တိုးတက်ထား သော စီးပွားရေး ပတ်ဝန်းကျင်သို့ ခိုင်မာသည့် ကတိကဝတ်	ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအပေါ် အမျိုးအစားခွဲခြားခြင်းနှင့် စည်းမျဉ်းများ ဖြေလျှော့ပေးခြင်း	■		
	ပညာရေးဝန်ဆောင်မှုများအပေါ် အမျိုးအစားခွဲခြားခြင်းနှင့်စည်းမျဉ်းများ ဖြေလျှော့ပေးခြင်း	■		
	စီးပွားရေးအခွင့်အလမ်းအသစ်များ အတွက် စည်းမျဉ်းများ ဖြေလျှော့ပေးခြင်း	■		
၁-၃ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် စက်မှု ဆိုင်ရာ မူဝါဒများ	စွန့်ဦးတီထွင်မှု ပြုလုပ်ရသည့် လုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်မက်လုံးများ		■	■
	R&D လှုပ်ရှားဆောင်ရွက်မှုများ အတွက်		■	■

ချမှတ်ခြင်း	အခွန်မက်လုံးများ			
	လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးရေး အတွက် အခွန်မက်လုံးများ			
	ဗဟုသုတစူးစိုက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အခွန်မက်လုံး များ မိတ်ဆက်ခြင်း			
၂-၁ နိုင်ငံ့ပြယုဂ်ကို အသုံးပြု၍ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း	စီးပွားရေး အခွင့်အလမ်းများအပေါ် သတင်းအချက်အလက်များ ဖော်ပြခြင်း			
	ဆက်စပ်သည့် စည်းမျဉ်းစည်းကမ်းများ အပေါ် သတင်းအချက်အလက်များ ဖော်ပြခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်း			
	အလားအလာရှိသည့် စီးပွားဖက်များ နှင့်/အပေါ် မိတ်ဆက်ခြင်းနှင့် သတင်း အချက် အလက်များ ဖော်ပြခြင်း			
၃-၁ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အတွက် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေး အစီအမံများ တိုးတက်ခြင်း	ICT ကွန်ယက်များ ဖွံ့ဖြိုးခြင်း			
	အရည်အသွေးမြင့် ICT သိပ္ပံ နေရာ/ဥယျာဉ်/ပန်းခြံများ တည်ထောင်ခြင်း			
၄-၁ စီးပွားရေးနှင့် ဆက်စပ်နေသော စနစ်များ အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း	ဥဏ္ဍာပစ္စည်းမူပိုင်ခွင့် စည်းမျဉ်း စည်းကမ်းများ			
	စားသုံးသူကာကွယ်ပေးသည့် စည်းမျဉ်း စည်းကမ်း			
၄-၂ ဘဏ္ဍာရေးကဏ္ဍ တိုးမြှင့်ခြင်း	ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ အတွက် ဖြေလျှော့မှု အစီအမံ အမျိုးအစားခွဲခြင်းနှင့် လိုင်စင်များ တိုးမြှင့်ဖြေလျှော့ပေး ခြင်း			
	စွန့်ဦးတီထွင်မှုပြုသည့် စီးပွားရေး လုပ်ငန်း အားပံ့ပိုးပေးသည့်ရန်ပုံငွေများကိုတည်ထောင်ခြင်း			
	စွန့်ဦးတီထွင်မှုပြုသည့် စီးပွားရေး လုပ်ငန်းများကို အထောက်အပံ့ပေးမည့် ရန်ပုံငွေများတည်ထောင်ပေးခြင်း			
၅-၂ ပြည်တွင်းလုပ်ငန်းများ၏	ခေတ်နှင့်အညီ နည်းပညာများ ရရှိစေရေး အပေါ် သုတေသန အဖွဲ့အစည်းများနှင့်			

စွမ်းရည်ဖွံ့ဖြိုးတိုးတက်ခြင်း	တက္ကသိုလ် များမှ နည်းပညာဆိုင်ရာ အကူအညီ			
	စွန့်ဦးစီးပွားတီထွင်သူများအတွက် နည်းပညာဆိုင်ရာအကူအညီ			
	တက္ကသိုလ်များအား သုတေသန၊ ကိရိယာတန်ဆာပလာနှင့် သင်ရိုး ညွှန်းတမ်းများ အားဖြင့် အဆင့်မြှင့် တင်ခြင်း			
	လုပ်ငန်းများနှင့် တက္ကသိုလ်များ အကြား ပေါင်းစပ်ဆောင်ရွက်မှုကို မြှင့်တင်ရန်			
	စီးပွားရေးတစ်ရပ်လုံးသို့ ICTပျံ့နှံ့ခြင်းအား မြှင့်တင်ရန်			
	လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်စပ်သည့် အသင်း အဖွဲ့များ တည်ထောင်ရာတွင် ပံ့ပိုးရန်			
	ဗဟုသုတစူးစိုက်စက်မှု အစုအဖွဲ့များ တည်ထောင်ရေးအတွက် ပံ့ပိုးခြင်း			
၅-၃ စွန့်ဦးတီထွင်သူများအား ပံ့ပိုးမှု တည်ထောင် ခြင်း	လုပ်ငန်းစတင်တည်ထောင်သူများကို ပံ့ပိုးပေးသည့် incubation centerများ တည်ထောင်ခြင်း			
၅-၄ လုပ်ငန်းအတွက် လူစွမ်းအား ရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတိုးတက် ဆောင်ရွက်ခြင်း	အဆင့်မြင့်နည်းပညာကျွမ်းကျင်မှုနှင့် အရည်အသွေးမြင့် ပညာရှင်များ ပံ့ပိုးခြင်း			
	သိပ္ပံဆိုင်ရာ လူစွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ခြင်း			

ကျမ်းကိုးများ

ASEAN Secretariat	ASEAN Comprehensive Investment Agreement - A Guidebook for Businesses & Investors (2013)
ASEAN Secretariat	ASEAN Economic Community Blueprint 2025, 2015
Bart Robertson and Maureen Seng Taung	Industrial Zones in Myanmar Diagnostic Review and Policy Recommendations, 2015
Central Statistical Organization, Ministry of Planning and Finance	2015 Myanmar Statistical Yearbook, 2015
Central Statistical Organization, Ministry of Planning and Finance	Myanmar Business Survey 2015, 2016
Central Statistical Organization, Ministry of Planning and Finance	National Strategy for Development of Statistics Part One: Core Strategies (Draft), 2016
Central Statistical Organization and UNDP	Measuring Myanmar's starting point for the Sustainable Development Goals - SDG Indicator Baseline Report, 2017
David Roland-Holst and Cyn-Young Park	Myanmar: Long-Term Scenarios for Sustained Macroeconomic Growth, 2015
Department of Population, Ministry of Immigration and Population	The 2014 Myanmar Population and Housing Census, The Union Report, 2015
Department of Population, Ministry of Immigration and Population	The 2014 Myanmar Population and Housing Census Thematic Report on Population Projections for the Union of Myanmar, States/Regions, Rural and Urban Areas, 2014 - 2050, 2017
Department of Trade Promotion, Ministry of Commerce	National Export Strategy of the Republic of the Union Myanmar 2015-2019, 2015
Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH	Myanmar's Financial Sector, A Challenging Environment for Banks, 2016
Directorate of Investment and Company Administration (DICA)	Cost of Doing Business in Myanmar Survey Report 2017, 2017
Directorate of Investment Promotion and Company Registration (DICA), Japan International Cooperation Agency (JICA)	Financing Infrastructure Development and PPP Framework for Myanmar(Analytical Paper based on DICA-JICA Discussion Series on PPP for Infrastructure), March 2016
Directorate of Investment Promotion and Company Registration (DICA)	Investment Related-Laws of Myanmar
Directorate of Investment Promotion and Company Administration (DICA)	Shan State Investment Opportunity Survey Report, 2017
FutureBrand	Country Brand Index 2014-15, 2014
International Labour Organization	ASEAN in Transformation - How Technology is Changing Jobs and Enterprises, 2016
International Monetary Fund	Balance of Payments and International Investment Position Manual Sixth Edition (BPM6), 2009
International Monetary Fund	Myanmar Staff Report for the 2016 Article IV Consultation, 2016

Japan International Cooperation Agency (JICA)	The Study on Long-term Foreign Direct Investment Promotion Plan in Myanmar, 2014
Japan International Cooperation Agency (JICA)	The Survey Program for the National Transport Development Plan in the Republic of the Union of Myanmar, 2014
Klaus Schwab, World Economic Forum (Editor)	The Global Competitiveness Report 2015–2016, 2015
Toshihiro Kudo, Satoru Kumagai, and So Umezaki	Five Growth Strategies for Myanmar: Re-engagement with the Global Economy, 2013
Toshihiro Kudo, Satoru Kumagai, and So Umezaki	Making Myanmar the Star Growth Performer in ASEAN in the Next Decade: A Proposal of Five Growth Strategies (ERIA Discussion Paper Series), 2013
Ministry of Commerce	Medium Term Programme (MTP) for Coordinated Aid-for-Trade Resource Mobilization and Delivery, 2017
Ministry of Economy, Trade and Industry of the Government of Japan	Myanmar Industrial Development Vision - Next Frontier in Asia: Factory, Farm, and Fashion, 2015
Ministry of Education	Myanmar Education Strategic Plan 2016 - 21, 2016
Ministry of Industry	Industrial Policy, 2016
Ministry of National Planning and Economic Development	National Comprehensive Development Plan - A Prosperous Nation Integrated into the Global Community 2030, 2014
Ministry of Planning and Finance	Myanmar Public-Private Partnership Policy Document (including a Legal Review of PPP-related issues), 2016
Myanmar Development Resource Institute, Centre For Economic and Social Development	Framework for Economic and Social Reforms Policy Priorities for 2012-15 towards the Long-Term Goals of the National, 2013
Myanmar Investment Commission (MIC)	Mandalay Investment Opportunity Survey Report, 2013
Myanmar Investment Commission (MIC) and Directorate of Investment Promotion and Company Administration (DICA)	Myanmar Investment Guide 2014, 2014
Myanmar Investment Commission (MIC), Ministry of Commerce, and UMFCCI	Indicative Private Sector Development Framework and Action Plan, 2016
National Land Resource Management Central Committee	National Land Use Policy, 2016
Organisation for Economic Co-operation and Development (OECD)	OECD Investment Policy Reviews: Myanmar 2014, 2014
Organisation for Economic Co-operation and Development (OECD)	Policy Framework for Investment 2015 Edition, 2015
Organisation for Economic Co-operation and Development (OECD)	Southeast Asia Investment Policy Perspectives, 2014
The Republic of the Union of Myanmar	Small and Medium Enterprise Development Policy (2015)
UNESCO-UNEVOC International Centre for Technical and Vocational Education and Training	World TVET Database Myanmar, 2014

United Nations Conference on Trade and Development	Aftercare A Core Function in Investoment Promotion, 2007
United Nations Conference on Trade and Development (UNCTAD)	The World of Investment Promotion ata Glance, A Survey of Investment Promotion Practices, 2001
Vale Columbia Center on Sustainable International Investment (VCC) and World Association of Investment Promotion Agencies (WAIPA)	Investment Promotion Agencies and Sustainable FDI: Moving toward the fourth generation of investment promotion, 2010
World Bank Group	Doing Business 2018: Reforming to Create Jobs, 2017
World Bank Group	Doing Business 2018: Reforming to Create Jobs, Economy Profile Myanmar, 2017
World Bank Group	Myanmar Investment Climate Assessment: Sustaining Reforms in a Time of Transition, 2015
World Bank Group	Myanmar Diagnostic Trade Integration Study (DTS): Opening for Business, 2016